
ပထမအကြိမ်
ချမ်းငြိမ်း–ဟံသာဝတီ
WHISPER OF WORDS

အချီးနိဒါန်း

မန်ဒီနေဇာ၀၀၀

ဆူဒန်နိုင်ငံတောင်ပိုင်း ကော်ဒိုဖန်ပြည်နယ်တွင်ရှိသော နူဘာတောင်တန်းများ ဝိုင်းရံထားသည့် ရွာလေးတစ်ရွာတွင် နေထိုင်ကြသော နူဘာလူမျိုးစုမှမွေးဖွားလာသူဖြစ်သည်။ အလွန်ဆင်းရဲသည့် ဆူဒန်နိုင်ငံ တွင် မွေးဖွားခဲ့သော မန်ဒီနေဇာသည် ဆရာဝန်တစ်ဦး ဖြစ်ရန် ရည်ရွယ်ချက်ရှိပြီး ဆင်းရဲမွဲတေလှသည့် ဆူဒန်နိုင်ငံကို ကမ္ဘာ့စင်မြင့်ပေါ်သို့ တင်ပေးချင်သော စိတ်ကူးယဉ်အိပ်မက်များ ရင်ထဲကိန်းအောင်းနေသူ ဖြစ်သည်။ ၁၉၉၄ ခုနှစ် မန်ဒီနေဇာ အသက် ၁၂နှစ် အရွယ် မူဂျာဟစ်သောင်းကျန်းသူများ ရွာထဲဝင်လာကာ အပျို/အအို အမျိုးသမီးအားလုံးကို မုဒိမ်းကျင့်၊ ကလေး လူကြီးမရွေး လည်လှီးသတ်ဖြတ်ပြီး တစ်ရွာလုံးမီးရှို့ကာ မန်ဒီနေဇာအား ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။

ဆူဒန်နိုင်ငံရှိ ရက်စက်ကြမ်းကြုတ်လှသော မူဂျာဟစ်သောင်းကျန်းသူများက မန်ဒီနေဇာအား နှိပ်စက်ကာ ဆူဒန်နိုင်ငံ ခါတိုမြို့ရှိ ချမ်းသာသော အာရပ်အမျိုးသမီးတစ်ဦးထံသို့ ကျွန်အဖြစ် ရောင်းစားခဲ့သည်။ စားရသည်က စားကြွင်းစားကျန်၊ လုပ်ရသည့် အိမ်မှုကိစ္စ အချိန်ပြည့်၊ ငွေကြေးလစာမရ၊ အိပ်ရသည် မှာလည်း ခြံဝန်းထဲရှိ အလုံပိတ်ထားသော အခန်းလေးထဲတွင် အိပ်စက်ရကာ ဒုက္ခများစွာကို ခါးစည်းခံခဲ့ရသည်။ ဆယ်နှစ်ခန့် ကြာ ပြီးနောက် မန်ဒီနေဇာလေးမှာ ၂၀၀၂ ခုနှစ် နိုင်ငံတကာ အသားအရောင် ခွဲခြားမှုပပျောက်ရေး ဥရောပ လူ့အခွင့်အရေးဆု၊ ဆူဒန်နိုင်ငံ ကျွန်စနစ်ပပျောက်ရေး တက်ကြွလှုပ်ရှားမှုများ နိုင်ငံတကာသို့ ပြန့်စေခဲ့သူဆု၊ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူဆုများအား ချီးမြှင့်ခံခဲ့ရသည်။


Mende Nanzer
and Damien Lewis's
Slave
ချမ်းငြိမ်း - ဟံသာဝတီ

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် လည်းကောင်း linkတွင် ကြော်ငြာများခံကာ တင်ထားသော အခြားတနေရာရာမှ ရရှိခဲ့သော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

အခမဲ့ စာအုပ် အသစ်များ တင်တိုင်း သိရှိနိုင်ဖို့ Telegram Channel ကို subscribe ထားနိုင်ပါသည်။

WHISPER of WORDS

Subscribe Telegram Channel

https://t.me/TheBookR

အမှာစာ

လောကၾကီးအယုတ်မာဆုံး စီးပွားရေးသည် လူကုန်ကူးမှုပင် ဖြစ်သည်။ လူကို အညွန့်တုံး၊ မျိုးသုဉ်းမျိုးပျက်စေသောကိစ္စ ဖြစ်သည်။ ထိုအဖြစ်မျိုးမှ လွတ်မြောက်ရှင်သန်ကြသူ နည်းပါးသည်။ ထို လွတ်မြောက်သူ အနည်းအပါးမှ တစ်ယောက်သောသူမှာ ဆူဒန်နိုင်ငံသူ မန်ဒီနေဇာပင်ဖြစ်သည်။ မန်ဒီသည် ဆူဒန်နိုင်ငံတောင်ပိုင်း နူဘာ တောင်တန်းဒေသ နူဘာရွာတစ်ရွာတွင် ကြီးပြင်းလာခဲ့သော နူဘာ တိုင်းရင်းသူတစ်ဦး ဖြစ်သည်။ သူမ၏ ပျော်ရွှင်ဖွယ်ရာ ကလေးဘဝသည် သူမ တစ်ဆယ့်နှစ်နှစ်အရွယ်တွင် ရက်စက်စွာ ဖြတ်တောက်ခံလိုက်ရသည်။ တစ်ည မူဂျာဟစ်ဒင် လက်နက်ကိုင်များ သူမရွာကို ဝင်ရောက်စီးနင်းခဲ့ကြသည်။ ယောကျ်ားများကို သတ်ဖြတ်ပစ်သည်။ မိန်းမများကို မုဒိမ်းကျင့်သည်။ ကလေးများကို ကျွန်အဖြစ်ရောင်းစား ရန် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ထို အဖမ်းအဆီးခံ ကလေးများတွင် မန်ဒီနေဇာ ပါရှိခဲ့သည်။ သူမသည် ဆူဒန်နိုင်ငံ၏ မြို့တော်ဖြစ်သော ခါတွန်မြို့ရှိ အာရပ်တစ်ဦးထံ ရောင်းချခံခဲ့ရသည်။ သူမ၏ နာမည်ရင်းလည်းပျောက် လူသတ္တဝါအဖြစ် အခြေခံလွတ်လပ်ခွင့်များ ဆုံးရှုံးပြီး ထမင်းစားကျွန်ခံ အဖြစ်သို့ ရောက်ရှိသွားခဲ့သည်။ နောက် ခုနစ်နှစ်တာကာလပတ်လုံး သူမသည် ငွေတစ်ပြားတစ်ချပ် မျှမရ၊ နားရက်တစ်ရက်မှမရဘဲ ကျွန်အဖြစ် လုပ်ကိုင်ခဲ့ရသည်။ သူမကို ကျွေးသည်က စားကြွင်းစားကျန်၊ သူမ၏ အိပ်ရာက ခြံထဲရှိသည့် တဲတစ်တဲ၏ မြေကဗ္ဗလာ အခင်းတွင်ဖြစ်သည်။ ထိုအိပ်ရာသို့ သူမ ဝင်ပြီဆိုလျှင် အိမ်ရှင်က တံခါးကိုအပြင်မှ သော့ခတ်ပစ်လိုက်သည်။ သူမ ထွက်မပြေးနိုင်အောင်ဖြစ်သည်။ မန်ဒီသည် မိဘ၊ မောင်နှမ သားချင်းများ သေမှန်းမသိ၊ ရှင်မှန်းမသိဖြင့် ခုနစ်နှစ်ကြာ ဒုက္ခခံပြီးနောက် သူမ၏သခင်မသည် သူမကို နောက်ဆွေမျိုးသားချင်း တစ်ယောက်ထံ လက်လွှဲပေးလိုက်သည်။ သို့ဖြင့် မန်ဒီသည် သူမ၏ သခင်မအသစ် လင်ယောကျ်ားတာဝန်ကျရာ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သို့ ၎င်းတို့၏ အိမ်ကျွန်အဖြစ် ရောက်လာခဲ့သည်။ လန်ဒန်တွင် နှစ်နှစ်ကြာနေထိုင်ပြီးနောက် မန်ဒီသည် ထွက်ပြေးရဲလောက်အောင် သတ္တိရှိသွားခဲ့သည်။ သူမသည် ဗြိတိန်အစိုးရထံတွင် နိုင်ငံရေးခိုလှုံခွင့် လျှောက်ခဲ့သည်။ သူမသည် သူမ၏ ပထမဦးဆုံးစာအုပ်ဖြစ်သော "Slave: The True Story of a girl's lost childhood and fight for Freedom" စာအုပ်ကို ရေးသားနေစဉ် ဗြိတိန်နိုင်ငံသား ဖြစ်ခွင့်ရခဲ့သည်။ ထိုစာအုပ်ကို ၂၀၀၀ ပြည့်နှစ်တွင် ထုတ်ဝေခဲ့သည်။ ထိုစာအုပ်၌ သူမ၏ ကလေးဘဝ ဆုံးရှုံးရပုံ၊ ဘဝ အမှောင်အမိုက် ကျွန်သက်သက်အဖြစ်မှ ရုန်းထွက်ခဲ့ရပုံကို တင်ပြထားသည်။ ထို့နောက် ဒုတိယစာအုပ်ဖြစ်သော Slave: My True story စာအုပ်ကို ရေးသားခဲ့သည်။ ထိုစာအုပ်ကို ၂၀၀၂ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ဒုတိယစာအုပ်တွင်

သူမ၏ဇာတိတိုင်းပြည်တွင် ကြုံတွေ့ ခံစားနေရသော ဒုက္ခအကြောင်းများအား ပို၍ဦးစားပေး ရေးသားထားသည်။ မလှပသောဘဝများကို လှသောဘဝများဖြစ်အောင် ကိုယ်တိုင်လမ်းပြ ဦးဆောင်ပေးနေသော ချမ်းငြိမ်း(ဟံသာဝတီ)မှ ထိုစာအုပ် Slave: My Story ကို အိမ်ကျွန်ဟု အမည်ပေးကာ ဆီလျော်အောင် ဘာသာပြန် တင်ပြထားသည်။ ပလောင်ရွေးပေးသည့်အတွက် လက်ဖက်မကောင်းမှာ စိတ်ပူစရာမလိုသလို ဤစာအုပ်သည်လည်း ကလောင်လက်နဲ့စာအချက် တစ်ထပ်တည်းကျကာ လူကြိုက်များမည်ဟု ယုံကြည်မိပါကြောင်း ပြောကြားလိုပါသည်။

နိုင်သစ်

စာရေးသူ၏ အမှာစာ

အမျိုးသမီးငယ်တိုင်း...
မိခင်တိုင်း...
ထိုထက်ပို၍ လူငယ်တိုင်းသို့...

လူ့ဘဝတွင် ဖြစ်တည်နေသော အခက်အခဲများ၊ ဘဝပြဿနာ များ၊ လူ့အသိုင်းအဝိုင်း၏ မပြီးဆုံးနိုင်သော ဒုက္ခမိုးကြိုးမုန်တိုင်းများကို ဖောက်ထွက်ကာ အေးချမ်းသာယာ ပျော်ရွှင်ချမ်းမြေ့သော၊ ခွင့်လွှတ် နားလည်သော ပတ်ဝန်းကျင်တစ်ခုကို တည်ဆောက်စေရန် ရည်ရွယ်၍ စာရေးသူအနေဖြင့် ရသစိတ်အာဟာရ စာပေများအားရေးသား လျက်ရှိလာသည်မှာ လေးနှစ်တာခရီးကို ရောက်ရှိလာခဲ့ပြီ ဖြစ်ပါသည်။ ၂၀၀၇ ခုနှစ်မှစ၍ လူငယ်အကျိုးပြုစာပေများ ရေးသားလာခဲ့ရာ ယခု "အိမ်ကျွန်" စာအုပ်မှာ ကျွန်တော်၏ ဆဋ္ဌမမြောက်စာအုပ်ဖြစ်ပြီး စာရေးသူ၏ ဒုတိယဘာသာပြန် ရသ စိတ်အာဟာရ လုံးချင်းဝတ္ထုလည်း ဖြစ်ပါသည်။

လူဟူသည် မိမိရောက်ရှိနေသော မိမိကျင်လည်ဖြစ်တည်သန်းရာ ပတ်ဝန်းကျင်တွင် ရပ်တန့်မနေဘဲ မိမိအနာဂတ်အလင်းတန်း အတွက် တိုးတက်ပြောင်းလဲခြင်းနှင့်အတူ လိုက်ပါရွေ့လျားရမည်မှာ အမှန်ပင် ဖြစ်သည်။ လူတိုင်း ဘဝတွင် ခက်ခဲသော ဒုက္ခအချိုးအကွေ့များ၊ လူတိုင်းဘဝတွင် ကြမ်းတမ်းရိုင်းစိုင်းသော အမှောင်လွှမ်း ဘဝမုန်တိုင်းများ၊ ကြုံတွေ့ရတတ်ပါသည်။ ထိုဒုက္ခမီးလျှံများအား ကြံ့ကြံ့ခံရင်ဆိုင်ကာ မိမိအနာဂတ် တောက်ပြောင်ဝင့်ကြွားလိုသူတိုင်း ပြောင်းလဲခြင်းနှင့် လိုက်ရွေ့ရစမြဲဖြစ်ပါသည်။ စာရေးသူ ပရိသတ်ထံသို့ အပ်နှံလိုက်သော ယခု စာရေးသူဘာသာပြန်သည့် ဖြစ်ရပ်မှန်ရသ စာအုပ်ဖြစ်သည့် အိမ်ကျွန်သည် Amazon.com တွင် ကြယ်ငါးပွင့်ရ အရောင်းရဆုံးစာအုပ်ဖြစ်ပါသည်။ အဓိက ဇာတ်ဆောင် မန်ဒီနေဇာသည် ဆူဒန်နိုင်ငံတောင်ပိုင်း နူဘာတောင်တန်းများ ဝန်းရံနေသည့် ရွာလေးတစ်ရွာမှာနေပါသည်။ တစ်နေ့ မူဂျာဟစ်ဒင်သူပုန်များ မန်ဒီနေဇာတို့နေထိုင်သောရွာလေးသို့ ရောက်ရှိလာကာ အမျိုးသမီးများကို မုဒိမ်းကျင့် ယောကျ်ားများကိုသတ် ဆယ်ကျော်သက်ယောကျ်ားလေးများ မိန်းကလေးငယ်များ ကို ဖမ်းဆီးသွားခဲ့သည်။ အသက်ဆယ့်နှစ်နှစ်အရွယ် မန်ဒီနေဇာကိုဖမ်းဆီး၍ ချမ်းသာသော အမျိုးသမီးကြီးထံ ရောင်းစားခဲ့ပြီး မန်ဒီနေဇာလေးမှာ အိမ်ကျွန်ဘဝဖြင့် အခန်းကျဉ်းလေးထဲ နေထိုင်ရကာ စားရတော့ စားကြွင်းစားကျန်၊ တစ်နေ့ကို နာရီပေါင်းများစွာ အိမ်အလုပ်များကို အနှိပ်စက်ခံ၊ အညှင်းဆဲခံ ပိတ်လှောင်ခံဘဝနှင့် ပညာရေးဆိုတာ မသိ၊ ငွေကြေး ဆိုတာမမြင်ဘူး၊

ဖုန်းမသုံးတတ်၊ တီဗီ ရေဒီယိုဆိုတာ မကြားဘူး၊ မသိဘူးသော မန်ဒီနေဗာဖြစ်ခဲ့ရသည်။ ရှစ်နှစ်အကြာ အိမ်ကျွန်အနေနှင့် ရောင်းစားခံခဲ့ရသော မန်ဒီနေဗာသည် အိမ်ကျွန်ဘဝမှ လွတ်မြောက်ပြီး အနာဂတ်တစ်ချိန်ချိန်တွင် မိသားစုနှင့် ပြန်တွေ့ရမည်ဆိုသော သံန္နိဋ္ဌာန် မလျှော့သော ဇွဲဝီရိယခံယူချက်တို့ကြောင့် နောက်ဆုံး အိမ်ကျွန်ဘဝမှလွတ်မြောက်သွားခဲ့သည်။ အိမ်ကျွန်ဘဝမှ လွတ်မြောက်ပြီးနောက် ဘဝအောင်မြင်ရေးအတွက် ဆက်လက်ကြိုးစားခဲ့ရာ စပိန်နိုင်ငံ မက်ဒရစ် အခြေစိုက် နိုင်ငံတကာ အသားအရောင် ပပျောက်ရေးအသင်းကြီးမှ ပေးအပ်ခဲ့သောဆု၊ ဆူဒန်နိုင်ငံ ကျွန်စနစ် ပပျောက်ရေး နိုင်ငံတကာသို့ ပျံ့နှံ့စေခဲ့သူဆု၊ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားမှုဆိုင်ရာဆု တို့အား ချီးမြှင့်ခံခဲ့ ရသည်။

မန်ဒီနေဗာဖောင်ဒေးရှင်းအသင်းကြီးကို ထူထောင်၍ ဆူဒန် နိုင်ငံတလွှား ပညာရေးဆိုင်ရာ တိုးတက်လာစေရန်၊ သောက်သုံးရေရှားပါးလှသော ဒေသများအတွက် ရေတွင်းရေကန်များ တူးပေး၍ ကျန်းမာရေး တိုးတက်လာစေရန် အကူအညီများ ပေးလျက်ရှိပါသည်။

စာရေးသူတို့ဘဝတွင် မည်မျှအဆိုးဆုံးဘဝကို ရင်ဆိုင်နေရပါစေ ခက်ခဲကြမ်းတမ်းသော အမှောင်မိုက်ဆုံးဘဝများ ရင်ဆိုင်နေရသော လူသားဖြစ်ပါစေ အိမ်ကျွန်မငယ်လေး အနှိပ်စက်ခံ၊ အခိုင်းအစေမလေး အနာဂတ်အတွက် အရှုံးမပေးသည့် မန်ဒီနေဗာထုံး နှလုံးမူ၍ အမှောင်မိုက်ဆုံး နေ့ရက်များအား ကျော်ဖြတ်နိုင်ပါစေဟူသော စိတ်ကူးဖြင့် “အိမ်ကျွန်” ရသစိတ်အာဟာရစာအုပ်အား ပြန်ဆိုရေးသား လိုက်ခြင်းဖြစ်ပါသည်။ “အိမ်ကျွန်” ရသစိတ်အာဟာရ စာအုပ်သည် မိန်းကလေးတိုင်း၊ သားသမီးရှိသောမိခင်တိုင်း ထိုထက်ပို၍ လူငယ် တိုင်း ဖတ်သင့်ဖတ်ထိုက်သော စာအုပ်တစ်အုပ်အဖြစ် ရှုမြင်ပါလျှင် ဘာသာပြန်ရကျိုးနပ်ပြီဟုသာ ဆိုချင်မိပါတော့သည်။

ချမ်းငြိမ်း(ဟံသာဝတီ)

အခန်း(၁)
ကျွန်မမွေးရပ်မြေ

အမေကျွန်မကိုမွေးပြီးတော့ အဖေက ကျွန်မကို ချစ်စနိုးနဲ့ မန်ဒီလို့ နာမည်ပေးခဲ့ပါတယ်။ မန်ဒီဆိုတာ ကျွန်မတို့ ဆူဒန်နိုင်ငံ နူဘာတောင်တန်းတွေမှာ ကျက်စားသွားလာနေထိုင်တဲ့ အလှဆုံးနဲ့ ကျက်သရေအရှိဆုံး ဆိတ်မျိုးစိတ်တစ်မျိုးဖြစ်ပါတယ်။ ကျွန်မဟာ မောင်နှမငါးယောက်ထဲမှာ အငယ်ဆုံးဖြစ်ပါတယ်။ အဖေ့မျက်စိထဲမှာတော့ ကျွန်မက ရွာထဲမှာ အလှဆုံးသမီးလေးပေါ့။ ကျွန်မနေထိုင်တဲ့ ရွာထဲက အိမ်အများစုဟာ ရွှံ့စေးနဲ့ဆောက်ထားပြီး သက်ကယ်မိုးထားတဲ့ အိမ်ငယ်လေးဖြစ်ပါတယ်။

ကျွန်မတို့ရွာလေးဟာ လေးဘက်လေးတန်မှာ တောင်တွေဝန်းရံထားခံရတဲ့ ရွာလေးပါ။ နေ့စဉ်လမ်း လျှောက်နေကျ ရွာသားတွေအနေနဲ့ ဆယ့်ငါးမိနစ်လောက် လမ်းလျှောက်ရင် တောင်ထိပ်ကိုရောက်နိုင်ပြီး သဘာဝအရသာကို အပြည့်အဝခံစား ရနိုင်ပါတယ်။

ကျွန်မတို့မိသားစုနေတဲ့ အိမ်ကလေးက စတုရန်းပုံစံပါ။ အိမ်ဝိုင်းထဲမှာ သစ်သားတိုင်၊ သစ်သားယက်မ၊ ရွှံ့စေးကာ သက်ကယ်မိုးထားတဲ့ တဲလေးနှစ်လုံးရှိပါတယ်။ အိမ်ဝိုင်းထဲမှာ ခုံတန်းလျားရှည် နှစ်လုံးရှိပါတယ်။ ညနေဘက် အမေအလုပ်သိမ်းပြီးချိန်မှာ မိသားစုတွေ မီးပုံကြီးမွှေးပြီး ပျော်ရွှင်စရာတွေကို ရယ်ကာမောကာနဲ့ အဲဒီခုံကြီးမှာထိုင်ပြီး ထွေရာလေးပါး ပြောနေကျ။ ကျွန်မတို့ခြံထဲမှာ သိုးတွေ ဆိတ်တွေထားတဲ့ တဲလေးတစ်လုံး လည်းရှိတယ်။ သိုးတွေဆိတ်တွေ ကျွန်မတို့နေတဲ့ တဲထဲကိုဝင်ပြီး အစားအစာတွေ ခိုးမစားရအောင်လို့ ဂရုစိုက်ရတာလည်း မိသားစုတိုင်းရဲ့ နေ့စဉ်တာ ဝန်တစ်ခုပါ။

ကျွန်မက အိမ်ဝိုင်းထဲက တဲတစ်လုံးမှာ အဖေ၊ အမေနဲ့နေပါတယ်။ တဲထဲမှာ ဝါးနဲ့လုပ်ထားတဲ့ ကုတင်သုံးလုံးရှိပါတယ်။ အဖေ ကတော့ အမြဲပဲ ကျွန်မနဲ့အမေ အန္တရာယ်ကြုံလာရင်ကာကွယ်ဖို့ တံခါးဝနားမှာ အိပ်လေ့ရှိပါတယ်။ ကျွန်မတို့ရွာက တောင်တွေနဲ့ နီးတော့ အဆိပ်ပြင်းတဲ့ မြွေဆိုးမြွေဟောက်တွေ၊ အသားစားတောခွေးတွေ ပေါလှတာမို့ ကျွန်မနဲ့အမေ တို့ဟာ အရမ်းကြောက်လှပါတယ်။ ညတိုင်းဆိုသလို ကျွန်မကြောက်လို့ ကိုယ့်အိပ်ရာမှာ မအိပ်ပါဘူး။

အဖေ ဒါမှမဟုတ် အမေ့အိပ်ရာ ကုတင်မှာ သွားအိပ်တတ်ပါတယ်။ မိုးရာသီနဲ့ ဆောင်းရာသီမှာဆို ကျွန်မတို့ရွာထဲက အိမ်တိုင်းနီးပါးလို တစ်နေ့လုံးနီးပါး တဖြည်းဖြည်းချင်း တောက်လောင်နေတဲ့ မီးပုံလေးတွေ ရှိနေတတ်ပါတယ်။ အဲဒီလို မိုးနဲ့ဆောင်းရာသီတွေမှာ မီးပုံလေးတွေ တစ်နေ့လုံးနီးပါး မွှေးထားဖို့ ရွာသူရွာသားတွေဟာ ထင်းခြောက်တွေကို တောထဲကနေ ကောက်ယူ

စုဆောင်းထားရပါတယ်။

ကျွန်မဘဝမှာ အမှတ်ရဆုံးကတော့ အဖေ ကျွန်မကို ဘယ်ကရလာမှန်းမသိတဲ့ ကြောင်လေးတစ်ကောင်ကို လက်ဆောင်ပေးခဲ့တာပဲ ဖြစ်ပါတယ်။ ကြောင်လေးဟာ အနက်ရောင်လေးပါ။ အရောင်ကလည်း အရမ်းတောက်ပပါတယ်။ နာမည်ကတော့ ယူရမ်ပါ။ ယူရမ်ဟာ ကြွက်ခုတ်တာ အရမ်းတော်ပါတယ်။ ယူရမ် ကျွန်မတို့တဲမှာ ပြေးလွှားကစားနေတာကို မြင်ရသူတိုင်း ပျော်ရွှင်ကြည်နူးစေပါတယ်။ ညဘက် ကျွန်မကုတင်မှာ မအိပ်ရဲလို့ အမေ့ကုတင်ပေါ် သွားအိပ်တဲ့အခါ ယူရမ်က ကျွန်မအပေါ် ခုန်အုပ်လိုက်ရင် အဖေအိပ်ရာကနေ လန့်နိုးတတ်ပါတယ်။ ကျွန်မနဲ့ ယူရမ်တို့ အနှောင့်အယှက်ပေးလို့ တစ်ခါတလေ အဖေ လန့်နိုးရင် "သွား... နင်ရော နင့်ကြောင်ပါ ငါ့ကုတင်ကနေထွက်သွား" လို့ အသံပြဲကြီးနဲ့ အော်ငေါက်တတ်ပါတယ်။ အဲဒီလို အော်လိုက်ရင် ကျွန်မနဲ့ယူရမ်တို့ ကျွန်မကုတင်ပေါ်သွားပြီး ငိုနေတတ်ပါတယ်။ ငိုသံ ကြားတိုင်း မနေနိုင်တော့တဲ့အဖေက "သမီးမန်ဒီ... သမီးရယ်၊ အဖေရယ်၊ ယူရမ်ရယ် အဖေ့ကုတင်မှာ အိပ်လို့ရတယ် လာအဖေနဲ့လာအိပ်" လို့ ပြန်ချော့တတ် လေ့ရှိပါတယ်။

ကျွန်မရဲ့ အကြီးဆုံးအစ်မကြီးဖြစ်တဲ့ ရှီခန်က ကျွန်မတို့ခြံရဲ့ နောက်ထပ်တဲလေးမှာ သူမရဲ့ ခင်ပွန်း ကလေးတွေနဲ့ အတူနေကြပါတယ်။ နောက် အစ်မလေးဖြစ်တဲ့ ခွန်ရမ်တ်ကလည်း အိမ်ထောင် မကျသေးတဲ့ ကျွန်မရဲ့အစ်ကိုတွေဖြစ်တဲ့ ဘာဘိုနဲ့ ခွမ်ရှရန်တို့က ကျွန်မတို့အိမ်ဝိုင်းအပြင်ဘက်နဲ့ သိပ်မဝေးတဲ့ လူပျိုတွေသာနေတဲ့ အိမ်လေးတွေမှာ စုနေကြပါတယ်။ ထမင်းစားချိန်ရောက်တိုင်း နီးစပ်ရာဆွေမျိုး ယောကျ်ားလေးတွေကို "ငါတို့နဲ့ ထမင်းလာစားကြပါဦး" လို့ လှမ်းခေါ်ပြီး အိမ်ဝိုင်းအပြင်ဘက်က ကျွန်မအစ်ကိုလူပျိုတွေ နေကြတဲ့ လူပျိုအိမ်ကိုသွားပြီး ထမင်းအတူစားကြတာ ကျွန်မတို့ နူဘာလူမျိုးစုတွေရဲ့ ဓလေ့တစ်ခုလို ဖြစ်နေပါပြီ။

ကျွန်မတို့အိမ်ဝိုင်းကနေ လှမ်းခေါ်ရင် ကြားရလောက်တဲ့ နေရာမှာ အဒေါ်တွေ ဦးလေးတွေ နေကြပါတယ်။ ကျွန်မတို့ နူဘာ လူမျိုးစုတွေဟာ အစားအသောက်တွေစားကြသောက်ကြတဲ့အခါ တစ်ယောက်ထဲ စားလေ့မရှိပါဘူး။ မိသားစုဝင်ဖြစ်စေ၊ အိမ်နီးနားချင်း ဖြစ်စေ ရွာထဲလာလည်တဲ့အခါ အခြားလူမျိုးစုမှ ဧည့်သည်ဖြစ်ပါစေ ကိုယ်စားသောက်နေတဲ့ အချိန်အခါနဲ့ ကြုံကြိုက်ခဲ့ရင် မျှဝေစားရမယ်ဆိုတဲ့ ဓလေ့တစ်ခုရှိပါတယ်။ ဧည့်သည်တွေလာတဲ့အခါ အမေက ပြောင်းဖူးတွေ၊ အခွံမန္တာရသေးတဲ့ မြေပဲတွေကို ဧည့်ခံရအောင် ပိုပြီးမီးဖုတ်ပေးလေ့ရှိပါတယ်။ တစ်ခါတလေ ပြောင်းဆန်နဲ့ ဟင်းသီး ဟင်းရွက် အသားတွေပါတဲ့ ရိုးရာဟင်းတစ်မျိုးကိုလည်း ချက်ပေးလေ့ ရှိပါတယ်။

ကျွန်မတို့ရွာမှာ အိမ်သာရှိတဲ့ အိမ်ဆိုတာ မရှိသလောက်ပါပဲ။ ကျွန်မခြောက်နှစ်သမီး အရွယ်တုန်းက အိမ်ဝိုင်းနောက်ဖက်မှာ အိမ်သာသွားပါတယ်။ မြက်တွေက ဖင်ကိုရှ၊ ခြင်ကကိုက်၊ ကိစ္စပြီးတဲ့ အခါတိုင်း

အနီးအနားက တွေ့ရာသစ်ရွက်နဲ့ သန့်ရှင်းရေး လုပ်တတ်ပါတယ်။ တစ်မနက် ကျွန်မအိမ်ဝိုင်းနောက်ဖက်က ခြံထဲမှာ အိမ်သာ သွားပါတယ်။ ကျွန်မ မြွေပါးကင်းပါးကြောက်လို့ သူငယ်ချင်း ခန့်ကို ကို ခေါ်သွားပါတယ်။ ခန့်ကိုက တစ်နေရာ ကျွန်မက တစ်နေရာ တောတိုး အိမ်သာတက်ကြပါတယ်။ အိမ်သာတက်နေရာက ကျွန်မတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် သိပ်မဝေးလှပါဘူး။

အိမ်သာတက်နေတုန်း ကျွန်မသူငယ်ချင်း ခန့်ကိုက

"ဟဲ့ မန်ဒီ ... ငါ ထူးခြားတဲ့ အသံတစ်ခုခုကို ကြားနေရတယ်။ နင်ရော ကြားလား" လို့ မေးတော့

"တောကြွက်အသံဖြစ်မှာပါ" လို့ ကျွန်မဖြေလိုက်ပါတယ်။

ချုံကြားထဲက မြွေကြီးတစ်ကောင် ရုတ်တရက်ထွက်လာလို့ "ခန့်ကို" လည်း အိမ်သာတက်နေရင်း လက်စနဲ့ ကြောက်လန့်တကြား အော်ပြီး ထွက်ပြေးတော့ သူမခြေထောက်မှာ မစင်တွေတောင် ပေနေပါတယ်။ ကျွန်မဆီကို မြွေကြီးလာမလို့ လှည့်လိုက်တော့ ကျွန်မ အိမ်သာ တက်ပြီးခါနီး ကျွန်မခူးထားတဲ့ သစ်ရွက်နဲ့ သန့်ရှင်းရေးလုပ်လို့ ခန့်ကိုပြေးတဲ့ဘက်ကို ပြေးလိုက်သွားခဲ့ပါတယ်။ မြွေကြီးနဲ့ ဝေးသွားတဲ့အခါ ကျွန်မတို့နှစ်ယောက်သား အမောဆို့ပြီး ထိုင်နားရင်း စောစောက အဖြစ်အပျက်ကိုတွေးရင်း နှစ်ယောက်သား ဟက်ဟက်ပက်ပက် ရယ်မောခဲ့ကြပါတယ်။ အဲဒီအချိန်ကစပြီး အိမ်ဝိုင်း အနောက်ဖက်ကိုသွားပြီး တောမတိုး ကြတော့ပါဘူး။

အိမ်နောက်ဖက်မှာတော့ ပဲ၊ဘူး၊ ဖရုံသီး ဟင်းသီးဟင်း ရွက်တွေစိုက်တဲ့ စိုက်ခင်းတစ်ခုရှိပါတယ်။ ကျွန်မတို့အရပ်ဒေသမှာ အောက်တိုဘာလမှာ မိုးရွာတတ်ပြီး အဲဒီလိုနဲ့ သီးနှံတွေ ကြီးထွားလာကြပါတယ်။ ကျွန်မအကြိုက်ဆုံးအစားအစာကို ပြောပါဆိုရင် ပြောင်းဖူးကို မီးကင်ပြီး အိမ်မှာလုပ်တဲ့ ထောပတ်ကို ပြောင်းဖူး ပေါ်မှာသုတ်ပြီး စားရတဲ့အရသာကို အကြိုက်ဆုံးပါ။ ကျွန်မတို့ စိုက်ခင်းထဲက ဟင်းသီး ဟင်းရွက်တွေကို အကုန်ခူးပြီးတဲ့အခါ ဆိတ်တွေကို စိုက်ခင်းထဲလွှတ်ပြီး လက်ကျန်ဖြတ်ခိုင်းလေ့ရှိပါတယ်။

နွေစဉ် ကျွန်မတို့ရွာက မိန်းကလေးအတော်များများဟာ နှစ်နာရီလောက် တောထဲကို ဖြတ်လျှောက်ပြီး တောင်ကျရေတွေကို သွားခပ်ရလေ့ရှိပါတယ်။ တောထဲတောင်ထဲ ဖြစ်လို့ မြွေအရမ်းပေါလှပါတယ်။ ဒါကြောင့်မို့ ယောကျ်ားလေး တစ်ယောက်နှစ်ယောက် ခေါ်သွားလေ့ ရှိပါတယ်။ ကျွန်မတို့ မြေအိုးတွေနဲ့ ရေခပ်ဖို့သွားတဲ့အခါ တချို့ရက်တွေမှာဆို တခြားရွာက မိန်းကလေးတွေ ရောက်နေတတ်ပြီး ရေလုခပ်ကြတဲ့အခါ ပြဿနာဖြစ် စကားများလေ့ရှိကြပါတယ်။

"ဟဲ့ ကောင်မ ငါအရင်ရောက်တာ၊ ဟဲ့ကောင်မ မလိမ်နဲ့ ငါတို့ အရင်ရောက်တာ ငါတို့အရင်ခပ်မယ်"

အဲဒီလိုပြဿနာတွေဖြစ်တဲ့အခါ ကျွန်မနဲ့အတူလိုက်လာတဲ့ ကျွန်မအစ်ကို ဘာဘိုကို

"အစ်ကိုဘာဘို ညီမကို လာကူဦး" ဆိုပြီး မျက်နှာငယ်လေး နဲ့ ပြောလေ့ရှိပါတယ်။

ကျွန်မတို့ ဆူဒန်နိုင်ငံတစ်ခုလုံး ရှည်လျားပူပြင်း ခြောက်သွေ့တဲ့ နွေရာသီကိုဖြတ်သန်းလို့ မိုးရွာတဲ့အခါ ကလေးတွေအများစုဟာ အိမ်အပြင်ထွက် မိုးရေထဲ ပျော်ရွှင်စွာ နဲ့သီချင်းတွေ ဆိုကြပါတယ်။ ဆူဒန်နိုင်ငံဆိုတာ မိုးနည်းတဲ့နိုင်ငံဖြစ်လို့ မိုးရွာတဲ့အခါ ကောက်ပဲသီးနှံတွေ ကောင်းစွာဖြစ်လို့ အဲဒီနှစ်မှာ ဆူဒန်နိုင်ငံသား တွေ အငတ်ဘေးကနေ လွတ်ကင်းကြတော့မှာဖြစ်လို့ မိုးရွာရင် ကလေးတွေရော လူကြီးတွေပါ ပျော်ရွှင်တတ်ကြပါတယ်။ ကျွန်မ အသက်ခြောက်နှစ် အရွယ်မှာ မိုးရွာတာကို ပထမဆုံးကြုံဖူးခဲ့ပါတယ်။ ကျွန်မတို့ အစားအသောက်တွေ ပြတ်လပ်လာပြီး သီတင်း တစ်ပတ်နဲ့တစ်ပတ် အခြေအနေတွေဆိုး သထက်ဆိုးလာပါတယ်။ ဆူဒန်ပြည်သူတွေဟာ အငတ်ဘေးနဲ့ကြုံလာရပြီး စိတ်ပျက်ခြောက်ခြားလာကြပါတယ်။ ကလေးတွေဟာ အရိုးပေါ် အရေတင်လာကြပြီး အသက်ကြီးသူတွေဟာလည်း အငတ်ဘေးကြောင့် သေလုမျောပါး ဖြစ်လာကြတယ်။

အဲဒီလို ဆူဒန်ပြည်သူတွေ အငတ်ဘေးနဲ့ ကြုံနေရချိန် တစ်နေ့ ကျွန်မတို့ရွာနဲ့ ခပ်လှမ်းလှမ်း အဝေးမှာ ဖုန်လုံးကြီးတွေ တလိမ့်လိမ့် ရွေ့လျားနေတာကို တွေ့လိုက်ရပါတယ်။ ကျွန်မတို့ ရွာသားတွေ အထိတ်တလန့်နဲ့ အဖြစ်အပျက်ကို သေချာစွာသိဖို့ ရွာအပြင်ဘက်ကို ထွက်ကြည့်တဲ့အခါ ကုန်တင်ကားကြီးတွေ ရွာဘက်ကို ဦးတည်မောင်းနှင် လာနေကြပါတယ်။ ကုန်တင်ကားတွေ ရွာကိုရောက်လာကြတဲ့အခါ ရှေ့ဆုံးကုန်တင်ကား ပေါ်က လူဖြူကြီး တစ်ယောက် ဆင်းလာပါတယ်။ ကျွန်မတို့ဘာသာစကားနဲ့ဆို လူဖြူတွေကို ဟာဝါဂျာလို့ ခေါ်ကြပါတယ်။

ဟာဝါဂျာကြီးတွေဟာ ကျွန်မတို့ရွာက လူကြီးတွေနဲ့ ခြေဟန် လက်ဟန်နဲ့စကားပြော ကုန်တင်ကားကြီးတွေပေါ်က ဆန်၊ ပြောင်း၊ ဟင်းချက်ဆီ၊ ဆေးဝါး၊ အဝတ်အထည်နှင့် စောင်တို့ကို ရွာက ကာလသားတွေနဲ့အတူ လုံခြုံတဲ့အဆောက်အဦးဆီကို သယ်ကြပါတယ်။ အဲဒီနောက် ရွာထဲက တစ်အိမ်တစ်ယောက် တန်းစီခိုင်းပြီး ဆန်၊ ဆီ၊ ပြောင်း၊ အဝတ်အထည်ကအစ ဆေးဝါးတွေကို ဟာဝါဂျာ လူဖြူတွေက ဝေပေးကြပါတယ်။

"အဲဒီ ဟာဝါဂျာတွေက အဖေတို့ဒေသမှာ မိုးမရွာတာသိ လို့ အဝေးကြီးကနေလာပြီး အဖေတို့ဒုက္ခ ကို လာကူညီကြတာလေ"

လို့ အဖေက ပြောပြပါတယ်။

အဲဒီနှစ်က အမေရိကန်ပြည်ထောင်စုရဲ့ သမ္မတဟာ Senior Bush (George H.W. Bush) ဖြစ်တယ်လို့ ဟာဝါဂျာလူဖြူတွေပြောကြပါတယ်။ အဲဒီနှစ်မှာ

အမေရိကန်ပြည်ထောင်စုဟာ ဆူဒန် နိုင်ငံကို အကူအညီတွေ ဆေးဝါး အစားအသောက်တွေကို ဆက် ထောက်ပံ့ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဆူဒန်နိုင်ငံသားတွေ နည်းတူ ကျွန်မတို့ရွာသားတွေ သမ္မတကြီးဘုရှ်ကို မေတ္တာပို့ဆုတောင်းပြီး သမ္မတကြီး ကျန်းမာချမ်းသာပါစေကြောင်း သီချင်းတွေတောင် စပ်ဆိုကြပါတယ်။

မိုးခေါင်ရေရှားတဲ့ အဲဒီနှစ်မှာ ကျွန်မတို့ရွာအတွက် အဆိုးရွားဆုံးက ကျွန်မတို့ မွေးမြူထားတဲ့ ကျွဲ၊ နွား၊ ဆိတ် မွေးမြူရေး တိရစ္ဆာန်တွေအများအပြား သေဆုံးခြင်းပဲဖြစ်ပါတယ်။ ကျွန်မတို့ နူဘာတောင်တန်းတွေ ဝိုင်းရံထားတဲ့ရွာမှာဆိုရင် နွားရှိတဲ့ နွားမွေးမြူတဲ့ ရွာသားဟာ လူချမ်းသာ စာရင်းဝင်ပါတယ်။ ရွာသားတစ်ယောက် နွားဘယ်နှစ်ကောင် မွေးနိုင်သလဲဆိုတာကို ကြည့်ပြီး ဘယ်လောက် ချမ်းသာသလဲ ဆိုတာ သိနိုင်ပါတယ်။ ကျွန်မအဖေ နွားအကောင် ငါးဆယ်ကျော် မွေးထားလို့ ကျွန်မတို့ စီးပွားရေးအဆင် ပြေလှပါတယ်။

ကျွန်မတို့ရွာက တချို့ဆို နွားအကောင်တစ်ရာကျော် ပိုင်ဆိုင်ထားလို့ ငွေကြေးအတော် တောင့်တင်းကြပါတယ်။ အဲဒီ မိုးခေါင်တဲ့နှစ်ကဆို အဖေမွေးထားတဲ့နွားတွေ အများအပြားသေဆုံး ခဲ့ပါတယ်။

အဖေမွေးထားတဲ့ နွားတွေကို မောင်အငယ်ဆုံး ဘာဘိုက ထိန်းကျောင်းပါတယ်။ မောင်လေးဘာဘို ကျောင်းစတက်တော့ အဖေက နွားကျောင်းသားတစ်ယောက်ကို ငှားပါတယ်။ အသက် ဆယ့်သုံးနှစ် အရွယ် နွားကျောင်းသားရဲ့ နာမည်က အလီ။ နွားကျောင်း ထွက်တဲ့အခါ လုံတစ်ချောင်းရယ် ကြိုးသုံးချောင်းသာပါတဲ့ ဂစ်တာအစုတ်ကလေး တစ်လုံးယူပြီး နွားကျောင်းလေ့ရှိပါတယ်။ ခါးမှာ ပုတီးလုံးတွေ သီထားတဲ့ကြိုးကို ဝတ်ထားပတ်ထားပြီး နွားတွေ အစာစားနေတုန်း သူ့ရဲ့ ကြိုးသုံးကြိုးသာပါတဲ့ ဂစ်တာလိုမျိုး ဂီတတူရိယာကို တီးခတ်နေလေ့ရှိပါတယ်။ အဖေက တစ်နှစ်တစ်ခါ အလီရဲ့လုပ်ခအနေနဲ့ နွားတစ်ကောင် ပေးလေ့ရှိပါတယ်။

နွားတင်းကုပ်က အိမ်နဲ့ ဆယ့်ငါးမိနစ်လောက် လျှောက်ရတဲ့နေရာ မှာရှိပါတယ်။ နေ့တိုင်း မနက်မလင်းခင် အလီနဲ့ ကျွန်မ အစ်ကိုတို့ဟာ နွားတင်းကုပ်ကိုသွား နွားပေါက်လေးတွေ အစာကျွေး၊ နွားနို့ညှစ်ကြပါတယ်။ ကျွန်မတို့အိမ်ကို အလီနဲ့ ကျွန်မအစ်ကိုယူ လာတဲ့နွားနို့ကို ချက်ချင်း သောက်ကြပြီး တစ်ခါတလေကျရင်တော့ ယူလာတဲ့နွားနို့ကို ထောပတ်နဲ့ ဒိန်ချဉ် လုပ်စားကြပါတယ်။

ကျွန်မဟာ ပိန်ပိန်သွယ်သွယ် ဆံပင်ရှည်ရှည်နဲ့ အရမ်းချောတဲ့ အမေနဲ့တူတယ် လို့ ရွာထဲကလူတွေက ပြောကြပါတယ်။

ဒါပေမယ့် ကျွန်မဟာ အဖေ့ဆံပင်လို ပျော့ပျောင်းပြီး အမေ့ဆံပင်ထက် ပိုရှည်တဲ့ လှပကျော့ရှင်းတဲ့ ဆံနွယ်တွေကို ပိုင်ဆိုင်ထားတယ် လို့

အများကပြောကြပါတယ်။ ကျွန်မတို့ ရွာမှာရှိတဲ့ကလေးတွေဟာ အသက်ရှစ်နှစ် ဝန်းကျင်လောက်အထိ အဝတ်အစားမဝတ်ကြပါဘူး။ ကျွန်မအမေဆို ခါးကို နှစ်ပေလောက်ရှည်တဲ့ အဝတ်စပိုင်း လေးကို ပတ်ထားလေ့ရှိပြီး အပေါ်ပိုင်းကိုတော့ စောင်နဲ့ ပခုံးကို သိုင်းထားလေ့ရှိပါတယ်။ အမေ့ရဲ့အသက်ကို အတိအကျမသိပေမယ့် အဖေ့ထက် ဆယ်နှစ်ငယ်ပါတယ်။ ကျွန်မတို့ နူဘာလူမျိုးစု တွေ အိမ်ထောင်ပြုတဲ့အခါ သတို့သမီးဟာ သတို့သားထက် အသက်ငယ်လေ့ရှိပါတယ်။

အမေ့အကြောင်းကို ပြောတဲ့အခါ အမေ့ခန္ဓာကိုယ်ပေါ်မှာ ရှိတဲ့ အလွန်လှပတဲ့ အမာရွတ်တွေကို အရင်ပြောရမှာဖြစ်ပါတယ်။ အမေ အပျိုဖော်ဝင်စ အဖွားဖြစ်သူက အမေ့ ညာဘက်ရင်သားပေါ်မှာ ခရုပတ်ခွေနေတဲ့ပုံနဲ့ညာဘက်မှာ သစ်ရွက်တွေ နွယ်တက်နေတဲ့ပုံ ဝမ်းဗိုက်မှာ နွယ်ခွေတွေတက်နေတဲ့ အမာရွတ်ပုံတွေကို တွေ့ရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ နူဘာမျိုးနွယ်စုတွေမှာ လူတစ်ဦးရဲ့ ခန္ဓာကိုယ် ပေါ်မှာ အမာရွတ်ပုံတွေ ခန္ဓာကိုယ်မှာ ဆွဲထားတာဟာ အလွန် ကျက်သရေရှိ လှလည်းလှတယ်လို့ ယူဆကြပါတယ်။ အမေ့ရဲ့ဘယ် ဘက်ပါးပြင်မှာလည်း လေးနဲ့မြားသုံးချောင်းပါတဲ့ အမာရွတ်ပုံတစ်ခု လည်းရှိပါတယ်။

“ဒီပါးပြင်ပေါ်က အမာရွတ် တက်တူးထိုးတုန်းက အမေ့ပါး ပြင်ပေါ်မှာ သွေးတွေဆိုတာ မြင်မကောင်းဘူး။ အဲဒီလို ပါးပြင်ပေါ်မှာ ချွန်ထက်တဲ့ အမာရွတ်တက်တူးထိုးတာဟာ လူတစ်ယောက် ဘယ်လောက်သတ္တိရှိသလဲဆိုတာကို ပြသရာရောက်လို့ အမေ ဘယ်တုန်းကမှ မညည်းညူခဲ့ဘူးလို့ ပါးပြင်မှာထိုးထားတဲ့ အမာရွတ်တက်တူးတွေကို လက်ကလေးနဲ့စမ်းပြီး အမေကပြောပြလေ့ ရှိပါတယ်။ ကျွန်မမှာ အစ်ကိုလေးယောက်ရှိပေမယ့် သူတို့ခန္ဓာကိုယ် ပေါ်မှာ အမာရွတ်တက်တူးဆိုတာ မရှိပါဘူး။ အမေဟာ လည်ပင်းမှာ ပုတီးလုံးတွေ သီထားတဲ့ ပုတီးကုံးကြီးကို ဝတ်ထားလေ့ရှိပါတယ်။ အကယ်၍ တစ်စုံတစ်ယောက်ဟာ ခန္ဓာကိုယ်ပေါ်မှာ အမာရွတ် တက်တူး (သို့) ပုတီးကုံး လည်ပင်း ခါးတွေမှာ ဝတ်ဆင်ထားတယ်ဆိုရင် အဲဒီလူဟာ နူဘာမျိုးနွယ်စုထဲကလာတယ်ဆိုတာ သိနိုင်ပါတယ်။ အမေဟာ အမြဲတမ်း ဆံပင်ကို ကျစ်ထားလေ့ရှိပါတယ်။ အမေ့ရဲ့ သူငယ်ချင်း အမျိုးသမီးတစ်ဦးက အမေ့ဆံပင်ကို လာကျစ်ပေးလေ့ ရှိပါတယ်။ အမေဟာ ရွာထဲကလူတွေအကြောင်း တစ်ခါမှ အတင်း ပြောတာ မကြားမိဘူး။ အများက လေးစားကြတယ်လို့ ရွာကလူတွေ ပြောလေ့ရှိပါတယ်။

ကျွန်မအဖေနဲ့အမေက ဆယ်နှစ်ကွာပါတယ်။ ကျွန်မအဖေရဲ့ မျက်နှာက လှပပြီး အကြင်နာတရားတွေ လွှမ်းနေတဲ့ မျက်နှာမျိုးကို ပိုင်ဆိုင်ထားသူတစ်ယောက် ဖြစ်ပါတယ်။ နူဘာလူမျိုးတစ်ယောက်အနေနဲ့ အဖေက အရပ်ရှည်တယ်လို့ ပြောလို့မရပါဘူး။ အဖေဟာ ကျန်းမာသန်စွမ်းပြီး ခန္ဓာကိုယ်က ပျော့ပျောင်းလှပါတယ်။ အဖေ့ရဲ့ ခန္ဓာကိုယ်က ဥရောပသားတစ်ယောက်လို

ဖြစ်နေပေမယ့် အသားကတော့ နက်မှောင်လွန်းလှပါတယ်။ အဖေဟာ ခါးအောက်ပိုင်းကို နှစ်ပေလောက်ရှည်တဲ့ အဝတ်ပိုင်းလေးကို ဝတ်ထားလေ့ရှိပြီး အဖြူရောင် ကျွဲခေါင်းဦးထုပ်ကို ဆောင်းထားလေ့ရှိပါတယ်။ ကြမ်းကြမ်းတမ်းတမ်း ဘဝကိုဖြတ်သန်းရတဲ့ အလုပ်ကြမ်းတွေကိုပဲ လုပ်ခဲ့ရသူမို့ အဖေ့ရဲ့လက်ဟာ ကြမ်းရှရှနဲ့ အသားမာတွေတက်နေပါတယ်။ တစ်ခါတစ်ရံ အဖေဟာ တောထဲမှာ သစ်ပင်ကြီးတွေကိုခုတ် ခွဲစိတ်ပြီး ရောင်းချလေ့ရှိပါတယ်။ အဲဒီလိုအခါမျိုးမှာ သစ်ပင်ခုတ်လို့ ဘာမှမစီးထားတဲ့ခြေထောက်မှာ ကျောက်ခဲ၊ အချွန်၊ ဆူးတွေ ဆူးပြီးရင် ခြေထောက်မှာလည်း သွေးခြည်ဥ၊ သွေးတွေထွက်နေလေ့ရှိပါတယ်။ တစ်ခါတလေ သူ့ရဲ့ဆံပင်တွေဟာ သူ့မုတ်ဆိတ်တွေပေါ်တောင် လာဝဲပုံနေလေ့ရှိတတ်ပါတယ်။ နူဘာလူမျိုး အမျိုးသားတွေရဲ့ဆံပင်ဟာ ကြမ်းတမ်းစူးရှပြီး ကောက်ကွေးနေတတ်ပေမယ့် အဖေ့ရဲ့ဆံပင်ကတော့ အလွန်နူးညံ့လှပါတယ်။ ကျွန်မတို့ရွာက အမျိုးသားတော်တော်များများ ဇနီးတွေအများကြီးရှိပါတယ်။ ကျွန်မ ဦးလေး ဂျီရှုန်ဂီနဲ့ ဖိုနီရှီယားတို့မှာလည်း မိန်းမနှစ်ယောက်စီရှိကြပါတယ်။ ကျွန်မအဖေမှာတော့ ဇနီးတစ်ယောက်ထဲပါ။ ကျွန်မရဲ့ အရမ်းချစ်ရတဲ့အမေပေါ့။ ကျွန်မအဖေ မိန်းမဆယ်ယောက် ယူခဲ့မယ်ဆိုရင်တောင် ကျွန်မအဖေ့ကို ချစ်နေလျက်ပါ။ အဖေ မိန်းမတွေ အများကြီးယူမယ်ဆိုရင် အမေကြိုက် မကြိုက်တော့ မသိပေမယ့် အဲဒီကိစ္စနဲ့ပတ်သက်ပြီး အမေက အဖေ့ကို ဘာမှမပြောပါဘူး။ ပြောလို့လည်းမရဘူးလေ။ ယောကျ်ားတစ်ယောက်က မိန်းမတွေ အများကြီး ယူတယ်ဆိုတာ ကျွန်မတို့ နူဘာလူမျိုးတွေ လက်ခံထားတဲ့ ဓလေ့တစ်ခုဖြစ်နေလို့ပါပဲ။ ကျွန်မအဖေက အမေ့ကို ဘယ်လောက်ချစ်သလဲဆိုရင်

“သမီးတို့ရဲ့အမေက အဖေ့အတွက်တော့ မိန်းမဆယ်ယောက် ယူထားတာထက် ပိုတန်ဖိုးရှိတယ်။ တကယ်တန်ဖိုးရှိတဲ့ ဘယ်မိန်းမနဲ့မှ နှိုင်းမရပါဘူး” လို့ ပြောလေ့ရှိပါတယ်။

ကျွန်မဘဝမှာ အဖေနဲ့အမေရန်ဖြစ်တာ မြင်လည်းမမြင်ဖူး၊ ကြားလည်းမကြားဖူးပါဘူး။ ကျွန်မရဲ့အစ်ကို နှစ်ယောက် ကစားနေရင်း ရန်ဖြစ်တဲ့အခါကလွဲလို့ ကျွန်မတို့မိသားစုရန်ဖြစ်တာကို ကျွန်မဘဝမှာ တစ်ခါမှမမြင်ဖူးခဲ့ပါဘူး။ တစ်ခါတလေအဖေဟာ အိမ်နီးနားချင်းတွေကိုဖိတ် အတူစားကြသောက်ကြ နောက်ပြောင်ကြ ပျော်ရွှင်စွာ အချိန်တွေကို ဖြတ်သန်းကြပါတယ်။ ကျွန်မအဖေမှာ လှံတစ်ချောင်း ရှိပါတယ်။ လှံထိပ်မှာ သံချွန်တွေတပ်ထားပါတယ်။ အဖေ တောလိုက်ထွက် သားကောင်ရှာတဲ့အခါ အဲဒီသံချွန်တပ်လှံရယ်၊ တုတ်အရှည်တစ်ချောင်းရယ်၊ ပုဆိန်တစ်လက်နဲ့ ရေဗူးတစ်ဗူး၊ နွားချေးနဲ့ လုပ်ထားတဲ့ဟွန်းတို့ကို အမြဲယူသွားလေ့ရှိပါတယ်။

ကျွန်မအဖေဟာ တစ်ခါတလေ ယုန်၊ ငှက် တစ်ခါတလေ သမင်၊ တောခွေးတွေ မိလာတတ်ပါတယ်။ အဖေဟာ သားကောင်ကြီးတွေ ကို မိတယ်ဆိုရင်

နွားချို နဲ့လုပ်ထားတဲ့ ဟွန်းကြီးကို အားကုန်မှုတ် တော့တာပါပဲ။ အဲဒီလို အဖေ နွားချိုကြီးကိုမှုတ်တဲ့ အသံကြားတဲ့အခါ ရွာထဲက အားကောင်းမောင်းသန် ယောကျ်ားတွေ တောထဲကို ပြေးလိုက်သွားပြီး သားကောင်ကြီးကို ရွာထဲကို ဝိုင်းသယ်လာကြပါ တော့တယ်။

ကျွန်မမှာ ယူရမ်ဆိုတဲ့ ကြောင်လေးတစ်ကောင်ရှိတယ် ဆိုတာ ပြောခဲ့တယ်နော်။ ကျွန်မ ခြောက်နှစ်အရွယ်တုန်းက ယူရမ်နဲ့ ပတ်သက်ပြီး အရမ်းစိတ်လှုပ်ရှားခဲ့ရတယ်။ ယူရမ်ဟာ ကြောင်တစ်ကောင် ဖြစ်ပေမယ့် သမင်ပေါက်လေးတစ်ကောင်လို အရမ်းဝလာပါတယ်။

"အဖေ ယူရမ်အရမ်းဝလာတယ်နော်။ ကြွက်တွေအများကြီး ခုတ်ပြီး စားနေလားမသိဘူး" လို့ ကျွန်မ အဖေ့ကို မေးတာကို အမေ ကကြားတော့ "ဘယ်ကလာ ကြွက်တွေခုတ်ပြီးစားလို့ ဝလာတာမဟုတ်ဘူးသမီး။ ယူရမ်မှာ ကိုယ်ဝန်ရှိနေပြီ ကလေးမွေးတော့မှာ" လို့ အမေကပြောတော့ ကျွန်မတုန်လှုပ်သွားပါတယ်။

"အမေ ယူရမ်က ကြွက်တွေခုတ်ပြီးစားတာနဲ့ ဘယ်လို ကိုယ်ဝန်ရလာတာလဲ" လို့ အမေ့ကိုမေးတော့ အမေက "ဗိုက်တင်းအောင် မဆန့်မပြဲစားလို့ ဗိုက်ကြီးပူပြီး ကိုယ်ဝန်ရလာတာ" လို့ အမေက ချက်ချင်းဖြေပါတယ်။ ကျွန်မလို ခြောက်နှစ်သမီး အရွယ်ကို ကြောင်လေးတစ်ကောင် ဘယ်လို ကိုယ်ဝန်ရသလဲ ဆိုတာ ရှင်းမပြချင်လို့ အလွယ်ပြောခဲ့တာပဲဆိုတာကို ကျွန်မ နောက်ပိုင်းမှ သိလာရပါတယ်။

အဲဒီနောက် ယူရမ်ဟာ ကြောင်ပေါက်လေးကောင် မွေးခဲ့ပါတယ်။ ကျွန်မမှာ ယူရမ်အတွက် ဆိတ်နို့ညှစ် ယူရမ်ရဲ့ သားသမီးတွေ စောင့်ရှောက်ရနဲ့ အချိန်ကုန်မှန်းမသိ ကုန်နေပါတယ်။ ကြောင်လေးတွေ အကောင်ကြီးသထက် ကြီးလာတဲ့အခါ ကြောင်လေး တွေနဲ့ကစားပေါ့။ အရမ်းပျော်ဖို့ကောင်းလှပါတယ်။

တစ်နေ့ အမေက ကျွန်မကို "သမီးလေးရေ အမေတို့ အိမ်နီးနားချင်းတစ်ဦးက ကြောင်လေးတစ်ကောင် လောက်ပေးပါလား လို့ တောင်းနေတယ်။ သမီးဘယ်လိုသဘောရလဲ" လို့ အမေက ကျွန်မကို မေးပါတယ်။

အမေလာပြောတာကို မယုံနိုင်လွန်းတဲ့ကျွန်မက "ယူရမ်ရဲ့ ကလေးတွေကို သူများဆီကို အမေက ပေးမယ်ပေါ့။ အမေ့ကလေး တွေ သူများဆီကိုပေးရင်ရော အမေကြိုက်မှာလား" လို့ အမေ့ကို ဒေါသထွက်ပြီး မေးလိုက်ပါတယ်။

"စိတ်မဆိုးပါနဲ့သမီးရယ် အခု အမေတို့မှာ ကြောင်ငါးကောင် ရှိတယ်။ ယူရမ် နောက်ထပ် ကြောင်လေးတွေ ထပ်မွေးရင် အမေတို့မှာ ကြောင်လေးတွေကို တိုက်စရာနို့မရှိမှာစိုးလို့ပါ" လို့ အမေက ရှင်းပြပါတယ်။

"သမီးရဲ့ကြောင်တွေကို နွားတွေလို အိမ်အပြင်မှာထား လို့မရဘူး။ သူတို့အတွက် နေစရာလည်း လိုအပ်လာမယ်လေ" လို့ အမေက ထပ်ပြောပါတယ်။

"အမေကြောင်လေးတွေအတွက် လိုအပ်မယ့်နို့တိုက်ဖို့ သမီးတို့မှာ နွားတွေ

ဆိတ်တွေရှိတယ်။ ကြောင်လေးတွေက သေးသေးလေးတွေ အိမ်မှာနေလို့ရတယ်” လို့ မန်ဒီနေဇာက အမေဖြစ်သူ ကို ငိုပြီးပြောလိုက်ပါတယ်။

“ကဲ သမီးလေး မန်ဒီ ကြောင်လေးတွေကို အမေ ဘယ်သူ့ကိုမှ မပေးတော့ဘူး။ တိတ်တော့ မငိုနဲ့တော့နော်” လို့ပြောမှ စိတ်အေးခဲ့ရပါတော့တယ်။ တကယ်တော့ အမေ ကျွန်မကို လှည့်စားခဲ့တာပါ။ ရက်အနည်းငယ်အကြာ ကျွန်မ အိပ်ရာကထတော့ ကြောင်လေးတွေ မရှိတော့ပါဘူး။ ကျွန်မစိုးရိမ်ပြီး အသည်းအသန်လိုက်ရှာပါတယ်။ အိမ်ရှေ့၊ အိမ်နောက်၊ ခြံအပြင်ဘက် နေရာအနှံ့လိုက်ရှာပါ တယ် မတွေ့ပါဘူး။

နောက်ဆုံး ရှာတာကိုလက်လျှော့လိုက်ပြီး “ဟီးဟီး ငါ့ ကြောင်လေးတွေ မတွေ့တော့ဘူး။ ဘယ်ရောက်သွားပြီလဲမသိဘူး။ ကူရှာပေးကြပါဦး” လို့ အိမ်ရှေ့မှာထိုင်ပြီး ချုံးပွဲချငိုနေပါတယ်။

အမေက မသိချင်ယောင်ဆောင်ပြီး

“ကြောင်လေးတွေ ပျောက်သွားပြီလား၊ တကယ်ပျောက် သွားတာလား” လို့ ကျွန်မကို လာပြောပြီး ဆယ့်ငါးမိနစ်ခန့်လိုက်ရှာ ပါတယ်။ ဘယ်နေရာမှ မတွေ့တော့တဲ့အဆုံး အမေက

“သမီးရယ် ထမင်းစားလိုက်ပါဦး”

“မစားဘူးအမေ သမီးကြောင်လေးတွေ မတွေ့ရင် ထမင်း လုံးဝမစားဘူး” လို့ မျက်နှာမှာ မျက်ရည် နှာရည်တွေထွက်ရင်း ပြောပါတယ်။ နောက်တစ်နာရီလောက် ထပ်ရှာပါတယ် မတွေ့ပါဘူး။ အဲဒီနောက် ရွာထဲက သူငယ်ချင်းတစ်ယောက်ရောက်လာပြီး

“ဟဲ့ မန်ဒီ … နင့်အမေ ငါ့ကိုကြောင်လေးတစ်ကောင် မွေးဖို့ ပေးတယ်။ ငါ ကျေးဇူးအရမ်းတင်ပါတယ်နော်” လို့ပြောပြီး ပြေး ထွက်သွားပါတယ်။

ရုတ်တရက်ဆိုသလို ကျွန်မအမေ လှည့်စားလိမ်လည်ခဲ့တယ် ဆိုတာသိသွားပြီ။ အမေ အဲဒီလောက် ရက်စက်သလားလို့ တွေးရင်းအိမ်ထဲပြေးဝင်ပြီး အမေ ကြောင်လေးတွေကို ဘာလို့ သူများကိုပေးလိုက်တာလဲ။ အမေ အရမ်းရက်စက်တာပဲလို့ အော်ကြီး ဟစ်ကျယ်ပြောပြီး ဟိုကန်ဒီကန် လိုက်လုပ်ပါတော့တယ်။

အမေက ကျွန်မကို ချော့မော့ထိုင်ခိုင်းပြီး ယူရမ် ကြောင်မကြီးဟာ ကြောင်လေးတွေ ထပ်မွေးတော့မှာဖြစ်ကြောင်း၊ နောက်ထပ် ကြောင်ကလေးတွေမွေးရင် ဘယ်သူ့ကိုမှ မပေးတော့ပါဘူးလို့ ကတိပေး နှစ်သိမ့်ပေမယ့် ကျွန်မမှာ ကြောင်ကလေးတွေ မရှိတော့လို့ ဖြေမဆည်နိုင်ပါဘူး။ နောက်ပိုင်းတော့ ကြောင်ကလေးတွေ ကြီးလာပြီး ရွာထဲသွားတဲ့အခါ ပြေးလွှားဆော့ကစားနေတဲ့ ကြောင်ကလေးတွေမြင်ရမှ စိတ်သက်သာရာရပြီး အမေဘာကြောင့် ကြောင်လေး တွေကို အခြားလူတွေကို ပေးပစ်တာလဲဆိုတာကို စဉ်းစားမိပြီး နားလည်လာပါတယ်။

ကျွန်မက မိသားစုထဲမှာ အငယ်ဆုံးလည်းဖြစ် မိန်းကလေး လည်းဖြစ်လို့ မိဘ ညီအစ်ကို မောင်နှမတွေက ပိုချစ်ကြပါတယ်။ ကျွန်မရဲ့ အကြီးဆုံးအစ်မ ရှိခန်က ကျွန်မထက် ဆယ့်သုံးနှစ်ကြီး ပါတယ်။ မွေးတုန်းက ဆံပင်ပါမလာပါဘူး။ ကျောင်းမနေဖူးပါဘူး။ ကျွန်မကိုမွေးတော့ အိမ်ထောင်ကျ အိမ်ခွဲနေပါပြီ။ ကျွန်မ အစ်မကြီး အိမ်ကို အမြဲသွားလည်လေ့ရှိပါတယ်။

တစ်ခါတလေ ကျွန်မမိဘတွေအိမ်ကနေ

"မကြီးရှိခန်ရေ ဘယ်မှာလဲ အိမ်မှာရှိလား" လို့ လှမ်းအော် မေးလို့ ကြားတဲ့အခါ

"ညီမလေးမန်ဒီရေ မကြီးဒီမှာ" လို့ လှမ်းအော်ဖြေတတ်ပါတယ်။

နောက်အစ်မတစ်ယောက်ကတော့ ကျွန်မထက် ခုနစ်နှစ် ကြီးပါတယ်။ မွေးတုန်းက ဆံပင်အရမ်းနက်မှောင်ပြီး သန်လှပါတယ်။ အစ်မခွန်ရမ်တ်ဟာ ချောပေမယ့် တော်တဲ့အထဲမပါဘူးလို့ ရွာသားတွေက ပြောကြပါတယ်။ ခွန်ရမ်တ်ဟာ ကျောင်းတက်ဖူးပေမယ့် သိပ်ကြာကြာ မတက်ခဲ့ရပါဘူး။ ဆယ့်သုံးနှစ်နဲ့ အိမ်ထောင်ကျခဲ့ပါ တယ်။

ကျွန်မအစ်ကိုကြီးက ဘာဘို လို့ခေါ်ပြီး ပိန်ပိန်သေးသေးလေးပါ။ သူက ရုပ်ချောပေမယ့် အရမ်းနောက်ပြောင်တတ်ပါတယ်။ အစ်ကိုကြီး ခွန်ရှရန် ဟာ ရွာကထွက်သွားပြီး စာပေ လေ့လာလိုက်စား လို့ နောက်တော့ ဆူဒန်စစ်တပ်မှာ အရာရှိတစ်ယောက် ဖြစ်လာပါတယ်။ ဘာကြောင့် ရွာကထွက်သွားပြီး စစ်သားတစ်ယောက် ဖြစ်ခဲ့သလဲဆိုတာ ကျွန်မ နားမလည်နိုင်အောင်ပါပဲ။

အစ်ကိုဘာဘိုဟာ ကျွန်မထက် ၂နှစ်သာကြီးပြီး အမေ့ရဲ့ အချစ်ဆုံးသားဖြစ်ပါတယ်။ အစ်ကိုဘာဘိုဟာ ပိန်ပိန်ရှည်ရှည် ဉာဏ်ကောင်းပြီး အတန်းတိုင်းမှာ ပထမရတတ်ပါတယ်။ သူက ကုန်သည် လုပ်ချင်တယ်လို့ ကျွန်မကို မကြာခဏပြောတတ်ပါတယ်။ ကျွန်မရဲ့ အစ်ကို အစ်မတွေထဲမှာ အစ်ကိုလေးဘာဘိုနဲ့ ကျွန်မက အနေအနီးဆုံးနဲ့ ကျွန်မရဲ့ အချစ်ဆုံးလည်း ဖြစ်ပါတယ်။ ကျွန်မရဲ့ ခြောက်နှစ် ဝန်းကျင်ခန့် ကလေးဘဝဟာ အစ်ကိုတွေအစ်မတွေ မိဘနှစ်ပါးနဲ့ ပျော်စရာအတိ ဖြစ်ခဲ့ပါတယ်။

အခန်း(၂)
အဖေနဲ့ ကျွန်မရဲ့ရက်စွဲများ

အဖေက ကျွန်မကို ကျွန်မအသက်ခြောက်နှစ်ကျော်တဲ့ မိုးဦးကျ ကာလတစ်နေ့မှာ သူနဲ့အတူ ယာခင်းထဲကို လိုက်ခဲ့ဖို့ ပြောလာခဲ့ပါတယ်။ ကျွန်မတို့ယာမှာ နှံစားပြောင်းကို အဓိကစိုက်ပျိုးပြီး ယာက ရွာနဲ့အလှမ်းဝေးတဲ့ မြေပြဇာလည်းအရမ်းကောင်းတဲ့ မြေနိမ့်ပိုင်းမှာရှိပါတယ်။

"အဖေတို့ ယာစိုက်ဖို့အတွက် ရည်အနည်းငယ် ယာခင်းမှာ သွားနေရမယ်။ ယာစိုက်ပြီးရင် အဖေ အိမ်ကို ခဏပြန်မယ်။ ဒီတောထဲမှာ သရဲတွေအများကြီးပဲ" လို့ အဖေက ပြန်ပြောခဲ့တယ်။ သမီးက

"အဖေ သရဲတွေရှိတယ်ဆို သမီးတစ်ယောက်တည်း မနေနိုင်ဘူးနော်။ သမီးကို အိမ်ပြန်ပို့ပေး" လို့ အဖေ့ကို ပြန်ပြောလိုက်တယ်။ အဲဒီတော့အဖေက

"တကယ်လို့ သမီးကို အိမ်ပြန်ပို့လိုက်ရင် ယာခင်းကို ဘယ်သူ စောင့်ပေးမှာလဲ၊ ငှက်တွေကို ဘယ်သူလှန့်ပေးမှာလဲ" လို့ အဖေ က ပြန်ပြောလိုက်တယ်။ ကျွန်မလည်း တဖြည်းဖြည်းဝမ်းနည်းလာ ပြီး

"အဖေ့ပြောင်းစပါးတွေ ငှက်တွေမစားအောင်လို့ သရဲတွေက ခြောက်လှန့်ပေးမှာပေါ့" လို့ ကျွန်မကပြောတော့ အဖေက

"သမီးကပဲ ပိုလုပ်နိုင်မယ်လို့ အဖေထင်တယ်" လို့ အဖေက ခေါင်းခါပြီး ခပ်အေးအေးပဲ ပြောတယ်။ ကျွန်မတို့စီးလာတဲ့မြည်း ကို ခြေထောက်နဲ့ကန်ပါတော့တယ်။

"ဟေ့ မြည်းကိုမကန်နဲ့လေ သမီး အဲဒီလိုကန်နေလို့ မြည်းကပြေးရင် အဖေတို့ ပြုတ်ကျကုန်လိမ့်မယ်" လို့ အဖေကပြောလိုက်တယ်။

"ပြုတ်ကျရင်လည်း ပြုတ်ကျပလေ့စေ။ သရဲတွေနဲ့နေတာထက် စာရင်တော့ ဘာပဲဖြစ်ဖြစ် ပိုကောင်းပါတယ်။ အဖေလည်း ဆက်ပြီး မျက်နှာမတည်နိုင်တော့ဘဲ

"သမီးမန်ဒီရယ် အဖေ သမီးကိုစတာပါ" လို့ သူကပြန်ပြောခဲ့တယ်။ "တောထဲမှာ ဘာသရဲမှမရှိဘူး။ သမီးဘေးကိုကြည့်လိုက် သရဲကိုမြင်ရလို့လား"

"ဟင့်အင်းမမြင်ရဘူး" လို့ပြောပြီး ကျွန်မငိုတာ တဖြည်းဖြည်း ရပ်သွားတယ်။ အဖေလည်း ကျွန်မကို ကြိုးစားချော့မော့ပေမယ့် ကျွန်မ ခဏလောက်တော့စိတ်ဆိုးသွားတယ်။

"အဖေသမီးကိုမချစ်ဘူး။ သရဲတွေနဲ့ပဲနေခိုင်းတယ်။ သရဲတွေက သမီးကိုခြောက်ရင် သမီးသေမှာ" လို့ စိတ်ဆိုးဆိုးနဲ့ အဖေ့ ကိုပြောလိုက်တယ်။

"အဖေနောက်တာပါ၊ အဖေနဲ့သမီး အတူတူရှိမယ်လေ" လို့ အဖေက ချော့မော့ပြန်ပါတယ်။

ကျွန်မတို့ ခရီးအတော်ရောက်လာတဲ့အခါ ထူးဆန်းတဲ့ ပတ်ဝန်းကျင်တွေကို စတင် မြင်တွေ့ရပါတယ်။ ဘေးတစ်ဖက်တစ်ချက်စီမှာ သစ်ပင်ကြီးတွေ အုံ့ဆိုင်းနေပြီး မကြာခင်က ရွာထားတဲ့ မိုးကြောင့် သစ်ပင်ပေါ်မှာ မိုးစက်လေးတွေ တွဲလွဲခိုနေကြပြီး စိုတိစိုထိုင်း ဖြစ်နေကြပါတယ်။ ချောင်းငယ်လေးတွေကတစ်ဆင့် သစ်ပင်ကြီးတွေကို ဖြတ်သန်းပြီး မြွေလိမ်မြွေကောက်လို ရေတွေစီးဆင်း နေတယ်။ မိုးရာသီကုန်သွားရင်တော့ မြွေလိမ်မြွေကောက် ချောင်းငယ်လေးတွေကို မတွေ့ရသလောက်ပဲလို့ အဖေက ပြောပါတယ်။ ကျွန်မတို့ ချောင်းငယ်တစ်ခုကို ဖြတ်ရတော့မယ်ဖြစ်ပါတယ်။ အဲဒီ ချောင်းငယ်က ရေတွေပြည့်လျှံနေပြီး ဖြတ်ကူးဖို့အတွက် အန္တရာယ်ရှိပါတယ်။ နောက်ဆုံး ရေစီးအရှိန်လျော့တဲ့ အထိစောင့်ပြီး အဖေက ကျွန်မကို ကုပ်ပေါ်တင်လို့ ဖြတ်ကူးခဲ့ရတယ်။ နောက်ဆုံးမှာ ကျွန်မတို့ အခြားဘက်ကမ်းကို ရောက်ခဲ့တယ်။ အဖေလည်း ကျွန်မကို သူ့ကုပ်ပေါ်ကနေအောက်ကိုချပြီး အရမ်းမောနေလို့ ခဏထိုင်နား လိုက်တယ်။ အမောပြေတော့ တစ်ဖက်ကမ်းမှာ ထားခဲ့တဲ့မြည်းကို ပြန်သွားခေါ်တယ်။ ကျွန်မကို

"အန္တရာယ်ရှိတယ် ချောင်းစပ်နဲ့ ဝေးဝေးနေ" လို့ သတိပေးတယ်။ သိပ်မကြာခင် အဖေလည်း မြည်းကို ဇက်ကြိုးကနေဆွဲပြီး ဒီဘက်ကမ်းကို ဆွဲခေါ်လာခဲ့တယ်။ မြည်းကလည်း ကြောက်လန့် တကြားနဲ့ ငယ်သံပါအောင်အော်နေတယ်။ အဖေက ဒီဘက်ကမ်းကို ရောက်ဖို့ မြည်းဇက်ကြိုးကို ဆွဲထိန်းပြီး ယူလာရတဲ့ မြင်ကွင်းကို တွေ့နေရတာ ကျွန်မအတွက်ရယ်စရာ ဖြစ်နေတယ်။

အဖေက ကျွန်မကို "သမီး ဘာဖြစ်လို့ အဖေ့ကိုကြည့်ပြီး ရယ်နေတာလဲ။ ဒါက ရယ်စရာ ဖြစ်နေလို့လား။ မြည်းသာရေထဲ မျောသွားမယ်ဆိုရင် စားစရာတွေ ရေထဲပါသွားပြီး အဖေတို့ ငတ်ကုန်ကြမှာပေါ့ သမီးရဲ့။ ရွာကို ပြန်သွားရင်လည်း အဖေတို့ကို ဝိုင်း လှောင်ကြမှာပေါ့" လို့ အဖေက စိတ်ဆိုးမာန်ဆိုးနဲ့ ကျွန်မကိုပြောပါတယ်။ နောက်ဆုံးမှာတော့ အဖေက ပြောပြောဆိုဆို နဲ့ မြည်းဇက်ကြိုး ကိုဆွဲပြီး ချောင်းဒီဘက်ကို ရောက်လာပါတယ်။ တောင်ကုန်း နှစ်ကုန်းလောက်ကို ဖြတ် မြေပြန့်ဘက်ကို ဆင်းလာပါတယ်။ နေ့လယ် ဘက်ရောက်တော့ ကျွန်မတို့ တောအစွန်ကို ရောက်နေပြီး မျက်စိတစ်ဆုံးကြည့်လိုက်ရင် သစ်ပင်ကြီးတွေကို လုံးဝမတွေ့ရတော့ပါဘူး။ ကျွန်မဟာ တောတောင်တွေနဲ့ နေသားကျပြီးသားမို့ သစ်ပင် တွေရှိတဲ့ တောတွေတောင်တွေက ကျွန်မအတွက် နွေးထွေးမှုရှိတယ်လို့ ခံစားရပါတယ်။ အခုတော့ ကျွန်မအကြိုက်နဲ့ တစ်ခြားစီပါပဲ။ မျက်စိတစ်ဆုံး ကြည့်လိုက်တိုင်း လွင်တီးခေါင်ကြီးတွေပဲ တွေ့နေရပါပကော။

"အဖေ သမီး ဒီလိုနေရာမှာ နေရတာမကြိုက်ဘူး" လို့ပြော လိုက်တော့

“အဖေလည်း ဒီလိုနေရာမှာ နေရတာကို မကြိုက်ပါဘူး သမီးရယ်။ ဒါပေမယ့် ဒီနေရာမှာရှိတဲ့ မြေဆီမြေသြဇာတွေက စိုက်ပျိုးရေးလုပ်လို့ ကောင်းတယ် သမီးရဲ့” လို့ အဖေက ကျွန်မကို ပြန်ပြောပြပါတယ်။

“ဟိုမှာလေ အဖွေ့ယာခင်းတွေ” လို့ ကျွန်မကို လက်ညှိုးထိုး ပြပါတယ်။ ယာခင်းရဲ့ အစွန်တစ်ဖက်မှာတော့ တဲအိမ်ကလေးတစ်လုံး ရှိပါတယ်။ တဲထဲမှာတော့ ကျောက်တုံးလေးတုံးနဲ့ ဖိုခုံလောက် လုပ်ထားတဲ့ မီးလင်းဖိုတစ်ခု ရှိပါတယ်။ နောက်အိပ်ရာခင်းတစ်ခု ရှိပါတယ်။ ကျွန်မတို့နဲ့ ပါလာတဲ့ မြည်းပေါ်ကပစ္စည်းတွေချပြီး တဲရဲ့ ထောင့်တစ်နေရာ မှာ ထားလိုက်ပါတယ်။ အဲနောက် မီးမွေး ရေနွေးအိုးတည် စိုလာတဲ့ အဝတ်တွေကို နေပူလှန်းဖို့ လုပ်ပါတော့တယ်။

အဖေနဲ့ ကျွန်မလည်း အမေပြင်ဆင်ပေးလိုက်တဲ့ အစားအသောက်တွေကို စားသောက်ပြီးတဲ့နောက်မှာ အဖေက မီးလင်းဖိုဘေး အိပ်ရာခင်းလေးခင်းပြီး စိတ်အေးလက်အေး လှဲချလိုက်ပါတယ်။ ကျွန်မလည်း အဖွေ့ဘေးနားလှဲပေါ့။ အဖေနဲ့ကျွန်မ ခရီး တစ်လျှောက်လုံး မြည်းစီးလာရတဲ့အတွက် ပင်ပန်းလို့ ဘယ်အချိန် အိပ်ပျော်သွားမှန်းတောင် မသိလိုက်ပါဘူး။ မနက်လင်းသွားတော့ အဖေက မနက်စာစားဖို့ ကျွန်မကို လာနှိုး။ အဖေနဲ့ကျွန်မတို့ မနက်စာစားပြီး အလုပ်လုပ်ဖို့ထွက်ခဲ့ကြပါတယ်။ ကျွန်မတို့ ယာခင်းဘေးမှာလည်း အခြားနူဘာမျိုးနွယ်စုတွေ စိုက်ပျိုးနေကြပါတယ်။ အဖေ နဲ့ကျွန်မတို့ဟာ နှစ်ရက်လောက် ယာခင်းထဲမှာ စိုက်ပျိုးရေးအတွက် အလုပ်လုပ်ခဲ့ရပြီး သုံးရက်မြောက်နေ့ မနက်စာစားပြီးတော့

“အဖေ ဒီနေ့ရွာကိုပြန်ရမယ်” အဖေက အေးအေးဆေးဆေးနဲ့ ကျွန်မကိုပြောပါတယ်။

“အဖေမရှိဘဲနဲ့ တောထဲမှာ သမီးတစ်ယောက်တည်း မနေနိုင်ဘူး။ မနေရဲဘူး။ ကြောက်တယ်အဖေ” ငိုသံပါပါနဲ့ ကျွန်မ အဖွေ့ ကို ပြန်ပြောပါတယ်။

“သမီးကို အဖေပြောထားတယ်လေ ငှက်တွေမလာအောင် ခြောက်လှန့်ပေးရမယ်လို့လေ။ တစ်ရက်ထဲပဲ စောင့်ပေးရမယ်။ မနက်ကျရင် အဖေ သမီးကို ပြန်လာခေါ်မယ် သရဲဆိုတာ သမီးကို စရုံသက်သက်ပါ။ အဖေပြောတာ သမီးနားလည်လား” အဖေက ကျွန်မကို လေးလေး နက်နက် ပြောပြပါတယ်။ နေဝင်တဲ့အခါကျရင် ဟို ဟိုးဘက်နားက ဦးလေး ဂျီရွန်ဂီရဲ့ တဲထဲမှာလည်း သွားအိပ်လို့ရတယ်” လို့ အဖေက ပြောပြပါတယ်။

“သမီး ငှက်တွေကို ကြည့်ထားမှာမဟုတ်ဘူး။ အဖွေ့ယာ တောထဲက ပြောင်းတွေစားလည်း ထိုင်ကြည့်နေမှာ” လို့ မျက်နှာ စူပုပ်ပြီး ပြန်ပြောပါတယ်။

“မလုပ်ပါနဲ့သမီးရယ်၊ သမီးက လိမ္မာပါတယ်” လို့ပြောပြီး အဖေက အဝတ်အစားတွေ ဝတ်ပြီးတော့ မြည်းပေါ်ကို တက်လိုက်ပါတယ်။ အဲဒီနောက်

အဖေက တောဘက်ကိုဦးတည်ပြီး ထွက်သွားပါတယ်။ ကျွန်မလည်း မျက်ရည်တွေကိုသုတ်ပြီး အသံကုန်ဟော် ဟစ်ရင်း အဖေ့နောက်ကပြေးလိုက်သွားပြီး

“သမီးကို မထားခဲ့ပါနဲ့အဖေ၊ အဖေနဲ့အတူ ရွာကိုပြန် လိုက်မယ်၊ အဖေ သမီးကို ဒီမှာမထားခဲ့ပါနဲ့။ သမီးသေလိမ့်မယ် အဖေ” လို့ ကျွန်မ အော်နေပါတယ်။ အဖေက

“မန်ဒီ ယာတဲကိုပြန်သွား၊ ပြန်သွားလို့ပြောနေတယ်လေ” လို့ မြည်းပေါ်ကနေ နောက်လှည့်ပြီး ပြောပါတယ်။

အဖေပြောတာကို ဂရုမစိုက်ဘဲ အဖေ့နောက်ကို ကျွန်မ ပြေးလိုက်နေတုန်းပါပဲ။ အဖေ့မြည်းကလည်းပြေး ကျွန်ကလည်း နောက်ကနေ အမောတကောနဲ့ ပြေးလိုက်ပေါ့။ နောက်ဆုံး အဖေက မြည်းကိုရပ်လိုက်ပြီး ကျွန်မ မြည်းဆီကိုပြေးလာလို့ မှီသွားတဲ့အခါ မြည်းပေါ်ကဆင်းလာပြီး ကျွန်မကို သိုင်းပြီးဖက်လိုက်တယ်။ ပြီးတော့ အဖေက “သမီး ရွာကို အဖေနဲ့ပြန်လိုက်လို့မရဘူး။ ယာကွင်းဆီ သွားပြီး ငှက်တွေမလာအောင် စောင့်ရှောက်ပါနော်” လို့ သွေးအေးအေး နဲ့ပြောပါတယ်။ ကျွန်မကဆက်ငိုနေပြီး အဖေ့ရင်ဘတ်ကို လက်နဲ့ထုနေပါတယ်။

အဖေနဲ့ကျွန်မ တဲကိုပြန်လာတဲ့အခါ သစ်ပင်တစ်ပင် အောက်ရောက်တော့ အဖေက ကျွန်မကို သူ့ရဲ့ပေါင်ပေါ်မှာ ထိုင်ခိုင်း ပြီး ကျွန်မရဲ့ ဆံပင်တွေကို လက်နဲ့သပ်ရင်း

“မန်ဒီ အဖေပြောတာကို နားထောင် သမီး၊ သမီးသာ အဖေ နဲ့ ပြန်လိုက်လာမယ်ဆိုရင် ငှက်တွေက ပြောင်းတွေကိုစားပစ်ကြမှာ။ အဲဒီတော့ အဖေတို့ယာခင်း အထွက်ကောင်းမှာမဟုတ်ဘူး။ ဖေဖေတို့ မိသားစုတစ်ခုလုံး စားစရာမရှိ ဒုက္ခရောက်ကုန်ကြမှာ သမီး အဲဒီလို ဖြစ်စေချင်လို့လား။ အဖေက ကျွန်မကို နူးညံ့စွာနဲ့ပြောပါ တယ်။

“သမီးမိသားစုကို ဒုက္ခဘယ်ရောက်စေချင်မှာလဲအဖေ” လို့ ခေါင်းခါရင်း ဖြည်းဖြည်းလေး ပြောပါတယ်။

“အဲဒီလိုဆို သမီး ဒီမှာနေခဲ့ရမယ်။ သမီးသတ္တိရှိရမယ်။ အဖေ့ကတိအတိုင်း သမီးကို မနက်လာခေါ်မယ် ဟုတ်ပြီလား ဒီတစ်ခါ အဖေ ပြန်သွားရင် မငိုနဲ့နော် … အဖေ့ကိုပြုံးပြနော်သမီး လေး” လို့ပြောပြီး မြည်းပေါ်တက်လိုက်ပါတယ်။

အဖေမြည်းပေါ်တက်လိုက်တဲ့အခါ ငိုတာကိုရပ်လိုက်ပြီး အဖေ့ကို ကြိုးစားပြုံးပြလိုက်တယ်။

“အဖ မနက်ပြန်လာခဲ့မယ်နော်သမီး” လို့ လှမ်းအော်ပြီး မြည်းစီးပြီး ထွက်သွားပါတော့တယ်။ အဖေ တောအုပ်လေးထဲ မြည်းစီးပျောက်ကွယ် သွားတာကိုကြည့်ရင်း ကျွန်မ ရုတ်တရက် အထီးကျန်သလို ခံစားရပြီး ဝမ်းနည်းနေမိတယ်။ ကျွန်မ အတော် ကြာထိုင်နေပြီးနောက် ယာတော

ထဲလာတဲ့ငှက်တွေကို

"သွားစမ်း တော်တော်ဒုက္ခပေးတဲ့ငှက်တွေ ဝေးဝေးနေကြ စမ်းပါ" လို့ပြောပြီး ငှက်တွေကို အနီးနားမှာရှိတဲ့ကျောက်တုံးတွေနဲ့ ပစ်ပေါက်နေပါတယ်။

တစ်နေ့လုံးလည်း တောအုပ်ထဲကနေလာတဲ့ တိရစ္ဆာန် တွေရဲ့အသံတွေကို ကျွန်မစိတ်ထဲ ကြားယောင်နေပါတယ်။ ညနေ စောင်းတော့ ဦးလေးဂျီရွန်ဂီရဲ့ ယာခင်းထဲကို ကြောက်အားပိုပြီး ပြေးသွားတာ ခဏလေးပဲကြာခဲ့ပါတယ်။ ဦးလေးက သူ့ယာတဲ ရောက်တော့ ဆိတ်နို့နဲ့ ဆန်ပြုတ်နည်းနည်း ကျွေးပါတယ်။ အဲဒီနောက် အဖေ့နောက်ကို ပြေးလိုက်ပြီး ငိုခဲ့ရတဲ့ ပင်ပန်းမှုကြောင့် ခဏလေးနဲ့ အိပ်ပျော်သွားပါတယ်။

မနက်ရောက်တော့ ယာခင်းထဲပြေး ငှက်တွေကို လိုက်မောင်းထုတ်ခဲ့ပါတယ်။ တောအုပ်လမ်းလေးကို ကြည့်ရင်း အဖေပြန်လာမလားလို့ မျှော်နေမိပါတယ်။ ဒါပေမယ့် အဖေ ရောက်မလာပါဘူး။

နေ့လယ်ခင်း ရောက်တော့ ရွာက မိန်းမကြီးတစ်ယောက် ကျွန်မယာ တောဘက်ကို ရောက်လာပါတယ်။

"ကျွန်မအဖေက ခုအချိန် ဘာလို့မရောက်သေးတာလဲ။ အဖေ ဒီမနက် ပြန်လာမယ်ဆိုပြီး ပြောခဲ့တာ" လို့ အမျိုးသမီးကြီးကို မေးလိုက်တော့ အမျိုးသမီးကြီးက...

"သမီးအဖေက ဒီနေ့မလာနိုင်တော့ဘူး။ မနက်ဖြန်မှပဲ လာနိုင်တော့မယ်ဆိုပြီး အဒေါ်ကို ပြောလိုက်တယ်" လို့ ကျွန်မကို ပြန်ဖြေပါတယ်။

ကျွန်မ အကျဉ်းကျသလို ခံစားလိုက်ရတယ်။ နောက်တော့ နားလည်လိုက်တာက အဖေနောက်ကျတာ တစ်ခုခုလုပ်စရာရှိလို့ နေမှာပေါ့လို့။ အဖေ့ကို စောင့်နေရုံကလွဲလို့ ကျွန်မမှာ ရွေးချယ်စရာ မရှိပါဘူး။ ကျောက်ခဲတွေကောက် ယာခင်းထဲလာတဲ့ငှက်တွေကို ခြောက်လှန့်ပစ် နေခဲ့တယ်။

နေ့လယ်ဘက်ရောက်တော့ တောအုပ်ထဲကနေလာတဲ့ ခြောက်ခြားဖွယ်အသံတစ်သံကို ကြားခဲ့ရတယ်။ လာတဲ့အသံရဲ့ ပဲ့တင်ထပ်သံတွေဟာ သစ်ပင်တွေမှာ ပဲ့တင်ထပ်နေတယ်။ နောက်ထပ် ဘေးပတ်လည်ကို ကြည့်တဲ့အခါ အသံတစ်သံကို ထပ်ကြားရတော့ ကျောချမ်းသွားတယ်။ တောရိုင်းခွေးတွေရဲ့ ကြောက်မက်ဖွယ် အသံ ကြားနေရတာဖြစ်ပါတယ်။ တောခွေးတွေဆိုတာ အထူးသဖြင့် ကလေးတွေရဲ့ အသားကို စားရတာ အရမ်းကြိုက်လှပါတယ်။ အသံ ဘယ်ကလာသလဲ ဆိုတာ အရပ်မျက်နှာပေါင်းစုံကို လိုက်ကြည့်ပြီး ရှာပါတယ်။ ကျွန်မတစ်ကိုယ်လုံး တုန်ရီပြီး ကြောက်သထက် ကြောက်လာမိတယ်လို့ ခံစားရပါတယ်။

ရုတ်တရက်သစ်ပင်ကြားထဲ လှုပ်လှုပ်ရှားရှားဖြစ်နေတဲ့ အကောင်တစ်ကောင်ကို တွေ့လိုက် ရတယ်။ အဲဒီအကောင် ကျွန်မ ယာတောအိမ်ဘက်ကို လာနေတာကို ကျွန်မ ကြောင်အမ်းအမ်း နဲ့

ကြည့်နေမိပါတယ်။ ကျွန်မလှုပ်လိုက်ရင် သူကြားသွားပြီး ကျွန်မဆီ ရောက်လာမှာကို ကျွန်မအရမ်းပဲ ကြောက်နေမိတယ်။ အခုလိုပဲ ရပ်နေမယ်ဆိုရင် သူအနံ့ခံလို့ရနိုင်တယ်။ နောက်ဆုံးမှာတော့ ကြောက်စိတ်ကြောင့် ကျွန်မပြေးဖို့ ဆုံးဖြတ်လိုက်တယ်။ ကျွန်မတို့ ယာခင်းအလယ်မှာရှိတဲ့ သစ်ပင်တစ်ပင်ကိုပြေး အနိမ့်ဆုံးကိုင်းပေါ် ခုန်တက်လိုက်ပါတယ်။ ကျွန်မ ရွာအနောက်မှာရှိတဲ့ သစ်ပင်တွေပေါ် ဆော့ကစားရင်းနေလာခဲ့ရသူမို့ အခုအချိန်မှာ ကျွန်မအတွက် သိပ်မခက်လှပါဘူး။ ကျွန်မခြေထောက်တွေ တုန်နေတာကိုတော့ ခံစားမိပါတယ်။ အဲဒီတောခွေးတွေ ကျွန်မကိုမမြင်ခဲ့ပါဘူး။ ကျွန်မကို မြင်သွားမှာ ကျွန်မအနံ့ရသွားမှာကို အရမ်းစိုးရိမ်နေမိပါတယ်။ သူတို့ သစ်ပင်ပေါ်ကို မတက်နိုင်တာသိပေမယ့် ကျွန်မအိပ်ဖို့ အောက်ဆင်းသွားတဲ့အခါ အောက်မှာစောင့်နေမှာ ရှိနေမှာကိုပဲ စိုးရိမ်ပြီး ကြောက်နေမိပါတယ်။ ကျွန်မ သစ်ပင်ပေါ်ကနေ ကြည့်လိုက်တဲ့အခါ တောရိုင်းခွေး တစ်ကောင် သားကောင်ကိုရှာနေပြီး လယ်ကွင်းထဲကို တဖြည်းဖြည်းနဲ့ လာနေတာကို တွေ့နေရပါတယ်။ သူ့ရဲ့ရှေ့မှာ တောကြက်ကြီး တစ်ကောင်ရှိနေပါတယ်။ တောကြက်ကြီးနား တဖြည်းဖြည်း ခြေသံမကြားအောင် တိုးသွားပြီး တရွေ့ရွေ့နဲ့လှမ်းလာရင်း တောကြက်ကြီးကို ခုန်အုပ်လိုက်ပါတယ်။ သားကောင်ရဲ့ အပေါ်ပိုင်း တစ်ခုလုံးကို ပါးစပ်ထဲငုံထားပြီး အောက်ပိုင်းကို သူ့ရဲ့ခြေဖဝါးနဲ့ ညှပ်ထားပါတယ်။ သားကောင်ငြိမ်သွားတဲ့အခါ တဖြည်းဖြည်းနဲ့ တောထဲကိုဝင်သွားရင်း ပျောက်ကွယ် သွားပါတယ်။ အဲဒီ သားကောင်နေရာမှာ ငါသာဖြစ်ခဲ့မယ်ဆိုရင် ဆိုတဲ့အတွေးနဲ့ ကျွန်မအရမ်း ကြောက်သထက် ကြောက်လာပါတယ်။ အချိန်အတော်ကြာမှ သစ်ပင်ပေါ်က ဆင်းလာပြီး ဦးလေးယာခင်းဘက်ကို အမြန်ဆုံး ပြေးသွားခဲ့ပါတယ်။ ဦးလေးကိုတွေ့တဲ့အခါ သူ့ကို ပြေးဖက်ပြီးချိန် မှာတော့ စိတ်ပူနေတဲ့ ကျွန်မရဲ့ ဦးလေးက

"ဘာဖြစ်လို့လဲသမီး" လို့ ကျွန်မကိုမေးတယ်။ ကျွန်မက

"ဦးလေး သမီးဆီကို တောခွေးတစ်ကောင် ရောက်လာတယ်" လို့ ကျွန်မကပြောလိုက်တော့ ဦးလေးက

"တောရိုင်းခွေးတွေက သမီးဆီကိုလာတာမဟုတ်ဘူး။ ငှက်တွေ ကြက်တွေ အမဲလိုက်ဖို့ လာတာ သမီးရဲ့" လို့ ကျွန်မကို ပြောပါတယ်။

"ဦးလေးကသာ သမီးဆီ မလာဘူးပြောနေတာ သမီးတဲနား ရောက်လာလို့ သစ်ပင်ပေါ် တက်ပြေးရတယ် ဦးလေးရဲ့" လို့ ကျွန်မကပြန်ပြောလိုက်တဲ့အခါ ဦးလေးဂျီဂွန်ဂီ ဝါးလုံးကွဲအောင် ဟက်ဟက် ပက်ပက် ရယ်ပါတော့တယ်။

"သမီးမန်ဒီ ယာခင်းထဲမသွားနဲ့တော့။ ဒီနေ့ သမီးလည်း ပင်ပန်းနေပြီ ငှက်တွေလည်း အိပ်တန်းပြန်လောက်ပြီဆိုတော့ ဦးလေးယာတဲမှာပဲ ထမင်းစားအိပ်တော့၊ မနက်မှ ယာခင်းကိုပြန် တော့လေ" ဟု ကျွန်မကိုပြောပါတယ်။

ကျွန်မ ဦးလေးရဲ့တဲထဲကိုဝင် ဆိတ်နို့နည်းနည်းဝင်သောက်

ခြေထောက်လက်ထောက် ဆေးပြီး အရမ်းစားချင်တဲ့စိတ် မရှိတော့တာနဲ့ အိပ်ယာပေါ်လှဲနေလိုက်တယ်။ အိပ်ပျော်သွားတော့ တစ်ညလုံးပဲ တောရိုင်းတိရစ္ဆာန်တွေ ကျွန်မကို လာတိုက်ခိုက်တဲ့အကြောင်း အိပ်မက်တွေ မက်နေခဲ့တယ်။ နောက်နေ့မနက် ရောက်တဲ့အခါ ယာခင်းထဲသွားတော့ ဦးလေးပါ ကျွန်မနဲ့ လိုက်လာခဲ့တယ်။ ယာခင်းထဲမှာ ဘာတောကောင်မှ မတွေ့ရလို့ ကျွန်မစိတ်အေးသွားပါတယ်။ ဦးလေးပြန်သွားတဲ့အခါ ငှက်တွေကို စောင့်ကြည့်ရင်း တောရိုင်းခွေး အန္တရာယ်ကို ရင်တမမနဲ့ အဖေရွာကပြန်လာမှာကို မျှော်နေမိပါတယ်။

သိပ်မကြာလိုက်ပါဘူး။ တောအုပ်ဘက်ကနေ “မန်ဒီ မန်ဒီ မန်ဒီ” ဆိုတဲ့ အော်ခေါ်တဲ့အသံ တောအုပ်ဘက်က ထွက်လာပါတယ်။ ကျွန်မ အရမ်းစိတ်သက်သာရာရသွားပါတယ်။ အဖေ့ကို ပြေးဖက်ပြီး နမ်းချင်ပေမယ့် စိတ်ဆိုးဟန်ဆောင်နေလိုက်တယ်။

အဖေက ကျွန်မပခုံးနှစ်ဖက်ကိုကိုင်ပြီး

“သမီးကို အဖေပြောခဲ့တယ်လေ။ တောရိုင်းတိရစ္ဆာန်တွေ လာလိမ့်မယ် သမီးသတိထားနေ” လို့။

ကျွန်မမျက်နှာပေါ်က မျက်ရည်တွေသုတ်ပြီး ရှင်းပြပါတယ်။

“သမီးဆီကို တောရိုင်းခွေးတစ်ကောင် ရောက်လာတယ်။ သမီးသာ သစ်ပင်ပေါ် တက်မပြေးခဲ့ဘူး ဆိုရင် အခုအချိန် အဖေသမီး ကို တွေ့ရမှာမဟုတ်ဘူး”

“သမီးကလည်း ဒီမှာ ဘာတောကောင်မှ မရှိပါဘူး” အဖေ မနေ့ကမလာလို့ သမီးအဖေ့ကို စိတ်ဆိုးနေတာမဟုတ်လား” လို့ အဖေက ပြန်ပြောပါတယ်။

“မယုံရင် ဦးလေးဂျီဂွန်ဂီကို မေးကြည့်ပါလား။ သမီးမလိမ်ဘူး။ သမီးနဲ့လိုက်ခဲ့။ မြေကြီးပေါ်မှာ တောရိုင်းခွေး ကိုက်ချီသွားတဲ့ တောကြက်ရဲ့ သွေးတွေရှိတယ်။ အဖေ့ကို သမီးပြမယ်” လို့ပြောပြီး သွေးစက်လေးတွေကို လိုက်ပြပါတယ်။

ဝမ်းနည်းနေတဲ့ ကျွန်မမန်ဒီကို အဖေက ဖက်လိုက်ပြီး

“သမီးနဲ့တွေ့ဖို့ ရွာကနေ သမီးအမေနဲ့ အစ်ကိုအစ်မတွေ လိုက်လာတယ်လေ” လို့ပြောပြီး အဖေက အမေတို့လာနေတာကို လက်ညှိုးထိုးပြလိုက်တယ်။ ကျွန်မလည်း အမေနဲ့ ညီအစ်ကို မောင် နှမတွေ တွေ့လိုက်ရလို့ စိတ်သက်သာရာ ရသွားပါတယ်။

“အဖေ သမီးလက်မောင်းတောင် အကိုက်ခံလိုက်ရသေးတယ်အဖေ”

“ဘာ ငါ့သမီးလက်ကို တောခွေးကိုက်ခံရတယ်ဟုတ်လား ပြစမ်း” လို့ပြောပြီး အဖေက ကျွန်မရဲ့ညာဘက် လက်မောင်းရော ဘယ်ဘက် လက်မောင်းရော သေသေချာချာကြည့်ပါတယ်”

“မနေ့က အဖေမလာလို့ စိတ်ကောက်ပြီး အဖေစိုးရိမ် အောင် ပြောလိုက်တာအဖေ” လို့ ကျွန်မအဖေ့ကို ပြောလိုက်တယ်။

"တောင်းပန်ပါတယ် သမီးရယ် အဖေ အရေးကြီးကိစ္စပေါ်လာလို့ပါ။ သမီးအမေနဲ့ အစ်ကိုအစ်မတွေကို နှုတ်ဆက်လိုက်ဦး။ သူတို့က သမီးကိုအရမ်းတွေ့ချင်နေတာ" လို့ အဖေကပြောတော့ မိသားစုဝင်တွေကို ကျွန်မကပြုံးပြပြီး နှုတ်ဆက်လိုက်ပါတယ်။

အဲဒီနောက် အဖေက တောကြက်ကြီးတစ်ကောင်ကိုဖမ်း၊ ကျွန်မတို့မိသားစုဝင်တွေက အမွှေးနှုတ် အဲဒီည မိသားစုတွေ ထမင်းလက်ဆုံစားကြပါတော့တယ်။ ကျွန်မတို့မိသားစု ယာတဲထဲ တစ်ပတ်နီးပါးနေခဲ့ကြတယ်။

အဲဒီလိုနဲ့ ရွာကိုပြန်ရောက်တော့ နောက်တစ်ခါ အဖေ သူ့ယာတဲထဲ သွားဖို့ ကျွန်မကိုခေါ်တဲ့အခါတိုင်း တောကောင်တွေရှိတဲ့နေရာမှာ တစ်ယောက်ထဲ ထားခဲ့မှာစိုးလို့ အမြဲ ငြင်းဆိုခဲ့ပါတယ်။ အဖေနဲ့ကျွန်မရဲ့ အဲဒီအမှတ်တရနေ့ရက်တွေကို ပြန်တွေးရင်း ရယ်မောနေခဲ့မိပါတော့တယ်။

အခန်း(၃)

ကျွန်မအဖေ ယာတောတဲအိမ်လေးမှာ တစ်ယောက်ထဲ ထားခဲ့လို့ တောရိုင်းခွေးတွေကို ထိတ်လန့်ခဲ့ရတဲ့ဖြစ်ရပ် ကြုံတွေ့ပြီး နောက်ထပ်အံ့ဩစရာ ကိစ္စတစ်ခုလည်း တွေ့ ကြုံခဲ့ရပါတယ်။ တစ်နေ့ကျတော့ မူဆာလို့ခေါ်တဲ့လူတစ်ယောက် ကျွန်မအစ်မလေး ခွန်ရမ်တ်ကို တောင်းရမ်းဖို့ကိစ္စ နဲ့ ပတ်သက်ပြီး အဖေနဲ့ စကားပြောဖို့ ရောက်လာခဲ့ပါတယ်။ ကျွန်မတို့ နူဘာမျိုးနွယ်စုတွေရဲ့ ထုံးတမ်းဓလေ့ တစ်ခုရှိပါတယ်။ မိန်းကလေးမွေးပြီဆို ယောကျ်ားလေးမိဘတွေက သူတို့သားနဲ့ လာရောက်စေ့စပ်ကြပါတယ်။ အစ်မခွန်ရမ်တ် မွေးပြီး လအနည်းငယ်အကြာမှာ အစ်ကိုမူဆာနဲ့ စေ့စပ်ခဲ့ကြတာပါ။ သူတို့တစ်ယောက်နဲ့ တစ်ယောက် မတွေ့ဖူးကြပါဘူး။ အစ်ကို မူဆာနဲ့ ပါလာတဲ့ လူကြီးတွေနဲ့ အဖေတို့ သုံးနာရီကြာ ဆွေးနွေးကြပါတယ်။ အမေပြင်ပေးတဲ့ အစားအသောက်တွေကို အစ်ကိုဘာဘိုက ဧည့်သည်တွေကို ဧည့်ခံပါတယ်။

အစ်ကိုမူဆာနဲ့ ဧည့်သည်တွေပြန်သွားတဲ့အခါ အဖေက အမေ့ဆီရောက်လာပြီး

"မူဆာ နင့်သမီးကို လက်ထပ်ဖို့ကိစ္စလာပြောတာ" လို့ အမေ့ကို ပြောလိုက်တော့ အမေက

"မူဆာ ရှင့်ကိုဘာတွေပြောခဲ့လဲ" လို့ ပြန်မေးလိုက်ပါတယ်။ သူ ပြောတာကတော့

"သူနဲ့အစ်မလေး ခွန်ရမ်တ်တို့ လက်ထပ်ဖို့အချိန်တန်ပြီ၊ ငါတို့ မိဘတွေကို ခွန်ရမ်တ်အတွက် နွားဘယ်နှစ်ကောင်၊ ဆိတ်ဘယ်နှစ်ကောင် လက်ဖွဲ့ရမလဲ။ ဘယ်နှစ်ကောင်လောက်ဆို အဆင် ပြေမလဲ" လို့ သူနဲ့ အတူပါလာတဲ့ လူကြီးတွေရဲ့ရှေ့မှာ မေးသွားတယ်။

ကျွန်မတို့ နူဘာမျိုးနွယ်စုတွေ မင်္ဂလာဆောင်ကြတဲ့အခါ သတို့သားက သတို့သမီးအတွက် လက်ဖွဲ့အနေနဲ့ ကျွဲ၊ နွား၊ ဆိတ်၊ ပြောင်းစပါးတို့ကို သတို့သမီးမိဘတွေ ကျေနပ်လောက်တဲ့အထိ ဖွဲ့ပေးရပါတယ်။

မူဆာနဲ့ ခွန်ရမ်တ်တို့ရဲ့ မင်္ဂလာဆောင်တဲ့နေ့ရောက်တဲ့အခါ မင်္ဂလာပွဲ နဲ့ပတ်သက်လို့ အနီးကပ်သေချာလေ့လာဖို့ ဆုံးဖြတ်လိုက် ပါတယ်။ မင်္ဂလာပွဲကို ရွာထဲကအကုန်နီးပါး ရောက်လာကြပါတယ်။

နောက်တော့ သတို့သားမိဘတွေ ရောက်လာပါတယ်။ ရှေ့ဆုံးက တစ်ဦးက စွန်ပလွန်သီး ဗန်းကြီးတွေ သကြားအိတ်တွေနဲ့ ခွန်ရမ်တ် တို့မိသားစုကို လက်ဆောင်ပေးဖို့ သယ်လာကြပါတယ်။ မူဆာတို့ မိသားစုဟာ သတို့သမီးခွန်ရမ်တ် အတွက် အပြာရောင်နဲ့ အဝါရောင် စပ်ချုပ်ထားတဲ့ သတို့သမီးဝတ်အင်္ကျီပါ ယူလာကြပါတယ်။ မိန်းကလေးအများစုဟာ တဲတစ်လုံးထဲ စုဝေးနေကြပြီး

ခွန်ရမ်တ်ကို မိတ်ကပ်လိမ်း ဆံပင်ဖြီးနဲ့ သတို့သမီးကို ပြင်ဆင်ပေးနေကြပါတယ်၊ ကျွန်မ ခွန်ရမ်တ်ကို မိတ်ကပ်လိမ်းပေးနေတဲ့ တဲထဲကိုဝင်ဖို့ ကြိုးစားပေမယ့် သူတို့က တံခါးကိုပိတ်ထားကြပါတယ်။ ကျွန်မက ငယ်သေးလို့ တဲထဲကို ဝင်လို့မရဘူး။ ဒါက ကလေးနဲ့မဆိုင်ဘူး ဆိုပြီး ပေးမဝင် ကြပါဘူး။ တဲထဲမှာ မိတ်ကပ်လိမ်းတာ အတော်ကြာသွားပါတယ်။ ခွန်ရမ်တ် မိတ်ကပ်လိမ်းပြီး ပြန်ထွက်လာတော့ အရမ်းကို လှနေပါတော့တယ်။ တစ်ကိုယ်လုံး ဖိန့်ဖိန့်တုန်အောင် လှနေပါတယ်။ ဆံပင် ကို ကျစ်ဆံမြီးကျစ်ထားပြီး မျက်ခုံးမျက်တောင်တွေကို လိုင်နာတွေ ဆိုးထားပါတယ်။ ခါး၊ လည်ပင်းနဲ့ ခြေကျင်းဝတ်တို့မှာ ပုတီးလုံးတွေ ဝတ်ထားပြီး ဂါဝန်အဖြူရောင်ဝတ်ထားပါတယ်။ ဒီလိုလှပတဲ့သတို့ သမီးက ကျွန်မရဲ့အစ်မ ခွန်ရမ်တ် ဟုတ်ပါ့မလားလို့တောင် ထင်နေမိပါတယ်။

သတို့သားနဲ့ သတို့သမီးကို လူအတော်များများက ဝန်းရံ ထားကြတယ်။ လက်ခုပ်တီးပြီး သီချင်းဆိုပါတော့တယ်။ သတို့သားနဲ့ သတို့သမီးကလည်း သီချင်းဆို ရယ်ကြမောကြနဲ့ မင်္ဂလာမောင်နှံ ထာဝရ ပေါင်းဖက်နိုင်ကြပါစေလို့ အော်ဟစ်ဆုတောင်းပေးကြပါတယ်။ ခွန်ရမ်တ်ဟာ တစ်ညနေလုံး သတို့သမီးဝတ်စုံကိုဝတ်ထားပြီး အသစ်စက်စက် လင်မယားနှစ်ယောက် သူတို့တဲကို ပြန်နားကြပါ တော့တယ်။ ကျွန်မ အိပ်ပျော်သွားပြီး ကျွန်မအိပ်ရာကို အဖေဘယ်လို မပြီး ခေါ်သွားသလဲ ဆိုတာကိုတောင် မသိလောက်အောင် အိပ်ပျော်နေခဲ့ပါတယ်။

မူဆာနဲ့ ခွန်ရမ်တ်တို့ လက်ထပ်ပြီး ကျွန်မတို့နဲ့အတူနေဖို့ ပြောင်းလာခဲ့ကြပါတယ်။ ကျွန်မတို့ နူဘာမျိုးနွယ်စုတွေမှာ သတို့သား နဲ့ သတို့သမီး လက်ထပ်ပြီးရင် သတို့သမီးအိမ်မှာ တစ်နှစ်တိတိ နေပေးရတဲ့ဓလေ့ရှိပါတယ်။ လက်မထပ်ခင် တစ်ပတ်နှစ်ပတ်အလို သတို့သားနဲ့ အပေါင်းအဖော် တွေဟာ သတို့သားနဲ့ သတို့သမီး လက်ထပ်ပြီးနေဖို့ သူတို့စိတ်တိုင်းကျ အိမ်ကို လာဆောက်ပေးရတာ နူဘာလူမျိုးတွေရဲ့ ဓလေ့တစ်ခုဖြစ်ပါတယ်။ ကျွန်မတို့အိမ်မှာ ခွန်ရမ်တ်ရဲ့ သူငယ်ချင်းတွေဟာ ခွန်ရမ်တ်ကို ဝိုင်းပြီးလျှော်ဖွပ် ချက်ပြုတ်တဲ့နေရာ ကူညီဖို့ရောက်လာတဲ့အတွက် အမြဲတမ်း ဧည့်သည်က များနေလို့ ခွန်ရမ်အိမ်ထောင်ကျပြီး အဖေဟာ လူပျိုအစ်ကိုတွေ နေတဲ့တဲမှာ တစ်လလောက် သွားနေခဲ့ရပါတယ်။

မင်္ဂလာပွဲပြီးနောက် အရမ်းအိပ်ပျော်သွားခဲ့ပါတယ်။ ကျွန်မ အိပ်ရာနိုးတော့ အသံတစ်သံကို ကျွန်မကြားလိုက်ရတယ်။ ကျွန်မနည်းနည်းလေး ကြောက်သွားပါတယ်။ အဖေကလည်းမရှိ။ အော်တဲ့အသံက ကျယ်သထက် ကျယ်လာပါတယ်။

"အမေ အဲဒါဘာအသံလဲ" လို့ အမေ့ကိုမေးတော့ အမေက

"သမီးရဲ့အန်တီတွေက ခွန်ရမ်တ်အတွက် ကလေးရဖို့ စီစဉ်ပေးနေတာ။ တစ်နေ့ သမီးအိမ်ထောင်ပြုရင် သမီးအန်တီတွေက စီစဉ်ပေးလိမ့်မယ် သမီး" လို့ အမေက ပြန်ဖြေပါတယ်။ ကျွန်မကိုလည်း ကျွန်မမွေးကတည်းက ကျွန်မတို့ရွာနဲ့

အနည်းငယ်ဝေးတဲ့ ရွာတစ်ရွာက ဂျူဘာ ဆိုတဲ့အမျိုးသား နဲ့လက်ထပ်ဖို့ စေ့စပ်ထားပါတယ်။

ကျွန်မတို့ဓလေ့မှာ အမျိုးသားနဲ့ အမျိုးသမီး လက်ထပ်တဲ့အခါ ကလေးရအောင် အမျိုးသားနဲ့ အမျိုးသမီး အာဝါဟဝိဟာဝ လုပ်ဖို့ ဆွေမျိုးတွေက တစ်ပတ်လောက် စီစဉ်ပေးရပါတယ်။ အဲဒါကို ကျွန်မ အရင်ကမသိခဲ့ဘူး။ အဲဒီအသံနဲ့ပတ်သက်ပြီး သိချင်တာလေးတွေ ထပ်မေးချင်ခဲ့တာပါ။ မူဆာနဲ့ခွန်ရမ်တ် တို့အိပ်ဖို့ အမေက အိပ်ယာခင်းကို မင်္ဂလာမဆောင်ခင် တစ်ပတ်အလိုမှာ ချုပ်ပေးခဲ့ ရတာပါ။ သူတို့နှစ်ဦး အာဝါဟလုပ်နေမယ့် အိပ်ရာနဲ့ အိပ်ရာခင်းကို အမေကိုယ်တိုင်ခင်းပေးခဲ့တာပါ။ ကျွန်မနဲ့အမေ အဒေါ်ဆွေမျိုးတွေ အိပ်ရာခင်းမှာပေနေတဲ့ အနီရောင်တွေကို တွေ့နေရပါတယ်။

“အမေ အဲဒီ အနီရောင်တွေက ဘာလဲဟင်” လို့ အမေ့ကို ကျွန်မမေးလိုက်တော့ အမေက “ကြည့်ရုံတင်ကြည့်ထား သမီး။ သမီးအိမ်ထောင်ကျတဲ့အခါ ဘာလဲဆိုတာ သမီးသိလာလိမ့်မယ်။ သမီးအိမ်ထောင်ကျလို့ သမီး အိပ်ရာမှာ အဲလိုအနီရောင်တွေ့တဲ့အခါ သမီးရဲ့ဆွေမျိုးတွေနဲ့ အဖေတို့ အမေတို့ ပျော်ရမှာသမီးရဲ့” လို့ ပြန်ပြောပြပါတယ်။

ကျွန်မ ခွန်ရမ်တ်အတွက် အတော်စိုးရိမ်လာပြီး ခွန်ရမ်တ် ကို တွေ့ချင်လာပါတယ်။ တံခါးက ပိတ်ထားပါတယ်။ မူဆာနဲ့ ခွန်ရမ်တ်တို့ အထဲမှာရှိပြီး ကျွန်မတွေ့ခွင့်မရှိဘူးလို့ အမေကပြောပါတယ်။ ညနေရောက်တော့ ကျွန်မ ခွန်ရမ်တ်အတွက် ပိုစိုးရိမ်သထက် စိုးရိမ်လာပါတယ်။

“အမေ သမီးအစ်မလေး ခွန်ရမ်တ်ကို ဝင်တွေ့လို့မရဘူးလား။ သူသေသွားမှာ သမီးကြောက်တယ်” လို့ ကျွန်မကပြောတော့

“တွေ့လို့မရဘူး တွေ့ခွင့်မရှိဘူး” လို့ အမေက ပြောနေတော့

“ဘာလို့တွေ့လို့မရတာလဲ။ သမီးအစ်မကို တွေ့ချင်တယ်” လို့ ပြောပြီးငိုနေပါတော့တယ်။

“ခွန်ရမ်ထွက်လာရင် တွေ့ရမယ် ဟုတ်ပြီလား” လို့ အမေက ဖြေသိမ့်ပါတယ်။

ညနေစောင်းတော့ မူဆာအခန်းထဲက ထွက်လာပြီး ယောကျ်ားတွေနေတဲ့ တဲဘက်ကို လျှောက်သွားတာ တွေ့လိုက်ရပါတယ်။ အမေလည်း ခွန်ရမ်တ်တဲထဲကိုဝင်သွားပြီး ကျွန်မ နောက်ကနေလိုက်သွားခဲ့ပါတယ်။ တဲထဲရောက် ခွန်ရမ်တ် အခန်းတံခါးပေါက်ကို အသာလေးဟပြီး အမေက “ခွန်ရမ်တ် အားလုံးအဆင်ပြေလား။ နေရောကောင်းရဲ့လား” ခွန်ရမ်တ် ဘာမှ ပြန်မဖြေပါဘူး။ ကျွန်မဟနေတဲ့တံခါးကို အသာအယာဖွင့်ပြီး အခန်းထဲကိုဝင်ဖို့ ကြိုးစားပေမယ့် အမေက ကျွန်မ လက်ကို လှမ်းဆွဲထားလိုက်ပါတယ်။

ခွန်ရမ်တ်ဟာ အသက်ဆယ့်သုံးနှစ်သာရှိသေးလို့ နာကျင်လို့ ထင်ပါရဲ့ သူ့ကိုယ်သူ မနည်းရုန်းကန် ထနေတာကို ကျွန်မမြင် လိုက်ပါတယ်။ ကျွန်မ

အမေ့လက်ကနေရုန်းပြီး ခွန်ရမ်တ်ဆီကိုသွားကာ

“အစ်မလေးခွန်ရမ်တ် နေကောင်းလား။ အိမ်ရှေ့ထွက်ပြီး သမီးတို့ကို စကားလာပြောပါဦး” လို့ ကျွန်မကပြောတော့

“မန်ဒီ ငါမလာနိုင်ဘူး။ ငါ အခု တစ်ကိုယ်လုံး လှုပ်တောင် မလှုပ်နိုင်ဘူး” လို့ အစ်မလေးခွန်ရမ်တ် က ပြန်ပြောပါတယ်။

အစ်မလေးခွန်ရမ်တ် ဘာဖြစ်နေသလဲဆိုတာ ကျွန်မ တကယ် မသိခဲ့ပါဘူး။ အမေက ခဏလေး မတ်မတ်ထိုင်ခိုင်းတဲ့အခါ အစ်မလေး ခွန်ရမ်တ် နာလွန်းလို့ငိုနေပါတယ်။ ကျွန်မနဲ့အမေက နှစ်သိမ့်ပေမယ့် အစ်မလေးခွန်ရမ်တ် ဆက်ငိုနေတဲ့အတွက် ကျွန်မအရမ်း တုန်လှုပ်ခဲ့ရပါတယ်။

ကျွန်မအမေက အစ်မလေးခွန်ရမ်တ်ကိုဖက်ပြီး

“အရမ်းနာနေလို့လားသမီး။ တစ်ပတ်နှစ်ပတ်လောက်ဆို နာတော့မှာ မဟုတ်ပါဘူး။ အားလုံးအဆင်ပြေသွားမှာပါ” လို့ အမေက နှစ်သိမ့်ခဲ့ပါတယ်။

တစ်ပတ်လောက် အစ်မလေးခွန်ရမ်တ် တဲထဲမှာပဲနေပြီး အမေက ကျွန်မတို့တဲမှာ ချက်ပြုတ်၊ ကျွန်မက အစ်မလေးဆီကို စားရေသာတွေ လာပို့ပေးပါတယ်။

အစ်မလေး ခွန်ရမ်တ်ရဲ့ အချစ်ဆုံးသူငယ်ချင်း မာဒီအရ် က တစ်ပတ်လုံး လာနေပေးပါတယ်။ မာဒီအရ်က အသက် (၁၃) နှစ်ရှိပြီး မကြာခင် အိမ်ထောင်ပြုတော့မှာ ဖြစ်ပါတယ်။ အစ်မလေးနဲ့ မာဒီအရ် တို့ စကားပြောကြလို့ ကျွန်မနားထောင်တဲ့အခါ မာဒီအရ်က ကျွန်မကို တဲထဲကနေ မောင်းထုတ်ပါတယ်။

"မန်ဒီ ညီမလေး အပြင်ကိုထွက်ပြီးကစားပါလား ဒီကိုမလာနဲ့ သွား” လို့ အော်ပြီး မောင်းထုတ်ပါတယ်။

“ခွန်ရပ်တ်က ဘယ်သူ့အစ်မလဲ၊ အစ်မကြီးရဲ့အစ်မလား ကျွန်မရဲ့အစ်မလား ကျွန်မအစ်မနား ကျွန်မနေတာ ဘာဆန်းလို့လဲ” လို့ ကျွန်မပြန်ပြောတော့ သူတို့တွေ ပြုံးစိစိလုပ်နေကြပါတယ်။

အမေက အခြေအနေမှန်ကို သိတဲ့အခါ ကျွန်မကိုလှမ်းခေါ်ပြီး

"ဘာဖြစ်တာလဲ မန်ဒီသမီးလေး”

“သမီးကို တဲထဲကနေ မောင်းထုတ်နေတယ်။ အပြင်မှာ မကစားချင်တာကို အတင်းကစားခိုင်း နေတယ် အမေ” လို့ပြောပါတယ်။ အမေက ကျွန်မဆီရောက်လာပြီး ကျွန်မဆံပင်လေးကို ပွတ်သပ်လို့၊ “မန်ဒီ သမီးလေး အစ်မကြီး မာဒီအရ် ပြောတာနားထောင်လေ…သွား အဖော်သူငယ်ချင်းတွေနဲ့ သွားကစား” လို့ အေးအေး ဆေးဆေးပြောပြပါတယ်။ ဒါကြောင့် ကျွန်မသူငယ်ချင်းတွေနဲ့ ထွက်ကစားလိုက်ပါတယ်။

ကျွန်မ သူတို့ပြောတာတွေကို နားမလည်သလို အစ်မလေး ခွန်ရမ်တ်ရဲ့ အိပ်ရာခင်းပေါ်က သွေးတွေဘာကြောင့်ပေနေတာလဲ ဆိုတာ ရှင်းရှင်းလင်းလင်း မသိခဲ့ပါဘူး။ ဘယ်သူမှ သေသေချာချာ မရှင်းပြခဲ့လို့ ကျွန်မအရမ်းပဲ

စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရပါတယ်။

သီတင်းငါးပတ်ကြာတဲ့အခါ အစ်မလေးခွန်ရမ်တ် လမ်းလျှောက်ရေခပ်တဲ့အပြင် လယ်ကွင်းထဲကိုတောင် သွားနိုင်ပါတယ်။ ကျွန်မလည်း အရမ်းပျော်၊ ဝမ်းသာလို့ အစ်မလေး အိပ်ရာပေါ်က သွေးကွက်တွေ တွေ့တဲ့ကိစ္စကို အဲဒီအချိန်ကစလို့ ဦးနှောက်ထဲ မရှိတော့ပါဘူး။

ငါးလလောက်ကြာတဲ့အခါ အစ်မလေးခွန်ရမ်တ်ရဲ့ ဗိုက်ကြီး တဖြည်းဖြည်းထွက်လာပါတယ်။ အမေ့ကိုမေးတဲ့အခါ

"သမီးရဲ့အစ်မမှာ ကိုယ်ဝန်ရှိနေပြီ" လို့ ပြန်ဖြေပါတယ်။ နောက်လအနည်းငယ်မှာ အစ်မလေးဗိုက်က အတော်ကြီးလာပြီး အစ်မလေး ခွန်ရမ်တ်လည်း အရမ်းလည်းပျော် အရမ်းလည်း စိတ်ချမ်းသာနေပါတယ်။ တစ်ခါတလေ သူ့ဗိုက်ကြီးကို ရွာထဲက မြင်မှာစိုးလို့ အပြင်မထွက်ပါဘူး။

တစ်နေ့မှာတော့ ခွန်ရမ်တ် ဗိုက်နာလာပါတယ်။ ခွန်ရမ်တ် ကလေးမွေးတော့မယ်လို့ ရွာထဲလိုက်အော်ပြောတော့ ကျွန်မရဲ့ အဒေါ်တွေ တဲထဲကိုရောက်လာကြပြီး မူဆာနဲ့ အိမ်ကအမျိုးသား တွေကိုတော့ ယောက်ျားတွေနေတဲ့အိမ်မှာ စုနေကြပါတယ်။ ကျွန်မကို လူကြီးတွေက အပြင်ထွက်ကစားခိုင်းပေမယ့် မကစားဘဲ အစ်မလေး ခွန်ရမ်တ်အသံကိုပဲ နားစွင့်နေပါတယ်။ အစ်မလေးခွန်ရမ်တ် ကလေးမွေးမယ့် တဲအနားမှာနေပြီး ကလေးမွေးမယ့် အသံကို နားထောင် နေခဲ့ပါတယ်။ ကလေးမွေးပေးနေတဲ့ အဒေါ်တွေက "ညှစ်ထား၊ ညှစ်ထား၊ အားတင်းထား ခွန်ရမ်တ် အားတင်းထား" ဆိုတဲ့ အသံတွေပဲ ကြားနေရပါတယ်။ ကလေးငိုသံကို ကျွန်မကြားတဲ့အခါ အဖေနဲ့ အစ်ကိုမူဆာတို့ဆီ တန်းပြီးပြေးသွားပါတော့တယ်။

"မွေးပြီဟေ့ မွေးပြီ အစ်ကိုမူဆာရေ" လို့ ကျွန်မပြေးလာပြီး အော်ပြောတော့ အစ်ကိုမူဆာက

"မိန်းကလေးလား ယောကျ်ားလေးလား" လို့ တဲထဲက ထွက်လာပြီး ဝမ်းသာအားရ ကျွန်မကိုမေးပါတယ်။

ကျွန်မနဲ့ အစ်ကိုမူဆာ ခွန်ရမ်တ်မီးဖွားတဲ့ တဲဆီကိုပြန်ပြေးပြီး အနီးကပ်ကြည့်တော့ ကလေးက သေးသေးလေးနဲ့ အချောလေးပေါ့။ အစ်မ်ခွန်ရမ်တ်က ကလေးကို လက်မောင်းနဲ့တစ်ဖက် စောင်းပြီး ပွေ့ထားပါတယ်။

ကလေးကို ငါ့သမီးလေး ငါ့သမီးလေးဆိုပြီး ပါးစပ်ကတဖွဖွပြောပြီး ဆံပင်လေးကို ပွတ်လိုက် နမ်းလိုက်နဲ့ လုပ်နေပါတယ်။ အစ်ကိုမူဆာက ကလေးကိုချီပြီး ကျွန်မနဲ့ အဖေ အမေ အစ်ကိုတို့ကိုပြပြီး

"ဒါ ကျွန်တော့်ရဲ့ သမီးဦးလေး" လို့ ဂုဏ်ယူစွာနဲ့ ပြောနေပါတယ်။ အဲဒီနောက်အမေက ကလေးကို မူဆာဆီကနေယူလိုက်ပြီး ဖောင်ခွင်ထဲထည့်လို့ ကလေးချက်ကို နှမ်းဆီနဲ့ အခြားအရည်တွေ သုတ်လိမ်းပေးနေပါတယ်။

"ကလေးလေးက ချစ်စရာကောင်းလိုက်တာနော်။ သမီး သွားတဲ့ နေရာတိုင်း

ခေါ်သွားမယ်” လို့ ကျွန်မကပြောတော့

“ခေါ်လို့မရဘူး၊ ညီမလေးက ငယ်သေးတော့ မချီနိုင်ဘူး။ ချော်လဲရင် ဘယ်လိုလုပ်မလဲ” မချိုပြုံးလေးပြုံးပြီး ဖြေနေပါတယ်။ ခဏကြာတော့ အမေက ကလေးကိုနို့တိုက်ဖို့ ခွန်ရမ်တ်ကို ပေးလိုက်ပါတယ်။ ကလေးက နို့လုံးဝမစို့ပါဘူး။ ကလေးဟာ အသက် မရှူတော့ပါဘူး။ ကလေးလေး အသက်လုံးဝ မရှူတော့ပါဘူး။ မိနစ် အနည်းငယ်ကြာတော့ ကလေးအသက် လုံးဝမရှိတော့ပါဘူး။ မီးနေသည် ခွန်ရမ်တ် ချုံးပွဲချငိုနေပြီး ကျွန်မလည်း အစ်မလေးခွန်ရမ်တ်နဲ့ လိုက်ငိုခဲ့ပါတယ်။ အစ်ကိုမူဆာလည်း အလွန်စိတ်ပျက်နေပြီးတော့ သူ့ရဲ့မျက်ဝန်းထဲက မျက်ရည်တွေ ပါးပြင်ပေါ်ကို စီးကျနေတာကို ကျွန်မ တွေ့နေရပါတယ်။ ဆွေမျိုးနီးစပ်အချို့ အဒေါ်တွေကတော့ သူတို့ရဲ့ မွေးကင်းစကလေး သေဖူးတဲ့အတွေ့အကြုံရှိလို့လားမသိဘူး။ မျက်ရည်တော့မကျပါဘူး။

“သမီးခွန်ရမ်တ် မငိုပါနဲ့သမီးရယ်။ သတ္တဝါတစ်ခု ကံတစ်ခု ပေါ့သမီးရယ်။ ဘယ်တတ်နိုင်ပါ့မလဲ။ သမီးစိတ်ကိုထိန်းနော်” လို့ အမေက အစ်မလေးကို နှစ်သိမ့်နေပါတယ်။

အမေက ဆုံးသွားတဲ့ကလေးကို အစ်မခွန်ရမ်တ်လက်ထဲကယူ ရေချိုးပေး အဝတ်နဲ့သေချာထုပ်ပိုးပြီး အဖေနဲ့မူဆာ အိမ်နီးနားချင်းတွေက ကလေးကို မြေမြှုပ်ဖို့ ထွက်သွားကြပါတယ်။ ကျွန်မ က အမေ့ကို

“အမေ ကလေးလေးဘာဖြစ်လို့ သေသွားရတာလဲ” လို့မေး တော့ အမေက

“အားလုံးဟာ ဖြစ်ပြီးပျက်တယ်။ အားလုံးဟာ ဘုရားသခင် အလိုတော်ကျပါပဲ” လို့ ပြန်ဖြေခဲ့ပါတယ်။

အခန်း(၄)

ကျောင်းတက်ခဲ့ရပုံက

ခွန်ရမ်တ်ကလေးလေး ဆုံးလို့ သိပ်မကြာခင် ကျွန်မ ရှစ်နှစ်သမီး အရွယ်မှာ ကျောင်းတက်ခဲ့ရတယ်။ ရွာထဲက ဦးလေးတစ်ယောက် ချုပ်ပေးတဲ့ အစိမ်းရောင် ကျောင်းဝတ်စုံရယ် အဖေချုပ်ပေး တဲ့ သားမွေးခြေညှပ် ဖိနစ်တစ်ရံဝတ်ပြီး ကျွန်မကျောင်းကိုသွားခဲ့ ပါတယ်။ ကျွန်မ ရှစ်နှစ်အထိ အဝတ်အစားသိပ်မဝတ်ဘဲ နေခဲ့လို့ အခုလို ကျောင်းဝတ်စုံကိုဝတ်ပြီး ကျောင်းတက်ရတာ ကျွန်မအတွက် အရမ်းစိတ်လှုပ်ရှားဖို့ကောင်းလှပါတယ်။ သန့်ရှင်းသပ်ရပ်တဲ့ တူညီ ဝတ်စုံကို မဝတ်ဖူးတဲ့အတွက် ကျွန်မကိုယ်ကျွန်မ အရမ်းဂုဏ်ယူနေမိတယ်။

ကျွန်မမှာ အရမ်းခင်ရတဲ့ သူငယ်ချင်းတစ်ယောက်ရှိတယ်။ နာမည်က ခန့်ကိုဖြစ်ပါတယ်။ ကျောင်းစတက်ရတဲ့နေ့ မတိုင်ခင် တစ်ရက်လောက်ကတည်းက ကျောင်းတက်ရမယ်ဆိုတဲ့အသိနဲ့ ကျွန်မရောခန့်ကိုရော အိပ်မပျော်ခဲ့ပါဘူး။ ကျွန်မကျောင်းကို သွားတဲ့အခါ ထမင်းချိုင့်ကို လက်ကဆွဲ လမ်းလျှောက်ရတာ တစ်နာရီလောက် ကြာပါတယ်။ ကျောင်းက ရှစ်နာရီစတက်ရပြီး နှစ်နာရီမှာ ကျောင်းဆင်းပါတယ်။ ကျောင်းဆင်းလို့ အိမ်ပြန်ရောက်ရင် ထင်းခွဲ၊ မိဘကို ဝိုင်းကူညီရပါတယ်။ နောက်တစ်နှစ်ရောက်တော့ ကျောင်းက ညနေစောင်းမှဆင်းလို့ ထင်းခွဲ၊ ရေခပ်အလုပ်တွေ ကျွန်မ သိပ်မလုပ်ရတော့ပါဘူး။

ကျွန်မရဲ့ကျောင်းက အဆောင်ခြောက်ဆောင် ရှိပါတယ်။ ကျောက်တန်းတွေနဲ့ သက်ကယ်မိုးထားပါတယ်။ ပထမတော့ ရွှံ့စေးတွေနဲ့ ကာရံဆောက်လုပ်ထားတာ ဖြစ်ပါတယ်။ နောက်တော့ ကျောက်တုံးတွေနဲ့ ဆောက်ထားပြီး ဆရာမတွေက သီးသန့်ခန်း မီးဖိုချောင်တွေပါတဲ့ အဆောင်လေးတွေနဲ့ နေကြတယ်။ နူဘာ တောင်တန်းဒေသတွေမှာနေတဲ့ နူဘာလူမျိုးတွေ လျှပ်စစ်မီး မရှိတဲ့အတွက် ညဘက်ရောက်ရင် ရေနံဆီမီးအိမ်လေးတွေကိုသာ အသုံးပြုရပါတယ်။ ကျောင်းရဲ့ ပတ်ပတ်လည် ကိုတော့ သစ်သားတွေ နဲ့ ခြံစည်းရိုးခတ်ထားပြီး အရမ်းလှပတဲ့ မြက်ခင်းစိမ်းလေးတွေ ရှိပါတယ်။ ကျောင်းစတက်တဲ့ပထမပတ်မှာကျောင်းကိုသန့်ရှင်းလှပအောင် မိမိကိုယ်ကိုသန့်ရှင်းအောင် မိမိပတ်ဝန်းကျင်ကို သန့်ရှင်းသပ်ရပ် အောင် ဘယ်လိုလုပ်ဆောင်မလဲ နေထိုင်ရမလဲဆိုတာကို ဆရာတွေက သင်ပေးပါတယ်။

ကျောင်းခန်းထဲမှာ ခုံတန်းရှည်တွေရှိပြီး ဆရာဆရာမတွေ သုံးဖို့ မြေဖြူနဲ့ ကျောက်သင်ပုန်းတွေ ရှိပါတယ်။ ရာသီဥတု အရမ်းပူ တဲ့အခါ လေဝင်လေထွက်ကောင်းတဲ့ ပြတင်းပေါက်တွေဟာ မှန်တွေ တပ်ထားတာမရှိပါဘူး။ အခန်းထဲမှာသုံးတဲ့ ပြဋ္ဌာန်းစာအုပ်တွေ ဟာ အရမ်းဟောင်းနွမ်းနေကြပါတယ်။

ဆူဒန်အစိုးရက ပြဋ္ဌာန်း စာအုပ်တွေကို မထောက်ပံ့နိုင်တဲ့အတွက် အဲလိုဟောင်းနွမ်းနေတဲ့ စာအုပ်ကိုပဲ ဆရာ ဆရာမတွေ အသုံးပြုနေရပါတယ်။ ကျောင်းရဲ့ အနောက်ဘက်မှာတော့ အနံ့ပေါင်းစုံထွက်နေပြီး အော်ဂလီဆန် စရာကောင်းတဲ့ အိမ်သာတစ်လုံးရှိပါတယ်။ မိန်ကလေးအများစုဟာ အရေးပေါ် အခြေအနေ မဟုတ်ဘူးဆိုရင် အိမ်သာကို မသုံးကြပါဘူး။ ကျွန်မကတော့ အိမ်သာတက်ချင်ရင် အောင့်ထားပြီး ဆရာ ဆရာမတွေဆီ ခွင့်တောင်းလို့ရတာနဲ့ တောထဲ အပေါ့အပါးသွားလေ့ ရှိပါတယ်။ ဆရာ ဆရာမတွေ အားလုံးဟာ နူဘာမျိုးနွယ်စုတွေ မဟုတ်ကြဘဲ အာရပ်လူမျိုးတွေသာ ဖြစ်ကြပါတယ်။

ကျွန်မကို ဖာတီမတ်ချ် လို့ခေါ်တဲ့ ဆရာမက အာရပ်ဘာသာ စကား သင်ပေးပါတယ်။ ဆရာမက အရပ်ရှည်ရှည် လှပကျော့ရှင်းပြီး အမြဲတမ်း အဖြူရောင်ဝတ်စုံကိုဝတ်ဆင် ခေါင်းကို ဇာလွှာတစ်ထည် ဆောင်းထားလေ့ရှိပါတယ်။ ဘုရားစာကို မီရီယမ်လို့ ခေါ်တဲ့ ဆရာက သင်ပေးပြီး အန်ဂူဘာ လို့ခေါ်တဲ့ဆရာကတော့ ကျွမ်းဘားအကနဲ့ ကိုယ်ကာယလေ့ကျင့်ခန်းတွေကို ကျောင်းဝန်းထဲမှာ အတန်းဖော် တွေနဲ့အတူ သင်ပေးလေ့ရှိပါတယ်။ ကျောင်းအုပ်ဆရာကြီး အော်စမန် ကတော့ ကျောင်းနဲ့ပတ်သက်ပြီး အတော်အလေးအနက်ထားပုံရပါ တယ်။ ဆရာကြီးရဲ့ သားသမီးတွေလည်း ဒီကျောင်းမှာ ကျောင်းတက်နေကြပြီး တေဆာလို့ခေါ်တဲ့ သူ့သမီးတစ်ယောက်ကတော့ ကျွန်မတို့ အခန်းထဲက ဖြစ်ပါတယ်။ ပထမ ကျွန်မ အာရပ်ဗျည်းအက္ခရာ (၂၈) လုံးကို အလွတ်ကျက်ရပါတယ်။ ပြီးတော့ အစ္စလာမ် ဘာသာဝင်တွေ အထွတ်အမြတ်ထားတဲ့ ကိုရမ်ကျမ်းကို သင်ကြား ရပါတယ်။ တစ်ခါတစ်ရံ သစ်ပင်ခုတ်၊ မြက်ရှင်း၊ ခြံစည်းရိုးပြင်၊ ကျောင်းတွင်း အခန်းတွင်း သန့်ရှင်းရေး လုပ်ကြရတယ်။ အားလပ်ရက် တစ်ရက်ပေးထားပြီး သင်ပြီးသမျှ သင်ခန်းစာတွေကို အားလပ်ရက်မှာ ပြန်လေ့ကျင့်ရပါတယ်။ ကျောင်းတက်ရင် ဆရာဆရာမ တွေက ပြန်မေးကြပါတယ်။ ကျွန်မတို့ကျောင်းဟာ အစိုးရကျောင်း တစ်ကျောင်း ဖြစ်ပါတယ်။ ကျွန်မတို့ဒေသမှာ အခကြေးငွေ ပေးတက်ရတဲ့ ကိုယ်ပိုင် ပုဂ္ဂလိကကျောင်းဆိုတာ မရှိပါဘူး။ စာသင်နှစ် တနှစ်လုံးအတွက် ကျွန်မတို့ စာမေးပွဲနှစ်ခါ ဖြေကြရပါတယ်။ ပထမနှစ်ဝက် စာမေးပွဲမှာ သူငယ်ချင်းခန့်ကိုက ပထမရပြီး ကျွန်မက ကျောင်းအုပ်ဆရာကြီး သမီးကို ကျော်ပြီး ဒုတိယရခဲ့လို့ အရမ်းဝမ်းသာခဲ့ရပါတယ်။ ကျောင်းအုပ်ဆရာကြီးနဲ့ သားသမီးတွေ နူဘာတောင်တန်းတွေနဲ့ အရမ်းဝေးတဲ့ ဆူဒန်နိုင်ငံရဲ့ မြို့ကြီးတစ်မြို့ ဖြစ်တဲ့ အယ်အိုဗစ် က ပြောင်းလာကြတာပါ။ ပညာရေး ရေခံမြေခံကောင်းတဲ့ နေရာ ဒေသကလာတဲ့ ကျောင်းအုပ်ဆရာကြီးရဲ့သမီးကို ကျော်ပြီး ကျွန်မ ဒုတိယရခဲ့တာ တစ်ရွာလုံးဝိုင်းပြီး ချီးကျူးနေကြပါတယ်။

စာမေးပွဲပြီးသွားတဲ့အခါ ဂုဏ်ပြုဆုပေးပွဲ အသေးစားလေး ကျွန်မတို့ကျောင်းမှာ ကျင်းပခဲ့ပါတယ်။ ဒုတိယဆုလို့ ကျွန်မနာမည်နဲ့ရေးထားတဲ့

ဂုဏ်ပြုလက်မှတ်ကို ယူတဲ့အချိန် ကျွန်မဘဝမှာ အရမ်းကို ကြည်နူးဝမ်းသာဆုံး အခိုက်အတန့်တွေဖြစ်ခဲ့ပါတယ်။

ကျွန်မကျောင်းကနေယူလာတဲ့ ဂုဏ်ပြုမှတ်တမ်းလွှာနဲ့ ဆရာကြီး ပေးလိုက်တဲ့ စာတစ်စောင် အဖေနဲ့အမေ့ကို ပေးလိုက်တဲ့ အခါ စာမတတ်လို့ မဖတ်တတ်ကြပါဘူး။

အာရပ်ဘာသာကနေ နူဘာမျိုးနွယ်သုံး ဘာသာကိုပြန်ပြီး ဖတ်ပေးရပါတယ်။ စာပိုဒ်ရဲ့အဆုံးမှာတော့

"မင်းက အရမ်းတော်တဲ့ ကလေးတစ်ယောက်ဖြစ်ပါတယ်။ မင်းရဲ့ အိပ်မက်တွေအတွက် ဘုရားသခင် ကောင်းချီးပေးပါစေ၊ အလ္လာရှင်မြတ်စောင့်ရှောက်ပါစေ" လို့ဆရာက ရေးပေး လိုက်ပါတယ်။ မိဘတွေကို ထည့်ပေးလိုက်တဲ့စာထဲမှာတော့

"လူကြီးမင်းတို့ဆီမှာ အရမ်းထက်မြက်တဲ့ သမီးတစ်ယောက်ရှိပါတယ်။ လူကြီးမင်းရဲ့သမီးကို စာမေးပွဲတွေမှာ ယခု ထက်ပိုမို ကောင်းမွန်စွာဖြေနိုင်ဖို့ ခွန်အားတွေပိုမိုပေးနိုင်ပါစေ" လို့ ရေးသားထားပါတယ်။

နောက်ပိုင်း ကျွန်မတို့ကျောင်းမှာ နူဘာစကားပြောခွင့် မရှိတော့ဘူးလို့ ဆရာဆရာမတွေက အမိန့်ထုတ်ခဲ့ပါတယ်။ နူဘာစကားဟာ အရမ်းစိတ်ပျက်ဖို့ကောင်းပြီး အာရပ်ဘာသာစကားပဲ ပြောရမယ်လို့ ဆရာ ဆရာမတွေကပြောတာကို ကြားရတဲ့အခါ ကျွန်မအရမ်းပဲ တုန်လှုပ်မိပါတယ်။

အာရပ်ဘာသာစကားပြောတာ အစတော့ ကျွန်မတို့နားမလည်ခဲ့ပါဘူး။ နားမလည်လို့ နူဘာစကား ပြောတဲ့အခါ အပြစ်ပေးခံ ရပါတယ်။ အပြစ်ပေးခံရတာ ပါးကို သူတို့လက်နဲ့ လိမ်ဆွဲရင်တော့ သက်သာပါတယ်။ တုတ်တွေနဲ့ တင်ပါးကိုရိုက်ရင်တော့ နာကျင်လို့ မျက်ရည် တောင်ကျပါတယ်။

"မင်းတို့ နူဘာစကားကို ပြောခွင့်မပေးသလို နူဘာနာမည်တွေ တစ်ယောက်ကိုတစ်ယောက် မခေါ်ရဘူး။ မင်းတို့ကို ပေးထားတဲ့ အာရပ်နာမည်တွေကိုပဲခေါ် အာရပ်ဘာသာစကားပဲ ပြောရမယ်" လို့ ပြောပါတယ်။ ကျွန်မရဲ့အာရပ်နာမည်က ဇိုင်နပ် ဖြစ်ပြီး ကျွန်မအချစ်ဆုံး သူငယ်ချင်းခန့်ကိုက ဖာတီယာချ်ဖြစ်ပါ တယ်။

နောက်ပိုင်း မုန့်စားဆင်းတာတောင် နူဘာစကား နူဘာလူမျိုးစု နာမည် ခေါ်ဝေါ် မသုံးစွဲရတော့ပါဘူး။ အခန်းတိုင် း ကျောင်းသူကျောင်းသားတွေ စည်းကမ်းမလိုက်နာဘူးဆိုရင် အတန်းခေါင်းဆောင်က ဆရာ ဆရာမတွေဆီ အကြောင်းကြားရပါတယ်။ မိုဟာမတ်လို့ခေါ်တဲ့ ယောကျ်ားလေးတစ်ယောက်ကို ဆရာက အတန်းခေါင်းဆောင် ခန့်ထားပါတယ်။ အခန်းထဲက ယောကျ်ားလေးတွေ ထဲမှာတော့ မိုဟာမတ်ဟာ အတော်ဆုံးဖြစ်ပြီး ဆရာတွေက အခန်းထဲမှာ အရမ်းသဘောကျ ခံရတဲ့ ကျောင်းသားတစ်ယောက် ဖြစ်ပါတယ်။ ဆရာတွေက သူ့ကို အရေးပေးလွန်းတာကြောင့် ကျွန်မ သူ့ကို ကြည့်လို့မရပါဘူး။ ဆရာ

ဆရာမတွေ အပြင်ထွက်သွားတဲ့ အခါတိုင်း ကျွန်မနဲ့ သူငယ်ချင်းတချို့ ပဟေဠိဖွက်တိုင်း ကစားကြပါတယ်။ ကျွန်မတို့ကစားတာ အသံသိပ်မထွက်ပါဘူး။ ကျွန်မတို့ကစားတာ ကို မကစားရဘူး ဆက်ကစားရင် ဆရာနဲ့တိုင်မယ်လို့ ကျွန်မတို့ကစားတာကို လာဖျက်ကတည်းက မိုဟာမတ်ကို ကျွန်မကြည့်မရပါဘူး။ ကျွန်မတို့ နူဘာ စကားပြောရင်လည်း ဆရာ့ကိုအမြဲတိုင်ပြောပါတယ်။ သူကျွန်မကို စာလာမေးရင် ဘာမေးမေး မပြောပြပါဘူး။ သူ့ကို ကျွန်မကြည့်မရဘူး။

တစ်နေ့ကျတော့ မိုဟာမတ်က

"ငါမင်းကို နားမလည်နိုင်ဘူး။ မင်း ငါ့ကို ဘာလို့စကားပြန်မပြောတာလဲ။ ဘာလို့ငါ့ကို ကြည့်မရ ဖြစ်နေတာလဲ" လို့ မေးလာပါ တယ်။

"ဘာဖြစ်လို့လဲဟုတ်လား။ နင်လည်းနူဘာလူမျိုး ငါလည်း နူဘာလူမျိုး ငါနူဘာစကားပြောရင် နင်ဆရာတွေကိုသွားပြီးတိုင်တာ ငါ အမုန်းဆုံးပဲ" လို့ ပြောလိုက်ပါတယ်။

"ငါ့ကို အကောင်းမြင် ပေးပါဟယ်။ ငါ ဆရာတွေခိုင်းလို့ လုပ်ရတာပါ။ ငါ နူဘာလူမျိုးတွေကို ချစ်ပါတယ်" လို့ ဝမ်းနည်းတဲ့ လေသံနဲ့ ပြန်ပြောပါတယ်။

"ဆရာတွေ အခန်းထဲမရှိတဲ့အချိန် နူဘာစကား ပြောချင် ပြောပေါ့။ တိုးတိုးလေးတော့ ပြောပေါ့။ ငါတိုင်မပြောပါဘူး။ ဆရာတွေ အနားမှာရှိရင်တော့ မပြောပါနဲ့။ ကျောင်းဝန်းထဲမှာဆို ကျောင်းစောင့် တွေလည်းရှိလို့ သတိထားပေါ့" လို့ ရှင်းပြပါတယ်။ မိုဟာမတ်ဟာ သေချာရှင်းပြခဲ့လို့ သူ့အပေါ် ကျွန်မနားလည်ခဲ့ပါတယ်။

ကျောင်းတက်လို့ သုံးနှစ်မြောက် တတိယတန်းရောက်တော့ ပထဝီ၊ သိပ္ပံနှင့် အနုပညာဘာသာရပ် တွေကို စတင်သင်ယူ ခဲ့ရပါတယ်။ ကျွန်မဟာ သဘာဝတရားကြီးရဲ့ ဖြစ်တည်မှုစွမ်းအင် စွမ်းအားတွေ လေ့လာရတာ သဘောကျလို့ သိပ္ပံဘာသာရပ်ကို လေ့လာရတာ ပိုသဘောကျပါတယ်။ ညနေဘက် အိမ်ပြန်ရောက် ရေမိုးချိုး စားသောက်ပြီးတဲ့အခါ သင်ယူလေ့လာ ထားတာတွေ အဖေ့ကို ပြန်ပြောပြပါတယ်။ အဖေက ကျွန်မပြောပြနေတာတွေကို ကျွန်မအစ်ကိုအစ်မတွေ ဆီကနေ ကြားဖူးကောင်းကြားဖူးလိမ့်မယ်။ ဒါပေမယ့် ကျွန်မပြောပြတဲ့အခါ အဖေက စိတ်ဝင်တစား နားထောင်ပေးလေ့ရှိပါတယ်။ ကျွန်မတို့ နူဘာလူမျိုးတွေကို ညှံ့ဖျင်းတဲ့လူ၊ အရိုင်းအစိုင်းဆန်တဲ့သူတွေ ရယ်လို့ အာရပ်ဆရာဆရာမတွေ ဆက်ဆံပြောဆိုတာကလွဲလို့ ကျွန်မပညာရေးဘက်မှာ ထူးချွန်အောင် ကြိုးစားသင်ယူရတာ အဆင်ပြေလှပါတယ်လို့ ပြောရမယ်ဖြစ်ပါတယ်။

အခန်း(၅)

ကျွန်မတို့ နူဘာလူမျိုးစုတွေဟာ ကျွန်မတို့လူမျိုးတွေရဲ့ ဖြစ်တည်မှု အစဉ်အလာ၊ ရိုးရာဓလေ့တွေကို ထိန်းသိမ်းရတာကို ဂုဏ်ယူကြပါတယ်။ နူဘာလူမျိုးစု ယောက်ျားလေးတွေဟာ သူတို့ ယောက်ျားဖြစ်ရတာကို ဂုဏ်ယူလေ့ရှိတယ်။ နူဘာယောက်ျား အမျိုးသားတွေဟာ ကြံ့ခိုင်သန်မာကြပြီး ကြောက်ရွံ့ခြင်းမရှိကြဘူး။ ကျွန်မတို့မိန်းကလေးတွေ တောထဲ ထင်းခွေသွားတဲ့အခါ မြွေတွေကို တွေ့ရင် ငယ်သံပါအောင် အော်တတ်ကြပါတယ်။ အဲဒီအချိန်မှာ ဘေးနားမှာ ယောက်ျားလေးတွေရှိရင် ပြေးလာပြီး အကူအညီပေးတတ် ကြပါတယ်။ အဲဒီလို ဒုက္ခရောက်နေတဲ့ အမျိုးသမီးတွေ ကူညီလိုက်တာဟာ နူဘာအမျိုးသားတွေအတွက် သူတို့သတ္တိကို ပြသခြင်းနဲ့ ဂုဏ်ယူတတ်ကြပါတယ်။ မြွေကသေးတယ်ဆို တုတ်ချောင်းနဲ့ ရိုက်သတ်ပါတယ်။ မြွေကြီးတယ်ဆို အနားကကျောက်တုံးတွေနဲ့ ထုသတ်လေ့ရှိပါတယ်။ ကျွန်မတို့ဒေသမှာ မိုးရာသီဆိုရင် မြွေတွေ ပေါ်များတတ်တယ်။

ကျွန်မ မြွေကိုက်ခံရတဲ့သူတွေကို မြင်ဖူးပေမယ့် တစ်ယောက်ကိုပဲ စိတ်ထဲမှာမှတ်မိပါတယ်။ အဲဒီတုန်းက မြွေကိုက်ခံရတဲ့သူဟာ သေသွားခဲ့ပါတယ်။ အဲဒီအချိန် အမေနဲ့ အဒေါ်နီးတို့ တောထဲမှာ လျှော်ပင်လျှော်ခေါက် သွားခုတ်ခဲ့ကြပါတယ်။ တစ်နာရီ လောက်ကြာတော့ အမေလျှော်ချောင်း၊ လျှော်ကြိုးတွေ အတော်ရနှင့်နေပြီး ရွာကိုပြန်သယ်ဖို့ ကြိုးနဲ့ချည်ထားပါတယ်။ အမေနဲ့ အမေ့ရဲ့ အဒေါ်နီးတို့ တောထဲလာတိုင်း ဆုံနေကြ သစ်ပင်ကြီးတစ်ပင်အောက် မှာ တွေ့ကြဖို့ပြောခဲ့ပါတယ်။ အမေလည်း သစ်ပင်ကြီးအောက်မှာ စောင့်ရတာ အတော်ကြာတော့ စိုးရိမ်လာပါတယ်။

အဲဒီနောက် စိုးရိမ်သထက်စိုးရိမ်လာပြီး

"အန်တီနီးရေ... အန်တီနီး အန်တီနီး ... ဘယ်မှာလဲ" လို့ တစ်တောလုံးကြားအောင် ငယ်သံပါပါနဲ့ အော်ပါတော့တယ်။

အမေအော်တဲ့ အသံတွေထဲမှာ ပဲ့တင်သံထပ်နေပေမယ့် အမေ့ရဲ့ အဒေါ်နီးရဲ့ ပြန်ထူးသံ ပေါ်မလာခဲ့ပါဘူး။ အမေ တောထဲအနှံ့ မကြောက်မရွံ့လိုက်ရှာပေမယ့် သူ့အဒေါ်ကို ဘယ်နေရာမှ မတွေ့ခဲ့ပါဘူး။ အဒေါ်ဖြစ်သူနဲ့ တွေ့ဖို့ချိန်းထားတဲ့ အပင်ကြီးကနေ လျှော်စီးကို ခေါင်းမှာရွက်ပြီး ရွာကိုပြန်လာခဲ့ပါတယ်။

အမေဟာ အိမ်ဝိုင်းထဲကို ရောက်တဲ့အခါ ခေါင်းပေါ်က ရွက်ထားတဲ့လျှော်စီးကို ပစ်ချလိုက်ပါတယ်။ အပြင်က ဝုန်းကနဲ ဆိုတဲ့အသံကို ကြားတော့ ကျွန်မထွက်ကြည့်လိုက်ပါတယ်။ အမေတော့ တစ်ခုခု ဖြစ်လာပြီဆိုတာ ကျွန်မသိလိုက်ပါတယ်။

"အမေ့ရဲ့အဒေါ်နီး ပြန်လာတာ တွေ့မိသေးလား မန်ဒီ" လို့ အမေက

ကျွန်မကို အမေ့ဘက်ကနေ မေးလိုက်ပါတယ်။

"ပြန်မလာပါဘူး။ အမေနဲ့ပဲ တောထဲသွားတာလေ အမေ နဲ့ရှိတာ မဟုတ်ဘူးလား" လို့ ကျွန်မမေးလိုက်တော့

"အေး ငါနဲ့ တောထဲ အတူသွားတာ လျှော်ခေါက်တွေ လိုက်ခုတ်ရင်း သစ်ပင်ကြီး တစ်ပင်အောက် တွေ့ဖို့ချိန်းထားတာ ပြန်မရောက်သေးဘူး။ အဒေါ်နီးရွာကို အရင်ပြန်သွားပြီ ထင်နေတာ" လို့ အမေက ထိတ်လန့်တကြားနဲ့ ပြန်ပြောပါတယ်။

ကျွန်မအမေ အခုဆို သူ့အဒေါ်ပျောက်နေလို့ အရမ်းသောက ရောက်နေပါတယ်။ ကျွန်မတို့ဒေသကထွက်တဲ့ ကော်ဖီတစ်ခွက် အမေ့ကို စိတ်တည်ငြိမ်အောင် ဖျော်တိုက်လိုက်ပါတယ်။

အဲဒီအချိန် ကျွန်မအဖေရောက်လာပြီး အမေက အကြောင်း စုံကိုရှင်းပြတော့ "အန်တီနီးက တောထဲမသွားဖူးတဲ့ လူမှမဟုတ်ဘဲ။ သူ တောထဲဘယ်ကသွားရင် ဘယ်ကိုရောက်တယ်ဆိုတာ သိနေတာပဲ။ ငါ့အထင်တော့ အန်တီနီး မြွေကိုက်ခံရပြီထင်တာပဲ။ ဒီအချိန် မြွေအရမ်းပေါတော့ မြွေကိုက်ခံရတာပဲဖြစ်ရမယ်" လို့ အဖေက အမေ့ကို ပြောပါတယ်။ သို့သော်အမေက

"ကျွန်မတော့ အဲဒီလိုမထင်ဘူး။ သူပုန်ဓားပြတွေ ဖမ်းသွားတယ်လို့ပဲ ကျွန်မထင်တယ်" လို့ အမေကပြောတော့ အဖေက

"ဘယ်ကလာ သူပုန်ဓားပြတွေ ဖမ်းသွားရမှာလဲ သူတို့ကို ဒီနားတစ်ဝိုက်မှာမတွေ့တာ အတော်ကြာပြီ မဖြစ်နိုင်ပါဘူးကွာ" လို့ အဖေကပြန်ပြောပါတယ်။

"အမေ သူပုန်ဓားပြဆိုတာဘာလဲ" လို့ ကျွန်မက အမေ့ကို မေးတော့ အရမ်းလူမဆန်တဲ့ လူတွေ။ ရွာတွေကိုဝင်စီး၊ ရွာတွေကို ဝင်တိုက်တာ မကြားလိုက်နဲ့ ကြားလိုက်ရင် သူတို့ပဲ။ သမီးမန်ဒီ ဘာမှ မစိုးရိမ်နဲ့ သမီးအဖေရှိတယ်" လို့ အမေက ကျွန်မကို ပြောပြတယ်။

အဖေက အန်တီနီးကိုရှာဖို့ သူ့ပုဆိန်၊ လှံနဲ့ သူ့ရဲ့ရိုင်ဖယ် သေနတ် အဟောင်းကြီးကိုယူပြီး အဒေါ်နီးကိုရှာဖို့ လူစုပါတော့တယ်။ ကျွန်မရဲ့ ဦးလေးတွေနဲ့ ရွာသားအချို့ဟာလည်း သူတို့ရဲ့ တူမီးသေနတ် တွေနဲ့ လှံတွေကိုယူပြီး ရောက်လာကြပါတယ်။

"အန်တီနီး မနေ့က လျှော်ခေါက်သွားခုတ်တာ ရွာကိုပြန် ရောက်မလာသေးဘူး။ ဒုက္ခတွေ့နေတာ သေချာတယ်။ မြွေကိုက်ခံရတာလား။ လမ်းမှာလဲနေပြီး ဒဏ်ရာရနေတာလား။ ဒါမှမဟုတ် သူပုန်တွေ ဖမ်းခေါ်သွားတာလား၊ ကျွန်တော်တို့ အခုသွားရှာကြမယ်၊ ဂရုစိုက်ကြသတိထား" လို့ပြောပြီး တောထဲကို အန်တီနီးရှာပုံတော်စဖွင့်ကြပါတော့တယ်။

ကျွန်မကိုတော့ အိမ်မှာ ဘယ်သူမှမရှိဘဲ တစ်ယောက်ထဲ ထားခဲ့ရမှာစိုးလို့ အမေ့ကိုသူတို့နဲ့အတူ တောထဲခေါ်ဖို့ ဆုံးဖြတ် လိုက်ပါတယ်။

ကျွန်မတို့တောထဲရောက်တော့ "အန်တီးနီး အန်တီနီးရေ" လို့ တစ်တောလုံးကြားအောင် အမေကအော်ခေါ်ပါတယ်။

"မိန်းမ နင့်အဒေါ်ကို ဘယ်နေရာမှ နောက်ဆုံးတွေ့ခဲ့တာလဲ" လို့မေးတော့အမေက

"ဟိုနေရာမှာတွေ့ခဲ့တာ" လို့ တောလမ်းလေးတစ်ခုကို အမေက လက်ညှိုးထိုးပြတယ်။ အဖေက ကျွန်မကို "သမီး သစ်ပင် ကြီးအောက်မှာစောင့်နေ အဖေတို့ဟိုးတောနက်ထဲမှာ သွားရှာ လိုက်ဦးမယ် သိပ်မကြာဘူး" လို့ ပြောပါတယ်။

အဖေ အဲလို ကျွန်မကိုနေခဲ့ဖို့ပြောပြီး သိပ်မကြာခင်မှာပဲ

"အန်တီနီးကိုတွေ့ပြီဟေ့၊ အန်တီနီး အသက်ရှိသေးတယ် မသေသေးဘူး" လို့ အမေ့ရဲ့ အော်တဲ့အသံကို ကြားရပါတော့တယ်။ အမေ့ဆီကို ကျွန်မပြေးကြည့်တဲ့အခါ အန်တီနီးဟာ ပက်လက် အနေအထား မှာရှိနေပြီး ခြေထောက်၊ လက်၊ ခေါင်းတွေ ဆန့်ဆန့်ကြီးနဲ့ အကြောဆွဲနေပါတယ်။ အန်တီနီးဟာ ခန္ဓာကိုယ်ထဲက တစ်ခုခု နာနေလို့ ညည်းတွားနေပါတယ်။

ကျွန်မအဖေဟာ အန်တီနီးနားမှာ ဒူးထောက်ထိုင်လိုက်ပြီး "အန်တီနီး ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ" လို့ မေးနေပေမယ့် အန်တီနီးဟာ အဖေပြောနေတာကို ကြားလည်းမကြားသလို ပြန်လည် မဖြေနိုင်တော့ပါဘူး။ အမေ့ရဲ့အဒေါ် အန်တီနီးဟာ အရမ်းချောမောလှပတဲ့သူ ဖြစ်ပေမယ့် အခုတော့ မျက်နှာကြီးက ဖောင်းကားနေပြီး အန်တီနီးကို ကျွန်မစတွေ့တော့ မှတ်တောင် မမှတ်မိပါဘူး။

ကျွန်မအဖေဟာ အန်တီနီးရဲ့ တစ်ကိုယ်လုံးကို ကြည့်ရှု စစ်ဆေးနေပါတယ်။ အန်တီနီးရဲ့ လက်ဖျံရိုးနားမှာ မြွေအကြီးတစ် ကောင်ကိုက်ထားတဲ့ အပေါက်ကြီးတွေ တွေ့ရပါတယ်။

"မြွေကိုက်ခံရတာ အန်တီနီး မြွေကိုက်ခံရတာ" လို့အဖေ အော်ပြောလိုက်တော့ ကျွန်မ အရမ်းကြောက်သွားပါတယ်။ အန်တီနီး ကြည့်ရတာ သိပ်အခြေအနေ မကောင်းတော့ပါဘူး။ ကျွန်မလည်း ငိုပါတော့တယ်။ အဖေလည်း စိတ်မထိန်းနိုင်လို့ ငိုနေပါတယ်။ အဖေဟာ သတ္တိရှိသူ ဖြစ်ပေမယ့် သူ့အသဲက နုပုံရပါတယ်။ ကျွန်မအဖေ ဟာ ကျွန်မတို့လူအုပ် ဘေးပတ်လည်နားမှာ ဟိုရှာဒီရှာနဲ့ တစ်ခုခုကို လိုက်ရှာနေပါတယ်။ မြွေကျင်းတစ်ကျင်းကိုတွေ့တော့ တုတ်နဲ့ထိုး ကြည့်ပါတယ်။ တုတ်ကရှည်ပေမယ့် အပေါက်ရဲ့အဆုံးထိကို မရောက်ဘူးလို့ ထင်ရတဲ့အတွက် သူ့သေနတ်နဲ့ မြွေကျင်းထဲကို ချိန်ပစ် ထည့်လိုက်ပါတယ်။ မြွေကျင်းထဲ ယမ်းငွေ့တွေနဲ့ ကျင်းထဲကနေ ယမ်းငွေ့တွေ အပြင်ကိုထွက်လာပါတော့တယ်။

အဖေက အန်တီနီးရဲ့နှုတ်ခမ်းကို ရေယူပြီးဆွတ်ပေးပါတယ်။ ဒါပေမယ့် အန်တီနီးရဲ့ ခြေတွေဆိုင်းနေပြီး တောင့်တင်းနေပါတယ်။ သူ့ကိုရေတိုက်တာကို တိုက်နေမှန်းမသိလောက်အောင် အသိစိတ်လွတ်နေပါတယ်။

အဲဒီနောက် အဖေနဲ့ယောကျ်ားနှစ်ယောက် ရွာက အိပ်ရာခင်းတွေနဲ့ အန်တီနီးကိုသယ်ဖို့ ပုခက်ကြိုးတွေ သွားယူ ပြန်လာပြီး အန်တီနီးကို ပုခက်ပေါ်တင် ဝါးလုံးနဲ့သိုင်း ရှေ့တစ်ယောက် နောက်တစ်ယောက် ရွာထဲရောက်တဲ့အထိ လူလဲပြီးထမ်းကြပါတော့တယ်။ ရွာရောက်တော့ အိမ်ရှေ့ကွက်လပ်မှာချ တောထဲကခူးလာတဲ့ ဆေးမြစ်တွေ၊ သစ်ဥသစ်ဖုတွေကို ရေနွေးနဲ့ကျိုစပ် မြွေကိုက်တဲ့ နေရာကိုလိမ်း၊ ဖောရောင်တဲ့နေရာတွေ ပွတ်သပ်နှိပ်နယ်ပါတော့တယ်။

အန်တီနီးကို ဆေးလိမ်းပွတ်သပ် နှိပ်နယ်ပေးပေမယ့် အန်တီနီးကတော့ ညည်းတွားရုံကလွဲပြီး ဘာမှမခံစားရပါဘူး။ အဖေက အန်တီနီးကို ပြုတ်ထားတဲ့ဆေးရည်တွေကို တိုက်ပေမယ့် အန်တီနီးဟာ အကြောသေနေတဲ့အတွက် ပါးစပ်ဟမရလို့ တိုက်မရပါဘူး။ နေ့လယ်လောက်မှာ အန်တီနီး တစ်ကိုယ်လုံး ဖောယောင်လာပါ တယ်။ ညနေရောက်တော့ အန်တီနီး မျက်နှာကြီး ဖောင်းကားလာပြီး မျက်လုံးကြီးကိုတောင် မမြင်ရတော့လောက်အောင်ပါပဲ။

ညနေရောက်လာတဲ့အခါ ပါးစပ်၊ မျက်လုံး၊ နှာခေါင်းတွေကနေ သွေးတွေထွက်လာပါတယ်။ အန်တီနီးရဲ့ အခြေအနေဟာ အရမ်းကြောက်စရာကောင်းလို့ ကျွန်မဆက်မကြည့်နိုင်တော့ပါဘူး။ မနက် အာရုံတက်မှာ အန်တီနီး အသက်မရှိတော့ဘူးလို့ အဖေက မျက်ရည်တွေနဲ့ ပြောပြပါတယ်။

နောက် ရွာထဲကဆွေမျိုးတွေ ရောက်လာပြီး ငိုကြပါတယ်။ ကျွန်မတို့နူဘာလူမျိုးစုတွေရဲ့ ဓလေ့အတိုင်း လူတစ်ယောက်သေရင် တူမီးသေနတ်တွေကို မိုးပေါ်ကို ပစ်ဖောက်ကြပါတယ်။ အမျိုးသမီးတွေက အန်တီနီးအလောင်းကို တဲထဲသယ် ရေချိုး၊ အဝတ်ဖြူနဲ့ထုပ်ပိုးကြပါတယ်။ အဲဒီနောက် အန်တီနီးကို မြေမြှုပ်ဖို့ ရွာအစပ်မှာရှိတဲ့ သင်္ချိုင်းကို ယောကျ်ားတွေသယ် ယောကျ်ားတွေပဲ လိုက်ပါပို့ဆောင် ကြပါတယ်။ ကျွန်မတို့နူဘာလူမျိုးတွေ တစ်ယောက်သေရင် ယောကျ်ားတွေပဲ အသုဘပို့ခွင့်ရှိပြီး မိန်းကလေးတွေ လိုက်ပို့ခွင့်မရှိပါဘူး။

အဲဒီလိုနဲ့ အန်တီနီးအလောင်းကို မြေမြှုပ်လိုက်ပါတော့တယ်။

အခန်း(၆)

ကျွန်မ ပညာရေးမှာ ထူးချွန်တယ်လို့ပြောရမှာပါပဲ။ ကျွန်မ အတန်းတိုင်းမှာ ပထမ၊ ဒုတိယ အမြဲရတတ်ပါတယ်။ ရွာထဲမှာပဲနေ၊ ရွာမှာကြီး၊ ယာခင်းထဲသွားထင်းခွေ၊ ရေခပ် အိမ်ထောင်ကျ သားသမီးတွေမွေး အဲဒီလိုကြီး မနေချင်ပါဘူး။ ကျွန်မရဲ့ရည်ရွယ်ချက်က ကျွန်မတိုင်းပြည်ကို အကျိုးပြုတဲ့၊ လူသားတွေကိုအကျိုးပြု၊ လူ့အသက် ပေါင်းများစွာကို ကယ်တဲ့ ဆရာဝန်တစ်ယောက် ဖြစ်ချင်ခဲ့ပါတယ်။ ဒီလိုဆို ကျွန်မဟာ ကျွန်မရွာနဲ့ဝေးတဲ့ မြို့ကြီးပြကြီးမှာ ကျောင်း အကြာကြီးတက်ပြီး စာပေတွေကို သင်ယူရမှာဖြစ်ပါတယ်။

ကျွန်မ ဆရာဝန်အရမ်းဖြစ်ချင်လို့ စာအရမ်းကြိုးစားတဲ့ အပြင် ဘုရားရှိခိုးတိုင်းလည်း အမြဲဆုတောင်းမိပါတယ်။ တစ်နေ့ "အဖေ သမီးကြီးလာရင် ဆရာဝန်လုပ်မှာ။ သမီး ဆရာဝန် ဖြစ်လို့ ပိုက်ဆံတွေရှာနိုင်တဲ့အခါ အဖေတောလိုက်စရာမလိုတော့ဘူး။ အဖေ ယာခင်းထဲသွားပြီး ပင်ပင်ပန်းပန်း လုပ်စရာမလိုတော့ဘူး။ အဖေနဲ့ အမေ့ကို သမီးကြီးလာရင် စောင့်ရှောက်မှာနော်" လို့ ကျွန်မရဲ့ရည် ရွယ်ချက်နဲ့ပတ်သက်ပြီး ပြောပြပါတယ်။

"သမီးရဲ့ ဖြစ်ချင်တဲ့ ရည်ရွယ်ချက်တွေ ဖြစ်လာဖို့ အဖေ တတ်နိုင်တာတွေ အကုန် ထောက်ပံ့ကူညီလုပ်ပေးမယ်" လို့ အဖေက ကျွန်မကို ပြောတယ်။

ကျွန်မဘာဖြစ်လို့ ဆရာဝန်တစ်ယောက် ဖြစ်ချင်ရသလဲ ဆိုတော့ ကျွန်မအချစ်ဆုံးအစ်ကို နေမကောင်းတဲ့အဖြစ်အပျက်ကို ကြုံတွေ့ရပြီးနောက်မှာ ကျွန်မ ဆရာဝန်ဖြစ်ချင်တဲ့စိတ်တွေ ပိုပြင်းပြလာပါတော့တယ်။

တစ်နေ့ ကျွန်မအစ်ကိုဘာဘို နေမကောင်းဖြစ်ပါတယ်။ အစ်ကိုဘာဘို ဗိုက်ထဲက အရမ်းအောင့်နေပြီး ဆီးသွားတဲ့အခါ သွေးပါပြီး သလိပ်ထဲကပါ သွေးတွေပါလာခဲ့ပါတယ်။ ရွာမှာ ဆေးရုံဆေးခန်း မရှိပါဘူး။ ရွာမှာ တစ်ယောက်ယောက် နေမကောင်းဖြစ်တဲ့အခါ ရွာနဲ့အနီးဆုံးမြို့ကြီး ဖြစ်တဲ့ ဒီးလင်းမြို့က ဆေးရုံ ဆေးခန်းတွေကို သွားပြရပါတယ်။ အဲဒီအချိန်တုန်းက အဖေနဲ့အမေက ယာတော ထဲရောက်နေပါတယ်။ အဲဒါကြောင့် ဘာဘိုကို ဆေးခန်းပြဖို့ ဘယ်သူမှ အိမ်မှာမရှိပါဘူး။ တတိယမြောက်နေ့မှာ အစ်ကိုဘာဘိုရဲ့ အခြေအနေက ပိုဆိုးလာပြီး ကျွန်မအဖွားက ဘာဘိုကို မြည်းပေါ်တင် သူကလမ်းလျှောက်ပြီး ဒီလင်းမြို့က ဆေးရုံသွားပြဖို့ ဆုံးဖြတ်လိုက်ပါတယ်။ အစ်ကိုကြီး ခွမ်ရုရန်ကလည်း အဖွားနဲ့အတူလိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ကျွန်မအချစ်ဆုံး အစ်ကိုဘာဘိုဟာ ရောဂါ အရမ်းခံစားနေရလို့ "အမလေးအောင့်လိုက်တာ" လို့ အော်သံကို ကြားတိုင်း

ကျွန်မမျက်ရည်တွေကျခဲ့ရတယ်။ ကျွန်မအစ်ကို ဘာဘိုကို အဖွားတို့နဲ့ ဆေးရုံ လိုက်ပို့ပါရစေလို့ ခွင့်တောင်းပေမယ့် အဖွားက နင်ငယ်သေးတယ် လမ်းလျှောက်နိုင်မှာ မဟုတ်ဘူး လို့ပြောပြီး ကျွန်မကိုရွာမှာပဲ ထားခဲ့ပါတယ်။ အစ်ကိုဘာဘိုနဲ့အတူ အဖွားနဲ့ အစ်ကိုကြီးတို့ ထွက်သွားတဲ့အခါ ရွာထိပ်အထိ လိုက်ပို့ခဲ့ပြီး ကျွန်မ မျက်ရည်တွေနဲ့ ရွာမှာကျန်ခဲ့ပါတယ်။

အစ်ကိုဘာဘိုကို ဆေးရုံပို့တဲ့ရက်တွေမှာ မိုးဆက်တိုက် ရွာနေတာကြောင့် ဒီလင်းမြို့ကို ဖြတ်သွားရတာ ခက်ခဲပုံရတဲ့အတွက် နှစ်ရက်ကြာတဲ့အထိ ဘာသတင်းအစအနတောင် မကြားရပါဘူး။ သုံးရက်မြောက်နေ့မှာ တစ်ကိုယ်လုံး ရွှံ့တွေပေနေတဲ့ လူတစ်ယောက် ကျွန်မတို့အိမ်ကို သုတ်သီးသုတ်ပျာနဲ့ ရောက်လာခဲ့ပါတယ်။ အဲဒီ အချိန်တုန်းက အမေက အိမ်မှာရှိနေပြီး ဧည့်သည်ကို အစားအသောက်တွေနဲ့ ဧည့်ခံခဲ့ပါတယ်။ သတင်းလာပေးတဲ့ ဧည့်သည်က အစ်ကိုဘာဘို နှာခေါင်းထဲက သွေးတွေထွက်နေပြီး သွေးထွက်လွန်နေလို့ တစ်ကိုယ်လုံး ဖြူဖတ်ဖြူရော် ဖြစ်နေကြောင်း ပြောပြပါတယ်။ ညနေ အဖေအိမ်ပြန်ရောက်တော့ အကြောင်းစုံကို ပြောပြတဲ့အခါ အစ်ကိုဘာဘို အတွက် စိုးရိမ်ပြီး ဒီးလင်းမြို့ကို အဖေသွားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အဖေနဲ့အတူ လိုက်ဖို့ပြောတော့ ကောက်ရိတ်သိမ်းချိန်မို့ အိမ်မှာ အမေ့ကို ကူညီလုပ်ကိုင်ပေးဖို့ ပြောပါတယ်။

“အဖေ သမီးကို မထားခဲ့ပါနဲ့နော်။ သမီးအစ်ကိုဘာဘိုကို သတိရလို့ပါ။ သမီးအဖေနဲ့အတူ လိုက်ပါရစေ” လို့ပြောတော့ အမေက ကြားဖြတ်ပြီး

“မန်ဒီ သွားရတာ အန္တရာယ်အရမ်းများတယ်။ ချောင်းတွေ လျှိုတွေဖြတ်ရမှာ။ အမေတို့လည်း လိုက်ချင်တာ အိမ်မှာနေခဲ့တာ အကောင်းဆုံးပဲ” လို့ အမေကပြောပါတယ်။ ကျွန်မလည်း နားပူ နားဆာလုပ်ပါတယ်။

“ကဲ ... မိန်းမရေ မင်းသမီးကို လိုက်ခွင့်ပြုလိုက်ပါတော့။ အိမ်မှာ ထားခဲ့ရင် ငါတို့ကို သတိရပြီးငိုမှာလေ။ နေ့တိုင်းငိုရင် နေမကောင်း ဖြစ်သွားမှာ။ ခေါ်ခဲ့လိုက်တာ ကောင်းပါတယ်။ အန်ကယ်ဂျီရွန်ဂီ ဆီမှာ မြည်းတစ်ကောင်လောက် သွားငှားတာပေါ့” လို့ အဖေ ကပြောပါတယ်။ နောက်နေ့မနက် ကျွန်မတို့ အစ်ကိုဘာဘိုဆီကို သွားတော့ အန်ကယ်ဂျီရွန်ဂီပါ သူ့ရဲ့မြည်းနဲ့အတူ လိုက်ခဲ့ပါတယ်။

ကျွန်မတို့သွားတဲ့နှစ်က မိုးရွာတဲ့ကာလမို့ လေတွေတိုက်၊ သစ်ပင်တွေပြိုလဲ မိုးကလည်း အရမ်းရွာတာမို့ သွားသမျှခရီးတွေထဲ အခက်ခဲဆုံးနဲ့ အကြမ်းတမ်းဆုံးပဲ ဖြစ်ပါတယ်။ တစ်ခါတလေ ကျွန်မစီးတဲ့မြည်း ရွှံ့ထဲမှာနစ်နေပါတယ်။ အဆိုးဆုံးကတော့ လျှိုမြောင်၊ ချောင်းတွေကိုဖြတ်တဲ့အခါ အဖေ (ဒါမှမဟုတ်) ဦးလေး ဂျီရွန်ဂီက ခေါင်းပေါ်ကနေပိုးပြီး သွားရပါတယ်။

ရွာက မနက်ခြောက်နာရီကနေ ထွက်လာပြီး ရာသီဥတုကဆိုး ခရီးလမ်းကခက်ခဲလို့ အစ်ကိုဘာဘိုတက်နေတဲ့ ဒီလင်း ဆေးရုံကို

ညရှစ်နာရီထိုးတဲ့အထိ မရောက်သေးပါဘူး။ နောက်ဆုံးချောင်းတစ်ခုကိုဖြတ်ရင် ဒီလင်းမြို့ကိုရောက်ပါပြီ။ ညကိုးနာရီကျော်လို့ ချောင်းကိုမကူးဘဲ သစ်ပင်အောက်မှာ အနားယူကြပါတယ်။ ကျွန်မကတော့ ပင်ပန်းလို့ အဖေ့ပေါင်ပေါ်မှာမေ့ရင်း အိပ်ပျော်သွားပါတယ်။

နောက်နေ့မနက်ရောက်တော့ ချောင်းရေကလည်း ကျသွားတာမို့ ကျွန်မတို့အတွက် အလွယ်တကူပဲ ဟိုဘက်ကမ်းကို ဖြတ်ကျော်နိုင်ခဲ့ပါတယ်။ ချောင်းကိုဖြတ် မိနစ်အနည်းငယ် လမ်းလျှောက်ပြီး ဒီလင်းမြို့ကို ရောက်ပါတော့တယ်။ ကျွန်မ မြို့ဆိုတာကို ပထမဆုံး ရောက်ဖူးတာပါ။ လမ်းတွေကိုကူးတဲ့အခါ ကျွန်မအတွက် အံ့ဩစရာတွေ အများကြီးတွေ့ခဲ့ရပါတယ်။ အိမ်တွေ အားလုံးဟာ ကျောက်တုံးတွေနဲ့ ဆောက်ထားပြီး သွပ်မိုးထားကြပါတယ်။ လမ်းမကြီးတွေ အားလုံး အနက်ရောင်ကတ္တရာတွေ ခင်းထားကြပါတယ်။ လူအများစုဟာ အာရပ်တွေဖြစ်ကြပြီး အဝတ်အစား သန့်သန့်ပြန့်ပြန့်တွေ ဝတ်ထားကြပါတယ်။ ကမ္ဘာပေါ်မှာ ဒီလောက်ကောင်းတဲ့မြို့ ဘယ်မှာမှ မရှိနိုင်ဘူးလို့ ကျွန်မထင်ပါတယ်။

အဖေကတော့ ဈေးရောင်းဈေးဝယ်နဲ့ ဒီလင်းမြို့ကို နှစ်ကြိမ် သုံးကြိမ်လောက်ရောက်ဖူးလို့ ဆေးရုံသွားမယ့်လမ်းကို ကျွန်မ တို့ကို ဦးဆောင်ခေါ်သွားခဲ့ပါတယ်။

ကျွန်မတို့ဆေးရုံကိုရောက်တော့ ဆေးရုံအစောင့်က လူနာကို တွေ့ဖို့ တစ်ဦးပဲဝင်ခိုင်းလို့ ကျွန်မအဖေကပဲ အစ်ကိုဘာဘိုအခန်းဘက်ကို ဝင်သွားခဲ့ပါတယ်။ ကျွန်မတို့ဝင်မယ်ဆိုရင် ဝင်ခွင့် ဧည့်တွေ့ ခွင့်လက်မှတ်ကို ပိုက်ဆံနဲ့ဝယ်ပြီးမှသာ အထဲကိုဝင်ရမယ်လို့ ပြောပါတယ်။

ကျွန်မနဲ့ဦးလေး ဂျီရှန်ဂီတို့ အပြင်မှာစောင့်နေကြပါတယ်။ ခဏကြာတော့ ကျွန်မလည်း ဝမ်းနည်းလာပြီး အော်ငိုနေပါတော့တယ်။ ကျွန်မငိုသံကြားတော့ လူတွေဝိုင်းအုံလာပြီး ဘာအကြောင်း ကြောင့် ငိုနေရသလဲလို့ လူအုပ်ကြီးကမေးတဲ့အခါ ဆေးရုံအစောင့်က ထွက်လာပြီး ဦးလေးကြီးနဲ့ သမီးတို့ လူနာလာကြည့်တာလား လို့မေးပြီး ဆေးရုံတံခါးကို ဖွင့်ပေးပါတယ်။

ဆေးရုံတံခါးဖွင့်ပေးတဲ့အခါ ကျွန်မနဲ့ဦးလေးဖြစ်သူတို့ အစောင့်ကို ကျေးဇူးတင်စကားမဆိုဘဲ အစ်ကိုဘာဘိုရှိတဲ့ ဆေးရုံအဆောင်ကို ပြေးသွားကြပါတယ်။

ကျွန်မအစ်ကိုဘာဘိုကို တွေ့တော့ လက်မှာ အပ်တန်းလန်း၊ အပေါ်မှာ ဂလူးကို့စ်ပုလင်း ချိတ်ထားပုံရပါတယ်။ အစ်ကိုဘာဘိုနား ကိုရောက်တဲ့အခါ ကြည့်လိုက်တော့ အသားတွေက ဖြူဖတ်ဖြူရော်နဲ့ မျက်လုံးတွေကိုအားယူပြီး ဖွင့်ပုံရပါတယ်။ ကျွန်မအစ်ကိုဘာဘိုကို ဖက်လိုက်ပေမယ့် သူဘာမှမခံစားရသလို ဖြစ်နေပါတယ်။ အစ်ကို ဘာဘိုသေသွားပြီလို့ ကျွန်မထင်လိုက်ပါတယ်။

အဲဒီအချိန် အစ်ကိုဘာဘို လူနာကုတင်ဘေးထိုင်နေတဲ့

အစ်ကိုကြီးခွန်ရှရမ်က အစ်ကိုဘာဘို အိပ်မောကျနေကြောင်း ကျွန်မကိုပြောပါတယ်။

အဲဒီအချိန်မှာ အာရပ်ဆရာဝန်တစ်ယောက် ရောက်လာပြီး အစ်ကိုဘာဘိုရဲ့အခြေအနေ ကျွန်မတို့ကို လာရှင်းပြပါတယ်။ ဆရာဝန်က

"လူနာ ဆေးရုံကိုရောက်တော့ အသက်မမှီတော့ဘူးလို့ ကျွန်တော်တို့ထင်ခဲ့တာ။ သူက သွေးအဆိပ်တက်တဲ့ရောဂါ ဖြစ်တာပါ။ ပထမနေ့မှာ သူ့ကို အတော်အသက်လုလိုက်ရတယ်။ သုံးရက် ဆက်တိုက် တော်တော်လေး ဂရုစိုက်လိုက်ရတယ်။ အခုတော့ သူ တော်တော်သက်သာသွားပါပြီ" လို့ ပြောပါတယ်။

အစ်ကိုဘာဘို အိပ်ရာနိုးတော့ လမ်းလျှောက်လေ့ကျင့်ခန်းတွေ လုပ်ခိုင်းပါတယ်။ လူနာတွေနဲ့ မနေချင်ကြောင်းနဲ့ ဆေးရုံအနံ့ တွေမခံနိုင်လို့ အိမ်ပြန်ချင်တယ်လို့ အစ်ကိုဘာဘိုကပြောပါတယ်။

လူနာရဲ့အခြေအနေ စောင့်ကြည့်တဲ့အတွက် လူနာကိုဆေးရုံ က ဆင်းခွင့်မပေးနိုင်သေးဘူးလို့ ဆရာဝန်တွေပြောတဲ့အခါ အဲဒီည ဆေးရုံဘေးဘက် လူနာစောင့်တွေအိပ်တဲ့ ကြမ်းပြင်ပေါ်မှာပဲ အိပ်ခဲ့ရပါတယ်။

နောက်ထပ်သုံးရက်အကြာ ဘာဘိုဆေးရုံက ဆင်းခွင့်ရလို့ ဘာဘို့ကို မြည်းပေါ်တင်ပြီး ရွာဆီ ခရီးဆက်ခဲ့ကြပါတယ်။ ဘာဘိုခမျာ အရမ်းအားနည်းနေလို့ မြည်းကိုခဏရပ်လိုက် သွားလိုက်နဲ့ ခရီး ဆက်ခဲ့ရပါတယ်။ ကျွန်မတို့ရွာမှာသာ ဆရာဝန်ရှိမယ်ဆို အစ်ကိုဘာဘို ဒီလင်းဆေးရုံ လာစရာမလိုဘူး။ ကျွန်မတို့မိသားစု လူမှုကိစ္စတွေလည်း ပူပင်စရာမလိုတော့ဘူးလို့ လမ်းလျှောက်ရင်း တွေးမိလိုက်တယ်။

အဲဒီလို အစ်ကိုဘာဘိုရဲ့ ကျန်းမာရေးနဲ့ပတ်သက်လို့ အခက်အခဲတွေ ကြုံတွေ့ရတဲ့အခါ ကျွန်မဆရာဝန်ဖြစ်ချင်တဲ့ဆန္ဒ ပြင်းပြလာတာပါ။ ကျွန်မဖြစ်ချင်တဲ့ဆန္ဒ အဖေ့ကိုပြောပြပြီးတဲ့အခါ ကျွန်မ စာသင်ခန်းထဲမှာ အရင်ကထက် နှစ်ဆလောက် စာကိုပိုကြိုးစား လာပါတယ်။ ကျွန်မ ဆယ့်တစ်နှစ်သမီး အရွယ်မှာ အင်္ဂလိပ်စာ စလေ့လာရပါတော့တယ်။ အင်္ဂလိပ်စာက ကျွန်မတို့ရဲ့ မိခင်ဘာသာစကား မဟုတ်တော့ ခက်ခဲပေမယ့် လေ့လာရတာ စိတ်လှုပ်ရှားဖို့ကောင်း လှပါတယ်။

ကျွန်မ ဆယ်နှစ်သမီးအရွယ် အလယ်တန်းရောက်တော့ ကျောင်းမှာ အာရေဗျ၊ အင်္ဂလိပ်၊ ပထဝီ၊ သမိုင်း၊ သိပ္ပံ၊ သင်္ချာ၊ အနု ပညာနဲ့ ဘာသာရေးစာပေတွေကို သင်ကြားခဲ့ရပါတယ်။ ပညာရေး ကသာ ကျွန်မတို့ စိတ်ကူးယဉ်အိပ်မက်တွေ အကောင်အထည်ဖော်ဖို့ အဓိက မောင်းနှင်အားဖြစ်တယ် ဆိုတာ ကျွန်မတို့မိသားစုဝင်တွေ ယုံကြည်ခဲ့ကြပါတယ်။ အဲဒီအတွက် ကျွန်မတို့ အရင်ကထက် အဆပေါင်းများစွာ ကြိုးစားခဲ့ကြပါတယ်။ ကျွန်မ ဆယ့်နှစ်နှစ်ပြည့်ပြီး ခြောက်လအကြာမှာ ကျွန်မတို့ရွာကို ကြမ္မာမုန်တိုင်းကြီးတစ်ခု မထင်မှတ်ဘဲ

တိုက်ခတ်လာပါတော့တယ်။

အခန်း(၇)

ကျွန်မ ဆယ့်နှစ်နှစ်ရောက်တော့ အလယ်တန်းတက်တဲ့ အခါ ကျောင်းမှာ မနက် အားကစား နဲ့လေ့ကျင့်ခန်း၊ အဲဒီနောက် အာရေဗျဘာသာ၊ ကိုရမ်ကျမ်းဘာသာရေးစာပေတွေ လေ့လာရပါတယ်။ အင်္ဂလိပ်စာကို လေ့လာရတာ အရမ်းနှစ်သက်လို့ အင်္ဂလိပ်စာ သင်တဲ့အချိန်ကို အမြဲမျှော်နေမိပါတယ်။ ပထဝီနဲ့ သိပ္ပံဘာသာရပ် တွေကလည်း စွဲဆောင်မှုရှိပါတယ်။ ကျောင်းဆင်းလို့ အိမ်ပြန်တဲ့အခါ အချစ်ဆုံးသူငယ်ချင်း ခန့်ကိုနဲ့ ပြန်လေ့ရှိပါတယ်။

ကျောင်းကနေ အိမ်ကိုပြန်တဲ့အခါ ကျွန်မက ခန့်ကိုကို မထိတထိ စ တစ်ခါတလေကျရင် စိတ်ဆိုးစိတ်ကောက် တစ်ခါတစ်ရံ ကျရင် ရယ်မောကြတဲ့ အချိန်တွေဟာ ကျွန်မဘဝရဲ့ အပျော်ဆုံးအခိုက် အတန့်တွေလို့တောင် ထင်ခဲ့မိပါတယ်။

ကျောင်းကနေ အိမ်ပြန်ရောက်တဲ့အခါတိုင်း လွယ်အိတ်ကို ပစ်ချ ယူရမ်က ကျွန်မဆီပြေးလာ ကျွန်မကို ပွတ်သီးပွတ်သပ် လုပ်လေ့ရှိပါတယ်။ ယူရမ်ကို ကျွန်မလက်နဲ့ချီ ပေါင်ပေါ်တင် ကြောင်လေး ကိုပွတ်သပ် နွားနို့ရှိရင် နွားနို့တိုက်ပြီး အိမ်မှုကိစ္စ အိမ်ရှေ့တံမြက်စည်းလှဲ အဝတ်လျှော် ပန်းကန်ဆေးပါတယ်။ နောက်သူငယ်ချင်း ခန့်ကိုနဲ့ တစ်ရံတစ်ရံ ရေသွားခပ်ကြပါတယ်။ ရေခပ်ပြီးတာနဲ့ နွားနို့ ဆိတ်နို့ညှစ်တာ ကျွန်မရဲ့ နေ့စဉ်လုပ်နေကြအလုပ်တွေဖြစ်ပါတယ်။

ကျွန်မ နေ့လယ်စာစားပြီးတဲ့အခါ အမေ၊ အစ်ကိုဘာဘို၊ ရွာထဲက အစ်ကိုဘာဘိုရဲ့ သူငယ်ချင်းအလီ ကျွန်မဦးလေးတွေနဲ့ မီးပုံနားထိုင်ရင်း မီးလှုံကြပါတယ်။ အခုလို ရာသီဥတု အေးမြလှတဲ့ တိမ်ကင်းစင်တဲ့ နေ့ရက်တွေမှာဆို အဖေက အမြဲတမ်း ပုံတိုပတ်စတွေ ပြောပြလေ့ရှိတယ်။

အထူးသဖြင့် နူဘာလူမျိုးတွေဟာ မျောက်တွေကို တောထဲမှာ ဖမ်းယူ စားသောက်လေ့မရှိတဲ့ အကြောင်းတွေကို နားထောင်သူတွေ မပျင်းအောင် ပြောပြတတ်တယ်။ အမွေးထူထူနဲ့ မျောက်တွေဟာ ရွာနားတစ်ဝိုက်မှာနေပေမယ့် နူဘာလူမျိုးတွေဟာ ဖမ်းယူစား သောက်လေ့ မရှိပါဘူး။ အဲဒီလို ရွာနားတစ်ဝိုက်မှာ နေကြတဲ့ မျောက်တွေဟာ အရင်က လူတွေဖြစ်ပြီး အရမ်းဆိုးသွမ်းကြကြောင်း၊ ဒါကြောင့်မို့ အလ္လာရှင်မြတ်က မျောက်အဖြစ်ကို ပြောင်းလဲပေးခဲ့တာ ဖြစ်ကြောင်း နူဘာမျိုးနွယ်စုတွေက ယုံကြည်ကြတဲ့ဇာတ်လမ်းတွေကို ပြောပြလေ့ရှိပါတယ်။ အဲဒီလိုပုံပြင်တွေ ပြောပြီးတဲ့အခါ အစ်ကို ဘာဘိုက သူ့တဲပြန်၊ ကျွန်မတို့က တဲကိုပြန်၊ အဖေနဲ့အမေက သူတို့ ယာတောထဲမှာ အလုပ်လုပ်ခဲ့ရတာတွေကို ခဏပြန်ပြောပြီးတဲ့အခါ ကျွန်မတို့မိသားစုတွေ အိပ်ရာဝင်ကြပါတော့တယ်။ ညသန်းခေါင်ကျော်မှာ ကျွန်မနိုးလာပါတယ်။ ကျွန်မနိုးတော့ အဖေနဲ့ အမေလည်း နိုးနေကြပါတယ်။ အလွန်ဝေးတဲ့နေရာကနေ လာပုံရတဲ့ အော်ဟစ်သံ တွေကို

ကျွန်မတို့ ကြားနေရပါတယ်။ ကျွန်မ အဖေက တံခါးဖွင့် ခေါင်းထွက်ပြီး အပြင်ကို ကြည့်လိုက်ပါတယ်။ ကျွန်မနဲ့အမေကလည်း ခေါင်းပြူပြီး အပြင်ကအသံတွေလာရာကို ထွက်ကြည့်ကြပါတယ်။ ဟိုး ခပ်လှမ်းလှမ်းက မီးတောက်တွေ၊ ကြောက်လန့်တကြား အော်ဟစ်သံတွေကိုမြင်နေကြားနေရပါတယ်။ ရွာအစွန် ခပ်လှမ်းလှမ်း မှာ မီးလောင်တာကို ကျွန်မတို့ တွေ့နေရပါတယ်။

ကျွန်မတို့ဒေသမှာ ကောက်စိုက်တဲ့ကာလ အရမ်းလည်းအေး အရမ်းလည်းချမ်းလှပါတယ်။ ကျွန်မတို့ဒေသကအိမ်တွေ အားလုံးဟာ သက်ကယ်တွေကို မိုးထားကြတာဖြစ်ပါတယ်။ ခြောက်သွေ့ရာသီဆို ကျွန်မတို့ဒေသမှာ မီးလောင်တတ်ပါတယ်။ မီးလောင်တိုင်းလည်း ကျွန်မတို့ ရွာသားတွေနဲ့ အနီးအနားရွာကလူတွေ တစ်စုတစ်ရုံးတည်း မီးလောင်တာကို ဝိုင်းငြိမ်းကြပါတယ်။ ကျွန်မတို့ မိသားစုတွေ အိမ်ရှေ့ထွက်ကြည့်တဲ့အခါ လူတွေဟာ မီးလောင်တာ ကို ဝိုင်းမငြိမ်းသတ်ကြဘဲ ကျွန်မတို့ဘက်ကို ပြေးလာနေကြပါတယ်။ ကျွန်မတို့ဘက်ကို ပြေးလာတဲ့လူတွေက ဝေးနေသေးလို့ သူတို့ ဘာအော်ဟစ်နေကြလဲဆိုတာ မသိကြပါဘူး။ ကျွန်မတို့ဘက် ကိုပြေးလာတဲ့လူတွေကို သဲသဲကွဲကွဲ မြင်လိုက်ရတဲ့အခါ သူတို့ လက်ထဲ မီးတုတ်တွေကိုင်ထားပြီး မီးတုတ်တွေကို အိမ်ခေါင်မိုး တွေပေါ် ပစ်နေကြတဲ့အတွက် အိမ်တွေ မီးလောင်နေကြပါတယ်။

မီးလောင်တဲ့အိမ်ထဲကနေ လူတွေထွက်လာတဲ့အခါ အဲဒီ ရွာထဲ ဝင်လာတဲ့လူတွေက အကြောင်းမဲ့ရိုက်နှက်ပြီး မြေကြီးပေါ် တရွတ်တိုက်ဆွဲယူနေကြပါတယ်။ တချို့အိမ်ကထွက်လာတဲ့ လူတွေ ဆို ဓားနဲ့အထိုးခံရပြီး သွေးအိုင်ထဲမှာ လဲနေကြပါတယ်။

ကျွန်မရဲ့အဖေက အခြေအနေအားလုံးကိုရိပ်မိပြီး

"ရွာထဲကို မူဂျာဟစ်ဒင်တွေ ဝင်စီးနေပြီဟေ့" လို့ အော်ပါတယ်။ ရွာထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာ ကျွန်မမသိတဲ့အတွက် တွေဝေနေချိန်မှာ အဖေက ကျွန်မလက်မောင်းကို ဆွဲပြီး ထွက်ပြေးပါတယ်။ ကျွန်မတို့ပြေးနေရင်း ရုတ်တရက်ဆိုသလို အဖေက…

"နင့်အစ်ကိုဘာဘိုရော၊ ဘာဘိုဘယ်မှာလဲ" ဟုပြောပြီး အစ်ကိုဘာဘိုနေတဲ့ တဲအိမ်ကိုကြည့်ပြီး အော်နေခိုက် မူဂျာဟစ်ဒင် တွေ အရမ်းနီးလာပါတယ်။

အဲဒီနောက် အဖေက ထပ်မအော်ခေါ်တော့ဘဲ ကျွန်မရယ် အဖေရယ် အမေရယ် အရမ်းပျာပျာသလဲဖြစ်ပြီး ထိတ်လန့်နေကြပါတယ်။ အမေကလည်းငို ကျွန်မကလည်း ကြောက်ဒူးတုန်ပြီး ငိုနေပါတယ်။ ကျွန်မလည်းအမေနဲ့ အဖေ့လက်ကိုဆွဲ အလယ်ကနေ သုံးယောက်အတူ ထွက်ပြေးကြတယ်။ မူဂျာဟစ်ဒင်သူပုန်တွေ ရွာထဲမှာ အများကြီး နေရာအနှံ့ ရောက်နေကြတယ်။ ရွာထဲကလူတွေကို တဲထဲကနေဆွဲထုတ် မြေကြီးပေါ်မှာ တိရစ္ဆာန်တွေလို

လည်ပင်းကို ဓားနဲ့လှီးလို့ ကြောက်လန့်တကြား ငယ်သံပါအောင်အော်နေတဲ့ အသံတွေ တစ်ရွာလုံးမှာ ဆူညံနေပါတယ်။

ရွာထဲက အမျိုးသမီးတစ်ဦးကို မူဂျာဟာစ်ဒင်သူပုန်တွေ ဖမ်းသွားတာကို အဖေလုပ်သူက သမီးနောက်ကိုလိုက်ပြီး သမီးဖြစ်သူကို လိုက်ဆွဲတာ မူဂျာဟာစ်ဒင်သူပုန်တွေက ဂုတ်ကနေဆွဲပြီး အဖေဖြစ်သူ လည်ပင်းကို ဓားနဲ့လှီးပြီး သတ်နေတဲ့မြင်ကွင်းကိုလည်း မြင်နေရပါတယ်။

အဲဒီလိုအချိန် အဖေက "သမီး မန်ဒီ မြန်မြန်ပြေးရအောင်" လို့ ပြောပြီး ဆက်ပြီး အားကုန်ပြေးကြပါတယ်။

တစ်ရွာလုံး မီးခိုးတွေ မီးတောက်တွေနဲ့ လောင်နေတဲ့ အိမ်တွေကို ရှောင်ကွင်းပြေးလွှားပြီး အဖေနဲ့ ကျွန်မတို့ အနီးဆုံးက တောင်တန်းတွေဘက်ကို ဦးတည်ပြီး ပြေးနေကြပါတယ်။ တောင်ခြေကိုရောက်ဖို့ အသက်လုပြေးနေရတာ စိတ်ထဲမှာ အရမ်းကြာ နေပုံရပါတယ်။ ကျွန်မတို့ တောင်ထိပ်ရောက်အောင် ပြေးနိုင်မယ် ဆိုရင် တောတွေ တောင်တွေထဲ ပုန်းလို့ရနိုင်ပါတယ်။ ရုတ်တရက် ပြေးနေတာကိုရပ်လိုက်ပြီး အဖေက "တောင်ထိပ်ပေါ်မှာ မူဂျာဟာစ်ဒင် သူပုန်တွေ" လို့ အော်ပြောလိုက်ပါတယ်။ ကျွန်မတို့ပြေးမယ့်လမ်းကြောင်းကို မူဂျာဟာစ်ဒင်သူပုန်တွေ ရှေ့မှာပိတ်ပြီး မြင်းကိုယ်စီနဲ့ ရပ်နေကြပါတယ်။ ကျွန်မတို့နောက်က ပြေးလိုက်လာတဲ့ ရွာသားတွေ ဆက်ပြေးနေတာကြောင့် အဖေက မူဂျာဟာစ်ဒင်တွေ တောင်ထိပ်ပေါ်မှာ ရှိတယ်လို့ အော်ပြောနေပါတယ်။ ကျွန်မတို့ ပြန်လှည့်ပြီး ပြေးပါတယ်။ နောက်မှာ သေနတ်သံတွေ ကြားနေရပေမယ့် လှည့်မကြည့်ဘဲ အားကုန်ပြေးနေပါတယ်။ ကျွန်မတို့နောက်မှာ လူအများအပြား ဆူညံအော်ဟစ်ကြပြီး ငိုသံတွေနဲ့အတူ အော်ဟစ် ပြေးလိုက်နေကြပါလေရဲ့။

"မိန်းမရေ ... မိန်းမ" လို့ အဖေကအော်ခေါ်တော့ ပြန်ထူး သံမကြားရပါဘူး။ အမေ့ကိုလှည့်ပြီး ကယ်ဖို့မဖြစ်နိုင်တော့လို့ အဖေက

"သမီးမန်ဒီ လာ အဖေတို့ဆက်ပြေးကြရအောင်" ဆိုပြီး ဆက်ပြေးကြပါတယ်။ ကျွန်မတို့လာတဲ့ လမ်းအတိုင်း ရွာထဲကို ပြန်ပြေးကြပါတယ်။ ကျွန်မပြေးရတာ ပင်ပန်းလွန်းလို့ တစ်ကိုယ်လုံး ရိုက်ထားသလိုမျိုး ခြေကုန်လက်ပန်းကျနေပါတယ်။ ကျွန်မတို့ နောက်မှာ မြင်းခွာသံတွေကြားနေရပြီး ရှေ့မှာလည်း ကြောက်လန့်တကြား ပြေးနေတဲ့ ကျွဲ နွားတွေလည်း ရှိနေပါတယ်။ ရုတ်တရက် နွားတစ်ကောင်နဲ့တိုက်မိပြီး ကျွန်မ မြေပြင်ပေါ် နှစ်ပတ်သုံးပတ် လိမ့်သွားပါတယ်။ ကျွဲတွေ နွားတွေ ကျွန်မကိုယ်ပေါ်ကို နင်းမိသွားပါတယ်။ ကျွန်မအဖေလည်း ဘယ်ရောက်မှန်းမသိ ကျွန်မ သေရတော့မယ်လို့ ခံစားလိုက်ရပါတယ်။

ကျွဲတွေ နွားတွေနဲ့ လူတွေ ကရောသောပါးပြေးနေကြလို့ ဖုန်တွေ လေထဲမှာ လွင့်ပျံနေပြီး ကျွန်မလည်း ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရတော့ပါဘူး။ အဖေ့ကိုလိုက်ရှာပြီး အဖေ့ကိုတွေ့ဖို့ စိတ်ထဲ ဆုတောင်းနေမိပေမယ့်

အဖေ့ကိုမတွေ့ဘဲ လူတစ်ယောက် ကျွန်မကို ဖမ်းထားပြီး အခြားသူပုန်တွေက ကျွဲနွားတွေကို ဖမ်းနေကြပါ တယ်။

ကျွန်မအဖေ အနားမှာရှိသေးတယ်လို့ အထင်နဲ့ "အဖေ အဖေ" လို့ အော်ခေါ်နေပါတယ်။ ဆက်အော်ခေါ်တဲ့အတွက်ကြောင့် သူပုန်တစ်ယောက်က ကျွန်မပါးစပ်ကို လက်နဲ့ပိတ်ထားပါတယ်။ ကျွန်မရုန်းပေမယ့် ဘယ်လိုမှရုန်းလို့မရပါဘူး။ ကျွန်မကို သူတို့ နှိပ်စက်ကြတော့မှာပဲလို့ တွေးနေချိန်မှာ သူပုန်တစ်ယောက်က

"မင်း ငါနဲ့လိုက်ခဲ့ မင်းကိုလုံခြုံတဲ့နေရာမှာ ထိန်းသိမ်းထားပြီး မင်းမိသားစုထံ ပြန်ပို့ပေးပါမယ်။ ငါနဲ့မလိုက်ရင် မင်းအသတ်ခံရမှာ သေချာတယ်" လို့ ကျွန်မကိုပြောပါတယ်။

ကျွန်မကိုလိုက်ဖို့ ပြောနေတဲ့သူပုန်က နောက်ကိုလှည့်လိုက်ပြီး အခြားသူပုန်တစ်ယောက်ကို ကပ်ပြီး စကားတိုးတိုးလေး ပြောနေပါတယ်။ ကျွန်မ သေချာကြည့်လိုက်တော့ သူတို့နှစ်ယောက်ခါးမှာ ပစ္စတိုနဲ့ ဓားတွေ ချိတ်ထားကြပါတယ်။ အဲဒီနောက် မီးလောင်နေတဲ့ ကျွန်မတို့ရွာကနေ တစ်နေရာကို ခေါ်သွားကြပါတယ်။ ကျွန်မတို့ တောထဲတစ်နေရာရောက်တော့ ယောကျ်ားလေး မိန်းကလေး အယောက် ၃၀လောက် သစ်ပင်တစ်ပင်အောက်မှာ ထိုင်နေကြပါတယ်။ ထိုင်နေတဲ့လူတချို့က ကျွန်မတို့ရွာကဖြစ်လို့ ကျွန်မ အရမ်းဝမ်းသာသွားပါတယ်။

"ငါတို့လူတွေမလာသေးဘူး ဒီမှာ သူတို့နဲ့ထိုင်နေ" လို့ ကျွန်မကို ဖမ်းလာတဲ့သူပုန်က ပြောပါတယ်။ ကျွန်မ သစ်ပင်အောက် အဖမ်းခံထားရတဲ့ လူအုပ်အနီးနားထိုင်ချလိုက်ပြီး အနား ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပါတယ်။ လူလေးယောက်က သေနတ်တွေ နဲ့ ကျွန်မတို့ ထွက်မပြေးအောင် စောင့်နေကြပြီး သစ်ပင်တွေမှာ မြင်းတွေကို ကြိုးချည်ထားကြပါတယ်။ ကျွန်မကတော့ အဖေနဲ့အမေ ကျွန်မအစ်ကိုနဲ့ အစ်မတွေ ဘယ်ရောက်နေကြပြီလဲ၊ သူတို့ကို ပြန်တွေ့ပါ့မလားလို့ တွေးနေမိပါတယ်။ သူပုန်တွေ ဟာ အဖမ်းခံထား ရတဲ့ ကျွန်မတို့ဆီကို ကလေးတွေ ထပ်ဖမ်းခေါ်လာကြပါတယ်။ ကျွန်မတို့ အဖမ်းခံထားရတဲ့ ကလေးတွေဟာ တချို့က အသက် (၈) နှစ်၊ (၁၀)နှစ်နဲ့ ကျွန်မက အသက်(၁၂)နှစ် ဖြစ်လို့ အဖမ်းခံရတဲ့ ကလေးတွေထဲမှာ အသက်အကြီးဆုံး ဖြစ်နေပုံရပါတယ်။ တချို့က "အမေရေ သမီးကိုကယ်ပါဦး" တချို့က "အမေရေ၊ အဖေရေ သား တော့ ဒုက္ခရောက်ပါပြီ၊ သမီးတော့သေတော့မယ်" လို့ အော်နေကြပါတယ်။

ကျွန်မတို့ မနက်အထိ အဲဒီသစ်ပင်အောက်မှာ တစ်ည အိပ်ခဲ့ရပါတယ်။ ကျွန်မအနားမှာတော့ ရှစ်နှစ်အရွယ် ရွာထဲက ရာရန် လို့ခေါ်တဲ့ ကောင်မလေး ထိုင်ရက်သား အိပ်နေပါတယ်။ အိပ်လို့ နိုးလာတဲ့အခါ "အမေရေ သမီးဒီမှာမနေနိုင်ဘူး။ သမီးကို ကယ်ပါဦး" လို့ အော်ကြီးဟစ်ကျယ်ငိုပါတယ်။ အစောင့်တွေဒေါသထွက်ပြီး လာရိုက်မှာစိုးတဲ့အတွက် ကျွန်မ သူ့အနားတိုးပြီး အငိုတိတ်အောင် မနည်း ချော့မော့နေရပါတယ်။ နောက်ထပ်

ကောင်လေးတစ်ယောက်လည်း ကျွန်မဘေးနားကပ်လာပြီး ရှိုက်ကြီးတငင်နဲ့ မူဂျာဟာစ်ဒင် သူပုန်တွေနဲ့ တွေ့ခဲ့ရပုံတွေကို ကျွန်မကိုပြောပြပါတယ်။ ဖြစ်ပုံက…

ရွာထဲမှာ အိမ်တွေ မီးလောင်နေတော့ သူ့မိသားစုလည်း ဘေးလွတ်ရာကို ထွက်ပြေးခဲ့ပါတယ်။ သူရဲ့အမေလည်း စိုးရိမ်စိတ်တွေ သောကတွေ အရမ်းများနေတာကြောင့် မီးလောင်နေတဲ့တဲထဲ မှာ (၁၈) လသားအရွယ် အမွှာညီမလေး နှစ်ယောက် ကျန်ခဲ့တာကို မေ့နေခဲ့ပါတယ်။ အမေနဲ့သူ ပြန်ပြေးပြီး ကလေးတွေကိုကယ်ပြီး ပြန်အထွက် သူပုန်တွေနဲ့တွေ့ပြီး အမေ့ကိုဖမ်း လည်ပင်းကိုဓားနဲ့လှီး သတ် (၁၈)လသားအရွယ် ကလေးနှစ်ယောက်ကိုလည်း ရက်ရက်စက်စက် မီးပုံထဲကိုပစ်ပြီး သတ်ခဲ့ကြပါတယ်။ ကျွန်တော်ကတော့ အိမ်နောက်က သစ်ပင်ကြီးတစ်ပင်ကို အကာအကွယ်ယူ ပုန်းနေခဲ့လို့ လွတ်မြောက်ခဲ့ပါတယ်။ နောက်တော့ သူပုန်တစ်ယောက်က တွေ့သွားပြီး ပစ္စတိုဒင်နဲ့ ခေါင်းကိုထုပြီး ဒီကိုဖမ်းခေါ်လာပါတယ်လို့ ပြောပြပါတယ်။ အဲဒီလိုနဲ့ မှေးကနဲအိပ်ပျော်သွားကြတယ်။ မနက် မိုးလင်းတော့ ကျွန်မတို့ရွာဘက်ကနေ မူဂျာဟာစ်ဒင် သူပုန်တွေ မြင်းကိုယ်စီနဲ့ ကျွန်မတို့ဘက်ကို လာနေကြတယ်။ ကျွန်မတို့အနား ရောက်လာလို့ သေချာကြည့်တဲ့အခါ ဓားတွေ၊ ပစ္စတိုတွေ၊ သေနတ်ရှည်တွေ ခါးမှာတွေ့ရပါတယ်။ သူတို့ခန္ဓာကိုယ် တချို့ နေရာတွေမှာ သွေးတွေစွန်းနေတာကို တွေ့ရတယ်။ ကျွန်မကိုဖမ်းခဲ့တဲ့ လူကို လိုက်ရှာတွေ့တဲ့အခါ သူက မြင်းပေါ်ကနေ ကျွန်မကို မထီမဲ့မြင် ပြုံးပြနေပါတယ်။ သူတို့အားလုံးပေါင်း အယောက်တစ်ရာလောက် ရှိပါတယ်။ တောင်ကုန်းလေး ပေါ်ကိုတက် တောထဲကို ဝင်သွား ကြပါတယ်။ တောထဲမဝင်ခင် ရှေ့ဆုံးကလူကအော်ပြီး အမိန့်ပေးပါတယ်။ သူပြောတာ မကြားရပေမယ့် သူ့တပည့်တွေရဲ့ သံပြိုင် အော်သံ “အလ္လာ၊ အလ္လာရှင်မြတ် ကြီးမြတ်ပါပေတယ်။ အလ္လာရှင်မြတ် ငါတို့ရဲ့ဘုရားသခင် ငါတို့ရဲ့အလ္လာရှင်မြတ် ကြီးမြတ်ပါပေတယ်” လို့ တစ်တောလုံး သောသောညံအောင် အော်ဟစ်ကြပါတော့တယ်။

ကျွန်မအဖေရွာထဲမှာ ဆိတ် သို့မဟုတ် ကြက်တွေကို သတ်တဲ့အခါ အလ္လာလို့အော်ပြီး သတ်လေ့ရှိပါတယ်။ အလ္လာလို့ အော်ပြီး တိရစ္ဆာန်တွေကိုသတ်စားတဲ့အခါ ကြီးမြတ်သောစားသုံး မှုလို့ ကျွန်မတို့ မွတ်ဆလင်ဘာသာဝင်တွေ ယုံကြည်ကြပါတယ်။

ဒီသူပုန်တွေ ဘာလို့ အလ္လာလို့အော်နေကြတာလဲ။ ရွာတွေ မီးရှို့ မိန်းမတွေကို အဓမ္မကျင့်၊ လူတွေကိုသတ်ပြီး ဘာလို့ အလ္လာလို့ အော်နေကြတာလဲ။ သူတို့လုပ်ရပ်ကို သူတို့ကြီးမြတ်တယ်လို့ ထင် နေကြတာလားလို့ ထင်မိပါတယ်။

သူတို့ ကျွန်မတို့ ဘက်ကို တောင်ကုန်းပေါ်ကနေ ပြန်ဆင်း လာကြပါတယ်။ ကျွန်မတို့ဆီ ရောက်တော့ ကျွန်မတို့မိန်းကလေး ယောကျ်ားလေးတွေအကုန် မြင်းပေါ်ကိုတင်ပြီး တောထဲတစ်နေရာ ကို ထွက်လာခဲ့ကြပါတော့တယ်။

အခန်း(၈)

ကျွန်မကိုဖမ်းခဲ့တဲ့ သူပုန်ရောက်လာပြီး ကျွန်မကို မြင်းကျောကုန်းပေါ်ကို ဆွဲတင်ပြီး ကျွန်မလည်း မြင်းကုန်နှီးကို မြင်းပေါ် က မပြုတ်ကျအောင် ဆွဲထားခဲ့တယ်။ ကျွန်မ မြင်းပေါ်တက်ပြီး ကျွန်မနောက်ဖက်ကို သူပုန်လည်း လိုက်တက်ပါတယ်။ ကျွန်မတို့စီးလာတဲ့မြင်းက ကျွန်မအဖေမြင်း ထက် အကောင်ထွားပြီး ကြီးလည်းကြီးပါတယ်။ ကျွန်မနောက်ကသူပုန်ကို လှည့်ကြည့် လိုက်ပြီး

"ကျွန်မတို့ ဘယ်သွားနေတာလဲ။ ရှင်ပြောတော့ ကျွန်မ မိသားစုဆီ ပြန်ပို့ပေးမယ်ဆို" လို့ အော်ပြောပါတယ်။ သူပုန်က

"အချိန်တန်တော့ သိမှာပေါ့" လို့ ကျွန်မကို ပြန်ပြောပါတယ်။ ကျွန်မတို့ နူဘာမျိုးနွယ်စုတွေ နေထိုင်တဲ့ တောတွေတောင်တွေကိုဖြတ်လာခဲ့ကြပါတယ်။

ကျွန်မကို မြင်းစီးလာတဲ့သူပုန်ဟာ ကျွန်မနောက်ကနေ ဟိုနမ်းဒီနမ်းလုပ်တဲ့အပြင် ကျွန်မရဲ့ ရင်သားတွေကို လိုက်ကိုင်နေပါတယ်။ ကျွန်မလက်တွေဟာ ပြုတ်မကျအောင် မြင်းကုန်းနှီးကို ကိုင်ထားတဲ့အတွက် သူ့လက်တွေကို ဖယ်လို့မရပါဘူး။

ကျွန်မက "လွှတ်ပါ ကျွန်မရင်သားကိုကိုင်တာလွှတ်ပါ ကျွန်မ နာလာပြီ။ ကျေးဇူးပြုပြီးလွှတ်ပါ" လို့ပြောပါတယ်။

ကျွန်မရင်သားကို ကိုင်ထားတဲ့ ကိုတော်ချောက "နင့်ကို မြင်းပေါ်က ပြုတ်မကျအောင် ကိုင်ထားတာ"ဟု ပြန်အော်ပြောပါတယ်။

ကျွန်မတို့ မြင်းစီးလာတာ တောကနက်သထက် နက်လာ ပါတယ်။ တစ်နေရာအရောက် ကျွန်မ ဆီးသွားချင်လို့ မြင်းကိုရပ်ပေး ဖို့ပြောပြီး မြင်းပေါ်ကဆင်း အပေါ့သွားပါတယ်။ သစ်ပင်ကြီး တစ်ခု ကိုကွယ်ပြီး ကျွန်မအပေါ့သွားနေတဲ့အချိန် အဲဒီသူပုန်ရောက်လာပြီး ကျွန်မကို မုဒိမ်းကျင့်ဖို့ ကြိုးစားခဲ့ပါတယ်။ ကျွန်မက အတင်းရုန်း။ အခြားသူပုန်တွေလည်း ကျွန်မတို့နားကဖြတ်သွားလို့ ကျွန်မ ကံကောင်းခဲ့ပါတယ်။ မြင်းပေါ်ပြန်တက် သူပုန်လည်း ကျွန်မနောက်ကနေ တက်ပါတယ်။ ကျွန်မကို လမ်းတစ်လျှောက်လုံး လိင်ဆက်ဆံဖို့ စည်းရုံးပါတယ်။ ကျွန်မတို့ အတော်လေး ဆက်သွားတဲ့အခါ မူဂျာဟစ်ဒင်သူပုန်တွေ မြင်းကိုယ်စီနဲ့ ဆုံကြပါတယ်။ အဲဒီလိုဆုံကြပြီးမြို့ကြီး တစ်မြို့ကို ခရီးဆက်ကြပါတယ်။ အဲဒီနောက် ရွက်ဖျင်တဲ နှစ်ဆယ်ကျော်လောက် အတန်းလိုက် ဆောက်ထားတဲ့ စခန်းကြီးတစ်ခုကို ရောက်လာပါတယ်။ စခန်းဝ ရောက်တော့ စစ်ဝတ်စုံ ဝတ်ထားတဲ့ လူတစ်ဦးနဲ့တွေ့တော့ သူပုန်ခေါင်းဆောင်က

"အားလုံးအဆင်ပြေတယ်။ ဘာအခက်အခဲမှမရှိဘူး" လို့ ပြောလိုက်ရင်း စခန်းထဲကို ဝင်လာကြပါတယ်။

စခန်းထဲကိုရောက်တော့ ရွက်ဖျင်တဲကြီးတစ်ခုထဲမှာ မိန်းကလေးတွေက နေပြီး အခြားတစ်တဲ မှာတော့ ယောကျ်ားလေးတွေ နေကြပါတယ်။ တစ်နာရီလောက်ကြာတော့ ကျွန်မတို့စားဖို့ ပေါင်မုန့်ရယ် ပဲနီလေးဟင်းရယ် မြေပဲမီးကင်ထားတာတွေ လာပေးပါတယ်။ ကျွန်မတို့အားလုံး ခြေကုန်လက်ပန်း ကျပြီး မိသားစုနဲ့ကွဲခဲ့ရ လို့ စိတ်ထိခိုက်နေကြတဲ့အတွက် ဘာမှမစားနိုင်ပါဘူး။ ကျွန်မ ခဏ လှဲလိုက်ပြီး အိပ်ဖို့ကြိုးစားပေမယ့် တစ်ကိုယ်လုံးကိုက်ခဲနေလို့ အိပ်လို့မရပါဘူး။ ကျွန်မတို့အားလုံး မိသားစုကို ပြန်မတွေ့ရတော့ဘူး ဆိုတာ သိနေကြပါတယ်။ ရှရန်လည်း ကျွန်မဘေးနားမှာ လာအိပ်တယ်။ ကျွန်မတို့တဲထဲမှာရှိတဲ့ မိန်းကလေးတွေ မစားနိုင်မသောက်နိုင်တဲ့အပြင် အိပ်လည်းမပျော်ကြပါဘူး။ အပြင်ကို ချောင်းကြည့်လိုက်တော့ အစောင့်တွေ ခပ်လှမ်းလှမ်းမှာရှိနေကြတယ်။ မိန်းကလေးတချို့ ကျွန်မနားကပ်ပြီး သူတို့လမ်းမှာ မုဒိမ်းကျင့်ခံရတဲ့အကြောင်းတွေ ငိုပြီးတော့ ကျွန်မကိုပြောကြပါတယ်။ သူတို့ရဲ့ မိန်းမကိုယ်တွေဟာ အရမ်းနာနေတဲ့အကြောင်း ငိုပြီးပြောပြကြတယ်။

ညနေစောင်းမှာ အစောင့်တစ်ယောက် ကျွန်မတို့ ရွက်ဖျင်တဲထဲရောက်လာပြီး

“မငိုကြနဲ့တော့ မင်းတို့ကို နေရာကောင်းတစ်ခုကိုပို့တော့ မှာ။ ဘာမှစိုးရိမ်စရာမရှိတော့ဘူး။ သက်သက်သာသာ အနားယူ တော့” လို့ လာပြောပါတယ်။

ညရောက်တော့ ကျွန်မတို့အားလုံး ကြိုးစားအိပ်ကြပေမယ့် အကုန်လုံး ခြောက်ခြားစရာ၊ စိတ်ညစ်စရာ၊ ထိတ်လန့်ဖွယ်ရာတွေ တွေးပြီး အိပ်လို့မရခဲ့ကြပါဘူး။ အဖမ်းခံခဲ့ရတဲ့ ကျွန်မတို့ မိန်းကလေး တွေရော၊ ယောကျ်ားလေးတွေရော နှစ်ရက်လောက် တဲအပြင်ဘက် ကို မထွက်ရပါဘူး။ တတိယမြောက်နေ့မှာ တဲထဲကို အရာရှိအဝတ် အစားဝတ်ထားတဲ့ လူတစ်ယောက်နဲ့ အာရပ်ရိုးရာအဝတ်အစား ဝတ်ထားတဲ့လူတစ်ယောက် ရောက်လာပါတယ်။ အဲဒီလူက တဲထဲက ကျွန်မတို့ကို လိုက်ကြည့်ပါတယ်။ မိန်းကလေး သုံးလေးယောက်ကို လက်ညှိုးထိုးပြပါတယ်။ တစ်နာရီလောက်ကြာတော့ စစ်သားတစ်ယောက် တဲထဲရောက်လာပြီး ခုနက လက်ညှိုးထိုးခံရတဲ့ မိန်းကလေးတွေကို ဆွဲထုတ်သွားပါတယ်။

နောက်နေ့ကျတော့ ကျွန်မတို့ကို တဲအပြင်ဘက်ကို လေကောင်းလေသန့်ရှူဖို့ နှစ်နာရီ အချိန်ပေးပါတယ်။ ယောကျ်ားလေးတွေရော ထွက်ခွင့်ရပါတယ်။ ကျွန်မတို့ကို ကစားချင်ရင် ကစားလို့ရကြောင်း အစောင့်တစ်ဦးက လာပြောပါတယ်။ ကျွန်မတို့ ကစားချင် စိတ်မရှိကြပါဘူး။ ရွာထဲက အဂျို့စ်ဆိုတဲ့ ကောင်လေး တစ်ယောက် ကို တွေ့တော့

“နင်တို့ယောကျ်ားလေးတွေ တချို့ဘယ်ရောက်သွားကြလဲ မတွေ့ပါလား” လို့မေးတော့ အဂျို့စ်က

"မနေ့က တော်တော်များများကို ဖမ်းခေါ်သွားကြတယ်" လို့ အားငယ်နေတဲ့အသံလေးနဲ့ ပြောပါတယ်။

"ငါတို့မိန်းကလေးသုံးလေးယောက်လည်း ခေါ်သွားတယ်" လို့ ကျွန်မက ပြန်ပြောလိုက်ပါတယ်။

နောက်နေ့မနက်ရောက်တော့ အစောင့်တစ်ယောက်က ရေချိုးဖို့လာပြောပါတယ်။ အစောင့်စစ်သားတွေ မုဒိမ်းကျင့်မှာစိုးလို့ ကျွန်မတို့မိန်းကလေးတွေ အုပ်စုလိုက် ရေထွက်ချိုး ကြပါတယ်။ ကျွန်မတို့ရေချိုးနေတဲ့ အပြင်ဘက်ကနေ အစောင့်စစ်သားတစ် ယောက်က သူတို့ဝတ်တဲ့ အဝတ်အစားဟောင်းတွေ လာပေးပါတယ်။

"ရေချိုးပြီးရင် သန့်သန့်ပြန့်ပြန့်ဝတ်ထားကြ" လို့လည်း ပြောခဲ့ပါတယ်။ ကျွန်မတို့ ရေချိုးပြီးတော့ တဲထဲကို ပြန်ဝင်ပါတယ်။

ခဏကြာတော့ စစ်အရာရှိတစ်ဦးနဲ့ အာရပ်လူကြီးနှစ် ယောက်ရောက်လာပြီး မိန်းကလေး ဆယ်ယောက် ကို လက်ညှိုးထိုး ရွေးလိုက်ပါတယ်။

တစ်ယောက်ကတော့ ကျွန်မရွာရဲ့ ကပ်လျက်ရွာက ကျွန်မ သူငယ်ချင်း ကူမောဆိုတဲ့ မိန်းကလေးတစ်ယောက်ပါ။ အရွေးခံရတဲ့ ဆယ်ယောက်ထဲ ကျွန်မလည်းပါတယ်။ သူတို့ရွေးလိုက်ရင် ပြန်လမ်း မရှိတော့ပါဘူး။ ကျွန်မ ရှာရန်ဘက်ကိုလှည့်ပြီး သူ့ကိုဖက်ထားလိုက်ပါတယ်။ ရှာရန်ကလည်း ကျွန်မကို တင်းကျပ်စွာဖက်ထားပြီး သူမရဲ့ မျက်ဝန်းကကျနေတဲ့ မျက်ရည်တွေဟာ ကျွန်မရဲ့ ပခုံးပေါ်တောင် ရွှဲစိုနေပါတယ်။

"ရှာရန် အရင်က အရွေးခံရတဲ့ မိန်းကလေးတွေလိုပဲ အစ်မ လည်း ပြန်လမ်းရှိမှာမဟုတ်ဘူး။ ညီမလေးက ဒီမှာ အကြာကြီးနေရမှာ မဟုတ်ဘူး။ အစ်မလည်း ဘယ်ကိုသွားရမလဲ ဘယ်ရောက်မလဲ ဆိုတာမသိဘူး။ မငိုနဲ့ရှာရန် သတ္တိရှိရှိနဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည် မှုအပြည့်နဲ့နေ ဟုတ်ပြီလား" လို့ပြောပြီး နှုတ်ဆက်ခဲ့ပါတယ်။

ကျွန်မတို့ကို အာရပ်အမျိုးသားတွေက အဝတ်အစား ကောင်းကောင်းတွေဝတ်ခိုင်းပြီး သူတို့နဲ့ အတူ ခေါ်ဆောင်ရာ လိုက် သွားကြပါတော့တယ်။

အခန်း(၉)

စခန်းအပြင်ဘက်မှာရပ်ထားတဲ့ ကုန်တင်ကားအသေးလေး နှစ်စင်း ပေါ်ကို ကျွန်မတို့ ငါးယောက်စီ ခွဲတက်ကြပါတယ်။ ကားပေါ် မတက်ခင် ကားရဲ့ ဘက်ကြည့်မှန် နောက်ကြည့်မှန်ကနေ တစ်ချိန်လုံး စောင့်ကြည့်နေမှာ ဖြစ်ကြောင်း ကျွန်မတို့ကိုပြောထားပါတယ်။ ကျွန်မတို့ရဲ့ နူဘာမျိုးနွယ်စုတွေဟာ မှန်ဆိုတာကို မသိကြပါဘူး။ ကားစထွက်တော့ ကားပေါ်မှာပါတဲ့ အခြားလေးယောက်ကို ကျွန်မ သေချာကြည့်လိုက်ပါတယ်။ သူတို့နာမည်တွေကို မေးကြည့်တော့ အက်ရှ်ကူးနား၊ ကူမော၊ ကေကိုနဲ့ အန်မိုတို့ဖြစ်ကြပါတယ်။ ကားထဲမှာက ကျွန်မက အသက်အကြီးဆုံးဖြစ်ပါတယ်။

ခဏကြာတော့ မြစ်တစ်ခုနားကို ရောက်လာပါတယ်။

ကျွန်မတို့ရောက်တဲ့နေရာက ကျွန်မနဲ့ ကျွန်မအဖေ ဦးလေးတို့ အစ်ကိုဘာဘို ဆေးရုံတက်တုန်းက တစ်ညအိပ်ခဲ့ရတဲ့မြစ် ဆိုတာ သိလိုက်ပါတယ်။ ချက်ချင်းပဲ ကျွန်မမျက်ရည်တွေ ကျလာခဲ့တယ်။ ကျွန်မမိသားစု အခုဘယ်ရောက်နေပြီလဲ။ သေပြီလား ရှင်သေးလား။ ကျွန်မတို့ကို ဖမ်းခဲတဲ့စခန်းက ဒီးလင်းမြို့ရဲ့ အပြင် ဘက်မှာရှိတယ်ဆို တာ သေချာပါတယ်။ အခုတော့ ချောင်းက ရေတွေ ခန်းနေပါပြီ။ ခြောက်သွေ့နေတဲ့ ချောင်းကိုဖြတ်ပြီး ဒီးလင်းလမ်းမကြီး ရောက်အောင် နာရီဝက်ခန့် မောင်းခဲ့ရပါတယ်။ ဖြတ်မောင်းလာတဲ့ ဒီးလင်း မြို့ရဲ့ အဆောက်အဦးတွေ လမ်းတွေကို ကျွန်မမှတ်မိနေပါတယ်။

ဒီးလင်းမြို့ကိုရောက်ပြီလို့ ကျွန်မသိတဲ့အခါ ထွက်ပြေးလွတ် မြောက်ဖို့ ကြိုးစားပါတော့တယ်။

“အစ်မ ရွာပြန်တဲ့လမ်းကိုသိတယ်။ မီးပွိုင့်ရောက်ရင် ယာဉ်မောင်း အရှိန်လျှော့လိမ့်မယ်။ သူအရှိန်လျှော့ရင် အစ်မအချက်ပြမယ် ခုန်ဆင်းထွက်ပြေးကြတာပေါ့” လို့ စည်းရုံးလိုက်ပါတယ်။ ပထမတော့ မိန်းကလေးတွေ အရမ်းကြောက်နေပေမယ့် ကျွန်မတို့ရဲ့ ခုလို ထွက်ပြေးတာဟာ တစ်ခုတည်းသော အခွင့်အရေးဖြစ်တယ် ဆိုတာကို လက်ခံလိုက်ပြီး ထွက်ပြေးဖို့ ဆုံးဖြတ် လိုက်ပါတယ်။ ဒါပေမယ့် မီးပွိုင့်ကသိပ်မရှိတဲ့အပြင် အရှိန်ကလည်း မလျှော့ပါဘူး။

“မန်ဒီ အစ်မမေ့နေတယ်နဲ့ တူတယ်။ သူ့မှာ ကျွန်မတို့ကို ကြည့်လို့ရတဲ့ ဟိုဟာ(မှန်) ကြီးရှိတယ်” လို့ အက်ရှ်ကူးမားက သတိပေးပါတယ်။ အဲဒါနဲ့ပဲ ပြေးဖို့ကိစ္စ အထမမြောက်ခဲ့ပါဘူး။

အဲဒီလိုနဲ့ ကျွန်မတို့ ဒီးလင်းမြို့ကို ဖြတ်ကျော်လာခဲ့ပါတယ်။ ဖုန်ထူလှတဲ့ လမ်းတွေဘက် ကိုရောက် ကားတွေဟာ အရှိန်မြင့် မောင်းလာပြီး နူဘာတောင်တန်းတွေကို ရေးတေးတေးလေးပဲ မြင်ရ ပါတော့တယ်။

နောက်ထပ် နှစ်နာရီ သုံးနာရီလောက်ကြာတော့ ကျွန်မတို့ ကျန်းမာရေး အပေါ့အပါး သွားချင်ကြတယ်။ ချုံထဲအပေါ့သွားရင် အာရပ်ကြီးတွေရဲ့ရန်ကို ကြောက်လို့ ကားနောက်မှာပဲ ကိစ္စတွေကို ရှင်းခဲ့ကြတယ်။ ကျွန်မ တစ်ကိုယ်လုံး ကိုက်ခဲနေပြီး သူတို့က ကျွန်မ ထက်ဆိုးမယ်လို့ ထင်ပါတယ်။ တစ်နေ့ခင်းလုံး တောက်လျှောက် မောင်းလာပါတယ်။ ညနေမှောင်ရီသန်းတဲ့အထိ ဆက်မောင်းနေပြီး ကန္တာရရဲ့ ညအပူချိန်က လျော့လာပါတယ်။ နောက်တော့ တဖြည်း ဖြည်းအေးလာပြီး ကျွန်မတို့တွေ နီးနီးကပ်ကပ် နွေးထွေးအောင်နေ ကြပါတယ်။ အအေးဒဏ်ကို မခံနိုင်တော့တဲ့ကျွန်မက

"ဒရိုင်ဘာ ဒရိုင်ဘာ ကျွန်မတို့တွေ အရမ်းအေးနေပြီ။ ကျွန်မတို့ ခြုံဖို့ တစ်ခုခုမရှိဘူးလား" လို့ နောက်ကနေ လှမ်းအော်ပြော တော့

"အေး…… ကားထောင့်မှာ ရွက်ဖျင်ထည်ရှိတယ် အဲဒါကို စုပေါင်းခြုံ" လို့ လှမ်းပြောပါတယ်။ ရွက်ဖျင်ထည်က အသား အရမ်းထူလို့ နွေးနွေးထွေးထွေး ရှိသွားပါတယ်။ နောက်ထပ် သုံးလေးနာရီ ကြာတဲ့အခါ တဲတစ်ခုနားမှာ ကားကိုခဏရပ်လိုက်ပါတယ်။ လမ်းဘေး ကော်ဖီဆိုင် လို့ထင်ပြီး ကော်ဖီဆိုင်ပိုင်ရှင်က ပေါင်မုန့်၊ ပဲဟင်းတွေယူလာတော့ ကျွန်မတို့မျှဝေစားကြပါတယ်။ အာရပ်ကား သမားတွေကတော့ ကျွန်မတို့ခုံဘေးမှာ ထိုင်စားကြပါတယ်။

ကျွန်မတို့ စားပြီးသွားတော့ သူက "စားစရာတွေ ထပ်ယူဦး မလား" လို့မေးတော့ ကျွန်မတို့ နူဘာရွာသားတွေရဲ့ ထမင်းစားပြီးသောက်လေ့ရှိတဲ့ "နွားနို့ရမလား" လို့မေးတော့ နွားနို့တော့ မရှိဘူးလို့ သူကပြောပါတယ်။ ကားပေါ်ကို ပြန်တက်ကြတဲ့အခါ သူက

"ငါတို့ ဘယ်ကိုသွားနေတာလဲသိလား ငါတို့ ဆူဒန်နိုင်ငံရဲ့ အလှပဆုံးမြို့တော် ခါတွန်မြို့ကို သွားနေတာ" လို့ သူကပြောပါတယ်။

ခါတွန်မြို့ဆိုတာ ဘယ်မှာရှိသလဲမပြောနဲ့ ခါတွန်မြို့ဆိုတာ ဆူဒန်နိုင်ငံရဲ့ မြို့တော်ဆိုတာကို မသိပါဘူး။ ကျွန်မတို့တွေ အရမ်း အိပ်ချင်လာတာနဲ့ မေးရင်း နာရီပေါင်းများစွာ အိပ်ပျော်သွားကြပါတယ်။

ကျွန်မအိပ်ရာနိုးလာတော့ ညနေစောင်းအချိန် ရောက်နေပါပြီ။ ဟိုးအဝေးမှာ မီးရောင်တွေနဲ့ ထိန်ညီးနေတဲ့ အဆောက်အဦ တွေကို တွေ့နေရပါတယ်။ အခြားသူတွေကိုနှိုးလိုက်ပြီး

"ကြည့်ကြပါဦး၊ ကြည့်စမ်း ဟိုးမှာ အလင်းရောင်တွေ၊ မီးရောင်တွေ၊ ကောင်းကင်မှာ လလည်းမထွက်ဘဲနဲ့ မီးရောင်စုံတွေ ဘယ်ကနေ ရောက်လာတာပါလိမ့်" လို့ သူတို့ကို လက်ညှိုးထိုးပြခဲ့ပါတယ်။ ကျွန်မတို့ နူဘာတောင်တန်းတွေနဲ့ တောင်တန်းတွေ တစ်ဝိုက်မှာ လျှပ်စစ်မီးဆိုတာ မရှိပါဘူး။ အဲဒီ မီးရောင်စုံတွေဟာ နေ ဒါမှမဟုတ် လက လာတယ်လို့ပဲ ထင်မိခဲ့ကြတယ်။ အဆောက်အဦတွေနဲ့ နီးလာတဲ့အခါ တချို့က ကျွန်မတို့ရွာကို ဝန်းရံထားတဲ့

တောင်တန်းတွေလိုပါပဲ။ ရှည်လျားမြင့်မားလှပါတယ်။ ကျွန်မတို့ ဒီလိုမျိုး မီးရောင်စုံ ထိန်ထိန်ညီးနေတဲ့ အဆောက်အဦတွေကို အရင်က မမြင်ဘူးလို့ ကျွန်မတို့ရဲ့ ကြောက်ရွံ့မှုတွေ၊ နာကျင်မှုတွေကို ခဏမေ့သွားကြပါတယ်။ ဒါ့အပြင် ရောင်စုံမီးတွေနဲ့ ရွှေ့လျားနေတဲ့ လှပတဲ့ကားတွေကိုလည်း တွေ့ရပါတယ်။ ကျွန်မတို့ နူဘာဒေသမှာ ဆိုရင် အရမ်းဟောင်းနွမ်းနေတဲ့ ကုန်တင်ကားတွေပဲ တွေ့ရလေ့ရှိပါတယ်။

"ဒီလောက်များတဲ့ကားတွေကို ဘယ်မှာသွားထားကြလဲ မသိဘူး။ ကားကြီးတွေက ကားလေးတွေကို မွေးပေးလို့ အဲဒီလောက် ကားတွေ များနေရတာလား" အက်ရှ်ကူနားက ပြောလိုက်ပါတယ်။ ဆယ့်နှစ်နှစ် အရွယ်ကျွန်မနဲ့ ဆယ့်နှစ်နှစ်အောက် သူတို့အဖို့ နူဘာ တောင်တန်းတွေနဲ့ လုံးဝမတူကွဲပြားနေလို့ အခြားကမ္ဘာကို ရောက်နေသလို ခံစားနေရပါတယ်။

ဒါပေမဲ့ နူဘာတောင်တန်းတွေက ရှူရှိုက်ရတဲ့လေဟာ သန့်ရှင်းလတ်ဆတ်ပြီး ကျွန်မတို့ရောက်နေတဲ့ နေရာရှိ လေကို ရှူနေရတာ ညှီစို့စို့အနံ့တွေ ရနေပါတယ်။ အဲဒီလိုအနံ့တွေက ကားဆီကလား၊ ပွတ်သိပ်နေတဲ့ အိမ်တွေကလား၊ ဒါမှမဟုတ် ဒီမြို့မှာနေကြတဲ့ လူတွေဆီကလား။ နွားတွေ၊ ကျွဲတွေ မပြောနဲ့ တိရစ္ဆာန်တစ်ကောင်မှ မတွေ့ရသလို လယ်ကွင်းတွေလည်း မရှိကြပါဘူး။ လမ်းရဲ့ ဘေးတစ်ဖက်တစ်ချက်မှာတော့ မီးရောင်စုံနဲ့ အိမ်တွေရှိပါတယ်။ တချို့အိမ်တွေက တစ်အိမ်နဲ့တစ်အိမ် မတူကြပါဘူး။ တချို့ကအဖြူရောင်၊ တချို့က အဝါရောင်၊ တချို့က အနီရောင်တွေ ရှိကြပါတယ်။ လမ်းဘေးမှာ လူသွားလမ်းရှိပါတယ်။ လူသွားလမ်းမှာ လျှောက်နေကြတဲ့လူတွေက ဘောင်းဘီရှည် ဝတ်ထားကြပါတယ်၊ တချို့မိန်းမတွေက ဆံပင်ရှည်ရှည် မိန်းမတွေလည်း တွေ့ရပါတယ်။

နောက်ဆုံးမှာ ကျွန်မတို့စီးလာတဲ့ ကားလေးဟာ လှပတဲ့ အိမ်လေးတစ်အိမ်ရှေ့မှာ ရပ်လိုက်ပါတယ်။ ကားဒရိုင်ဘာက အိမ်ရှေ့ကိုသွားပြီး ခလုတ်ကလေးတစ်ခုသွားနှိပ်တော့ အသံတစ်သံကို ကျွန်မတို့ကြားလိုက်ပါတယ်။ နူဘာလူမျိုးလို့ထင်ရတဲ့ လူကြီးတစ်ယောက် အိမ်ထဲကနေ ထွက်လာပါတယ်။

ထွက်လာတဲ့လူက ကားဒရိုင်ဘာကို အာရေဗျလို နှုတ်ဆက် ပါတယ်။ အဲနောက် ကျွန်မတို့ကားဆီ ရောက်လာပြီး "မင်္ဂလာပါ ကလေးတို့ရေ၊ နွေးထွေးစွာနဲ့ ကြိုဆိုပါတယ်" လို့ ကျွန်မတို့ကို နှုတ်ဆက်လိုက်ပါတယ်။ သူ့ပုံက ကြင်နာတဲ့ပုံရှိပေမယ့် ကျွန်မတို့ကို တော့ မျက်နှာချင်းဆိုင် မကြည့်ပါဘူး။ နူဘာလူမျိုးဖြစ်ရဲ့သားနဲ့ ဒီလို ဝေးလံလှတဲ့နေရာကို ဘယ်လို ရောက်လာတာလဲ။ သူ့ဘာသာသူဒီကို လာတာလား။ အဖမ်းခံရပြီး ဒီကိုရောက်လာတာလား။

"ကဲ ကလေးတို့ အိမ်ထဲကိုဝင်ကြမယ်။ ဦးလေးနောက်က လိုက်လာကြ" လို့ပြောပြီး အိမ်ထဲကို ကားဒရိုင်ဘာက ဦးဆောင်ဝင် သွားပါတယ်။

အခန်း(၁၀)

အိမ်ရှေ့ဝင်းထဲမှာ ကားနှစ်စီးရပ်ထားပါတယ်။ အိမ်ထဲဝင်တော့ တံခါးပေါက်တွေက မှန်တွေတပ်ထားပြီး အုတ်စီဆောက်ထားတဲ့တိုက်အိမ်တစ်လုံးဖြစ်ပါတယ်။ အိမ်က နှစ်ထပ်အိမ်ဖြစ်ပြီး ကျွန်မဘဝမှာ တွေ့ဖူးသမျှထဲမှာ ခေတ်အမီဆုံးဖြစ်ပါတယ်။ ကျွန်မတို့ မြေအောက်ခန်းထဲကို ဆင်းလာကြတယ်။ မြေအောက်ခန်းထဲမှာ မီးလုံးတစ်လုံးထွန်းထားပြီး မွေ့ယာတွေ၊ စောင်တွေ၊ သေတ္တာတွေ လည်းတွေ့ရတယ်။ ကျွန်မတို့ကို မြေအောက်ခန်းထဲကို ခေါ်လာတဲ့ ကားဒရိုင်ဘာရဲ့ နာမည်က အဒူအဇင်ဖြစ်ပါတယ်။ အဒူအဇင်က အပေါ်ထပ်ကို

"ဂျိုအဟား၊ ဂျိုအဟားရေ အောက်ကိုဆင်းပြီး လာကူလှည့်ပါဦး" လို့ လှမ်းခေါ်တော့ အမျိုးသမီးကြီး အောက်ထပ်ကို ဆင်းလာပြီး အဒူအဇင်ကို ပွေ့ဖက်လိုက်ပါတယ်။

"ဒီတစ်ခါရောက်လာတဲ့ ကျွန်မိန်းကလေးတွေက အချောလေးတွေပဲ" လို့ အာရေဗျလို ပြောပါတယ်။ အမျိုးသမီးကြီးပြောတာ အခြားလူတွေမသိပေမယ့် ကျွန်မက အာရေဗျ ဘာသာစကားကို ကျောင်းမှာ လေ့လာထားလို့ အားလုံးနားလည်ပါတယ်။

အဲဒီနောက် အပေါ်ထပ်က အမျိုးသမီးကြီးတစ်ဦး ရောက်လာပြီး မွေ့ယာ၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးကအစ အိပ်ဖို့စီစဉ်ပေးပါတယ်။

"ငါတစ်နေကုန်တစ်နေခန်း ကားမောင်းလာရတာ ငါ ဘာဆိုဘာမှမလုပ်ချင်တော့ဘူး" လို့ အဒူအဇင်က မိန်းမဖြစ်သူ ဂျိုအဟားကို ပြောပါတယ်။

"အဲ့ကောင်မလေးတွေ ဘယ်ကတွေ့ခဲ့တာလဲ။ ဈေးကြီးကြီးပေးပြီးဝယ်ခဲ့တာလား" လို့မေးတော့

"ငါ ရေချိုးလိုက်ဦးမယ်" လို့ပြောပြီး အပေါ်ထပ်ကို တက်သွားပါတယ်။ နောက်တော့ သူ့မိန်းမလည်း အပေါ်ထပ်ကို တက်သွားပါတယ်။

အာရှာဆိုတဲ့ အမျိုးသမီးကြီးက ကျွန်မတို့လိုအပ်တာတွေ ကို ဆောင်ရွက်ပေးပြီး အပေါ်ထပ်ကို တက်သွားပြန်ပါတယ်။ အာရှာ ဆိုတဲ့ အမျိုးသမီးကြီးထွက်သွားတော့ "ငါတို့ဘယ်ရောက်နေကြတာလဲ။ ဒါ ဘယ်သူ့အိမ်လဲ။ ငါတို့ကို ဘာလို့ဖမ်းထားကြတာလဲ" လို့ တစ်ယောက်ကိုတစ်ယောက် မေးကြပါ တယ်။

နှစ်ဆယ့်ငါးမိနစ်လောက်ကြာတော့ ဒိန်ချဉ်၊ ပေါင်မုန့်တွေ ကျွန်မတို့အတွက်ယူလာပြီး အာရှာ ပြန်ရောက်လာပါတယ်။

ကျွန်မတို့အားလုံး အရမ်းဗိုက်ဆာနေပေမယ့် ဒိန်ချဉ် နည်းနည်းစီ မြည်းကြည့်ပါတယ်။ အရသာရှိတဲ့အတွက် ခဏအတွင်းမှာ ဒိန်ချဉ်ရောပေါင်မုန့်ပါ

ကုန်သွားပါတော့တယ်။ ကျွန်မတို့ ငါးယောက်လုံး အိမ်သာတက်ချင်တာနဲ့ မြေအောက်ခန်းကနေထွက် အပြင်ကအိမ်သာမှာ တက်ခဲ့ကြပါတယ်။ အိမ်သာက ဘိုထိုင်အိမ် သာဖြစ်လို့ ကျွန်မတို့တက်ခဲ့ဖူးတဲ့ အိမ်သာထဲမှာ အကောင်းဆုံး ဖြစ်ပါတယ်။ ကျွန်မ အိမ်သာတက်ပြီးလို့ ရေဆွဲကြိုးကိုဆွဲတော့ ရေတွေ အိမ်သာပေါက်ထဲ ကျလာတဲ့အသံကြောင့် ထပြီးအော်ခဲ့ပါသေးတယ်။ ကျွန်မတို့ အိမ်သာတက် ပြန်လာပြီးတော့ အိပ်ရာထဲဝင်ပါတယ်။ အဲနောက် အာရှာအခန်းထဲကို ဝင်သွားပါတယ်။ အခန်းထဲ ရောက်တော့ အာရှာက

"သမီး မအိပ်သေးဘူးလား" လို့မေးတော့

"သမီးအရမ်းပင်ပန်းပြီး အိပ်ချင်ပေမယ့် အိပ်လို့မရဘူး" လို့ ပြန်ပြောလိုက်ပါတယ်။ အာရှာ ကျွန်မနားလာပြီး

"အန်တီနဲ့သမီး စကားတိုးတိုးပြောလို့ရတယ်။ သူတို့ကြားလို့တော့မရဘူး" လို့ပြောပါတယ်။

"သမီးဘယ်ကလာတာလဲ"

"သမီးနာမည်က မန်ဒီနေဇာ ကျွန်မ နူဘာတောင်တန်း တွေက လာတာပါ"

"အန်တီလည်း နူဘာမျိုးနွယ်စုပဲ။ ကာကိုမျိုးနွယ်ထဲကလေ" လို့ပြောပါတယ်။ နူဘာ မျိုးနွယ်စုတွေ မှာ ကာကိုမျိုးနွယ်စု၊ ဖန့်စ်၊ ရှီမီး၊ ကီမီး၊ မေးလီ၊ ကူနပ်စ်မျိုးနွယ်စုတွေ ပါဝင်ကြပါတယ်။

အာရှာက ကျွန်မကိုအဲ့လိုပြောပြီး ဖက်ထားပါတယ်။ ကျွန်မမိသားစုတွေနဲ့ ကွဲကတည်းက အဲလိုကြင်နာတဲ့ လူသားဆန် နွေးထွေးတဲ့ခံစားမှုမျိုးကို ကျွန်မရလိုက်လို့ အရမ်းပျော်ခဲ့ရပါတယ်။

"အန်တီ ဒီကိုရောက်တာ ဘယ်လောက်ကြာပြီလဲ"

"နှစ်ပေါင်းနှစ်ဆယ်ရှိပြီသမီး"

"ဒါဆို အန်တီအဖေနဲ့အမေကရော ဘယ်ရောက်နေကြလဲ"

"အဲဒီအကြောင်းတွေမပြောတာကောင်းပါတယ် သမီးရယ်"

လို့ အာရှာကပြောပါတယ်။

"သမီးအကြောင်းကိုရော အန်တီသိလို့ရမလား" လို့ မေးတော့

ကျွန်မအကြောင်းကိုစဉ်းစားတော့ မျက်ရည်တွေဝဲ ငိုချင် လာမိတယ်။ အာရှာက ကျွန်မကို တင်းကျပ်စွာ ဖက်ထားလိုက်ပြီး

"သမီးငိုချင်ရင်ငိုသာချလိုက်။ သမီးရဲ့အဖေနဲ့အမေ ဘယ်ကိုရောက်နေလဲ အသက်ရှင်လျက် ရှိသေးရဲ့လား သမီးမသိဘူးမဟုတ်လား။ အဲလိုပဲ အန်တီလည်း အန်တီအဖေအမေကို အသက် ရှင်သေးလား သေသွားကြပြီလား မသိတာ အနှစ်နှစ်ဆယ်လောက်ရှိပြီ သမီး" လို့ အာရှာက ပြောပါတယ်။

ကျွန်မ အာရှာမျက်နှာကိုကြည့်လိုက်တော့ သူမမျက်ဝန်း ကနေ မျက်ရည်တွေ အဆက်မပြတ် စီးနေတာကို တွေ့လိုက်တော့ ကျွန်မလည်း သူ့ကိုတင်းကျပ်စွာဖက်လိုက်ပြီး နှစ်ယောက်သား ရှိုက်ကြီးတငင်ငိုကြပါတော့တယ်။

အဲဒီလို ငိုနေရင်းနဲ့ အာရှာက

"အန်တီ ဆယ်နှစ်သမီးအရွယ်မှာ ဖမ်းခံခဲ့ရတာ အခုထိပဲ လေ။ စိတ်ရှည်ရှည်နဲ့ သူတို့ခိုင်းတာ လုပ်ပေးလိုက်။ အဲလိုမှမဟုတ်ရင် သမီးအရိုက်ခံရလိမ့်မယ်။ သမီးဒီမှာ အကြာကြီးနေရမှာ မဟုတ်ဘူး။ နောက်တစ်အိမ်ကို သူတို့သမီးကိုပို့ကြမှာလေ။ အဒူအဇင် ဆိုတဲ့ ဒီအိမ်ရှင်က ဒီအိမ်ကို မိန်းကလေးတွေ အပတ်စဉ်တိုင်း ခေါ် လာတာလေ" လို့ အာရှာက ပြောပြပါတယ်။

"အန်တီကိုရော ဘယ်အိမ်ကိုပို့လဲ" လို့ ကျွန်မကမေးတော့

"အန်တီက သူ့အဖေသူ့အမေအိမ်မှာ အလုပ်လုပ်ရတာ။ သူ့အဖေအမေသေပြီးတော့ ဒီကိုပြန်ရောက်လာတာ" လို့ပြောပြီး ကျွန်မနဖူးလေး ကိုနမ်းပြီး အိပ်ရာဝင်ခဲ့ကြပါတယ်။

နောက်နေ့မနက်ရောက်တော့ မြေအောက်ခန်းထဲက အဝတ်အစားဟောင်းတွေကို လျှော်ပေးဖို့ ရေမိုးချိုးပြီး အဝတ်အစား အသစ်တွေကိုဝတ်ဖို့ အဒူအဇင်က လာပြောပါတယ်။ ကျွန်မတို့ ရေချိုးခန်းမှာ အဝတ်အစားလဲတော့ မှန်ကြည့်တာ ပထမဆုံးအကြိမ် ဖြစ်ပါတယ်။

ကျွန်မတို့ ရေမိုးချိုးပြီး လုပ်စရာ ဘာမှမရှိတဲ့အတွက် အခန်းထဲမှာ ကျောက်စရစ်လုံး လေးတွေနဲ့ ကစားနည်း ကျောက်စရစ်တစ်လုံးကို အပေါ်ကိုအနည်းငယ်ပစ် အောက်က ကျောက်စရစ်ခဲကိုကောက် အပေါ်က ပစ်လိုက်တဲ့ ကျောက်စရစ်ခဲကိုဖမ်း ကစားကြပါတယ်။ ဒါကို ဇယ်ခုတ်တမ်း ကစားတယ် လို့ခေါ်တယ်။ ကျွန်မတို့ စိတ်လွတ်လက်လွတ်ကစားတာ အသံထွက်ပြီး အနည်းငယ်ဆူညံသွားပါတယ်။

"နင်တို့ ဘာတွေလုပ်နေကြတာလဲ။ နင်တို့ရောက်တဲ့ ဒီနေရာကို ဘယ်လိုနေရာလို့ ထင်နေကြလို့လဲ" လို့ပြောပြီး

"ကဲ အချိန်မရှိဘူး၊ လုပ်စရာတွေအများကြီးပဲ။ ငါနဲ့လိုက်ခဲ့" လို့ ပြောဆိုရင်း အိမ်ရှေ့ ကွက်လပ်ဆီ ကျွန်မတို့ကိုခေါ်သွားပါတယ်။ မြေအောက်ခန်းက မှောင်ပေမယ့် အိမ်ရှေ့အပြင်ဘက်မှာ နေရောင်လည်းရ လေကောင်းလေသန့်လည်းရပါတယ်။

ခဏကြာတော့ ဂျိုးအဟား ကြက်သွန်နီအိတ်ကြီး တစ်အိတ်ရယ် လင်ဗန်းကြီးနဲ့ ဓားလေးငါးချောင်းရယ်နဲ့ ရောက်လာပါ တယ်။

"ကဲ ကြက်သွန်နီတွေအခွံခွာ ပါးပါးလှီးပေးဟုတ်ပြီလား"

ကျွန်မတို့တွေ ကြက်သွန်အခွံခွာတာ ခဏကြာတော့ မျက်ရည်တွေကျလာပါတယ်။ ကျွန်မ အပေါ်ထပ်ပြတင်းပေါက်နားက အာရှာ လှမ်းအကူအညီတောင်းတော့ သူ့မှာလုပ်စရာအလုပ်တွေ ရှိသေးတယ်လို့ ပြန်ပြောပါတယ်။

ခဏကြာ အိမ်ရှေ့မှာ ဧည့်သည်တွေရောက်လာ စကားပြောကြ

ရယ်ကြမောကြနဲ့ အပေါ်ထပ်ကိုတက်သွားကြတာ လှမ်းတွေ့နေရပါတယ်။

ကြက်သွန်နီအခွံခွာရင်း ညကအာရှာပြောခဲ့တာတွေကို ပြန်စဉ်းစားနေမိတယ်။

"အာရှာလိုပဲ အာရပ်တွေအတွက် ငါအလုပ်လုပ်ပြီး ငါ့ဘဝ အာရှာလိုပဲ အဆုံးသတ် သွားတော့မှာလား" ကြက်သွန်နီအိတ်တစ် အိတ်ခွာပြီးသွားတဲ့အခါ မိန်းမကြီး ဂျီအဟား နောက်တစ်အိတ် ထပ်ယူလာပါတယ်။

"ဒီနေ့ပြီးအောင် အခွံခွာလီးရမှာနော်" လို့ ပြောပြီး ပြန်လှည့်သွားပါတယ်။

နေ့လည် ထမင်းစားချိန် ရောက်တဲ့အခါ အာရှာက ကျွန်မတို့ ကြက်သွန်နီလှီးတဲ့လူတွေ အတွက် ထမင်းနဲ့ပဲဟင်း အစားအသောက် အနည်းငယ်ယူလာပါတယ်။ ကျွန်မတို့ ကြက်သွန်နီတွေကို လှီးပြီး နေပူလှန်း၊ ကြက်သွန်ဖြူ၊ ငရုတ်သီးနဲ့ အသားတွေလည်း လှီးပေးရပါတယ်။ မွတ်ဆလင်တွေရဲ့ ရာမန်ဥပုသ်လ ရောက်တဲ့အခါ အခြောက်လှမ်းထားတဲ့ အစားအစာတွေကို အခြားအစားအစာတွေ နဲ့ရောပြီး အရမ်းစပ်တဲ့ အသားကြော်တွေ ချက်ကြပါတယ်။

"ဟိုအပေါ်ထပ်ကအခန်းမှာ လူတွေအများကြီးပဲ ဘာလုပ်နေကြတာလဲ" လို့ ကျွန်မ အာရှာကို မေးလိုက်ပါတယ်။

"ဧည့်သည်တွေ စားရင်းသောက်ရင်း စကားပြောနေကြတာလေ။ အခန်းထဲ ဆယ့်ငါးယောက် နီးပါး ရှိမယ်ထင်တယ်။ သူတို့ကို ဧည့်ခံဖို့ချက်ပြုတ်နေရတာ အရမ်းပင်ပန်းတာပဲ" လို့ အာရှာက ပြောပါတယ်။

ဂျီအဟားဟာ အသက်သုံးဆယ်ဝန်းကျင် အမျိုးသမီးတွေ ကို ကျွန်မတို့အလုပ်လုပ်နေတာ ခေါ်လာပြီးပြပါတယ်။ သူတို့ ဝတ်ထားတဲ့ အဝတ်အစားတွေဟာ အရမ်းလှပသေသပ်လွန်းလို့ တော်ဝင်မင်းသမီးတွေ လို့ထင်ရပါတယ်။ ဆံပင်ရှည်ရှည်နဲ့ ရွှေလက်ကောက် ရွှေဆွဲကြိုးတွေ ဆွဲထားပြီး သူတို့ဆီက အရမ်းမွှေးတဲ့အနံ့ တွေကို ရနေပါတယ်။

"ရာမန်ဥပုသ်အတွက် လိုအပ်တာတွေ ကြိုတင်ပြင်ဆင် တဲ့အနေနဲ့ သူတို့ကို ခိုင်းနေတာပေါ့။ ကောင်းလိုက်တာ ဂျီအဟား ရယ်။ ရှင့်မှာ ခိုင်းစရာကောင်မလေးတွေနဲ့ပေါ့။ ကံကောင်းပါတယ်။ ရာမန်ဥပုသ်လအတွက် ကျွန်မဘာမှမစီစဉ်ရသေးဘူး။ ကျွန်မကတော့ အသားနဲ့ ကြက်သွန်နံ့တွေကို မခံနိုင်ဘူး" လို့ မိန်းမထဲက တစ်ယောက်က ကျွန်မတို့ကိုကြည့်ပြီး ဆိုလာပါတယ်။

အဲဒီအမျိုးသမီး ပြောတာကို ကျွန်မကြားလိုက်တော့ အရမ်း ဒေါသထွက်မိတယ်။ အလ္လာရှင်မြတ်က သူတို့ကိုပဲ ကျွန်မတို့ထက် ပိုကောင်းအောင် ဖန်ဆင်းထားသလိုမျိုး ပြောနေပါတယ်။ အလ္လာရှင်မြတ်က ကျွန်မတို့ကို ညီတူညီမျှ ဖန်တီးထားတာပါ။ ကျွန်မတို့ လူသားအားလုံး အနိမ့်အမြင့်မခွဲခြားဘဲ အတူတူပဲဖြစ်ပါတယ်လို့ အလ္လာက ပြောထားပါတယ်။

ခဏကြာတော့ ဂျီအဟားနဲ့ အဲဒီမိန်းမတွေ ထွက်သွားပါတယ်။ အာရှာက စိတ်ဆိုးတဲ့မျက်နှာနဲ့

"အဒူအဇင်က သူ့အိမ်မှာ နင်တို့လို မိန်းကလေးတွေ ရောက်လာတိုင်း သူတို့ကိုဖိတ်ပြီး ခေါ်ပြလေ့ရှိတယ်။ သူတို့ခိုင်းတာကို လုပ်ပေးလိုက်ပါ သမီးတို့ရယ်။ သမီးတို့ဒီကနေထွက်သွားပြီး သူတို့ အိမ်တွေကို ရောက်သွားရင် သမီးတို့ကို မကျေနပ်ချက်နဲ့ နှိပ်စက်ခိုင်းကြမှာကို မြင်ယောင်နေမိတယ်" လို့ဆိုပါတယ်။

နောက်နေ့မှာ ကျွန်မတို့ကို အသားတုံးတွေ လှီးခိုင်းပြီး နေခြောက်လှမ်းခိုင်းပါတယ်။ တတိယမြောက်နေ့မှာတော့ ပဲတွေ အခွံခွာပြီး ထောင်းရပါတယ်။ အလုပ်လုပ်ရလွန်းလို့ ကျွန်မလက်တွေ အရေကြည်ဖုတွေနဲ့ လက်တစ်ပြင်လုံးနီရဲနေတယ်။

လေးရက်မြောက်နေ့မှာ ဂျိုအဟားက ကျွန်မတို့ကို ရေချိုးခိုင်းပါတယ်။ ကျွန်မတို့က နောက်နေ့မှ ချိုးမယ်လို့ပြောတော့ ကျွန်မတို့ကို စိတ်ဆိုးဒေါသထွက်ပြီး အတင်းရေချိုးခိုင်းလို့ ချိုးခဲ့ရပါတယ်။

ရေချိုးပြီးတော့ အာရှာက မြေအောက်ခန်းထဲကို အစားအသောက်တွေ ယူလာပါတယ်။ ထောပတ်ရယ်၊ ယိုရယ်၊ ဒီတစ်ခါ နွားနို့လည်းပါလာပါတယ်။ အာရှာလည်း ကျွန်မတို့နဲ့ ညနေစာ ထိုင်စားတော့ သူ့မျက်နှာမှာ စိုးရိမ်သောကတွေ ဖြစ်နေလေရဲ့။

"မန်ဒီ သမီး ဂျိုအဟားကို ခံမပြောနဲ့။ သူခိုင်းတာကို လုပ်ပေးလိုက် ရေချိုးဆို ဆိုချိုးပေးလိုက် ပြီးတာပဲမဟုတ်လား။ သမီး အရိုက်ခံရမှာစိုးလို့ပါ သမီးရယ်" လို့ ကျွန်မကို ပြောပါတယ်။

"ဟုတ် အန်တီအာရှာ သမီးအရိုက်မခံချင်ပါဘူး။ အရမ်းလည်း ပင်ပန်းပြီး အရင်က အဲလို ဘာလုပ်ပါ ညာလုပ်ပါ အပြောမခံရဘူးလေ။ အဲဒါကြောင့် ပြန်ပြောမိတာပါ" လို့ တိုးတိုးလေးရှင်းပြ လိုက်တယ်။

"မြေအောက်ခန်းမှာ ဘာလို့ဒီလိုအခန်းကြီးတစ်ခန်း ရှိနေရတာလဲ။ ဒီလိုအခန်းဆိုတာ လူသေတွေကို မြှုပ်တဲ့အုတ်ဂူတွေနဲ့ ဂူတယ်။ မသေဘဲနဲ့ ငါတို့ဘာလို့ အုတ်ဂူထဲနေနေရတာလဲ" လို့ အက်ရှ်ကူးနားကို ကျွန်မမေးလိုက်တာ ကြားသွားတဲ့အာရှာက

"အန်တီလည်း အဒူအဇင်ရဲ့ အဖေအိမ်ကိုရောက်တုန်းက သူတို့ကအန်တီကို မြေအောက်ခန်း ထဲမှာပဲ ထားခဲ့တာ။ အန်တီအရမ်း ကြောက်ခဲ့ရတာ။ သရဲတွေလည်း အများကြီးရှိမယ်ထင်တာ။ တစ်ယောက်ထဲ မြေအောက်အခန်းထဲ နေခဲ့ရတာ ဘယ်လောက်တောင် ခြောက်ခြားစရာ ကောင်းလိုက်မလဲ ဆိုတာ စဉ်းစားကြည့်ပေါ့သမီးတို့ရာ" လို့ အာရှာက ပြောပြတယ်။

ခဏအကြာ ဂျိုအဟား အဒူအဇင်တို့နဲ့အတူ အမျိုးသား မြေအောက်ခန်းထဲရောက်လာကြလို့ ကျွန်မတို့ စကားစဖြတ်လိုက်ကြတယ်။ အာရှာအပြင်ထွက်သွားပြီး အဲလူစုကြီး အမျိုးသမီးတစ်စု က ကျွန်မတို့ကို သေချာစိုက်ကြည့်ကြပါတယ်။

"အဒူအဇင် ခင်ဗျား ဒီတစ်ခါခေါ်လာတဲ့ မိန်းကလေးတွေက

အချောလေးတွေပဲ။ အရင်က ကောင်မလေးတွေထက် လှလည်းလှ သန့်လည်းသန့်ကြတယ်” လို့ တစ်ယောက်ကပြောတယ်။

“သူ့နာမည်က အက်ရှ်ကူးမား၊ ဒါက အန်မိုပါ။ သူတို့ နာမည် ကတော့ ခေါ်ရတာမကောင်းဘူး။ သူ့နာမည်က မန်ဒီ ပြောရဆိုရတာ နည်းနည်းအဆင်မပြေပေမယ့် ခိုင်းရတာတော့ကောင်းတယ်။ ကြိုက်တဲ့ မိန်းကလေးကိုရွေး ဘယ်သူ့ကို သဘောကျတုန်း” လို့ ဂျိုအဟား က လာကြည့်တဲ့သူတွေကို မေးနေပါတယ်။

“အခုဆုံးဖြတ်လို့မရသေးဘူး။ မနက်ဖြန် ဖုန်းဆက်ပြောမယ်လေ” လို့ တစ်ဦးကဆိုတော့

“အခုရွေးမထားဘူးဆိုရင် တစ်ယောက်ယောက်လာပြီး ရှင်တို့ သဘောကျတဲ့ ကောင်မလေးတွေကို ကြိုရွေးသွားမှဖြင့် အားနာစရာတွေဖြစ်ကုန်မှာပေါ့” လို့ ပြောတော့

အမျိုးသမီးကြီးတစ်ဦးက ကျွန်မတို့ကိုသေချာကြည့်ပြီး “ကဲ ဂျိုအဟားရေ အပေါ်ထပ်မှာ ကော်ဖီသောက်ပြီး ပြောကြတာပေါ့” လို့ပြောရင်း အပေါ်ထပ်ကိုတက်သွားကြပါတော့တယ်။ သူတို့ မြေအောက်ခန်းကနေ အပေါ်ထပ်ကိုတက်သွားတဲ့အခါ

“အာရှာရေ ဧည့်သည်တွေ ကော်ဖီသောက်ဖို့ အဆင်သင့်ပြင်ဟေ့ မြန်မြန်လုပ်နော်” လို့ အော်သံကိုလည်း ကြားလိုက်ရ ပါတယ်။

အခန်း(၁၁)

အာရှာအိပ်ဖို့ အောက်ထပ်ကိုဆင်းလာတဲ့အခါ ကျွန်မ အက်ရှ်ကူးမားရဲ့ဆံပင်ကို ကျစ်ပေးနေပါတယ်။

"မအိပ်ကြသေးဘူးလား သမီးတို့။ ဆံပင်ကျစ်နေကြတာလား။ အက်ရှ်ကူးမားရဲ့ဆံပင်က ချစ်စရာလေးနော်။ အချိန်ရရင် အဲလို ဆံပင်လေးကို ကျစ်ထားချင်လိုက်တာ" လို့ အာရှာက ကျွန်မ အက်ရှ် ကူးမား ဆံပင်ကျစ်ပေးနေတာကို တွေ့လို့ ပြောလိုက်ပါတယ်။ အဲဒီနောက် ခဏတွေဝေသွားပြီး

"မန်ဒီ အန်တီပြောစရာရှိလို့၊ သမီး မနက်ဖြန် ဒီအိမ်ကနေအခြားနေရာကို ပြောင်းရတော့မယ်"

"ဘယ်ကိုပြောင်းရမှာလဲအန်တီ" လို့ ကျွန်မကိုမေးလိုက်တဲ့အခါ

"အန်တီ ညှော်ခန်းကို ကော်ဖီသွားပို့တော့ သူတို့စကားပြောတာကြားရတယ်" သူတို့ဆွေးနွေး ပြောနေတာတွေက

"ရှင်ဆုံးဖြတ်ပြီးပြီလား။ ဘယ်ကောင်မလေးကို သဘောကျလဲ နာမည်တော့မမှတ်မိဘူး။ ခေါ်ရတာတော့လွယ်ပါတယ်။ အော် မှတ်မိပြီ မန်ဒီ" ဆိုတဲ့နာမည်ကို ငါကြားခဲ့ရတယ်။

"မန်ဒီက အားလုံးထဲမှာ ပညာအတတ်ဆုံးလို့ထင်တာပဲ။ ဂျိုအဟားပြောတာကိုလည်း ကြားခဲ့ရတယ်" လို့ အာရှာက ကျွန်မကို ပြောပြပါတယ်။

"သမီးမသွားချင်ဘူး" လို့ မျက်ရည်တွေကျပြီး အာရှာကို ပြောပါတယ်။

"စိတ်မကောင်းပါဘူးမန်ဒီ။ သမီးမသွားလို့မရဘူး။ မသွားရင် သမီးအရိုက်ခံရမှာ။ သမီးအတွက် အားလုံးပြင်ဆင်ပြီးပြီသမီး" လို့ အာရှာက ပြောပါတယ်။ အက်ရှ်ကူးမားက ရှိုက်ကြီးတငင်ငိုပြီး "မန်ဒီ တစ်ယောက်ထဲသွားလို့မဖြစ်ဘူး သမီးလည်း မန်ဒီနဲ့ လိုက် သွားမယ်" လို့ပြောပါတယ်။

"အက်ရှ်ကူးမား သမီး မန်ဒီနဲ့ လိုက်သွားလို့မရဘူး။ သမီးက အခြားအိမ်တစ်အိမ်ကို သွားရမယ်။ သမီးတို့နှစ်ယောက် ဒီအိမ်က ထွက်သွားပြီး ဒီတစ်သက် ပြန်တွေ့ရမယ်လို့ အန်တီတော့မထင်ဘူး" လို့ အာရှာက မျက်ရည်ဝဲပြီး ပြောနေပါတယ်။

အာရှာ ဒီစကားတွေကို မပြောချင်ပေမယ့် ကျွန်မတို့ကို ပြောနေတယ်ဆိုတာ ကျွန်မစိတ်ထဲက သိနေပါတယ်။

အဲဒီလိုနဲ့ ကျွန်မတို့ စကားလက်စသတ်လိုက်ပြီး အိပ်ရာဝင်ခဲ့ ကြပါတယ်။ အဲဒီည အဖေကျွန်မကို ဖက်ထားတာ ကျွန်မက အဖက် မခံဘဲ

ထွက်ပြေးနေတဲ့ပုံရိပ်တွေ ကျွန်မအိပ်မက် မက်ခဲ့ပါသေးတယ်။ နောက်နေ့မနက် အိပ်ရာနိုးတော့ ဘယ်သူမှ လာမခေါ်ခင် အာရှာကို ဖက်ထားပါတယ်။ အာရှာကလည်း ဖက်ထားတဲ့ ကျွန်မလက်ကလေး ကိုယူပြီး သူမခန္ဓာကိုယ်ကို သိုင်းထားပြီး ဆုပ်ထားပါတယ်။ အဲဒီနောက် သူမပါးပြင်ပေါ် မျက်ရည်တွေကျလာပြီး မျက်နှာကိုလက်နဲ့ အုပ်လို့ အခန်းအပြင်ထွက်ပြေးသွားပါတော့တယ်။

အခြားမိန်းကလေးနှစ်ယောက်လည်း နိုးလာပြီး ကျွန်မ မျက်ရည်တွေသုတ်ရင်း

"ငါ နင်တို့နဲ့ ခွဲရတော့မယ်၊ ဂျိုအဟားက အမျိုးသမီးတစ်ယောက်အိမ် ငါ့ကိုပို့တော့မှာ။ ငါမသွားချင်ဘူး၊ နင်တို့နဲ့ငါ မခွဲချင်ဘူး" လို့ အမြဲပဲ သူတို့ရှေ့မှာ စိတ်ခတ်မာမာထန်ထန် နေပြတဲ့ကျွန်မ ငိုပြီးတော့ ပြောနေမိတယ်။

"မန်ဒီ မငိုပါနဲ့၊ မငိုနဲ့ မန်ဒီ အစ်မဘယ်မှမသွားရဘူး။ သူတို့လာခေါ်မှာ မဟုတ်ပါဘူး အစ်မတစ်ခြားအိမ်ကို ပြောင်းရမယ်လို့ ဘယ်သူပြောတာလဲ" လို့ သူတို့က နှစ်သိမ့်ကြပါတယ်။

"အာရှာပြောတာ ဂျိုအဟားနဲ့ ညှော်သည်အမျိုးသမီးကြီးတွေ အစ်မကိုခေါ်မယ်" လို့ ပြောနေကြတာကို အာရှာကြားလို့ အစ်မ ကို ပြောပြတာပါ။

ကျွန်မတို့ စကားပြောနေတဲ့အချိန် တစ်စုံတစ်ယောက် မြေအောက်ခန်းကို လမ်းလျှောက်လာတဲ့ အသံကို ကြားနေရတယ်။ ကျွန်မတို့အခန်းထဲက မိန်းကလေးတွေ တံခါးနောက်ဖက်ကို ကာပြီး ရပ်နေကြတယ်။ မနက်စာလာပို့တဲ့အာရှာကိုမြင်လိုက်တော့ အာရှာ့ အနားကိုစုပြီး အကြောင်းစုံကိုမေး အာရှာက

"မန်ဒီ ဒီနေ့ အိမ်ပြောင်းနေရတော့မယ်။ မကြာခင် သမီးတို့ အားလုံးလည်း ဒီကနေ ထွက်သွားရတော့မယ်။ သမီးတို့အားလုံး အခက်အခဲတွေ ဒုက္ခတွေနဲ့ ရင်ဆိုင်ရတော့မယ် စိတ်တော့ မကောင်းဘူး" လို့ အန်တီအာရှာက ပြောပါတယ်။

"မန်ဒီ သမီးရေ အန်တီပြောတာလည်း မှတ်ထားဦးနော်။ သူတို့ခိုင်းတာဆို အကုန်လုံး လုပ်ပေးနော်။ မလုပ်ရင် သမီးကို သူတို့ ကရိုက်မှာ" လို့ သတိပေးခဲ့ပါတယ်။

"အန်တီနဲ့သမီးတို့ ပြန်တွေ့တော့မှာမဟုတ်ဘူး။ အန်တီလည်း အိမ်အပြင်ကို ထွက်လို့မရသလို သမီးတို့လည်း အိမ်ထဲကနေ အိမ်အပြင် ထွက်လို့ရမှာမဟုတ်ဘူး သမီးတို့" လို့ အန်တီအာရှာက ပြောပါတယ်။

"အာရှာရေ အာရှာ ဘယ်မှာလဲ။ မီးဖိုချောင်ထဲမှာ လုပ်စရာ တွေရှိရဲ့သားနဲ့ ဘယ်မှာလဲ" လို့ အပေါ်ထပ်မှ ဂျိုအဟားအော်ခေါ်တဲ့အခါ

"ထမင်းစားနေလို့ပါရှင် မကြာပါဘူး။ လာပါပြီ" လို့ ပြော လိုက်ပြီး တက်သွားပါတယ်။

"အာရှာရေ ကောင်မလေးတွေ အဆင်သင့်ဖြစ်အောင် လုပ်ထားနော်။ လုပ်စရာတွေက အများကြီးရှိသေးတယ်" လို့ ပြောသံကို လည်း ကြားရပါတယ်။

အဲဒီနောက် တစ်မနက်လုံး ငရုတ်သီးလှီးပြီး ထောင်းရပါတယ်။ လှီးထားတဲ့ အသားတွေနဲ့ နယ်ပြီး ကင်ရပါတယ်။ ငရုတ်သီး တွေကိုင်ထားလို့ ကျွန်မလက်တွေ အရမ်းပူထူနေတာကို သတိရနေ တုန်းပါပဲ။ ညနေရောက်တော့ မြေအောက်ခန်းထဲ အနားယူနေတုန်း မကြားချင်ဆုံးအသံကို ကျွန်မ ကြားလိုက်ပါတယ်။ အိမ်ရှေ့တံခါး လူခေါ်ခေါင်းလောင်းအသံ အပေါ်ထပ်ဧည့်ခန်းထဲက အမျိုးသမီးကြီးတွေ စကားပြောတဲ့အသံကို ကျွန်မ သဲ့သဲ့လေးကြားနေရပါတယ်။

"မန်ဒီရေ သမီးကိုခေါ်မယ့် အမျိုးသမီးကြီးတွေ ရောက်နေပြီ။ သူတို့ ဒီညသမီးကို ခေါ်သွားမယ်လို့ထင်တယ်"

"သမီး သူတို့နဲ့လိုက်မသွားချင်ဘူး အန်တီအာရှာ"

"သမီး မလိုက်လို့မရဘူး မန်ဒီ။ သမီးစိတ်ပျက်တဲ့ပုံစံနဲ့ မနေနဲ့။ အဲဒီလိုမဟုတ်ရင် သူတို့သမီးကို နှိပ်စက်ကြလိမ့်မယ်" လို့ အာရှာ က ပြောပါတယ်။

ကျွန်မတို့တွေအကုန်လုံး မြေအောက်ခန်းထဲမှာ စိတ်ပျက်အားငယ်စွာနဲ့ ထိုင်နေကြပြီး အခန်းတစ်ခန်းလုံး တိတ်ဆိတ်နေပါတယ်။ အခန်းထဲမှာရှိတဲ့ ကျွန်မတို့အားလုံးဟာ နူဘာလူမျိုးစုတွေ ဖြစ်ကြလို့ သူတို့မရှိရင် ကျွန်မအတွက်ပိုပြီး ခြောက်ခြားတုန်လှုပ်ဖို့ ကောင်းလှပါတယ်။ ရုတ်တရက် အက်ရှ်ကူးမားက

"မန်ဒီ အခြားနေရာရောက်သွားရင် ညီမတို့ ဘယ်အချိန်ပြန်တွေ့ ကြမလဲ" လို့ မေးလိုက်ပါတယ်။ အခန်းထဲက မိန်းကလေးတွေ ဘက်လှည့်ပြီး

"ငါတို့ပြန်တွေ့ကြမယ်လို့မထင်ဘူး" လို့မျက်နှာက မျက်ရည်တွေသုတ် နှာခေါင်းကထွက်တဲ့ နှာရည်တွေသုတ်ပြီး ပြောလိုက်မိတယ်။ ကျွန်မတို့အားလုံး မျက်ရည်တွေကိုယ်စီနဲ့ တစ်ယောက်တစ် လှည့်စီ ဖက်ကြပြီး ငိုနေကြပါတယ်။

"အာရှာရေ မြေအောက်ခန်းထဲမှာလား အပေါ်ကိုလာ မန်ဒီ ကိုပါခေါ်ခဲ့" လို့ အပေါ်ထပ်က ခေါ်သံကြားလိုက်ရပါတယ်။ အန်တီအာရှာ ကျွန်မကိုလက်ဆွဲပြီး အပေါ်ထပ်ကို ခေါ်သွားပါတယ်။ အပေါ်ထပ်ရောက်တော့ ရှိုအဟားက

"အာရှာ အခုတလော အောက်ထပ်မှာပဲနေ၁်။ နောက်ထပ် မိန်းကလေးတွေရောက်လာလို့ အောက်ထပ်မှာပဲ အချိန်တိုင်းနေရင်တော့ တွေ့ပြီသာမှတ် ကြားလား" လို့ ဟောက်တော့ အန်တီအာရှာ မျက်နှာငုံ့ပြီး

"ဟုတ်ကဲ့ ဟုတ်ကဲ့" လို့ ပြန်ဖြေပါတယ်။

"အခုမီးဖိုချောင်ထဲသွား ဆေးစရာကြောစရာတွေအများကြီးပဲ ပုံလို့"

အန်တီအာရှာက ရှိုအဟားထက် အသက်ကြီးပုံရပါတယ်၊ ကျွန်မတို့ နူဘာမျိုးနွယ်စုတွေမှာ ဆိုရင် ငယ်တဲ့လူက ကြီးတဲ့လူကို ရိုသေရပါတယ်။ အန်တီအာရှာ မျက်နှာငယ်လေးနဲ့ ခေါင်းငိုက်စိုက်ပြီး ထွက်သွားတာကိုကြည့်ပြီး ကျွန်မဒေါသထွက်မိပါတယ်။ အာရပ်အမျိုးသမီး သုံးယောက် အဒူအဇင်တို့ လင်မယားနဲ့ စကားပြောနေကြပါတယ်။ ကျွန်မ မတ်တပ်ရပ်ပြီး ကျွန်မခေါင်းကို ငုံ့ထားတော့ တောက်ပသန့်ရှင်းတဲ့ ကြမ်းပြင်ပေါ်မှာ ကျွန်မပုံရိပ်ကို မြင်နေရတယ်။ သူတို့ ကျွန်မကို ဂရုမမူဘဲ စကားဆက်ပြောပြီး ခဏအကြာ အဒူအဇင်က

ကျွန်မဘက်လှည့်ပြီး

"မန်ဒီ မင်း ဒီအမျိုးသမီးကြီးနဲ့ လိုက်သွားရမယ်။ သူပြောတာ နားထောင်ရမယ်။ သူက မင်းရဲ့သခင် မင်းကိုပိုင်သွားပြီ" လို့ ပြောတော့ ကျွန်မ အမျိုးသမီးကို မော့ကြည့်လိုက်တော့ သူမက ဂရုမစိုက်ဘဲ အခြားသူတွေနဲ့ ဆက်စကားပြောနေပါတယ်။

ကျွန်မကိုခေါ်ပြီး အမျိုးသမီးကြီးတွေ ထွက်ခါနီး "ခဏလေး တော်သေးတာပေါ့ မေ့တော့မလို့။ အာရှာရေ မန်ဒီရဲ့ အဝတ်အစားတွေ ထည့်ပေးလိုက်ပါဦး" လို့ ဂျိုအဟားက ပြောတော့

"ကျွန်မဘာသာ သွားယူလိုက်ပါမယ်" လို့ ကျွန်မကပြောတော့ "ငါ့အာရှာကိုပဲ ယူခိုင်းတာ နင်ယူစရာမလိုဘူး" လို့ ကျွန်မကို အော်ပြီးပြောပါတယ်။

"ကျွန်မ မြေအောက်ခန်းထဲက သူငယ်ချင်းတွေကိုလည်း နှုတ်ဆက်ချင်လို့ပါ" လို့ပြောတော့

"မင်း နေ့တိုင်း သူတို့ကို မြင်နေတွေ့နေရတာ မလိုဘူး အချိန် မရှိဘူး" လို့ ဟိန်းဟောက် အော်ပြောတော့ အမျိုးသမီးသုံးဦးက ကျွန်မကိုမဲ့ရွဲ့ ပြီး ကြည့်နေကြတယ်။ အာရှာက ပြန်မပြောနဲ့ ဆိုတာကို အမူအရာနဲ့ပြပြီး အောက်ထပ်မှာ ကျွန်မအဝတ်အစားတွေ သွားယူပါတယ်။

အဒူအဇင်တို့ လင်မယားရယ်၊ အမျိုးသမီးသုံးယောက် နောက်ကလိုက်လာပြီး အမျိုးသမီးနှစ်ယောက် နှင့်အတူ ကားနောက်ခန်းပေါ် တက်ပြီးလို့ မကြာခင် အန်တီအာရှာက ကျွန်မရဲ့ အဝတ်အစားတွေ လာပေးပါတယ်။ ကျွန်မရဲ့ သခင်မလို့ယူဆရတဲ့ အမျိုးသမီးကတော့ ကားခေါင်းခန်းမှာစီးပြီး လိုက်ပါလာတယ်။

အဒူအဇင်တို့ လင်မယားနှစ်ယောက် အာရပ်အမျိုးသမီး သုံးဦးကို လက်ပြနှုတ်ဆက်ပြီး ကျွန်မတို့ကားလေးဟာ သူတို့အိမ် နဲ့ တဖြည်းဖြည်း ဝေးကွာသွားပါတော့တယ်။

အခန်း(၁၂)

ခါတွန်မြို့ကိုဖြတ်သန်း ကားမောင်းလာတော့ ကားနောက်ခန်းက ကျွန်မနဲ့အတူလိုက်လာတဲ့ အဒေါ်ကြီးနှစ်ယောက်လုံး ကျွန်မ ကို ရှိတယ်လို့တောင် သဘောမထားဘဲ ကျွန်မရှေ့မှာ စကားပြော နေကြပါတယ်။ ကျွန်မရဲ့သခင်မဟာ ကျွန်မလို ကျွန်မိန်းကလေး တစ်ယောက်ကို ရွေးချယ်ခဲ့လို့ ဘယ်လောက်တောင် တော်တဲ့အကြောင်း သူတို့မိတ်ဆွေတွေ ဝတ်တဲ့အဝတ်အစားတွေ ဘယ်လောက် ဈေးကြီးကြောင်း၊ သူတို့သုံးကြတဲ့ရေမွှေးတွေ ဘယ်လောက်တောင် ကောင်းကြကြောင်း မိန်းမတို့ သဘာဝအတိုင်း အတင်းပြောနေကြ ပါတယ်။

"ဟဲ့ ဂျီအဟား ဝတ်ထားတဲ့ လည်ဆွဲက အရမ်းလည်းကောင်း အရမ်းလည်းလှ အရမ်းလည်း ဈေးကြီးမယ့်ပုံပဲနော်။ နင့်ကိုတောင် ငါပေါင်ကြောဆွဲဆိတ်ပြီး ပြောခဲ့သေးတယ်လေ" လို့ ကျွန်မနားထိုင်နေတဲ့ အမျိုးသမီးကပြောတော့

"လှတော့လှပါတယ်… ဒါပေမယ့် ဈေးတော့သိပ်မကြီးဘူး ထင်တယ်။ ဟုတ်တယ်နော် ရာဟတ်" လို့ ရှေ့ခန်းမှာထိုင်နေတဲ့ အမျိုးသမီးကို နောက်ခန်းက အခြားအမျိုးသမီးက မေးလိုက်ပါတယ်။ ဒါကြောင့် ကျွန်မသခင်မရဲ့နာမည်က ရာဟတ်ဖြစ်ပါတယ်။

"ဟုတ်တယ် ငါလည်း ဂျီအဟားဝတ်ထားတဲ့လည်ဆွဲကို တွေ့ခဲ့တယ်။ ပိုက်ဆံရှိတဲ့လူတိုင်း သူတို့လိုချင်တာ ဝယ်လို့ရတာပဲ မဟုတ်လား" လို့ သခင်မရာဟတ်က ပြောပါတယ်။

"ရာဟတ်ရေ နင် ဒီကောင်မလေးကို ဝယ်ခဲ့တာကို နင့်ဘေး အိမ်က ဒါလီယာသိရင် မနာလိုဖြစ်ပြီး သူလည်း ကျွန်မတစ်ယောက် သွားဝယ်မှာသေချာတယ်နော်" လို့ ကျွန်မဘေးက အမျိုးသမီးက ပြောလိုက်ပါတယ်။

သခင်မရာဟတ်ရဲ့မိတ်ဆွေ အမျိုးသမီးနှစ်ယောက် လမ်းမှာ ဆင်းသွားပြီးတော့ မြင့်မားခန့်ညားတဲ့ တိုက်အိမ်ကြီးတစ်လုံးရှေ့ ကို ရောက်လာပါတယ်။ ခြံစည်းရိုးကတော့ သံတံခါးတွေ တပ်ထားပါတယ်။

အရင်ဆုံး သခင်မရာဟတ်ကားပေါ်ကဆင်း တံခါးကို သော့ဖွင့် ကျွန်မဆီကိုလာပြီး "ဆင်းတော့၊ ငါ့နောက်ကလိုက်ခဲ့" လို့ပြောပါတယ်။

သခင်မရာဟတ် ခြံတံခါးကိုပိတ်ပြီး ရာဟတ်နောက်ကနေ လိုက်လာပါတယ်။ ခြံဝကနေ အိမ်ပေါက်ဝအထိ ကျောက်စရစ်ခဲတွေ စီပြီး သပ်သပ်ရပ်ရပ် လမ်းလေးခင်းထားတာ လမ်းလျှောက်နေရင်း သတိထားမိပါတယ်။ အဲနောက် ဧည့်ခန်းထဲကို ရောက်လာပါတယ်။ အိမ်ရှေ့ဘက်ကိုတော့ ခေတ်မီတဲ့ အကောင်းစားမှန်ကြီးတွေနဲ့ ကာထားလေရဲ့။ အဲနောက် မီးဖိုချောင်ထဲခေါ်သွားပြီး

"အဲဒီခုံမှာထိုင်ပြီး ငါ့ကိုခဏစောင့်နေ" လို့ မာရေကျောရေ နဲ့ပြောပါတယ်။

မီးဖိုချောင်ထဲ တစ်ယောက်ထဲရှိတဲ့အချိန် မီးဖိုချောင်ခန်းကို သေချာကြည့်မိပါတယ်။ သစ်သားစားပွဲရှည်ကြီး တစ်လုံးရယ်၊ ထိုင်ခုံတွေရယ်၊ နံရံတွေမှာလည်း မီးဖိုချောင်သုံးပစ္စည်း တွေထည့်ထားတဲ့ နံရံကပ်ကြောင်အိမ်ဗီရိုတွေ ရှိပါတယ်။ ဂက်စ်မီးဖိုနဲ့ ထမင်းဟင်းချက်ရတဲ့ ပေါင်းအိုးတွေ (နောက်ပိုင်းမှသိလာ)၊ ဘေဇင်မှာ ညစ်ပတ်နေတဲ့ ခွက်၊ ပန်းကန်၊ ဇွန်းတွေနဲ့ ပြည့်နေပါ တယ်။

သခင်မရာဟတ်ဟာ သူ့ခင်ပွန်းဖြစ်သူလို့ထင်ရတဲ့ အာရပ် အမျိုးသား တစ်ယောက်နဲ့ မီးဖိုချောင်ထဲ ပြန်လာပါတယ်။

"ဒီကောင်မလေးပဲ ငါဝယ်လာတာလေ၊ မူစတာဖာ လို့ ကျွန်မကို လက်ညှိုးထိုးပြပြီး သူ့ယောကျ်ားနဲ့ စကားပြောနေပါတယ်။ သခင်မူစတာဖာဟာ အခန်းထဲမှာ ခဏပဲနေပြီး စကားတစ်လုံးမှ မပြောဘဲ အပြင်ကိုထွက်သွားပါတယ်။ အဲနောက် သခင်မ ရာဟတ်က

"ငါနဲ့လိုက်ခဲ့" လို့ပြောတော့ မီးဖိုချောင်ကနေ နောက်ဖေး ဘက်ကိုသွားနေတဲ့ သူကနောက်ကနေ လိုက်သွားပါတယ်။ နောက်ဖေးမှာ အုတ်နဲ့ဆောက်ထားတဲ့ အခန်းကျဉ်းလေး တစ်ခန်း သစ်သားတံခါးလည်း တပ်ထားပါတယ်။ အခန်းဝကိုရောက်တော့ သခင်မ ရာဟတ်က တံခါးကိုဖွင့် အခန်းထဲကိုဝင်ပြီး မီးခလုတ်ကိုဖွင့်ပါတယ်။

"အထဲကိုဝင် အိမ်ကျွန်မလေး" လို့ ခေါ်ပါတယ်။ ကျွန်မကို အိမ်ကျွန်မလေး၊ ကျွန်ပေါက်စလေးလို့ အခေါ်ခံလိုက်ရလို့ အရမ်းတုန် လှုပ်သွားခဲ့တယ်။ ဒီလိုအခေါ်ခံရတာ ကျွန်မဘဝမှာ ပထမဦးဆုံး ဖြစ်ပါတယ်။ အခန်းရဲ့ကြမ်းပြင်တွေက အရမ်းညစ်ပတ်နေပြီး အခန်းထောင့်မှာ ဟောင်းနွမ်းနေတဲ့ သစ်သားသေတ္တာတစ်လုံး၊ ခနော်နီ ခနော်နဲ့ စားပွဲတစ်လုံးတို့ ရှိပါတယ်။ ဒါ့အပြင် နံရံမှာထောင် ထားတဲ့ မွေ့ယာပါးပါးလေး တစ်ခုလည်းရှိပါတယ်။

"ကဲ... ဒါ နင်အိပ်ရမယ့်အခန်း၊ ဟိုမွေ့ယာကိုခင်း ဒီမှာ အိပ်ကြားလား" လို့ပြောပြီး အပြင်ကိုထွက်ခါနီး

"ဟဲ့ ဒီကိုလာ ဒါမီးခလုတ်၊ ငါအပြင်ထွက်ရင် မီးပိတ်မယ် ပြန် မဖွင့်နဲ့နော်" လို့ မီးခလုတ်ပိတ်ပြီး ထွက်သွားပါတယ်။ အပြင် ဘက်ကလည်း တံခါးကို သော့ခတ်ထားခဲ့ပါတယ်။

အခန်းက မှောင်အတိကျနေပါတယ်။ နှစ်ပေါင်းများစွာ အသုံးမပြုဘဲထားတဲ့အတွက် အရမ်းညစ်ပတ်နေပြီး ထောင်ထားတဲ့ မွေ့ယာပါးလေးကို ယူခင်းဖို့ ဖြန့်လိုက်တဲ့အခါ ပုပ်အဲ့အဲ့အနံ့ထွက် နေပါတယ်။ မွေ့ယာပေါ်ခင်းမယ့် အခင်းကိုရှာတော့ ထောင့်မှာတွန့်ကြေနေတဲ့ အခင်းတစ်ခု တွေ့လို့ခါလိုက်ပြီး မွေ့ယာပေါ်ခင်းလိုက်ပါ တယ်။ အခန်းထဲ အလင်းရောင်လည်းမရှိ တစ်ယောက်ထဲမို့ အရမ်းလည်း ထိတ်လန့်နေပါတယ်။ တစ်ယောက်ထဲ ကျုံ့ကျုံ့ထိုင် အတိတ် အကြောင်းတွေကို စဉ်းစားပြီး ငိုနေမိပါတယ်။

ပထမဆုံး အန်တီအာရှာနဲ့ အခြားမိန်းကလေးတွေ အဒူအဇင်ရဲ့

မြေအောက်ခန်းထဲ ဘယ်လိုစားသောက်နေကြမလဲဆိုတာ တွေးမိပါတယ်။ အဖေနဲ့အမေ၊ အစ်ကိုဘာဘို၊ အစ်မခွန်ရမ်တ်နှင့် ခင်ပွန်း၊ ကြောင်ကလေးယူရမ် သူတို့တွေ အသက်မှရှိကြသေးရဲ့လား။ ပျက်စီးသွားပြီလား။

ကျွန်မဘဝမှာ အဖေနဲ့အမေရဲ့ ချစ်ခြင်းမေတ္တာ အစ်ကိုအစ်မ တွေရဲ့ ဂရုစိုက်မှုနဲ့ နေလာတဲ့ ကျွန်မဟာ အခုဆိုအရမ်းကို အထီးကျန်တဲ့ရောဂါကို ခံစားနေရပြီ။ ကျွန်မအတွေးတွေနဲ့ ချာချာလည်ပြီး အဲဒီညမှာ ခဏအိပ်ပျော်သွားပါတယ်။

သိပ်မကြာခင် ကျွန်မနိုးလာတော့ ကျောထဲအထိစိမ့်နေအောင် အေးလာပါတယ်။ ပြီးတော့ အင်္ကျီတစ်ထည် ခန္ဓာကိုယ်ပေါ် ထပ်ဝတ်လိုက်တယ်။ အရမ်းအေးတုန်းပဲမို့ မွေ့ယာကို ကန့်လန့်အိပ် အစွန်းထွက်တဲ့ ကျန်တဲ့အပိုင်းကို ခန္ဓာကိုယ်ပေါ် ခြုံလိုက်ပါတယ်။ အိပ်ပျော်လိုက်နိုးလိုက်နဲ့ တစ်ညတာကုန်သွားခဲ့တယ်။ မနက်ရောက်တော့ သခင်မရာဟတ် တံခါးကိုလာဖွင့်ပြီး

"အိမ်ကျွန်ပေါက်စလေး ထတော့၊ နင့်တစ်ကိုယ်လုံး နံဟောင်နေတာပဲ ရေချိုးသန့်ရှင်းလိုက်ဦး" အုတ်နံရံတွေ အမြင့်ကြီးကာထားတဲ့ နောက်ဖေးမှာ အိမ်သာရေချိုးခန်း ရှိပါတယ်။ ကျွန်မ ရေချိုးပြီးပြန်လာတော့ သခင်မရာဟတ်က

"ရေချိုးပြီးအိမ်ထဲလာခဲ့" လို့ မီးဖိုချောင်ထဲကနေ လှမ်းခေါ်ပါတယ်။

မီးဖိုချောင်ထဲက ထမင်းစားပွဲရောက်တော့ သခင်မရာဟတ် နှင့် ခင်ပွန်းတို့ နံနက်စာ လက်ဖက်ရည် သောက်နေကြတယ်။ သခင် မူစတာဖာက ကျွန်မကို "မင်္ဂလာနံနက်ခင်းပါ" လို့ သတင်းစာဖတ်နေ ရင်း ကျွန်မကိုမကြည့်ဘဲ နှုတ်ဆက်ပါတယ်။ သခင်မရာဟတ်ကတော့ မျက်နှာထီ မျက်နှာထားနဲ့ ခုံလေးတစ်ခုံကို လက်ညှိုးထိုးပြပြီး

"နင် အဲ့နေရာမှာသွားထိုင်" လို့ပြောပြီး အရမ်းဟောင်းနေတဲ့ ခွက်ပန်းကန်တွေ လှမ်းပေးပါတယ်။ ညစ်ပတ်ဟောင်းနွမ်းနေတဲ့ သံလှောင်ကြောင်အိမ်လေးတစ်ခုကို လက်ညှိုးထိုးပြရင်း

"ဒါ နင်စားသောက်တဲ့ ဇွန်းခွက် ပန်းကန်တွေထည့်ဖို့ ဒီခုံက နင်ထိုင်ဖို့ နားလည်တယ်နော်" ကျွန်မက ခေါင်းညိတ်ပြလိုက် တော့

"မင်း ငါတို့အိမ်မှာနေပြီး တစ်သက်လုံး အလုပ်လုပ်ရမှာ။ မင်း အခု လက်ဖက်ရည်သောက် သောက်ပြီးရင် မင်းလုပ်ရမယ့် အလုပ်တွေကို ငါပြောပြမယ်" ကျွန်မ လက်ဖက်ရည်သောက်နေတုန်း မှာပဲ လုပ်ရမယ့်အလုပ်တွေ စပြောပါတယ်။ သခင်မရာဟတ်က

"ငါ့မှာ သမီးလေးနှစ်ယောက်ရှိတယ်။ သူတို့ကို ကောင်းကောင်းဆက်ဆံ၊ သေချာ ထိန်းသိမ်းစောင့်ရှောက်ရမယ်၊ အိမ်ကို နေ့တိုင်းသန့်ရှင်းရမယ်၊ ကြမ်းတိုက်ရမယ်၊ အဝတ်တွေလျှော် မီးပူတိုက်ရမယ် ကြားလား ငါပြောတာ" ဆိုပြီး ညွှန်ကြားနေပါတယ်။

သူက မီးပူတိုက်ဆိုပေမယ့် မီးပူက ဘာလဲဆိုတာကိုတောင်မှ ကျွန်မလုံးဝမသိပါဘူး။ ဒါပေမယ့် အန်တီအာရှာ ကျွန်မ ကို အကြံပေးခဲ့တဲ့အတိုင်း ခိုင်းတာလုပ်ဖို့ "ဟုတ်ကဲ့" လို့ပဲ ခေါင်း ညိတ်ခဲ့ပါတယ်။

မနက်စာစားပြီးတော့ ပန်းကန်ခွက်တွေ ဆေးပါတယ်။ ဘေဇင်က ရေခေါင်းကို ဘယ်လိုသုံးရမလဲ၊ အမှိုက်တွေ စားကြွင်းစား ကျန်တွေ ဘယ်လိုပစ်ရမလဲစသဖြင့် ပြသပေးပါတယ်။

"တစ်ခါ ဘယ်လိုသုံးရမလဲ ဘယ်လိုသန့်သန့်ရှင်းရှင်း အညစ်အကြေးတွေ စွန့်ရမလဲဆိုတာ ပြထားမယ်။ နောက်တစ်ခါ မပြဘူးနော်။ မနက်ဖြန်စောစောထ အလုပ်လုပ်ဖို့ပြင်ပါ" လို့လည်း ပါးစပ်ကပြောနေပါတယ်။ အဲနောက် သခင်မရာဟတ် ထွက်သွားပါတယ်။ မီးဖိုချောင် ဘေဇင်မှာ ဆပ်ပြာမှုန့် အရမ်းသုံးရပါတယ်၊ ဆပ်ပြာရည်အစက်တွေ မကျအောင်။ အိုးခွက်ပန်းကန်တွေ ခွက်တွေကျမကွဲအောင် ဂရုစိုက်ရတဲ့အပြင် မီးဖိုချောင်ထဲဝင်လာပြီး

"နင်အလုပ်လုပ်တာ ကြာလှချည်လား၊ မပြီးတော့ဘူးလား၊ ဆေးကြောတာတွေ သန့်ရောသန့်ရဲ့လား" လို့ပြောဖို့ မီးဖိုချောင်ထဲ ပြန်ဝင်လာပါတယ်။

"ဒါက ပန်းကန်ထားရမယ့်နေရာ။ ဒါက ခွက်တွေ အိုးတွေ ထား" လို့ဆိုပြီး လာပြသပေးပါတယ်။

အိုးခွက်ပန်းကန် ဆေးကြောထားတာတွေကို အဝတ်စ နဲ့သုတ်ရပါတယ်။ မီးဖိုချောင်ထဲက ပစ္စည်းတွေက မသန့်ရှင်း၊ မီးဖိုချောင် ကြမ်းပြင်ကလည်း ကပ်စေးကပ်စေး၊ အိုးခွက်ထည့်တဲ့ ကြောင်အိမ်တွေကလည်း သန့်ရှင်းမှုမရှိပါဘူး။

မီးဖိုချောင်ကို မနက် ဂုနာရီခွဲလောက်ကစရှင်းတာ နေ့လယ်အထိ မပြီးသေးပါဘူး။ ကျွန်မ အရမ်းဗိုက်ဆာနေပါတယ်။ သခင်မ ရာဟတ်နဲ့ သမီးနှစ်ယောက် မီးဖိုချောင်ထဲ သန့်ရှင်းရေးလုပ်တာ ကြည့်ဖို့ ရောက်လာပါတယ်။ သမီးနှစ်ယောက်မှာတစ်ယောက်က နှစ်နှစ်ခန့် နောက် တစ်ယောက်က လေးနှစ်ခန့်ရှိပါတယ်။ သူတို့ ကျွန်မကိုမြင်တော့

"အမေ သူကဘယ်သူလဲ" လို့ သမီးတွေက မေးတော့

"သူ့နာမည်က မန်ဒီလေ။ သမီးတို့နဲ့ အမေတို့နဲ့နေမှာ"

"မန်ဒီက အိမ်သန့်ရှင်းရေးလုပ်မှာလား ဆန်ဒီဟားက ဘယ်ရောက်သွားလို့လဲအမေ" လို့ အကြီးမ ဟာနှင်ကမေးပါတယ်။

"ဆန်ဒီဟားက သူ့မိဘတွေနဲ့နေဖို့ ပြီးတော့ အိမ်ထောင်ပြုဖို့ အိမ်ပြန်သွားပြီ" လို့ အမေလုပ်သူက ပြောတော့

"သူလည်း သမီးတို့အဝတ်တွေကိုလျှော် မီးပူတိုက်မှာလား" လို့ အငယ်မလေး အက်စ်ရာက မေးတော့

"ကဲ စကားမများနဲ့တော့။ နို့သောက်ရအောင်" လို့ပြောပြီး စားပွဲမှာ သမီးနှစ်ယောက်ကို ထိုင်ခိုင်းပြီး ပေါင်မုန့် ထောပတ် ကြက်ဥ တွေကျွေးပြီး နွားနို့ကို

စိတ်ရှည်လက်ရှည်တိုက်ပါတယ်။

အဲ့နောက် ကျွန်မဘက်လှည့်ပြီး

“သန့်ရှင်းရေးလုပ်ပြီးရင် ဟိုခွက်ထဲက အသီးတွေစားလိုက်” လို့ သူတို့မိသားစု မစားတော့တဲ့ အကြွင်းအကျန်သီးနှံတွေကို လက်ညှိုးထိုးပြီး ကျွန်မကိုပြောပါတယ်။

အသီးတွေ ကျွန်မစားပြီးတဲ့အခါ သခင်မရာဟတ်က အိမ်ရဲ့ နေရာအနှံ့ လိုက်ပြပါတယ်။ အိမ်က တစ်ထပ်အိမ် အိမ်ရှေ့ဧည့်ခန်း၊ နောက်တော့ မိတ်ဆွေသူငယ်ချင်းတွေ လာတဲ့အခါ စားသောက်တဲ့အခန်း၊ မိသားစုအိပ်ခန်းနဲ့ ထမင်းစား စားပွဲပါတဲ့ မီးဖိုချောင်ပဲ ဖြစ်ပါတယ်။ မီးဖိုချောင်နောက်မှာတော့ လင်မယားနှစ်ယောက် ရေချိုးခန်း၊ သမီးနှစ်ယောက်ရေချိုးခန်း တွေရှိပါတယ်။

အိမ်ထဲမှာ ခုံ ဆိုဖာတွေနဲ့အတူ ခေတ်မီတဲ့ ပရိဘောဂတွေ၊ လှပတဲ့ မီးဆိုင်းမီးအိမ်တွေ၊ အလှပန်းအိုးတွေ ဧည့်ခန်းမှာတီဗွီ ဆောင်းဘောက်စ် ဇိမ်ခံပစ္စည်းမျိုးစုံရှိပါတယ်။ အိမ်တစ်အိမ်လုံး အလွန်ဆွဲဆောင်မှုရှိတဲ့ ကော်ဇောတွေကိုလည်း ခင်းထားပါတယ်။

အိမ်ကခေတ်မီတဲ့ပစ္စည်းတွေနဲ့ အလှဆင်ထားပေမယ့် သခင်မရာဟတ်နဲ့ သမီးနှစ်ယောက်တို့ စည်းကမ်းမရှိတဲ့အတွက် အမြဲပဲညစ်ပတ်နေပြီး ဖုန်တွေနဲ့ ဖုံးလွှမ်းနေပါတယ်။

တစ်နေ့တစ်နေ့ သတင်းစာဖတ် T.V ကြည့် ဘာမှမလုပ်ပါဘူး။ တီဗီဖွင့်လို့ အခန်းထောင့်လေးကနေ ကျွန်မကြည့်တဲ့အခါ သခင်မ ရာဟတ် အမြဲဒေါသထွက်လေ့ရှိပါတယ်။

တစ်ခါက ရာဟတ်သမီးအကြီးမနဲ့ အရုပ်တွေဆက်တိုင်း ကစားလေ့ရှိပါတယ်။ အကြီးမလေး ကစားတဲ့ အရုပ်တွေဟာ အရမ်းလည်းလှ အရမ်းလည်းချစ်စရာကောင်းပြီး ဈေးကြီးမယ့်အရုပ် တွေဆိုတာ ငြင်းစရာမလိုပါဘူး။ အဲလိုအရုပ်တွေ အရင်က မြင်လည်း မမြင်ဖူးပါဘူး။ အငယ်မလေးကို ချီမပြီးနမ်းတဲ့အခါ သခင်မရာဟတ် ကျွန်မဆီ အပြေးရောက်လာပြီး

“အိမ်ကျွန်မ ငါ့သမီးကို ချီဖို့မပြောနဲ့ အသားတောင်မထိနဲ့ ကြားလား။ နောက်တစ်ခါ ငါ့သမီး အသားတွေကိုထိရင် နာပြီသာမှတ် ကြားတယ်နော်” လို့ ကျွန်မကို အသံနက်ကြီးနဲ့ဟောက်ရင်း ပြောပါတယ်။ သခင်မရာဟတ်က ကလေးနှစ်ယောက်ကိုလည်း

“နောက်ဆို သမီးတို့အသားကို မန်ဒီလာမထိစေနဲ့နော်။ လာ အမေ့ဆီလာ သမီးတို့ နှစ်ယောက်လုံး ပင်ပန်းနေပြီ။ အနားယူပြီး တီဗီ ကြည့် ဟုတ်ပြီလား” လို့ ကျွန်မရှေ့မှာပြောတော့ မျက်ရည်ကျခဲ့ရပါတယ်။

ကျွန်မကိုလည်း “ကျွန်စုတ်မလေး နင့်ကိုဒီခေါ်ထားတာ ပိုက်ဆံ အများကြီးကုန်တယ်။ အဲ့တော့ နင်ဒီမှာနေတာ အလုပ်လုပ်ဖို့ ကစားဖို့မဟုတ်ဘူး ကြားလား” လို့ ဒေါသတကြီးနဲ့ ပြောပါတယ်။

အဲဒီနေ့က အရမ်းညစ်ပတ် ဖုန်တွေပေနေတဲ့ ညှော်ခန်း နှစ်ခု၊ ထမင်းစားခန်းတွေကို သန့်ရှင်းရေးလုပ်ခဲ့ရပါတယ်။ သခင်မရာဟတ်နဲ့ မိသားစု နေ့လယ်စာစားပြီး တစ်ရေးအိပ်လေ့ ရှိပါတယ်။ နေ့ခင်း အိပ်ရာမဝင်ခင် မီးဖိုချောင်ထဲက နေ့လယ်စာ အိုးခွက်ပန်းကန်တွေကို ဆေးရပါတယ်။

မီးဖိုချောင်ထောင့်နားက စားပွဲလေးမှာ သူတို့စားကြွင်းစားကျန်တွေကို စားရပါတယ်။ ကျွန်မ အလုပ်တွေအကုန်ပြီးမှ စားရတဲ့ အတွက် အရမ်းဗိုက်ဆာလို့ စားရတာအဆင်ပြေပေမယ့် တစ်ယောက်ထဲ စားရတာ ကျွန်မအတွက် အရမ်းဝမ်းနည်းကြေကွဲဖွယ်ကောင်း လှပါတယ်။

ကျွန်မတို့ နူဘာတောင်တန်း ပတ်ဝန်းကျင်မှာနေကြတဲ့ နူဘာ လူမျိုးနွယ်စုတွေဟာ အစားအသောက်စားရင် ဘယ်တော့မှ တစ်ယောက်ထဲစားလေ့မရှိပါဘူး။ အစားအသောက်ကို တစ်ယောက်ထဲစားတာဟာ ကျွန်မတို့ နူဘာမျိုးနွယ်စုတွေရဲ့ ဖော်ရွေလှတဲ့ဓလေ့နဲ့ ဆန့်ကျင်ရာ ရောက်ပါတယ်။ ကျွန်မတို့ရွာမှာ ကိုယ်စားလို့ပိုတဲ့ အစားအသောက်တွေကို ခွေးတွေကို ကျွေးလေ့ရှိပါတယ်။

သခင်မရာဟတ်ဟာ ကျွန်မကို ခွေးတစ်ကောင်လောက်တောင် တန်ဖိုးမထားပါဘူး။ ထမင်းစားပြီး အိုးခွက်ပန်းကန်တွေ ဆေးပါတယ်။ အဲဒီလိုအချိန် တစ်အိမ်လုံး အိပ်ပျော်နေကြပြီး ကျွန်မအလုပ်လုပ်တာကို ဘယ်သူမှလည်း လာမခေါ် ဘယ်သူမှလည်း လာမကြည့်ကြပါဘူး။ ည ခုနစ်နာရီလောက်ဆို ကလေးတွေအခန်းက အသံတွေကြားနေရပြီး သခင်မရာဟတ်က ညှော်ခန်းကိုလာ တီဗီကိုဖွင့်တော့ သူ့သမီးကြီးနဲ့ သမီးငယ်တို့လည်း ကြည့်ကြပါတယ်။ တီဗီကြည့်ပြီး အတန်ကြာတော့ တစ်မိသားစုလုံး အိပ်ရာဝင်သွားတဲ့အခါ မီးဖိုချောင်တဲသွား သူတို့မိသားစုရဲ့ စားကြွင်းစားကျန်တွေ နဲ့ ညနေစာစား အိုးခွက်ထမင်းစားပန်းကန်တွေ ထပ်ဆေး သန့်ရှင်းရေး ထပ်လုပ်ရပါတယ်။ ကျွန်မစရောက်တဲ့ညမှာ မူစတာဖာ အိမ်ကြီး သခင်က ရေဆာလို့ ရေထွက်သောက်တတ်ပါတယ်။ ရေသောက် ပြီးပြန်ဝင်တော့...

"မိန်းမရေ အိမ်ကအရမ်းသန့်ရှင်းနေတာပဲ။ မီးဖိုချောင်ဆို အရင်ကနဲ့ မတူဘူး သန့်ပြန့်နေတာပဲနော်" လို့ သူ့မိန်းမကိုပြောတာ ကို ကြားနေရပါတယ်။

"တစ်ပတ်လောက်ကြာရင် အဲဒီကလေးမလေး အကုန် လုပ်တတ်သွားလိမ့်မယ်။ မင်းလည်းသူ့ကို ချက်ပြုတ်တတ်အောင် သင်ပေးထားတော့ မင်းသက်သာတာပေါ့လို့ မူစတာဖာက ပြောတော့

"သူ့မှာ ရောဂါတွေ ကပ်ပါလာမှာစိုးလို့ မနက် ညနေ တစ်နေ့ နှစ်ခါ ရေချိုးခိုင်းရမယ်။ သူက သန့်ရှင်းပြီး ကျန်းမာလို့ကတော့ ကျွန်မသူ့ကို ထမင်းဟင်းချက်ခိုင်းမှာ မပူနဲ့" လို့ ပြောနေတာကိုလည်း ထပ်ကြားရပါတယ်။

ည ဆယ့်နှစ်နာရီထိုးတော့ ညဝတ်အင်္ကျီနဲ့ သခင်မရာဟတ် အခန်းထဲကထွက်လာပြီး

“ကျွန်ပေါက်စလေး အိပ်ချိန်ရောက်ပြီ။ မနက်ဖြန် ဒီထက် ပိုလုပ်စရာတွေရှိတယ်နော်။ ငါနဲ့လိုက်ခဲ့” ဆိုပြီး နောက်ဖေး ကျွန်မ အိပ်ခန်းကို လိုက်ပို့ပါတယ်။

“အို... ငါမေ့သွားတော့မလို့။ နင်မအိပ်ခင် ရေချိုးလိုက်ဦး၊ နင့်ခန္ဓာကိုယ်မှာ ရောဂါတွေကပ်နေရင် ငါတို့ပါ ရောဂါရနေဦးမယ်” လို့ပြောပါတယ်။

တစ်နေ့လုံး မရပ်အနား အလုပ်လုပ်ခဲ့ရလို့ ပင်ပန်းနေပါတယ်။ ငိုတောင်ငိုချင်လာပြီး ရေချိုးခန်းထဲ ရေချိုးနေရင်း ငိုချလိုက်ပါတယ်။ ရေအမြန်ချိုးပြီး ပြန်ထွက်လာတော့ ဘာမှန်းမသိတဲ့အဆီ တွေ တစ်ကိုယ်လုံးလိမ်းပေးရင်း

“နင် မနက်တိုင်း နင့်ခန္ဓာကိုယ်၊ ဆံပင်၊ ဂျိုင်းကြားတွေ၊ လည်ပင်းတွေကို ဒီအဆီလိမ်းပြီးမှ အိမ်ထဲကိုလာရမယ် ကြားလား” လို့လည်း ပြောနေပါတယ်။

အဲဒီနောက် သခင်မရာဟတ်ဟာ ကျွန်မအခန်းကျဉ်းတံခါးကိုပိတ် မီးမှိတ်ပြီး ထွက်သွားပါတယ်။ ကျွန်မလည်း အင်္ကျီတစ်ထပ် အပေါ်ကနေ ထပ်ဝတ် မွေ့ယာပါးကို ခန္ဓာကိုယ်ပေါ်ဆွဲခြုံပြီး ပင်ပန်း လို့ အိပ်ပျော်သွားပါတော့တယ်။

မနက်ခြောက်နာရီထိုးတော့ သခင်မရာဟတ် ကျွန်မကို လာနှိုးတဲ့အခါ အိပ်လို့ကောင်းတုန်းပါပဲ။ ကျွန်မ ရေချိုး အဝတ်အစား လဲ ခန္ဓာကိုယ်အဆီလိမ်းပြီး မီးဖိုချောင်ထဲကို သွားပါတော့တယ်။

“ဟဲ့ ကျွန်ပေါက်စ အဲဒီညစ်ပတ်နေတဲ့အဝတ်ကို လဲမဝတ်ဘူးလား။ မနေ့ကလည်း ဒီအဝတ်ပဲ ဝတ်တာတွေ့တယ်”

“ကျွန်မမှာ ဒီအဝတ်အစားနှစ်စုံပဲရှိတယ်” လို့ပြောတော့ ရာဟတ်က သက်ပြင်းချပြီး သူမအိပ်ခန်းထဲသွား သူမအဝတ်အစားဟောင်း သုံးစုံယူပြီး ပြန်ထွက်လာပါတယ်။

အဝတ်အစားတွေက ကောင်းသေးပေမယ့် ကျွန်မနဲ့ ကြီးနေလို့ စကတ်ဆို ဘုထုံးချည်ပြီး ဝတ်ရပါတယ်။

မနက်တိုင်း တစ်အိမ်လုံး သန့်ရှင်းရေးလုပ် အဝတ်လျှော် အိမ်ရှေ့မှာအဝတ်လှန်းရပါတယ်။ အဝတ်လှန်းတဲ့အခါတိုင်း သခင်မ ရာဟတ်က

“နင့်အဝတ်တွေနဲ့ ငါတို့အဝတ်တွေ ခွဲပြီးလျှော် ခွဲပြီးလှန်း နော်။ နင့်ဆီကရောဂါတွေ ငါတို့မိသားစုဆီ ကူးနေဦးမယ်” လို့ အပြောခံရလေ့ ရှိပါတယ်။

သူတို့မိသားစု နေ့လယ်စာ ညနေစာစားပြီးလို့ စားပွဲပေါ်အစား ကျန်တာတွေကို သန့်ရှင်းရေး လုပ်၊ သူတို့ပန်းကန်ထဲကျန်တဲ့ အသောက်တွေကို မီးဖိုချောင်ထဲစားတဲ့အခါ သခင်မရာဟတ်က လာပြီး

“နင် ငါတို့စားတဲ့ပန်းကန်နဲ့ စားနေပါလား။ နင်က တန်ရာ တန်ရာနဲ့စားလေ။ နင့်ပန်းကန်ထဲ နင်ထည့်စား။ ကျွန်မ အခိုင်းအစေမကများ ရာရာစစ ငါတို့ပန်းကန်နဲ့စားရတယ်လို့” ဟိန်းဟောက် ပြောဆိုရင်း ကျွန်မပါးကိုရိုက်ပါတယ်။

ကျွန်မကို နေ့တိုင်း သခင်မရာဟတ်က အဲလိုပဲ ဆက်ဆံပါတယ်။

ကလေးတွေကတော့ ပထမဆုံး သီတင်းပတ်မှာ ကျွန်မနဲ့ ကစားချင်ကြပါတယ်။ အငယ်မလေး အက်စ်ရာဆိုရင် သူ့ဆံပင် ကျွန်မကိုလာပြီး ကျစ်ဆံမြီးကျစ်ခိုင်းပါတယ်။ သခင်မရာဟတ်မရှိတဲ့ အချိန် အက်စ်ရာကို ဖက်ပြီးနမ်းချင်တဲ့စိတ်တွေ ဖြစ်မိပါတယ်။ တစ်ခါတလေအကြီးမဟာနင်ရဲ့ ဆံပင်တွေကို ပွတ်သပ်တဲ့အခါ

"ငါ့ဆံပင်ကိုလာမထိနဲ့။ ငါ့အဖေကပြောထားတယ်။ နင့် အသားနဲ့ ငါ့ကိုမထိနဲ့" လို့ဆိုပြီး ရှောင်ထွက်သွားတတ်ပါတယ်။

ကလေးတွေကတောင် ကျွန်မကို တိရစ္ဆာန်တစ်ကောင်လို ဆက်ဆံကြပါတယ်။ အဲနေ့ကဆို သခင်မရာဟတ် ကျွန်မဆီလာ ဒေါသူပုန်ထပြီး

"ကျွန်စုတ်မ နောက်တစ်ခါ ငါ့ကလေးတွေအသားကို ထိရင်နင်သေပြီသာမှတ်" လို့ဆိုပြီး ကျွန်မဆံပင်ကို ဆောင့်ဆွဲပြီး ပါးရိုက်သွားခဲ့ပါတယ်။ တစ်နေ့ ကျွန်မ ညှော်ခန်းထောင့်က ပင့်ကူအိမ် တွေကို သန့်ရှင်းရေးလုပ်တဲ့ ကြက်မွေးတံနဲ့ သန့်ရှင်းရေးလုပ်နေတုန်း ပန်းအိုးကျကွဲသွားပါတယ်။ ညှော်ခန်းထဲက ကော်ဇောပေါ် ဖန်အိုးကွဲစတွေ၊ ပန်းတွေနဲ့ ပြန့်ကြဲသွားပါတယ်။ ကျွန်မလည်း ကြောက်ကြောက်နဲ့ ဘာလုပ်ရမှန်းမသိပါဘူး။

"စောက်သုံးမကျတဲ့ဟာမ။ နင်မျက်စိမပါဘူးလား။ ဘယ်လိုလုပ်လိုက်တာလဲ။ အဲပန်းအိုး ဘယ်လောက်တန်လဲသိလား။ ဒီပန်းအိုးဟာ နင်တို့မျိုးနွယ်စုတစ်ခုလုံးစာထက် တန်ဖိုးရှိတယ်" လို့ပြောပြီး ဆံပင်ဆွဲ ပါးရိုက်ပါတော့တယ်။

"ကျွန်မ တောင်းပန်ပါတယ် သခင်မ။ မတော်တဆဖြစ် သွားတာပါ။ နောက်ဆို အဲလိုမကွဲအောင် ဆင်ခြင်ပါ့မယ် ကျွန်မကို မရိုက်ပါနဲ့ သခင်မရယ်" လို့ ကျွန်မတောင်းပန်ပါတယ်။ ကျွန်မကို အားရအောင် ရိုက်ပြီး

"ငိုမနေနဲ့ ဖန်ကွဲစတွေ ပန်းတွေ ပြန့်ကြဲနေတာတွေ သန့်ရှင်းရေးလုပ်။ ဖန်ကွဲစတွေ တွေ့လို့ကတော့ သေပြီသာမှတ်။ အေးနော် ငါ့ကလေးတွေ ဖန်ကွဲစူးလို့ကတော့ မလွယ်ဘူးသာမှတ်" လို့ ဒေါသတကြီးပြောပါတယ်။

ကျွန်မဘဝမှာ ဆံပင်ဆွဲ ပါးအရိုက်ခံရတာ ပထမဆုံးဖြစ်လို့ အရမ်းတုန်လှုပ်ရပါတယ်။ အဖေနဲ့ အမေရဲ့ မေတ္တာကို ပိုတန်ဖိုးထားတတ်လာခဲ့ပြီး ပိုပြီးတော့လည်း သတိရသွားပါတယ်။ ကျွန်မ အပြစ်လုပ်တဲ့အခါ မရိုက်ဘဲ နားဝင်အောင် ပြောဆိုဆုံးမတာတွေကို မျက်ရည်တွေကျနေရင်း သတိရမိတယ်။ ကျွန်မဘဝမှာ အမေ ဆားသွားဝယ်ခိုင်းတာ မဝယ်လို့ အမေတစ်ခါပဲ မှတ်မှတ်ရရ ရိုက်ဖူး ပါတယ်။

ကျွန်မမိသားစုကတော့ ကျွန်မ ဒီဘဝရောက်နေတာကို သိမှာတောင်မဟုတ်ပါဘူး။

အခန်း(၁၃)

ကျွန်မ ဒီအိမ်ကြီးမှာ မိုလင်းမိုးချုပ် အလုပ်လုပ်ရတဲ့အပြင် အနှိပ်စက်လည်း ခံရတော့ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်လောက် အောင်ပါပဲ။ ကျွန်မ ဒီအိမ်ကြီးကနေ လွတ်မြောက်ဖို့ အချိန် တော်တော်များများ စဉ်းစားခဲ့ပါတယ်။ နောက်ဖေးမှာ ရေဆိုးရေညစ်တွေ ဆင်းတဲ့ အလုံပိတ်ကန် ရှိပါတယ်။ အဲဒီကန်ပေါ်မှာ ကုလားထိုင် အဟောင်းကြီးတစ်လုံး ရှိပါတယ်။ အဲဒီကုလားထိုင်ပေါ် တက်လိုက်ရင် အလုံပိတ်ကာထားတဲ့ နံရံပေါ်ကို ရောက်ပါတယ်။ နံရံပေါ်ကနေ အခြားတစ်ဖက်မှာရှိတဲ့ လမ်းပေါ်ကို ရောက်ပါတယ်။ လမ်းပေါ်ရောက်ရင် ကျွန်မဘယ်ကို ဆက်သွားမလဲ။ အာရပ်တွေရှိတဲ့ ခါတွန်မြို့ထဲ ကျွန်မလမ်းပျောက်သွားနိုင်ပါတယ်။ အဲလို ဒီအိမ်ကြီးကနေ လွတ်ရာလွတ်ကြောင်း တွေးလေ မျှော်လင့်ချက်တွေက ထိတ်လန့်မှုတွေ၊ သောကတွေပဲဖြစ်လာပါတယ်။ တစ်ပတ်တစ်ခါ လူကြီးတစ်ယောက် ရောက်လာတတ်ပြီး ခြံထဲက မြက်တွေရှင်း အပင်တွေ ရေလောင်း ပေါင်းသင်ပါတယ်။

သခင်မရာဟတ်က အဲလူကြီးကို မာလီလို့ခေါ်ပါတယ်။ အဲဒီ မာလီကြီးကို ကျွန်မစတွေ့တော့ ယဉ်ကျေးပျူငှာစွာ နှုတ်ဆက်ပါ တယ်။ ဆင်းရဲပေမယ့် ကြင်နာတတ်တဲ့ မာလီကြီးကလည်း ကျွန်မ ကို “မင်္ဂလာပါသမီးလေး” လို့ အမြဲတမ်းပြုံးပြီး နှုတ်ဆက်ပါတယ်။

နှစ်လလောက်ကြာတော့ မာလီကြီးကို စကားပြောရဲလာပါတယ်။ မာလီကြီးလာတဲ့ သီတင်းပတ်မှာ သစ်ခွပန်းတွေစိုက်ပျိုးဖို့ ပေါင်းသင် မြက်ရှင်းနေတဲ့ မာလီကြီးထံသွားပြီး

“မင်္ဂလာပါ မာလီကြီးဆီမှာ သားသမီးရှိလား” လို့မေးတော့

“သမီးတစ်ယောက်ရှိတယ်။ အသက်က ဆယ်နှစ်။ သမီး အရွယ်ပဲ။ သမီးနဲ့ကစားရအောင် ဒီကိုခေါ်လာရမလား”

“မာလီကြီးသမီးခေါ်လာတော့ သမီးအတွက် အဖော်ရ တာပေါ့” လို့ ဝမ်းသာစွာ ပြန်ဖြေပါတယ်။

“သမီးအားရင် ဦးတို့အိမ်လာလည်ပါလား။ သမီးအရင် ဒီမှာ အလုပ်လုပ်တဲ့ ဆန်ဒီဟားဆိုရင် ဦးတို့အိမ် ခဏခဏလာလည်တယ်” လို့ပြောပါတယ်။

ဆန်ဒီဟား ဆိုတာ ဘယ်သူများပါလိမ့်။ သူကဘာကြောင့် အားလပ်ရက်တွေ ရပြီး အပြင်ထွက်လို့ရတာလဲ။ ကျွန်မကျတော့ ရောက်ကတည်းက နားဖို့မပြောနဲ့ အလုပ်နဲ့လက်ကို မပြတ်တာ ဒီနေ့ အထိပါပဲ။

“မာလီကြီးရေ သမီးက အိမ်အပြင်ကို ထွက်လို့မရဘူး။ မာလီကြီးရဲ့သမီးကို ကျွန်မနဲ့ ကစားရအောင် ဒီကိုခေါ်လာပါလား” လို့ မာလီကြီးကို တောင်းဆိုခဲ့ပါတယ်။

“ဟဲ့ မန်ဒီ ကျွန်ပေါက်စလေး ဘယ်မှာလဲ။ ဒီကိုချက်ချင်း လာခဲ့” လို့

အိမ်ထဲကနေ သခင်မရာဟတ် က လှမ်းခေါ်ပါတယ်။

"သခင်မရာဟတ် ကျွန်မဒီမှာပါရှင် အိမ်ရှေ့မှာ သန့်ရှင်းရေး လုပ်နေတာပါ" လို့ ပြန်ဖြေပြီး အိမ်ထဲကိုသွားမလို့လုပ်နေတုန်း

"သန့်ရှင်းရေးလုပ်တာလား၊ စောက်စကားများနေတာလား။ ဘာမှမကြားချင်ဘူး။ အခုအထဲကို လာခဲ့" လို့ ထပ်ခေါ်နေပါ တယ်။

ကျွန်မ အိမ်ထဲရောက်တော့ မီးဖိုချောင်ထဲကို သခင်မ ရာဟတ်က ခေါ်သွားပါတယ်။

"ဘယ်သူနဲ့ စကားပြောနေတာလဲ။ သူ့ကိုဘယ်လိုလုပ်သိတာလဲ" စတဲ့ မေးခွန်းတွေကို မျက်ထောင့်နီကြီးနဲ့ ဒေါသတကြီး ကျွန်မကိုမေးပါတယ်။

"ဟုတ်....ဟုတ်ကဲ့ မာလီကြီးနဲ့ စကားပြောနေတာပါ။ ခဏလေးပါ။ မာလီကြီးကို အိမ်ရှေ့ဝင်း သန့်ရှင်းရေးလုပ်ရင်းသိတာပါ" လို့ ကျွန်မ ကြောက်ကြောက်လန့်လန့်နဲ့ ပြန်ပြောပါတယ်။

"ငါ့ကိုမညာနဲ့ နင်စကားပြောနေတာ အကြာကြီးပဲ။ နောက်တစ်ခါ စကားပြောရင် အသေသာမှတ်။ လိမ်မယ်မကြံနဲ့" လို့ အော်ကြီးဟစ်ကျယ်ပြောပြီး သူ့ရဲ့ ဖိနပ်တစ်ဖက်ကိုချွတ် ကျွန်မ ခေါင်းကို ဖိနပ်နဲ့ အဆက်မပြတ်ရိုက်ပါတော့တယ်။

"ကဲ နင်သူ့ကို ဘာတွေပြောခဲ့လဲ။ ငါမေးနေတာပြောလေ မပြောရင် ငါထပ်ရိုက်မှာနော်" လို့လည်း ကျွန်မကိုမေးပြီး ဖိနပ်နဲ့ ချိန်ထားပါတယ်။

"ဟုတ်ကဲ့ သခင်မရာဟတ်။ မာလီကြီးမှာ သမီးရှိလား၊ ရှိတယ်ဆို ကျွန်မနဲ့ကစားရအောင် ခေါ်လာပါလား" လို့ပဲမေးတာပါ။

"အဲတော့ သူကဘာပြောခဲ့လဲ"

"ငါ့မှာ သမီးတစ်ယောက်ရှိတယ်။ ကျွန်မနဲ့ကစားဖို့ခေါ်လာမယ်လို့ ပြောပါတယ်" လို့ သခင်မရာဟတ်ကို ရှင်းပြပါတယ်။

"အဲဒီ မာလီ သူ့သမီးကို ငါ့အိမ်ကိုခေါ်ရဲခေါ်လာကြည့်လေ နင့်ကိုနင် ဘာထင်လို့လဲ။ နင်က ငါ့သမီးမဟုတ်ဘူးနော်။ နင်က အိမ်မှာ ကျွန်တစ်ယောက် အခိုင်းအစေတစ်ယောက်နော် ကြားလား" လို့ ထပ်ပြောပါတယ်။

သခင်မရာဟတ် နောက်ထပ်ရိုက်မှာကိုကြောက်လို့ "ကျွန်မတောင်းပန်ပါတယ်။ နောက်တစ်ခါ ဒါမျိုးထပ်မဖြစ်စေရပါဘူး" လို့ တောင်းပန်ခဲ့ပါတယ်။

ကျွန်မဘာမှမပြောတော့ဘဲ ငြိမ်သက်စွာနဲ့ ကြမ်းပြင်ကို ကြည့်နေပါတယ်။ သခင်မရာဟတ် ရိုက်ထားလို့ မျက်နှာမှာ ဘုကြီး တွေ၊ ခေါင်းမှာလည်း ဘုလုံးတွေထွက်နေတယ်။

"လျှော်စရာအဝတ်တွေအများကြီးသွားလျှော်။ နောက်တစ် ခါအပြင်ထွက်ရင် ဒီထက်ဆိုးမယ် မှတ် ကြားလား" လို့ပြောပြီး ပြတင်းပေါက်ကနေ မာလီကြီးကို အိမ်ထဲလာဖို့ ခေါ်လိုက်ပါတယ်။

တစ်နာရီခန့်ကြာတော့ မာလီကြီး တံခါးလာခေါက်တော့ အကြီးမ ဟာနင် တံခါးသွားဖွင့် ပေးပါတယ်။ သခင်မရာဟတ်က

"ကျွန်မခရီးထွက်စရာရှိလို့ ကျွန်မအိမ်ကို ထိန်းသိမ်း စောင့်ရှောက်ဖို့ လူတစ်ယောက်ကို ခေါ်ထားတယ်။ ရှင် ဒီကိုလာစရာမလို တော့ဘူး။ ရှင့်လုပ်အားခ ဘယ်လောက်ကျလဲ"

"အို... အစ်မကြီး တကယ်ခရီးထွက်တော့မှာလား။ ရုတ်တရက်ကြီး"

"ဟုတ်တယ် ကျွန်မစီစဉ်ထားတာကြာပြီ မာလီကြီးကိုပြော ဖို့ မေ့နေတာ"

သခင်မရာဟတ်က မာလီကြီးကို ပိုက်ဆံရှင်းပေးနေတာ တွေ့ရပါတယ်။ မာလီကြီးလည်း ပိုက်ဆံတွေကိုင်ပြီး အိမ်ထဲကနေ ထွက်သွားပါတော့တယ်။ ဒီအိမ်ကြီးထဲမှာ ကြင်နာမှု တစ်ဦးနဲ့ တစ်ဦး ရိုင်းပင်းမှုတွေ ကျွန်မကို သင်ကြားပေးခဲ့တဲ့ တစ်ဦးတည်းသောသူ မာလီကြီး အိမ်ထဲက ထွက်သွားတော့ ကျွန်မမျက်ရည်တွေ ထိန်းမရအောင်ကျခဲ့ရတယ်။ မျက်ရည်တွေကို မထိန်းနိုင်လို့ အိမ်သာထဲတောင် သွားငိုခဲ့ရပါတယ်။

သခင်မရာဟတ်ရဲ့ခင်ပွန်း မူစတာဖာ အပြင်ကနေ ပြန်ရောက်လာပြီး "ဒီနေ့ မာလီကြီး ရောက်လာတယ်နဲ့တူတယ်။ သစ်ခွပန်းတွေကို သပ်သပ်ရပ်ရပ် ဖြတ်ထားတာ။ ခြံထဲ မြက်တွေရှင်း နေတာ။ အပင်တွေပေါင်းသင်ထားတာကိုတွေ့လို့ မိန်းမရေ တစ်ခြံလုံး သန့်ရှင်းနေတာပဲ။ အရမ်းကြည့်လို့ ကောင်းလိုက်တာ"

"တော်ပါယောကျ်ားရယ် အဲဒီမာလီအကြောင်း မပြောပါနဲ့တော့။ အဲဒီမာလီနဲ့ ဒီကောင်မ ဘာတိုင်ပင်နေတာလည်း မသိဘူး။ အရမ်းဒေါသထွက်ဖို့ကောင်းလိုက်တာ"

"သူတို့ ဘာတွေတိုင်ပင်နေတာလဲ။ ယောကျ်ားကိုပြောပြလေ"

"ကျွန်မအခုတော့ ဗိုက်ဆာနေလို့ ညနေစာစားရင်း ရှင်းပြမယ်" လို့ မီးဖိုချောင် ထမင်းစားဝိုင်းမှာ ညစာသွားစားကြပါတယ်။

ဘယ်သူမှ ဘယ်လိုအကြောင်းအရာကိုမှ ကျွန်မကို မရှင်းပြကြပါဘူး။ အိမ်မှာရှိကြတဲ့သူတွေ ပြောကြတာကို ခိုးကြောင်ခိုးဝှက် နားထောင်ကြမှသာ သူတို့ဘာတွေပြောနေတယ်ဆိုတာကို သိရ ပါတယ်။ ဒီနေ့ညနေ သခင်မရာဟတ်နဲ့ ခင်ပွန်း မူစတာဖာတို့ ညနေစာ စားရင်း စကားပြော နေကြပါတယ်။

"ဒီနေ့ အိမ်ကကျွန်မနဲ့ မာလီကြီးတို့ စကားပြောနေကြတယ်"

"လုပ်ပါဦးမိန်းမရဲ့ ဘာအကြောင်းတွေပြောနေကြတာလဲ"

"မာလီကြီးက သူ့သမီးနဲ့ကစားဖို့ အိမ်ကကျွန်မကို ဖိတ်နေတာလေ ကျွန်မမေးတော့ မဖြေတာနဲ့ ကျွန်မကို ရိုက်လိုက်တယ်"

"မင်း မာလီကြီးကို အလုပ်ဖြုတ်လိုက်ပြီလား။ ဖြုတ်လိုက်တော့ အဲ့ဒီလူ။ မစပ်စုပါနဲ့လို့ ပြောထားရက်နဲ့ မင်းမဖြုတ်ရင် ငါဖြုတ်လိုက်မယ်"

"မာလီကြီးကိုလည်း လုပ်အားခတွေပေးပြီး အလုပ်ဖြုတ်လိုက်ပြီလေ"

လို့ပြောတော့ သခင်မူစတာဖာကပြုံးပြီး "ကောင်းတာပေါ့" လို့ ပြောပါတယ်။ သခင်မူစတာဖာလည်း ကောက်ကျစ်တဲ့ သိုးမည်းတစ်ကောင်လိုပါပဲ။ သခင်မရာဟတ်ရဲ့လုပ်ရပ်တွေ သခင် မူစတာဖာက နှစ်မြို့မှာမဟုတ်ဘူးလို့ ကျွန်မထင်ခဲ့ပါတယ်။ မူစတာဖာက ကျွန်မကို တစ်ခါမှမရိုက်ဖူးသလို ရိုင်းရိုင်းစိုင်းစိုင်းလည်း တစ်ခါမှမပြောခဲ့ပါဘူး။ ကျွန်မတို့ နူဘာမျိုးနွယ်စုမှာ အဲလိုအတွင်း စိတ်ပုပ်တဲ့ယောက်ျား မတွေ့ဖူးတာ အမှန်ပါ။

သီတင်းပတ်တွေအတော်ကြာတော့ မာလီကြီးအကြောင်း ဘယ်သူမှမပြောကြတော့ပါဘူး။ ကျွန်မအတွက်ကတော့ ထွက်ပြေး လွတ်မြောက်ချင်ပေမယ့် မျှော်လင့်ချက်မရှိတော့ပါဘူး။ ကျွန်မ အလုပ်ကို ကြိုးစားပျော်နေတဲ့ပုံပြတော့ သခင်မရာဟတ် စိတ်ကြည်နေပုံရပါတယ်။ ရာမန်ဥပုသ် ကာလပြီးတော့ မွတ်ဆလင်တို့ရဲ့ အရေးပါတဲ့ပွဲတော်တစ်ခုမှာ ချက်ပြုတ်ကျွေးမွေးဖို့ ရာဟတ်က ကျွန်မကို ကြက်သွန်နီလှီးခိုင်းပါတယ်။ ကျွန်မဆီကနေ သူတို့မိသားစုကို ရောဂါမကူးစက်ဘူးဆိုတာ ယုံကြည်သွားလို့လားမသိပါဘူး။ သူတို့ အစားအသောက်တွေကို ကျွန်မလက်နဲ့ထိတာ သခင်မရာဟတ် ဘာမှမပြောတော့ပါဘူး။

ဧည့်သည်တွေလာတော့ ကျွန်မကို လက်ဖက်ရည်ဖျော် ကျွန်မကိုယ်တိုင် လက်ဖက်ရည်ခွက် တွေကို လိုက်ချပေးပါတယ်။

"ဟဲ့ ရာဟတ် နင် ကျွန်မိန်းကလေးတစ်ယောက် ဝယ်ထားတယ်ဆို။ ငါကြည့်ချင်လိုက်တာ။ သူမအခုဘယ်မှာလဲ" လို့ ဧည့်သည် အမျိုးသမီးတစ်ဦးကမေးတော့ ရာဟတ်က

"မီးဖိုချောင်ထဲမှာလေ။ လာသွားကြည့်ရအောင်" လို့ ပြောပြီး သူတို့ ကျွန်မဆီကို လာနေကြပါတယ်။

သူတို့လာတော့ ကျွန်မ မီးဖိုချောင်စားပွဲမှာ ပဲလုံးတွေကို အခွံခွာနေပါတယ်။ ကျွန်မ မော့ကြည့်လိုက်တော့ မျက်နှာတွေကို အရောင်မျိုးစုံခြယ်ထားတဲ့ အာရပ်အမျိုးသမီးသုံးယောက်က ကျွန်မကို တိရစ္ဆာန်တစ်ကောင်လို စိုက်ကြည့်နေကြပါတယ်။ အာရပ် အမျိုးသမီးသုံးဦးဟာ မီးဖိုချောင်အနှံ့ သေချာလိုက်ကြည့်ပြီး

"ရာဟတ်ရေ နင့်မီးဖိုချောင်က အရမ်းသန့်ရှင်းသပ်ရပ်ပြီး တောက်ပြောင်နေတာပဲနော်" လို့ အမျိုးသမီးတစ်ယောက်က ချီးမွမ်းခန်းဖွင့်လာပါတယ်။

"ထမင်းချက်တာကလွဲရင် သူ့ကို အကုန်သင်ပေးထားတယ်လေ။ နေ့တိုင်း အိုးခွက်ပန်းကန်ဆေး၊ အဝတ်လျှော်၊ အိမ်သန့် ရှင်းရေးတွေ လုပ်ရတယ်" လို့ သခင်မရာဟတ်က ပြန်ရှင်းပြပါတယ်။

"ဟာ တယ်ဟုတ်ပါလား။ သူမကို လုပ်ခမပေးရဘူးလား။ နားရက်တို့ဘာတို့ရော မပေးရဘူးလား" လို့ တစ်ယောက်က ထပ် မေးတော့

“ဘာမှမပေးရဘူး။ သူက ငါတို့မိသားစုပိုင်တဲ့ ကျွန်မလေး တစ်ယောက်ပါ” လို့ ပြန်ဖြေတာကို ကျွန်မကြားလိုက်တော့ ရင်ထဲမှာ မျက်ရည်တွေနဲ့ မိသားစုကို ပိုလွမ်းလာပါတယ်။

အခန်း(၁၄)

ကျွန်မကို ရိုက်နှက်၊ ပါးရိုက် နှိပ်စက်တာတွေက တစ်နေ့ ထက်တစ်နေ့ ပိုဆိုးလာပါတယ်။ တစ်ခါတလေ ဘာအကြောင်းမှ မရှိဘဲ ဘာအပြစ်မှမလုပ်ဘဲ အကြောင်းမဲ့သက်သက် နှိပ်စက်တတ် ပါတယ်။ တစ်နေ့တစ်ခါ ပါးအရိုက်ခံရတယ်။ ဘာကြောင့် အရိုက်ခံရလဲဆိုတာ စဉ်းစားတိုင်း အဖြေရှာမရ စဉ်းစားမရအောင်ပါပဲ။ မကြာခဏဆိုသလို စီးတဲ့ဖိနပ်ကိုချွတ်ပြီး ခေါင်းကိုရိုက်ပါတယ်။ ကျွန်မ ခန္ဓာကိုယ်တစ်ခုလုံး တံမြက်စည်းနဲ့ရိုက်တဲ့အပြင် အဆိုးဆုံးက ကြာပွတ်နဲ့ရိုက်ထားတဲ့ အမာရွတ်တွေပါပဲ။

နွေရာသီရောက်တဲ့အခါ သခင်မရာဟတ်ရဲ့ မိတ်ဆွေတွေ သခင်မရာဟတ်ရဲ့အိမ် ဆင်ဝင်ပေါက်မှာ လာရောက်အနားယူ စကားပြောကြတယ်။ ညှော်သည်တွေမလာခင် ကျွန်မအိမ်ရှေ့ဘက် ကိုသွား ရေပိုက်ခေါင်းကိုဖွင့် သစ်ပင်တွေ ရေလောင်းရတယ်။ ညနေဘက် နေရောင်နဲ့ သစ်ပင်တွေကို လောင်းတဲ့ရေဟာ သက်တန့်ရောင်စဉ်တွေလို ကြည့်ရတာ မျက်စိအေး လှပါတယ်။ ကျွန်မ စိတ်အရမ်းချမ်းသာရတဲ့ အချိန်မို့ ရွာမှာမိုးရွာရင် သီချင်းဆို ကသလိုမျိုး ကနေပါတယ်။

“မိုးရွာနေပြီ၊ မိုးတွေရွာနေပြီ။ စိတ်ပျက်ဖွယ် ဒီအိမ်ကနေ လွတ်ချင်ပြီကွယ်.... ဒီ.... ဒါ.. ဒါ..” ရေပိုက်က ရုတ်တရက် ရေမလာတော့ပါဘူး။ သခင်မရာဟတ် သစ်ပင်နောက်ကနေ ရောက်လာ ပါတယ်။

“ဆက်ဆိုလေ ဘာလို့ရပ်လိုက်တာလဲ။ နင်ကအရမ်းပျော် နေတယ်ပေါ့။ ဘယ်အချိန်ရှိပြီလဲ သိလား။ အဲ့ရေပိုက်ငါ့ကိုပေး” လို့ ရာဟတ်က ဒေါသတကြီးနဲ့ ကျွန်မကိုပြောပါတယ်။ ကျွန်မကတော့ သခင်မရာဟတ် ပေါ်တီကိုကို သူမကိုယ်တိုင် သန့်ရှင်းရေး လုပ်တော့မယ်ထင်ထားပေမယ့် သူမက ကျွန်မလက်မောင်းကိုဆွဲပြီး ပိုက်နဲ့ ကျွန်မကို စိတ်ရှိလက်ရှိ ရိုက်ပါတော့တယ်။ ကျွန်မတစ်ကိုယ်လုံး အရမ်းနာနေလို့ မရိုက်ပါနဲ့ နောက်မဖြစ်စေရပါဘူး။ နောက် မလုပ်တော့ပါဘူးလို့ တောင်းပန်ပေမယ့်

“တော်တော့ ပါးစပ်ပိတ်၊ နင့်ပါးစပ်ကိုပိတ်ထား” လို့ပြောပြီး ကျွန်မကျောကုန်းက အကျီပြဲသွားတဲ့ အထိ ရိုက်ပါတယ်။ ကျွန်မလက်ကို လွှတ်ချလိုက်တဲ့အချိန်မှာတော့ ကျွန်မ မြေကြီးပေါ်ကို အရုပ်ကြိုးပျက် လဲကျသွားပါတယ်။

“နောက်တစ်ခါဆို ပိုက်လုံးနဲ့မရိုက်ဘူး။ ကြာပွတ်နဲ့ရိုက် မယ်မှတ်ထား။ တိရစ္ဆာန်တစ်ကောင် မြည်းတစ်ကောင်လောက်တောင် စောက်သုံးမကျဘူး”

“အိမ်ရှေ့ဆင်ဝင်ပေါက်ကိုသွား သန့်ရှင်းရေးလုပ်။ ဆယ်မိနစ်အတွင်း ငါပြန်လာမယ်။ မပြီးရင်အသေပဲမှတ်” လို့ပြောပြီး ထွက် သွားပါတယ်။

ကျွန်မ ဒယီးဒယိုင်နဲ့ ပြန်ထ ရေပိုက်ကိုယူ ဆင်ဝင်ပေါက်ကို သန့်ရှင်းဆေးကြောပါတယ်။ ဆူဒန်နိုင်ငံမြို့တော် ခါတွန်မြို့ထဲကို ဆာဟာရ သဲကန္တာရထဲက ပူပြင်းခြောက်သွေ့တဲ့လေပူတွေ တိုက်ခတ်လို့ ဖုန်မှုန့်တွေ သယ်ဆောင်လာတတ်လို့ ဆင်ဝင်ပေါက်မှာ ဖုန်မှုန့်တွေအထူကြီး ကပ်နေတတ်ပါတယ်။

အရိုက်ခံထားရတဲ့ဒဏ်ကြောင့် ရေပိုက်ကို လက်နဲ့ကိုင်ရတာ သိပ်အဆင်မပြေပါဘူး။ သခင်မရာဟတ်ပြန်လာရင် မပြီးမှာ စိုးလို့ ကသုတ်ကရုတ် လုပ်ခဲ့ရပါတယ်။

ညေ့သည်တွေရောက်လို့ ဆင်ဝင်ပေါက်မှာ စကားပြော ကြတဲ့အခါ အချိန်နည်းနည်းရလို့ ရေချိုးခန်းထဲသွား မှန်သွားကြည့်ပါတယ်။ ကျွန်မကျောတစ်ပြင်လုံး အရှိုးရာအညိုစင်းတွေ၊ ကျောကုန်းမှာ သွေးခြည်ဥတွေ အကွက်လိုက်တွေ့ရပါတယ်။ အဲဒီညမှာတစ်ညလုံး အိပ်မရပါဘူး။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေလို့ ဟိုဘက်လှိမ့်လိုက်၊ ဒီဘက်လှိမ့်လိုက် လူးလွန့်နေခဲ့ပါတယ်။ အဲဒီည မိသားစုကို သတိလည်းရ၊ ကလေးဘဝရဲ့ ပျော်စရာနေ့ရက်တွေကို တမ်းတမိပြီး ငိုခဲ့ရတယ်။ ကျွန်မတစ်ယောက်တည်း ငိုရတာ ကျွန်မ အတွက် ကျင့်သားရနေပြီလေ။

ကျွန်မ အိပ်မရတဲ့ညတွေကို ဖြတ်ကျော်ခဲ့ရတာ မရေမတွက် နိုင်အောင်ပါပဲ။ ဒီအိမ်ကြီးကနေ လွတ်မြောက်ဖို့ ခိုင်မာတဲ့သံန္နိဋ္ဌာန် ချထားပါတယ်။ ကြာရင် သခင်မရာဟတ် ကျွန်မကိုသတ်ပြီး လက်စဖျောက်မှာ သေချာပါတယ်။ ဘယ်လိုအခက်အခဲတွေကြုံပါစေ ကျွန်မဒီဘဝကနေ လွတ်မြောက်အောင် ကြိုးစားပြီး နူဘာတောင်တန်းတွေဆီကို ပြန်ဖို့ အဲဒီညက ဆုံးဖြတ်ချက် ချခဲ့ပါတယ်။

အာရပ်လူမျိုးတွေ ကျွန်မတို့ နူဘာတွေကို ဘာကြောင့်မုန်းမသိပါဘူး။ ကျွန်မ ကျောင်းစတက်တဲ့ နေ့တုန်းက အာရပ်ဆရာတွေက နူဘာစကားပြောလို့ရိုက်ပါတယ်။ အာရပ်တွေက ကျွန်မတို့ နူဘာစကား ပြောတဲ့အခါ ဒေါသထွက်ကြပါတယ်။ နားမလည်ကြ လို့လား၊ သခင်မရာဟတ်ဆို ကျွန်မကို တစ်နေ့လုံး အာရပ်လို အမိန့်ပေးခိုင်းစေပါတယ်။ ကျွန်မကို အာရပ်လိုဆဲပြီးရိုက်ပါတယ်။ ကျွန်မရဲ့ခန္ဓာကိုယ်ကို သတ်လို့ရမယ်။ ကျွန်မကို ထိန်းချုပ်လို့ရပေမယ့် ကျွန်မရဲ့စိတ်ကိုတော့ ချုပ်ချယ်ထားလို့မရပါဘူး။

တစ်နေ့ ရာဟတ်ရဲ့ မိတ်ဆွေနှစ်ယောက် သူတို့ရဲ့ ခင်ပွန်းတွေ သားသမီးတွေနဲ့ အိမ်ကို အလည်လာကြပါတယ်။ သခင်မ ရာဟတ်က ကော်ဖီဖျော်ပြီး ကျွန်မက ကော်ဖီခွက်တွေကို ငွေလင်ဗန်းထဲထည့် ညေ့သည်တွေသောက်ဖို့ ပြင်ဆင်ရပါတယ်။ စားစရာ ဘီစကစ်တွေ မုန့်တွေတော့ သူ့ဘာသာသူစီစဉ်ပြီး ကျွန်မလက် မသန့်ဘူးဆိုပြီး လက်နဲ့တောင်အထိမခံပါဘူး။

“ဟဲ့ ကျွန်မ… လက်ဖက်ရည်အဆင်သင့်ဖြစ်ရင် ညေ့ခန်းကို ယူသွားတော့” လို့ အော်ပြောပါတယ်။

ကျွန်မ လက်ဖက်ရည်ဗန်း သယ်လာတဲ့အချိန် ဧည့်ခန်းထဲ စကိတ်စီးနေတဲ့ ကလေးတွေ ကျွန်မကို ဝင်တိုက်ပြီး တမင်သက်သက် ခြေထိုးခံတော့ ကျွန်မလဲကျသွားပြီး လက်ဖက်ရည်ခွက်တွေ၊ သကြားခွက်လေးတွေ၊ ဘီစကစ်ပန်းကန်တွေ၊ နို့ထည့်ထားတဲ့ခရားတွေ ကြမ်းပြင်ပေါ် ကွဲကုန်ပါတော့တယ်။ ခဏအတွင်း တစ်ခန်းလုံး တိတ်ဆိတ်သွားပြီး ကျွန်မလည်း အရိုက်ခံရမှာ သိတဲ့အတွက် ကြောက်လွန်းလို့ တစ်ကိုယ်လုံးတုန်တုန်ရီရီ ဖြစ်နေပါတယ်။

"ဟာ ကြည့်ကြပါဦး။ အဲဒီကောင်မလုပ်တာ အကုန်ကွဲကုန်ပြီ" လို့ စကိတ်ပြားကို လက်တစ်ဖက်ကကိုင်ပြီး တခြားလက်တစ်ဖက်နဲ့ ကျွန်မမျက်နှာကို လက်ညှိုးထိုးပြီးပြောပါတယ်။

"အဲဒီနားကိုမသွားနဲ့ ဖန်ကွဲစတွေစူးမယ် သားလေး" လို့ ရာဟတ်က ကောင်လေးကို အော်ပြောပါတယ်။

သခင်မရာဟတ် ကျွန်မဘက်ကိုလှည့်ပြီး "ကျွန်စုတ်မနင်မျက်စိကန်းနေလား" လို့ပြောရင်း ကျွန်မရဲ့ခေါင်းနဲ့ လက်တွေကို အားကုန်ရိုက်ပါတော့တယ်။

ကျွန်မကိုရိုက်ရင်း ရာဟတ်မောလို့ ခဏရပ်လိုက်ပါတယ်။ ဧည့်သည် အမျိုးသမီး တစ်ယောက်က "ရာဟတ် ဆက်ရိုက်လေ၊ ဆက်သာရိုက် မညှာနဲ့ အလုပ်လုပ်တာ နမော်နမဲ့ နိုင်လွန်းတယ် မှတ်လောက်သားလောက်အောင် ရိုက်ထား" လို့ ပြောသံကိုကြားရပြီး သခင်မရာဟတ်က ကျွန်မကိုကြိုးနဲ့ အဆက်မပြတ် ရိုက်ပါတော့တယ်။

ကျွန်မ အဲဒီလို တိရစ္ဆာန်တစ်ကောင်လို ရိုက်ခံနေရချိန်မှာ ဧည့်သည်တွေဟာ လူမမဆန်စွာ လက်ခုပ်တီးပြီး ဟားတိုက်ရယ်နေကြတယ်။ သခင်မရာဟတ် ရိုက်လို့ဝသွားတဲ့အခါ ဧည့်သည် တစ်ယောက်က ကျွန်မနားကပ်ပြီး

"မျက်လုံးကန်းနေလား၊ မမြင်ရဘူးလား" လို့ ခနဲ့တဲ့တဲ့နဲ့ မေးတော့

"ကျွန်မ မျက်လုံးတွေ မကန်းပါဘူး" လို့ပြောတော့

"ဒါဆို မင်းက တော်တော်အသုံးမကျလို့ အရိုက်ခံရတာ လေ" လို့ ဟားတိုက်ရယ်ပြီး ပြောပါတယ်။

ကြမ်းပြင်မှာ ပြန့်ကြဲနေတဲ့ တန်ဖိုးကြီးပေးရတဲ့ ခွက်တွေ၊ ပန်းကန်အပိုင်းအစတွေကို သန့်ရှင်းရေးလုပ်ပြီး ရေချိုးခန်းထဲ သွားငိုနေမိတယ်။

အဲဒီနေ့က လက်တွေ ပြတ်ရှဒဏ်ရာတွေ ရခဲ့ပါတယ်။ ရေချိုးခန်းထဲက မှန်ကို ကြည့်လိုက်တဲ့ အခါ မျက်နှာမှာ အနီစင်းကြောင်း တွေ ဖြစ်နေပါတယ်။

ကျွန်မလက်ရှလို့ သူတို့ရှေ့ သွေးတွေထွက်နေပေမယ့် ဘယ်သူမှ မကူညီကြပါဘူး။ ကျွန်မကို ရိုက်နှက်ကြ ရယ်ကြ မောကြတာကို စဉ်းစားမိတိုင်း အော့နှလုံးနာမိပါရဲ့။

အခန်း(၁၅)

တစ်ခါတလေ ကျွန်မစိတ်ကူးယဉ်တွေးနေတာကို သခင်မ ရာဟတ် တွေ့သွားတဲ့အခါ "ဟဲ့ ကျွန်ပေါက်စလေး ဘာတွေတွေးနေတာလဲ။ ထွက်ပြေးဖို့တော့မကြံနဲ့နော်။ ထွက်ပြေးဖို့ကြိုးစားရင် ဘာဖြစ်မလဲဆိုတာ သိတယ်နော်။ နင်ထွက်ပြေးလို့ကတော့ နင့်ကို အဒူအဇင်ကို ပြန်ဖမ်းခိုင်းပြီး နင့်မိသားစု တစ်ယောက်မကျန် သတ်ခိုင်းမှာ။ ပြန်ဖမ်းပြီး လာပြန်ပို့ခံလို့ကတော့ နင့်ခေါင်းကို ငါကိုယ်တိုင်ဖြတ်မယ်။ နင့်မိန်းမကိုယ် ကိုလည်း ဓားနဲ့လှီးမယ် မှတ်ထားကြားလား" လို့ ကျွန်မကို အမြဲတမ်း ခြိမ်းခြောက်ပါတယ်။

ကျွန်မ မွတ်ဆလင်ဘာသာ ကိုးကွယ်သူတစ်ယောက်ဖြစ်ပါတယ်။ သခင်မရာဟတ်နဲ့ခင်ပွန်း မူစတာဖာတို့ဟာ မွတ်ဆလင် ဘာသာကို အရမ်းကိုင်းရှိုင်းတယ်လို့ သူတို့ကိုယ်သူတို့ ယုံကြည်ထား ကြပါတယ်။ သူတို့လင်မယား ဝတ်ပြုဆုတောင်းရင်ခင်းတဲ့ အစ္စလာမ် အမှတ်အသားပါတဲ့ ဖျာလေးနှစ်ချပ် ရှိပါတယ်။

တစ်နေ့ကျရင် အစ္စလာမ်ဘာသာဝင်တို့ အထွတ်အမြတ်ထားတဲ့ ဆော်ဒီအာရေဗျနိုင်ငံကို ဘုရားဖူးသွားမယ်လို့ သခင်မ ရာဟတ်က သူမယောကျ်ားကိုပြောတာ ကျွန်မကြားမိတယ်။

ကျွန်မ အဲဒီအိမ်ကြီးကို စရောက်တဲ့ တစ်ပတ်အတွင်းမှာ ဝတ်ပြုဆုတောင်း ဘုရားရှိခိုးခဲ့ပါတယ်။ အိမ်အလုပ်တွေ နည်းပါးတဲ့အခါ သခင်မရာဟတ် အလစ်အငိုက်မှာ ကျွန်မ အခန်းကျဉ်းလေးထဲလာပြီး အိပ်ယာခင်းလေးပေါ်ကနေ ဝတ်ပြုဆုတောင်းလေ့ရှိပါတယ်။ တစ်ရက် နေ့လယ်မှာ သခင်မရာဟတ်ကို အိမ်ထဲမှာမတွေ့လို့ ကျွန်မအခန်းကျဉ်းလေးထဲမှာ ဒူးထောက် လက်နှစ်ဖက်ကို ရှေ့ကို ဆန့်တန်းပြီး ဝတ်ပြုဆုတောင်းပါတယ်။

"ဒီအိမ်ကြီးကနေ လွတ်မြောက်ပြီး တပည့်တော်မရဲ့ မိသားစုဆီ ရောက်အောင် ဆောင်ကျဉ်းပေးတော်မူပါ အလ္လာရှင်" လို့ ဆုတောင်းနေတုန်း

"ဟဲ့ ကျွန်ပေါက်မ ဘယ်မှာလဲ၊ ဘယ်ရောက်နေလဲ" လို့ သခင်မရာဟတ် အော်ခေါ်ပါတော့တယ်။ ကျွန်မအခန်းကျဉ်းလေး ရဲ့ တံခါးကို သခင်မရာဟတ်ရဲ့သမီးအကြီးမ ဆောင့်တွန်းဖွင့်လိုက်ပြီး "အမေရေ ဒီမှာသမီးတို့ရဲ့ အိမ်ကျွန် ဘုရားဝတ်ပြုနေတယ်" လို့ သူ့အမေရာဟတ်ကို အော်ပြောနေပါတယ်။ အိမ်ထဲကို ရောက်တော့ သခင်မရာဟတ်က

"အော် နင်က ငါတို့မိသားစု ဘုရားရှိခိုးလို့ နင်ကပါလိုက် ရှိခိုးနေတယ်ပေါ့။ နင်က ငါတို့ကို လိုက်တုနေတာလား။ နင်လို လူမည်းမက ဘုရားဝတ်ပြုဆုတောင်းရမယ်လို့ ထင်သလား" လို့ အော်ဟစ် ကြိမ်းမောင်းပြောဆိုခဲ့ပါတယ်။

ကျွန်မ ဘာမှမပြောဘဲ ငြိမ်နေပါတယ်။ စိတ်ထဲမှာတော့ "အော် ကျွန်မကို

အခုမှ ဘုရားဝတ်ပြု ဆုတောင်းတယ်လို့များ ထင်နေသလားမသိဘူး။ မွေးကတည်းက ဘုရားဝတ်ပြုလာတာ ကျွန်မ အဖေ၊ အမေ မွေးရပ်မြေနဲ့ ဝေးကွာအောင်သာ လုပ်လို့ရမယ်။ ကျွန်မရဲ့ ယုံကြည်သက်ဝင်မှုကိုတော့ တားဆီးလို့မရဘူး။ ကျွန်မကို အသေသတ်မှပဲရမယ်” လို့ ပြောနေမိပါတယ်။

“နင် ဘုရားရှိခိုးဖို့ အချိန်မပေးနိုင်ဘူး။ အစ္စလာမ်ဘာသာ ဆိုတာ နင့်လို လူမည်းတွေ အတွက်မဟုတ်ဘူး” လို့ အသားမည်းပေမယ့် အတော်လတ်ဆတ်လှတဲ့ အသားအရေကို ပိုင်ဆိုင်ထားတဲ့ သခင်မရာဟတ်က ပြောပါတယ်။

ကျွန်မလည်း မွတ်ဆလင်ဘာသာဝင် သူလည်း မွတ်ဆလင်ဘာသာဝင် ကျွန်မတို့ ကိုးကွယ်တဲ့ဘုရားက အတူတူပဲဖြစ်ပါတယ်။ သခင်မရာဟတ် ကျွန်မကို ဘာလို့ ဘုရားဝတ် မပြုခိုင်းရတာလဲ အဲဒီအကြောင်းတွေကို တွေးမိတိုင်း ကျွန်မအလ္လာရှင်မြတ်အပေါ် ယုံကြည်မှုက ပိုခိုင်မာလာပါတယ်။ ကျွန်မတို့ရွာကိုဝင်စီးတဲ့ သူပုန်တွေဟာ မွတ်စလင်ဘာသာဝင်တွေ၊ ကျွန်မကို ဝယ်ရောင်းခဲ့တဲ့ အဒူအဇင်တို့ကလည်း မွတ်ဆလင်ဘာသာဝင်တွေ၊ ရာဟတ်နဲ့ ခင်ပွန်းတို့ဟာလည်း မွတ်ဆလင်ဘာသာဝင်တွေပါ။ ရာဟတ်နဲ့ ခင်ပွန်းတို့ဟာလည်း မွတ်ဆလင်ဘာသာဝင်တွေပါ။ သူတို့အားလုံး သူတို့ကိုယ်သူတို့ မွတ်ဆလင်ဘာသာကို သက်ဝင်ယုံကြည်ကြတဲ့ ဘာသာတရား ကိုင်းရှိုင်းသူတွေလို့ ထင်ကြတယ်။

သူတို့ မွတ်ဆလင်ဘာသာကို သက်ဝင်ယုံကြည်ကြရဲ့သားနဲ့ သူများအသတ်ကို သတ်ကြတယ်။ သူများသားမယား မုဒိမ်းကျင့်ကြတယ်။ သူများအမျိုးကောင်းသားသမီးတွေကို ကျွန်ပြုကြတယ်။

ကျွန်မကျောင်းတက်တော့ ကိုရမ်ကျမ်းသင်ခဲ့ရတယ်။ မွတ်ဆလင်ဘာသာဝင်ဆို တစ်ယောက်ကို တစ်ယောက် လေးစားရမယ်။ လူဖြူဖြစ်စေ လူမည်းဖြစ်စေ ခွဲခြားဆက်ဆံမှု မရှိရဘူး။ အလ္လာရှင်မြတ်ရဲ့ အဆုံးအမအရ လူဆိုးလူကောင်းသာခွဲခြားပြီး တစ်ဦးနဲ့တစ်ဦး စိတ်ထားဖြူစင်စွာ ကျင့်ကြံနေထိုင်ရမယ်လို့ သွန်သင် ဆုံးမထားပါတယ်။

ကျွန်မအတွက် ကောင်းတာတစ်ခုက ကလေးနှစ်ယောက်နဲ့ တစ်စနဲ့တစ်စ ရင်းနှီးလာပြီး ထမင်းဟင်းချက်ပြုတ် ကလေးတွေကို ထမင်းကျွေးပါတယ်။ ကလေးတွေက ကျွန်မကိုမတွေ့ရင် အော်ငိုကြပြီး “အစ်မမန်ဒီ ဒီကိုလာလေ သမီးတို့နဲ့ကစားမယ်၊ သမီးတို့ကို ပုံပြင်ပြောပြ” လို့ အော်ခေါ်ကြတယ်။

အစတော့ သခင်မရာဟတ်က ကျွန်မကညစ်ပတ်လို့ ကျွန်မဆီကနေ ကလေးတွေ ရောဂါကူးမှာ စိုးလို့ ကလေးတွေနဲ့ ဝေးဝေးနေဖို့ ကျွန်မကိုပြောထားတဲ့အတွက် ကလေးတွေနား မကပ်ရဲပါဘူး။ နောက်ပိုင်း ကျွန်မကို အိမ်ကျွန်အဖြစ်သာမက ကလေးထိန်းအဖြစ်ပါ သခင်မရာဟတ်က လက်ခံလာပါတယ်။ ကလေးတွေကို ဝိုင်းထိန်းပေးလို့ သခင်မရာဟတ် ဈေးဝယ်ထွက်ရင် အေးအေး ဆေးဆေး ဈေးဝယ်ထွက်နိုင်ပြီး၊ တီဗီကြည့်ရင်

ဒါမှမဟုတ် သူမ မိတ်ဆွေတွေနဲ့ အပြင်ထွက်ရင် နောက်ဆံတင်းစရာမလိုတော့ပါဘူး။

ကျွန်မ သခင်မရာဟတ်အိမ်ကိုရောက်တာ နှစ်နှစ်အထိ အိမ်ထဲကအိမ်ပြင်မထွက်ရပါဘူး။ တစ်နေ့မနက်ခင်းတစ်ခုမှာ ရာဟတ်က ကျွန်မကို

"ဟဲ့… ညစ်ပတ်နေတဲ့ အဝတ်တွေသွားလဲ။ ပန်းခြံသွားကြမယ်" လို့ပြောတော့ ကျွန်မ အံ့ဩသွားပါတယ်။ ကျွန်မတို့ နိုင်း မြစ်ကြီးကိုဖြတ်ပြီး မိနစ်သုံးဆယ်လောက်လှေစီးသွားတဲ့အခါ ပန်းခြံကို ရောက်ပါတယ်။ ရာဟတ်ရဲ့ သူ့သူငယ်ချင်းတွေ စောင့်နေကြပြီး ပန်းခြံထဲမှာ ရာဟတ်နဲ့ သူငယ်ချင်းတွေ စကားပြောနေတုန်း ကျွန်မနဲ့ကလေးနှစ်ယောက် တူတူပုန်းတမ်း ကစားခဲ့ကြပါတယ်။ ကျွန်မဘဝမှာ အဲဒီနေ့ကို ဘယ်လိုမှ မေ့မရခဲ့ပါဘူး။

မိုးတွင်းရောက်တော့ အိမ်ကြီးနဲ့ အနီးတစ်ဝိုက်မှာ ခြင် အရမ်းပေါလှပါတယ်။ နေ့တိုင်း သခင်မရာဟတ်နဲ့ သူ့သားသမီး အခန်းကို ခြင်ဆေးဖျန်းပေးရတယ်။ ကျွန်မကတော့ ရောဂါမဖြစ်အောင် ဘာအကာအကွယ်မှ မဝတ်ရတဲ့အပြင် ကျွန်မအခန်းလေးထဲကိုလည်း ဆေးမဖျန်းပါဘူး။ သခင်မ ရာဟတ်က ကျွန်မ အခန်းကိုဖျန်းဖို့ဆေးလည်း မပေးတဲ့အပြင် အခန်းက နောက်ဖေးမှာဖြစ်ပြီး မှောင်လည်းမှောင်ပါတယ်။ တစ်ညမှာ ကျွန်မအစောကြီး နိုးပြီး သုံးလေးကြိမ်ထက်မနည်း အန်ပါတယ်။

ကျွန်မတစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေပြီး အရိုးထဲအထိ စိမ့်ဝင်ချမ်းတုန်နေပါတယ်။ ချမ်းလွန်းလို့ သတိရတစ်ချက် မရတစ်ချက် ဖြစ်နေပါတယ်။ မေးကနဲ အိပ်ပျော်သွားတော့ ရာဟတ်က ကျွန်မကို အိမ်ကြီးကနေထွက်ပြေးလို့ မညှာမတာ ရိုက်နှက်ခဲ့တာကို အိပ်မက်တောင် မက်လိုက်ပါတယ်။ အိပ်မက်ကနိုးတော့ မွေ့ယာပါးပါးလေးကို ခြုံရင်း ဟိုဘက်ဒီဘက် လူးလှိမ့်နေပါတယ်။ သခင်မ ရာဟတ် မနက်က အိပ်ရာလာနှိုးတော့ ကျွန်မကိုမြင်ပြီး

"ဘာဖြစ်တာလဲ အိမ်ကျွန်"

"ကျွန်မ နေမကောင်းဖြစ်ပြီး ဖျားနေတာ။ အန်တာလည်း လေးခါ ငါးခါရှိပြီ"

"အန်တာ ပါးစပ်ထဲခါးပြီး အန်ဖတ်တွေက အဝါရောင်သန်းလား" လို့မေးပါတယ်။

"ဟုတ်ကဲ့ အန်ဖတ်တွေက အဝါရောင်တွေ အန်ပြီးရင် ပါးစပ်ထဲ ခါးကျန်နေခဲ့တာ"

"ဒါဆို နင်ငှက်ဖျားမိနေပြီအိမ်ကျွန်၊ ဆေးယူလာခဲ့မယ် ခဏစောင့်" လို့ပြောပြီး ကျွန်မအခန်းထဲကနေ ထွက်သွားပါတယ်။ ခဏကြာ ဆေးတွေယူပြီး ပြန်ရောက်လာပါတယ်။

"ဒီဆေးသောက်ပြီး တစ်နာရီလောက်ပြန်အိပ်လိုက်။ အဖျားသက်သာသွားရင် အလုပ် ပြန်လုပ်ရမှာနော်" လို့ အကြင်နာ ကင်းမဲ့စွာ ပြောပါတယ်။ ဆေးတွေကိုသောက်တဲ့အခါ အရသာကခါးတော့ ပြန်အန်ပါတယ်။

ကြိုးစားသောက်ရပါတယ်။ ဆေးသောက်ပေမယ့် မိနစ် သုံးဆယ် လောက်ကြာတော့ ကိုယ်တွေခြစ်ခြစ်တောက်ပူနေပါတယ်။ သုံးရက်ဆက် အဖျားကြီးပြီး ကျွန်မအခန်းထဲမှာပဲ အောင်းနေခဲ့ရပါတယ်။

သခင်မရာဟတ်ဟာ ကျွန်မနေမကောင်းလို့ ငှက်ဖျားမိနေတဲ့ ရက်တွေမှာ "နေမြန်မြန် ကောင်းအောင်လုပ်၊ နေကောင်းရင် အလုပ်ပြန်လုပ်ရမယ်" လို့ မညှာမတာသူ့ပါးစပ်က ပြောနေပါတယ်။

ငှက်ဖျားမိတာ ဆရာဝန်ဆီသွားမပြရဘဲ သူထင်ရာခန့် မှန်းပြီး ဆေးတွေပဲတိုက်ပါတယ်။ ငှက်ဖျားရောဂါဆိုတာ လူကိုသေစေနိုင်တယ်ဆိုတာ လူတိုင်းသိပါတယ်။ ငှက်ဖျားရောဂါကနေ သက်သာတော့ ကျွန်မကို နှိပ်စက်ထားတဲ့ဒဏ်တွေကြောင့် ခေါင်းတွေ တဆစ်ဆစ်ကိုက်ပါတယ်။ ကျွန်မ ကျန်းမာရေးမကောင်းရင် ဂရုလည်းမစိုက်သလို စိုးရိမ်မှုလည်းမရှိဘူးဆိုတာ သိရတဲ့အခါ အံ့ဩဖို့တောင် ကောင်းလှပါတယ်။

အခန်း(၁၆)

တစ်နေ့ သခင်မရာဟတ်နဲ့ခင်ပွန်းတို့ဟာ သူတို့မိတ်ဆွေတွေနဲ့ ညစာစားပွဲကျင်းပကြပါတယ်။ ညစာစားပွဲကို ဧည့်သည် တော်တော်များများ တက်ရောက်ခဲ့ကြပြီး ကျွန်မနဲ့ရာဟတ်တို့က မီးဖိုချောင် ထဲမှာ အမဲသားဟင်းချက်၊ အသုတ်စုံသုတ်၊ လိမ္မော်သီး၊ ပန်းသီး၊ စပျစ်သီးဖျော်ရည်တို့ ဖျော်နေ ကြပါတယ်။

ည(၇)နာရီလောက်ကျတော့ ဧည့်သည်တွေ အတော်စုံကြပြီး ဆင်ဝင်ပေါက်မှာ အရက်သောက် ကြပါတယ်။ စကားလက်ဆုံ ကျပြီးတဲ့အခါ ထမင်းစားဖို့ ဧည့်ခန်းထဲမှာ အဆင်သင့် ပြင်ထားပါတယ်။ ဧည့်သည်တွေ ထမင်းစားကြတဲ့အခါ ကျွန်မ မီးဖိုချောင်ထဲ သန့်ရှင်းရေး လုပ်နေပါတယ်။

မီးဖိုချောင်က ကျယ်ဝန်းတော့ ကလေးအတော်များများ လာဆော့နေကြပါတယ်။ ထမင်းမစားကြပါဘူး။ ကလေးတွေအော်သံတွေ ဆော့နေတဲ့အသံတွေကြားပေမယ့် မိဘတွေက ဘာမှမပြောကြပါဘူး။

"ရာဟတ် နင့်အိမ်မှာ ကလေးတွေ ကစားနေလိုက်ကြတာ" လို့ ဧည့်သည်အမျိုးသမီး တစ်ယောက်က ထမင်းစားရင်းနဲ့ ပြောပါတယ်။ ဧည့်သည်တွေ ထမင်းစားနေတာကို ကျွန်မ ဧည့်ခံနေတုန်း ကလေးတွေဟာ မီးဖိုချောင် ကုလားထိုင်တွေပေါ်တက်၊ ကြောင်အိမ် ဘီဒိုတွေ ဖွင့်ထည့်ထားတဲ့ ပစ္စည်းတွေ ယူဆော့နေကြပါတယ်။

သခင်မရာဟတ်ဟာ သူ့ကလေးတွေကို ဆူရင်မကြိုက်လို့ ကျွန်မ ကလေးတွေဆော့တာ ဘာမှမပြောပါဘူး။ ကလေးတွေဆော့တာကို ဘာမှမပြောဘဲ ကျွန်မ မီးဖိုချောင်ထဲကဘေဇင်မှာ ခွက်တွေ ပန်းကန်တွေဆေးနေပါတယ်။ ရုတ်တရက် အငယ်မအက်စ်ရာ ချော်လဲပြီး ကြမ်းပြင်နဲ့မျက်နှာ ဆောင့်မိသွားပါတယ်။ ကျွန်မပြေးထူပြီး ကြည့်လိုက်တော့ နှုတ်ခမ်း ကွဲသွားပါတယ်။ ဒဏ်ရာကတော့ သိပ်မများပေမယ့် သွေးတွေအရမ်းထွက်နေတယ်။ သခင်မရာဟတ် မီးဖိုချောင်ကိုပြေးလာပြီး

"ဘာဖြစ်တာလဲ၊ ငါ့သမီးလေး ဘာဖြစ်တာလဲ"

"အက်စ်ရာလေး စားပွဲပေါ်တက်ဆော့ရင်း ပြုတ်ကျပြီး ကြမ်းပြင်နဲ့ဆောင့်တာလေ" လို့ ကျွန်မသေချာစွာရှင်းပြပါတယ်။

"ကလေး ဒီလောက်ဆော့နေတာကို နင်ကမတားဘူးလား"

"ကျွန်မတားပါသေးတယ်။ ပြောစကားနားမထောင်ကြဘူး။ ဒါကြောင့် ပန်းကန်တွေပဲ ဆေးနေတာ" လို့ ပြန်ဖြေတော့

"တော်တော် စောက်သုံးမကျတဲ့အိမ်ကျွန်မ ငါ့ကလေးတွေက အရေးကြီးလား ပန်းကန်ဆေးတာ က အရေးကြီးလား" လို့ ဒေါသထွက်ပြီး ကျွန်မပိုက်ခေါက်ကို သေလောက်အောင် လိမ်ဆွဲပါတယ်။

သူ ဗိုက်ခေါက်ကို လိမ်ဆွဲတာ နာလွန်းလို့ နောက်ကိုဆုတ်လိုက်တဲ့အခါ လဲကျသွားပြီး စားပွဲပေါ်ကို လဲကျသွားပါတယ်။ စားပွဲက သံနဲ့လုပ်ထားတော့ စားပွဲရဲ့ ထောင့်စွန်းသံဟာ ကျွန်မခြေထောက်ထဲ နစ်ဝင်သွားပါတယ်၊ ကျွန်မဒူးခေါင်းအောက်ဖက် သံချွန်စိုက်ဝင် သွားတဲ့ဒဏ် ကြောင့် အသားနီလန်သွားပြီး သွေးတွေ မြင်မကောင်းအောင် ထွက်လာပါတယ်။

ကျွန်မ တုန်လှုပ်ခြောက်ခြားရုံမက နာလည်းနာ ကြောက်လည်း ကြောက်ပြီး ငယ်သံပါအောင် အော်ပါတော့တယ်။ ကျွန်မ အချိန် အနည်းငယ်လောက် မေ့မြောသွားပါတယ်။ ကျွန်မ မေ့မြော မသွားခင် ညှော်သည်တွေ ကျွန်မနားစုရုံးလာပြီး

"သူသေရင်တော့ ငါ ဒုက္ခရောက်ပါပြီ။ လုပ်ကြပါဦး" လို့ အော်ဟစ်နေပါတယ်။

ကျွန်မသတိရလာတော့ သခင်မရာဟတ်နဲ့ ခင်ပွန်း မူစတာဖာတို့ ကျွန်မကုတင်နား ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေကြပါတယ်။ ကျွန်မ ခါတွန်မြို့ ပြည်သူ့ကျန်းမာရေးဆေးရုံပေါ် ရောက်နေပါတယ်။ သူနာပြုဆရာမတစ်ယောက် ကျွန်မနားကိုရောက်လာပြီး

"ကဲ... အစ်မကြီးအစ်ကိုကြီးတို့ ကလေးတော့ သတိရလာပြီ။ မကြာခင် ပြန်ကောင်းလာမှာပါ" လို့ ပြောနေတာကို ကျွန်မကြားရပါ တယ်။

ဆေးရုံသူနာပြုတွေ ဆရာဝန်တွေ ကျွန်မနားတစ်ဝိုက် မရှိတော့တဲ့အခါ သခင်မက ကျွန်မနားကပ်လာပြီး

"အိမ်ကျွန် ငါပြောတာနားထောင်၊ ဘယ်သူလာမေးမေး မီးဖိုချောင်မှာ ခုံပေါ်ကပြုတ်ကျပြီး ချော်လဲတာ။ ဘယ်ကလဲလို့မေးရင် နူဘာ တောင်တန်းတွေက လာတာ။ ဒီကို အခကြေးငွေနဲ့ အိမ်ဖော်လာလုပ်တာလို့ ပြောနော် ကြားလား" လို့ ကျွန်မကို သူ့ဒုက္ခရောက်မှာ စိုးလို့ အကျပ်ကိုင် နေပါတယ်။

ကျွန်မ သူ့အိမ်မှာ ငွေကြေးမရတဲ့ အိမ်ကျွန်လုပ်နေတာ အများ သိမှာကို မလိုလားပါဘူး။ ကျွန်မ သေခဲ့မယ်ဆို သူ လူသေမှုနဲ့ တရားစွဲခံရနိုင်ပါတယ်။ ဆေးရုံမှာ သုံးရက်ဆက်တိုက် ဆေးသွင်း ရပါတယ်။ ကျွန်မကို အမြဲတမ်းဂရုတစိုက်နဲ့ ဆေးသွင်းပေးတာကတော့ တောင်ပိုင်း ဆူဒန်က လာရောက် တာဝန်ထမ်းဆောင်တဲ့ သူနာပြု ဆရာမလေး နမ်ဂါဖြစ်ပါတယ်။ သူနာပြုဆရာမလေး ကလည်း ကျွန်မလိုပဲ အသားမည်းပါတယ်။

သခင်မရာဟတ်လည်း ဆေးရုံကို နေ့တိုင်းလာပြီး ကျွန်မအခြေအနေကို လာကြည့်ပါတယ်။ တတိယမြောက်နေ့မှာ ဆရာမ နမ်ဂါဆီသွားပြီး...

"ဆရာမ ကျွန်မ ကျွန်မ မန်ဒီကို ဆေးရုံကနေ အိမ်ခေါ်သွားချင်ပြီ။ အိမ်မှာလည်း ပြုစုဆေးတိုက်လို့ ရပါတယ်ဆရာမ"

"မဖြစ် ဖြစ်နိုင်ပါဘူး။ ဒဏ်ရာက အရမ်းနက်တယ်။ ပိုက်နဲ့ဆေး သွင်းရဦးမှာ။ နောက်ပြီး သူကသွေးထွက်လွန်ထားတော့ အတော် ဂရုစိုက်မှဖြစ်မှာ။

အနာစည်းထားတဲ့ ပတ်တီးကိုလည်း တစ်နေ့ သုံးကြိမ်လဲရမှာဆိုတော့ ဆင်းခွင့်ရမယ်လို့မထင်ဘူး”

“ဆရာမပြောတာတွေ အကုန်လုံး ကျွန်မအိမ်မှာ လုပ်ပေးလို့ရပါတယ် ဆရာမ” လို့ ရာဟတ်ကပြောတော့

“ဆရာဝန်က လူနာကို ဆင်းခွင့်ပေးမှာမဟုတ်တာကတော့ သေချာတယ်”

သခင်မရာဟတ် စိတ်ပျက်သွားပြီး ကျွန်မဆေးရုံက ဆင်းဖို့ပဲ ဆက်ပြီး ဆရာမလေးကို ပြောနေပါတယ်။ သူနာပြုဆရာမလေး လည်း စိတ်မရှည်ဖြစ်လာပြီး…

“အဲဒီလူနာက ရှင်နဲ့ဘာတော်လဲ။ ရှင်မွေးထားတဲ့ ရှင့်သမီးလား” လို့ သခင်မရာဟတ်ကို မေးလိုက်တော့

“ကျွန်မသမီးတော့ မဟုတ်ပါဘူး။ ကျွန်မတို့အိမ်မှာ အလုပ်လုပ်နေတဲ့ အိမ်ဖော်ပါ” လို့ပြောတော့ ဆရာမလေးက…

“ရှင့်အိမ်ဖော်မို့လို့ ဆေးရုံကဆင်းဖို့ အလျင်လိုနေတာမို့လား။ ရှင့်သမီးသာဆို အခုဆေးရုံက ဆင်းခိုင်းမှာမဟုတ်တာ သေချာတယ်။”

“ကျွန်မ သူ့အတွက် စိုးရိမ်လို့မေးရတာပါ။ သူအိမ်မှာမရှိတော့ ကျွန်မ အိပ်တောင် မပျော်ပါဘူး” လို့ ပြန်ဖြေပါတယ်။

သခင်မရာဟတ် ထွက်သွားတော့ သူနာပြုဆရာမလေး နမ်ဂါ ကျွန်မဆီလာပြီး စကား ပြောပါတယ်။

“မန်ဒီ ဆရာမကိုအမှန်ပြောနော်။ မန်ဒီအမေက ဘယ်မှာနေလဲ”

“သမီးအမေက နူဘာတောင်တန်းတွေမှာ နေတယ် အန်တီ၊ သမီး ဒီကို ငွေရှာဖို့ အလုပ်လာလုပ်တာပါ” လို့ သခင်မရာဟတ်ပြောထားတာကို သတိရပြီး ဆရာမလေးကို ရှင်းပြပါတယ်။

အဲဒီနေ့က လူမည်းမလေးတစ်ယောက် အာရပ်မကြီးကို ဟိန်းဟောက်ဆူနေတာကိုကြည့်ပြီး ဆရာမလေးကို ဂုဏ်ယူနေမိပါတယ်။ ကျွန်မတွေ့ဖူးတဲ့ လူမည်းမတွေဟာ အာရပ်တွေကို ကြောက်ရလေ့ရှိပြီး သူနာပြုဆရာမလေးကလွဲပြီး ကျန်တဲ့လူတွေ အိမ်ကျွန်တွေ ဖြစ်ကြပါတယ်။

“ဆရာမလေးက ဘယ်ကလာတာလဲဆရာမ”

“ဆရာမက တောင်ပိုင်း ဆူဒန်ကပါ။ ရှုလပ်ခ်မျိုးနွယ်စု တစ်ယောက်ပါ။ ရှုလပ်ခ်မျိုးနွယ်စုတွေ ကို သိလားသမီး”

“မသိပါဘူး အန်တီ”

“သမီးနဲ့အန်တီတို့က လူမည်းမျိုးနွယ်စုတွေလေ။ သမီးက နူဘာ မျိုးနွယ်စု။ အန်တီက ရှုလပ်ခ်မျိုးနွယ်စုလေ။ အခြားတောင်ပိုင်း လူမည်းမျိုးနွယ်စုတွေလည်း ရှိသေးတယ်။ ဒင်ခါ လူမည်းမျိုးနွယ်စု နဲ့ နူအာ လူမည်းမျိုးနွယ်စုတွေကတော့ လူသိများပါတယ် သမီး” လို့ သူနာပြုဆရာမနမ်ဂါက ရှင်းပြပါတယ်။

“အန်တီမှာ ငါးနှစ်အရွယ် သမီးလေးတစ်ယောက်နဲ့ ဆယ့်နှစ်နှစ်အရွယ်

သားလေး တစ်ယောက် ရှိတယ်” လို့လည်း ဆရာမက ထပ်ပြောပါတယ်။

“သမီး ခါတွန်မြို့မှာ ဆွေမျိုးတွေရှိလား”

“ခါတွန်မြို့မှာ သမီးရဲ့အမျိုးတွေမရှိပါဘူး။ နူဘာတောင်တန်းမှာပဲ ရှိပါတယ်” လို့ ရာဟတ် သင်ပေးထားတဲ့အတိုင်း ပြန်ဖြေမိ ပါတယ်။

“သမီး ဘယ်နေ့တွေ အလုပ်အားလဲ”

“သော... သောကြာနေ့တိုင်း အလုပ်ပိတ်ပါတယ်” လို့ ပြန်ပြောတော့

“သောကြာနေ့ အလုပ်ပိတ်ရင် ကြာသပတေးနေ့ ညနေဆို အန်တီဆေးရုံကိုလာ အန်တီအိမ်ကို လိုက်လည် စနေနေ့မနက် အစောကြီးထပြီး အလုပ်ဆင်းပေါ့” လို့ပြောပြီး ကျွန်မကို အိမ်လည် ဖိတ်နေပါတယ်။ ဆရာမနမ်ဂါကို လိမ်ပြောမိလို့ ကျွန်မကိုယ်ကျွန်မ မုန်းမိပါရဲ့။ သခင်မရာဟတ်လို လူမျိုးကို ဟောက်ပြီးပြောခဲ့တာ အရမ်းသဘောကျတဲ့အပြင် ကျွန်မလို အားငယ်နေတဲ့သူကို နွေးထွေးမှုတွေ ကြင်နာမှုတွေ ကာကွယ်မှုတွေပေးလို့ အရမ်းလည်း လေးစားမိတယ်။ ဆရာမနမ်ဂါကို ကျွန်မရဲ့အဖြစ်မှန်တွေပြောရင် ကောင်းမလားလို့တောင် စဉ်းစားမိပါတယ်။

ဆရာမကို ကျွန်မအကြောင်းတွေ ပြောလိုက်ရင် သခင်မ ရာဟတ် သိသွားတဲ့အခါ ကျွန်မကို နှိပ်စက်ရိုက်နှက်မှာ သေချာပါတယ်။ ကျွန်မက အိမ်ကျွန်တစ်ယောက်ဖြစ်ပြီး သူကတော့ အိမ်ကြီး သခင်မဆိုတော့ ကျွန်မအပေါ် အလုံးစုံထိန်းချုပ်ထားတာ မဆန်းပေမယ့် ဒါကိုလူသားဆန်တယ်လို့ ပြောလို့မရပါဘူး။

ဆရာမနမ်ဂါနဲ့ စကားများပြီး နောက်ပိုင်း သခင်မရာဟတ် ဆေးရုံကနေ လုံးဝ အိမ်မပြန်တော့ ပါဘူး။ သူတို့နှစ်ယောက်တွေ့ရင် မျက်နှာချင်းတောင် မဆိုင်ကြတော့ပါဘူး။

ဆရာမနမ်ဂါက ကျွန်မကို “သမီးလေးနေကောင်းလား၊ အအေးသောက်မလား၊ ဆေးသောက် ပြီးပြီလား စသဖြင့် ကျွန်မကို ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ ပြုစုပေးပါတယ်” သူနာပြုဆရာမ နမ်ဂါ ကျွန်မကို ပြုစုပြီးထွက်သွားတဲ့အခါ သခင်မရာဟတ်က ကျွန်မနားလာပြီး

“လူမည်းမ နင့်ကို ဘာတွေမေးသွားသေးလဲ။ နင်ရော သူ့ ကို ဘာတွေပြောခဲ့သေးလဲ” လို့ စိုးရိမ်စိတ်ရှိတဲ့ မျက်နှာနဲ့ ကျွန်မကို မေးပါတယ်။ ကျွန်မ က

“ကျွန်မကို ဘာမှမမေးပါဘူး။ ကျွန်မကို ဆေးတိုက်တယ်။ စားစရာတွေလာပေးတယ်။ ကျွန်မကလည်း ထွေထွေထူးထူး ဆရာမ ကို ဘာမှမပြောဘူး” လို့ သေချာရှင်းပြရတယ်။

ဆေးရုံနှစ်ပတ်ကြာတော့ ဆရာမနမ်ဂါက ချုပ်ရိုးတွေ လာဖြည် ပေးပါတယ်။ ချုပ်ရိုးတွေကို ဂရုတစိုက်နဲ့ ညင်သာစွာဖြည်ပြီး တဲ့အခါ

“သမီးမန်ဒီ အရမ်းပင်ပန်းနေမှာပဲနော်။ ဆရာမပေါင်ပေါ်ကို

ခေါင်းလေးတင်ပြီး တစ်ရေးလောက် အိပ်လိုက်ပါလား သမီး မကြာခင် ဆေးရုံဆင်းရတော့မှာပေါ့” လို့ ကျွန်မကို နှစ်သိမ့်နေပါတယ်။

သခင်မရာဟတ် ရောက်လာတော့ ကျွန်မက ဆရာမနမ်ဂါရဲ့ ပေါင်ပေါ်ခေါင်းတင်ပြီး မှေးနေတာကို တွေ့သွားပါတယ်။ ဆရာမနမ်ဂါ လူနာဆောင်ကနေ ထွက်သွားတဲ့အခါ…

“အော်… မန်ဒီ နင့်ကိုငါပြောချင်နေတာကြာပြီ။ အဲဒီ သူနာပြုဆရာမက နင့်ကို ကောင်းကောင်းမွန်မွန် ဆက်ဆံနေတာ ဘာဖြစ်လို့လဲနင်သိလား။ သူက နင့်ကို မေ့ဆေးထိုးမယ်။ နင်မေ့သွားလို့ ဘာမှမသိတော့တဲ့အခါ နင့်ရဲ့သွေးတွေကိုထုတ်ပြီး အခြားလူနာတွေဆီ ရောင်းစားမယ်။ နင့်ဗိုက်ကိုခွဲပြီး နင့်ရဲ့ခန္ဓာကိုယ် ကလီစာတွေ ထုတ်ပြီး အခြားသူတွေကို ရောင်းစားမှာ နင်သိလား” လို့ ကျွန်မကို ဒေါသတကြီးနဲ့ပြောပါတယ်။

“နင် သူနာပြုဆရာမနဲ့ အရမ်းရင်းနှီးလာပြီး ပြောသမျှ ယုံလာတယ်။ ဒါကြောင့်မို့လို့ နင့်ကိုသတိပေးနေတာ” လို့လည်း သခင်မရာဟတ်က ကျွန်မကို အယုံသွင်းပါတယ်။

ရာဟတ်ထွက်သွားပြီးနောက် ကျွန်မစကားတစ်ခွန်းမှ မပြောဘဲ စဉ်းစားနေမိတယ်။ ရာဟတ်ပြောတာတွေကို ကျွန်မ လုံးဝမယုံပါဘူး။ ခဏကြာတော့ ဆရာမနမ်ဂါရောက်လာပြီး ကျွန်မ ကို ဆေးရုံကဆင်းရတော့မယ်လို့ လာပြောပါတယ်။ ကျွန်မဆရာမ နမ်ဂါကို ဖက်ပြီးငိုပါတော့တယ်။

“မငိုပါနဲ့ကလေးရယ်။ နှစ်ပတ်ကြာလို့ အားလပ်ရက်ရရင် သမီး အန်တီဆီလာလည်လို့ရတာပဲ တိတ်ပါကလေးရယ်” လို့ ကျွန်မဆံပင်လေးကိုသပ်ပြီး နှစ်သိမ့်နေပါတယ်။

နောက်နေ့မနက် ဆေးရုံကဆင်းခွင့်ရပြီး ဆရာဝန်က နှစ်ပတ်လောက် ဘာအလုပ်မှမလုပ်ဘဲ အနားယူရမယ်လို့ ပြောလိုက်ပါတယ်။

ကျွန်မအိမ်ရောက်တဲ့အခါ သခင်မရာဟတ်က

“နင်အလုပ်မလုပ်တာ နှစ်ပတ်လောက်ရှိပြီ။ မီးဖိုချောင်မှာ ဆေးစရာတွေနဲ့ အိမ်သန့်ရှင်းရေး မလုပ်တာလည်းကြာပြီ။ ဒီနေ့ပဲ အလုပ်စလုပ်မှဖြစ်မယ်”ဆိုပြီး အလုပ်လုပ်ခိုင်းပါတယ်။

တစ်နေ့ သခင်မရာဟတ် ကျွန်မရဲ့အခန်းတံခါးကို သော့မခတ်ခဲ့ပါဘူး။ မနက်မိုးလင်းတော့ ရာဟတ်တို့ မိသားစုအားလုံး အိပ်နေတုန်းပါပဲ။ ကျွန်မ နောက်ဖေးမီးဖိုချောင်ထဲမှာ သန့်ရှင်းရေး လုပ်နေတုန်း သခင်မရာဟတ် တံခါးလာဖွင့်ပါတယ်။ ကျွန်မကို မတွေ့တော့ ထိတ်လန့် တုန်လှုပ် သွားပြီး ကျွန်မထွက်ပြေးသွားပြီ လို့ထင်မြင်ယူဆရင်း တစ်အိမ်လုံးကို လိုက်ရှာပါတယ်။ ကျွန်မ အလုပ်လုပ် နေတာကို တွေ့သွားတော့ ထွက်ပြေးတာမဟုတ်ပါလား ဆိုပြီး စိတ်သက်သာရာ ရသွားပါတယ်။

နောက်ပိုင်း သခင်မရာဟတ်ဟာ အပြင်ထွက်တဲ့အခါတိုင်း ကျွန်မကို

ခေါ်သွားတတ်ပါတယ်။ ကျွန်မကိုလည်း သိပ်ပြီးမကျိန်ဆဲတော့ဘဲ ရိုက်လည်းသိပ်မရိုက်တော့ပါဘူး။ သခင်မရာဟတ်ဟာ တတိယသမီး တူတာနဲ့ စတုတ္ထသမီး အဘီးယားတို့ကို ဆက်တိုက် မွေးခဲ့ပါတယ်။ အငယ်ဆုံး အဘီးယားလေးက ကျွန်မကို သံယောဇဉ် အရှိဆုံးဖြစ်ပါတယ်။

တစ်ခါတလေ ကျွန်မရဲ့ ချစ်စရာကောင်းတဲ့ မိသားစုဘဝကို စဉ်းစားတိုင်း ဝမ်းနည်းနာကျင် ရပါတယ်။ ကျွန်မရဲ့မိသားစုဝင်တွေ သေသွားပြီလို့ပဲ ကျွန်မစိတ်ထဲထင်နေမိပါတယ်။

"ကလေးဘဝရဲ့ ပျော်ရွှင်မှုဆိုတာဘာလဲ"ဆိုတာ ဖြေပေးပါလား စာဖတ်သူရှင့်......။

အခန်း(၁၇)

နေ့တိုင်းနီးပါး မနက်တိုင်းဆိုရင် စစ်သားတွေ ကျွန်မတို့ အိမ်နား ကဖြတ်လျှောက်ပြီး စစ်ရေးလေ့ကျင့်သံတွေကို ကြားရပါတယ်။ အိမ်အနီးတစ်ဝိုက်မှာ စစ်ရေးလေ့ကျင့်ကွင်းရှိမယ်လို့ ယူဆရတယ်။ တစ်မနက်ခင်းမှာ စစ်သားတွေ စစ်ရေးလေ့ကျင့်နေတာတွေ ကို အိမ်ကနေ ချောင်းကြည့်တော့ စစ်သားတွေအားလုံး ကတုံးဆံပင် ဘောင်းဘီပွပွနဲ့ စွပ်ကျယ်တွေ ဝတ်ထားကြပါတယ်။ စစ်သားတွေဟာ စစ်ရေးပြချီတက် လေ့ကျင့်ရင်းနဲ့...

"ဘုရားသခင်ဟာ ကြီးမြတ်ပါတယ်

ငါတို့နဲ့အတူရှိတဲ့ ဘုရားသခင်

ငါတို့နဲ့အတူရှိတဲ့ ဘုရားသခင်" လို့ သံပြိုင်ရွတ်ဆိုကြပါတယ်။

စစ်သားတွေ ဘယ်ကလာတယ်ဆိုတာ မသိရပေမယ့် သူတို့တွေ စစ်ပွဲအတွက် လေ့ကျင့်နေပုံရပါတယ်။ သောကြာနေ့ဟာ ဝတ်ပြုဆုတောင်းတဲ့နေ့ဖြစ်ပေမယ့် တစ်ခါတစ်ရံ စစ်ပွဲတွေ အကြောင်း ကြားရတတ်ပါတယ်။

သခင်မရာဟတ် တီဗီကြည့်နေရင်း ညှော်ခန်းထဲထွက်သွားရင် ကျွန်မ တီဗီကို မပိတ်ဘဲ ကြည့်နေတတ်တယ်။ ကျွန်မ တီဗီကြည့်ရတာ အရမ်းနှစ်သက်ပါတယ်။ အထူးသဖြင့် စစ်သတင်းတွေ ကြေညာတဲ့ အစီအစဉ်ကို ပိုကြိုက်တယ်။ ဆူဒန်စစ်တပ်နဲ့ မူဂျာဟစ်သူပုန်တွေ တစ်ဖက်နဲ့ တစ်ဖက် တိုက်ကြတဲ့ သတင်းဓာတ်ပုံတွေ၊ တောင်ဆူဒန်မှ သတ္တိကြောင်တဲ့ အယူလွဲမှားတဲ့သူတွေကို တိုက်တဲ့ မြင့်မြတ်သောစစ်ပွဲ၌ ကျဆုံးသွားသည့် "အာဇာနည်"ဆိုတဲ့ အစီအစဉ်ကို ကျွန်မနှစ်သက်ပါတယ်။

မိခင်ဖြစ်သူတွေဟာ ဆူဒန်တောင်ပိုင်းက သူပုန်တွေကို တိုက်ရင်း ကျဆုံးသွားတဲ့သားဖြစ်သူ အာဇာနည်တွေရဲ့ ဓာတ်ပုံတွေ ကိုင်ပြီး ပျော်ရွှင်စွာစကားပြောခန်း အစီအစဉ်တွေကိုလည်း ကျွန်မ ကြိုက်ပါတယ်။

တစ်ညမှာ ကျွန်မရဲ့ အခန်းတစ်ခုလုံး အဆက်မပြတ်တုန် ခါနေတဲ့ ပေါက်ကွဲမှုတွေဖြစ်လို့ မနက်အစောကြီး နိုးခဲ့ပါတယ်။ ခဏအတွင်းမှာပဲ နောက်ထပ်ပေါက်ကွဲသံတွေ အဆက်မပြတ် ကြားနေရပါတယ်။ နောက်တော့ အရေးပေါ်ကားဟွန်းသံတွေကိုလည်း ကြားနေရပါတယ်။

မနက်ရောက်တော့ အစောကြီးနိုးနေကြတဲ့ သခင်မရာဟတ် နဲ့ ခင်ပွန်းမူစတာဖာတို့ မနက်စာစားရင်းနဲ့ ညက ပေါက်ကွဲသံတွေ နဲ့ ပတ်သက်လို့ ပြောနေကြပါတယ်။

နောက်ပိုင်းမှ ကျွန်မသေချာသိလိုက်ရတာက အဲဒီညက ကြားတဲ့အသံတွေက ခါတွန်မြို့က ရပ်ကွက်အချို့ကို အနိမ့်ပိုင်းဖြတ်သန်းသွားတဲ့

ဒုံးကျည်တွေရဲ့ အသံတွေဖြစ်ပါတယ်။

ပေါက်ကွဲသံတွေမဖြစ်ခင် တစ်ပတ်အလို ကင်ညာနဲ့ တန်ဇန်းနီးယားက အမေရိကန်သံရုံးတွေကို အကြမ်းဖက်သမားတွေက ဖောက်ခွဲမှု လုပ်ဆောင်ခဲ့ပြီး အမေရိကန်နဲ့ အာဖရိကန် ရာပေါင်းများစွာ သေဆုံးခဲ့ရပါတယ်။ အမေရိကန်သံရုံးတွေကို အိုစမာဘင်လာဒင်ရဲ့ အကြမ်းဖက်အဖွဲ့က လုပ်ဆောင်ခဲ့တယ်လို့ အမေရိကန်တို့က ယူဆခဲ့ပြီး ဆူဒန်နိုင်ငံကိုလည်း အိုစမာဘင်လာဒင်ကို ထောက်ခံတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တယ်လို့ အမေရိကန်တို့က စွပ်စွဲခဲ့ပါတယ်။

ညကပေါက်ကွဲခဲ့တဲ့ အဆောက်အဦဟာ အိုစမာဘင်လာဒင် အကြမ်းဖက်အဖွဲ့ကို လက်နက် ထုတ်လုပ်ပေးနေတဲ့ စက်ရုံဖြစ်တယ်လို့ ပြောဆိုနေကြပါတယ်။ ပေါက်ကွဲမှုဟာ မနက်အစောကြီး ပေါက်ကွဲခဲ့ပြီး အလုပ်ချိန်အတွင်း ပေါက်ကွဲခဲ့တာမဟုတ်လို့ အလုပ်သမား အနည်းငယ်သာ သေဆုံးခဲ့ရပါတယ်။

အဲဒီညနေမှာ ရာဟတ်ရဲ့အိမ်ကို ဧည့်သည်တွေ အများအပြား ရောက်လာကြပြီး ညကပေါက်ကွဲမှုနဲ့ ပတ်သက်လို့ ဆွေးနွေးကြပါတယ်။ ကျွန်မကတော့ ဧည့်သည်တွေကို ကော်ဖီ နဲ့ဧည့်ခံနေရလို့ သူတို့ပြောတာတွေ ကြားနေရပါတယ်။

"အမေရိကန်တွေ တော်တော်လူစိတ် မရှိဘူးနော်။ ငါတို့ လူမျိုးတွေကိုသတ်တာ တော်တော် အညှာအတာကင်းမဲ့ပြီး ရက်စက်တာ တော်တော်ဒေါသထွက်တယ်ဗျာ" အမျိုးသားဧည့်သည် တစ်ဦးက ပြောလိုက်တော့

"အားလုံး ဘယ်နှစ်ယောက်သေသွားလဲ" လို့ နောက်တစ်ယောက်က မေးလိုက်ပါတယ်။

"အပြစ်မဲ့တဲ့ကလေးတွေ အပါအဝင် တစ်ရာကျော်လောက် သေကြတယ်။ ဆေးရုံမှာလည်း ရာပေါင်းများစွာ ဒဏ်ရာရတဲ့လူတွေ အများကြီးရှိတယ်" လို့ တစ်ယောက်က ဒေါသတကြီးနဲ့ ပြန်ဖြေပါတယ်။

"အမေရိကန်တွေ လူမဆန်ဘူးဗျာ။ သူတို့တွေ အလ္လာဆိုတာ မသိကြဘူး။ ဘုရားဆိုတာ ဘာမှန်းတောင်သိရဲ့လား မသိပါဘူးဗျာ။ ကမ္ဘာလှည့်ပြီး အစ္စလာမ်တွေကို လိုက်သတ်နေလား လို့တောင် ထင်ရတယ်ဗျာ" လို့ ဆွေးနွေးတဲ့လူတစ်ယောက်က ပြောပါတယ်။

သူတို့တွေ ဆွေးနွေးနေကြတာကို မီးဖိုချောင်ကနေ ကျွန်မ ခိုးနားထောင်နေပါတယ်။

"အော်… ကမ္ဘာပေါ်မှာ အာရပ်တွေကို နိုင်တဲ့လူတွေ ရှိသေး ပါလား" ဆိုတာ ကျွန်မသိရလို့ ကျေနပ်နေမိတယ်။

"အာရပ်တွေနေတဲ့ ခါတွန်မြို့ကြီးကို အမေရိကန်တွေ ဒုံးကျည်နဲ့လာကြပါစေ။ ကျွန်မသေရင်လည်း သေပါစေ။ အာရပ်တွေ သေရင်

အသေခံရဲပါတယ်။ အထူးသဖြင့် အကြင်နာကင်းမဲ့တဲ့ ရာဟတ်ရဲ့အိမ်ကို လာကြပါစေ” လို့ အလ္လာရှင်မြတ်ဆီမှာ ဆုတောင်းနေမိတယ်။ အဲဒီညက အမေရိကန်တွေ ဗုံးလာအကြဲကို စောင့်နေရင်း ကျွန်မ အခန်းကျဉ်းလေးထဲ အိပ်မပျော်ခဲ့ပါဘူး။ ဒါပေမယ့် တွေးထားသလို ဆုတောင်းထားသလို ဖြစ်မလာပါဘူး။ နောက်နေ့မနက် တီဗီ ရုပ်သံကိုကြည့်တော့ လမ်းပေါ်မှာ ဒေါသထွက်နေကြတဲ့ လူတွေဟာ အမေရိကန်အလံတွေ မီးရှို့ကြပြီး…

“အမေရိကန်တွေ ကျရှုံးပါစေ။ ဗြိတိန်တွေ ကျဆုံးပါစေ။ အမေရိကန်တွေကိုချေမှုန်းကြ ” လို့ အော်ဟစ်ဆန္ဒပြနေကြပါတယ်။ ဒေါသထွက်နေတဲ့ လူအုပ်ကြီးဟာ အမေရိကန်သံရုံး၊ ဗြိတိန်သံရုံးတွေကို ခဲတွေနဲ့ပေါက် ပြတင်းပေါက်မှန်တွေကို ရိုက်ခွဲ နေကြပါတယ်။ တစ်လလုံး ရာဟတ်နဲ့ မူစတာဖာတို့ဟာ အမေရိကန် နဲ့ ဗြိတိန်တို့ကို မကြားဝံ့မနာသာ စကားလုံးတွေနဲ့ ကျိန်ဆဲနေကြပါတယ်။ ကျွန်မကတော့ အာရပ်တွေကို နိုင်တဲ့လူတွေပေါ်လာလို့ အရမ်းဝမ်းသာ နေမိပါရဲ့။

အခန်း(၁၈)

သခင်မရာဟတ်ဟာ ကျွန်မနဲ့ကလေးတွေကို စိတ်ချလက်ချထားပြီး ကတ်စ်ဆလာမြို့မှာ နေတဲ့ သူမရဲ့အမေဆီကို ရံဖန်ရံခါ သွားလည်တတ်ပါတယ်။ ခါတွန်မြို့နဲ့ ကတ်စ်ဆလာမြို့ဟာ ကားမောင်းသွားရင် ခုနစ်နာရီလောက်ကြပါတယ်။ ကျွန်မ သူ့အိမ်မှာနေတာ လေးနှစ်လောက် ရှိတဲ့အခါ သခင်မရာဟတ်ဟာ သူ့အမေ အိမ်သွားလည်ရင် ကျွန်မရော ကလေးတွေပါ ခေါ်သွားပါတယ်။ ခါတွန်မြို့ကနေ ထွက်ပြီး အခြားမြို့တစ်မြို့ကို သွားလည်ရတာဟာ ပထမဆုံးဖြစ်လို့ အရမ်းစိတ်လှုပ်ရှားမိပါတယ်။

ရာဟတ်မိဘတွေဟာ အရမ်းချမ်းသာပြီး အိမ်ကြီးအိမ်ကောင်းနဲ့ နေကြပါတယ်။ သန့်ရှင်းရေးလုပ်တဲ့အိမ်ဖော်၊ အဝတ်လျှော်တဲ့အိမ်ဖော်၊ ချက်တဲ့ပြုတ်တဲ့အိမ်ဖော်ဆိုပြီး အီရီးထရီယား လူမျိုး အမျိုးသမီးသုံးဦးရှိပါတယ်။ ကျွန်မ ရာဟတ်အမေအိမ်ကို ရောက်တော့ အိမ်ကြီးနောက်ဖက်မှာ နေကြတဲ့ သူတို့နဲ့အတူအိပ်ရ ပါတယ်။

ကျွန်မရောက်တော့ သူတို့သုံးယောက်ကို တစ်ပတ်အနားပေးပြီး သုံးယောက်လုံး လုပ်ရတဲ့အလုပ်တွေကို ကျွန်မတစ်ယောက်ထဲ လုပ်ရပါတယ်။ တစ်ပတ်လောက်ကြာတော့ သူတို့ သုံးယောက်လုံး ပြန်ရောက်လာပါတယ်။ သူတို့သုံးယောက်လုံး လစာလည်းရ၊ အလုပ်ပိတ်ရက် အပြင် အလုပ်နားချိန်လည်းရလို့ သူတို့မိသားစု ဆွေမျိုးတွေဆီ လည်ပတ်ခွင့် ရကြပါတယ်။ အရိုက်အနှက်ခံ ဆူပူ ကြိမ်း မောင်းလည်း မခံရပါဘူး။

သူတို့ရတဲ့ အခွင့်အရေးကို ကျွန်မဘယ်တော့မှ မရခဲ့ပါဘူး။ ကျွန်မက လူမည်းဖြစ်လို့လား၊ အာရပ်မဟုတ်လို့လား၊ ကျွန်မက နူဘာ မျိုးနွယ်စုဖြစ်လို့လား။ သူတို့က အခကြေးငွေရတဲ့အစေခံ၊ ကျွန်မက ငွေကြေးမရ တဲ့ အိမ်ကျွန်ဖြစ်နေတာ သခင်မရာဟတ်ကြောင့်လား၊ ကံကြမ္မာ ကြောင့်လား၊ အလ္လာရှင်မြတ်ကြောင့်လား... ဘာကြောင့်လဲ.။

အဲဒီလိုစဉ်းစားလေ ကျွန်မစိတ်ဓာတ်ကျလေပါပဲ။ ကတ်စ်ဆာလာကိုရောက်တဲ့တစ်နေ့မနက် အစေခံမလေးတွေနဲ့ စကားပြောရယ်မောရင်း အိပ်ရှေ့ကွက်လပ်မှာ စကားပြောနေကြပါတယ်။ ကျွန်မတို့ရယ်သံတွေဟာ ပတ်ဝန်းကျင်ကို ဖုံးလွှမ်းသွားလို့ ရာဟတ် လှမ်းခေါ်တာ မကြားလိုက်ပါဘူး။

"ဟဲ့... အိမ်ကျွန်မ နင့်ကို ငါခေါ်နေတယ်လေ။ ကလေးတွေ ဘယ်မှာလဲ။ ကလေးတွေကို ကြည့်ထားလို့ပြောတာ ဘာလုပ်နေတာလဲ" လို့ပြောပြီး ဖိနပ်ကိုချွတ် ကျွန်မခေါင်းကို ဖိနပ်နဲ့ တရစပ် ရိုက်ပါတယ်။ ကျွန်မ စကားတစ်ခွန်းပြန်မပြောဘဲ မြေကြီးပေါ် ထိုင်ချ လိုက်ပါတယ်။ ရာဟတ်က ကျွန်မကို ထပ်ရိုက်မလို့

ဖိနပ်ကိုရှယ်လိုက်တော့ မိန်းကလေးတစ်ယောက်က မရိုက်ဖို့တားပါတယ်။ အီရီးထရီယာသူ အိမ်ဖော်လေး ဂျေမာအီယာဟာ သတ္တိရှိပြီး ကြင်နာတဲ့ မဟုတ်မခံ မိန်းကလေးဖြစ်ပါတယ်။

"နေပါဦး ရှင် ဒါဘာလုပ်တာလဲ။ ဘာဖြစ်လို့ ဒီကောင်မလေး ကို မညှာမတာ ရိုက်နေရတာလဲ။ ရှင့်ကလေးတွေက ရှင့်အစ်မရဲ့သမီး ရှင့်တူမတွေနဲ့ အိမ်ရှေ့မှာ ကစားနေကြတယ်"

"ငါ့ဘာသာရိုက်ချင်လို့ရိုက်တာ ဒါနင့်ကိစ္စမဟုတ်ဘူး။ ကိုယ့် ကိစ္စကိုယ်လုပ် ဟုတ်ပြီလား" လို့ သခင်မရာဟတ်က ပြောပါတယ်။

"ငါ့ကိစ္စမို့လို့ ဝင်ပြောတာပေါ့။ သူကနင့်ရဲ့ အိမ်ဖော်လေ။ နင့် အတွက် အလုပ်လုပ်ပေးတယ်။ ဘာမှရိုက်စရာမလိုဘူး။ ရိုက်စရာ ဘာအကြောင်းမှမရှိဘူး ဟုတ်ပြီလား" လို့ ဂျေမာအီယာက သတ္တိရှိရှိ နဲ့ ပြောပါတယ်။

သခင်မရာဟတ် အရမ်းဒေါသထွက်သွားပြီး...

"လာ အိမ်ကျွန် ငါ့နောက်လိုက်ခဲ့။ ငါပြောတာ သေချာနားထောင် အလုပ်လုပ်တာ ပိုက်ဆံရလားလို့ မေးရင် ရတယ်လို့ပြော။ ဘာဖြစ်တယ် ညာဖြစ်တယ် လျှောက်မပြောနဲ့နော် ပြောလို့ကတော့ နင့်ကို သတ်ပြီသာမှတ် ကြားလား" လို့ ကျွန်မအိမ်ပေါ်ရောက်တော့ တိုးတိုးလေးပြောပါတယ်။

ညနေရောက်တော့ အိမ်ဖော်မလေးသုံးယောက်နဲ့အတူ ညစာစားကြပါတယ်။

"မန်ဒီ ခေါင်းရိုက်ခံထားရတာ နာနေသေးလား၊ ကောင်မ နင့်ကို ဘာအကြောင်းကြောင့် ရိုက်ရတာလဲ။ ဘာအကြောင်းနဲ့မှ လူတစ်ယောက်ကို ရိုက်စရာအကြောင်းမရှိဘူး" လို့ ဂျေမာအီယာက စိတ်ဆိုးမာန်ဆိုးနဲ့ပြောပါတယ်။

"သူက နင့်ကိုလစာတွေအများကြီးပေးပြီး နင့်ကိုနှိပ်စက်တဲ့အပြင် စော်ကားနေတာပေါ့။ ခါတွန်မြို့ကိုရောက်ရင် သူ့အိမ်မှာမလုပ်နဲ့တော့ နောက်တစ်အိမ်မှာ အလုပ်ရှာပြီးလုပ်။ အိမ်ဖော် လိုနေတဲ့ အာရပ်အိမ်တွေ အများကြီးရှိတယ်"

ကျွန်မတို့ စကားပြောနေတဲ့အချိန် ရာဟတ်ရဲ့အစ်မ အယ်သိုမာ ကျွန်မတို့အခန်းထဲကို ဝင်လာပါတယ်။ အယ်သိုမာဝင်လာ တော့ အာလုံးတိတ်ဆိတ်သွားပါတယ်။

"နင်တို့ပြောနေတာတွေ ငါအကုန်ကြားတယ်။ ဂျေမာအီယာ နင် မန်ဒီကို မဟုတ်တရုတ်တွေ သင်နေပါလား။ အဓိပ္ပါယ် မရှိတာတွေ မလုပ်ပါနဲ့" လို့ အော်ပြီးပြောပါတယ်။

"ကျွန်မ မန်ဒီကို ပေါက်ပန်းလေးဆယ်ကိစ္စတွေ သင်ပေးနေတာ မဟုတ်ဘူး။ မန်ဒီကို အမှန်တွေ သင်ပေးနေတာ။ မန်ဒီက အိမ်ဖော်အလုပ်သမား။ သူမကြိုက်ရင် အလုပ်ထွက်လို့ရတယ်။ မဟုတ်ဘူးလား" လို့ အီရီထရီးရားသူ ဂျေမာအီးယားက သတ္တိရှိရှိ နဲ့ပြောပါတယ်။

ရာဟာတ်ရဲ့အစ်မ အယ်သိုမာလည်း အရမ်းဒေါသထွက်သွားပြီး …

"ဒါနင့်ကိစ္စမဟုတ်ဘူး။ သူများကိစ္စ ဝင်မပါနဲ့။ နင်နဲ့ဖြစ်ခဲ့တာတွေ ကိုလည်း ငါ့ညီမရာဟာတ် ငါ့ကိုပြောပြီးပြီ။ ကိုယ့်ကိစ္စကိုယ်လုပ် သူများကိစ္စဝင်မရှုပ်နဲ့ ဟုတ်ပြီလား" လို့ အော်ကြီးဟစ်ကျယ် ပြောပါတယ်။

အိမ်ရှင် အယ်သိုမာနဲ့ ဆက်ဆက်ထိမခံအိမ်ဖော် ဂျေမာအီးယားတို့ နှစ်ယောက် အော်ကာဟစ်ကာနဲ့ စကားအကြီးအကျယ် များနေချိန် သခင်မရာဟာတ်ရောက်လာပြီး…

"ဒီမယ် ဂျေမာအီးယား နင့်ကို ကိုယ့်ကိစ္စကိုယ်လုပ်လို့ ပြောထားတယ်လေ။ နင် ဘာသဘောနဲ့ သူများကိစ္စကို ဝင်ရှုပ်နေရတာလဲ" လို့ စကားဆက်များပါတယ်။

"ရှင်က ရက်စက်ပြီး ကောက်ကျစ်တဲ့မိန်းမ။ ရှင်လိုလူ ပြောတာကို ကျွန်မက ဘာဂရုစိုက်ရမှာလဲ။ ရှင် မန်ဒီကို နှိပ်စက်တာတွေ ကျွန်မသိတယ်။ ကျွန်မသာ မန်ဒီဆို ရှင့်အိမ်မှာ တစ်နာရီတောင်မနေဘူး" လို့ ဂျေမာအီးယားက တစ်လုံးမကျန် ရာဟာတ်ကို ပြန်ပြောပါတယ်။

"နင့်လိုအိမ်ဖော်ပြောတာကို နားမထောင်ချင်ဘူး။ ငါ့အမေ အိမ်မှာ နင့်လိုအိမ်ဖော်မျိုးကို ဆက်အလုပ်မခိုင်းတော့ဘူး။ အလုပ်လုပ်ချင်တဲ့ အိမ်ဖော်တွေ အများကြီးပဲ။ နင် အလုပ်ထွက်တော့ နင့် လုပ်ခကို မနက်ဖြန်လာယူ အခုညနက်နေတော့ မနက်ဖြန်မှ နင့် လုပ်ခကိုရှင်းနိုင်မယ် ဟုတ်ပြီလား" လို့ သခင်မရာဟာတ်က ဂျေမာအီးယားကို ပြောပါတယ်။

"ကျွန်မ လုပ်ခမရမချင်း ဒီနေရာက ဘယ်မှမသွားဘူး။ မနက်ဖြန်လည်း မလာနိုင်ဘူး။ အခု ကျွန်မလုပ်ခရှင်းပေးရင် ကျွန်မ ဒီကနေ အခုချက်ချင်းသွားမယ်။ ဟုတ်ပြီလား" လို့ ဂျေမာအီးယားက ပြန်ခံပြောပါတယ်။

သခင်မရာဟာတ် အိမ်ထဲသွားပြီး ခဏကြာတော့ ဘဏ်ချက်လက်မှတ်တစ်ရွက်နဲ့ ရောက်လာပါတယ်။ သခင်မရာဟာတ်က ဘဏ်ချက်လက်မှတ်ကို ဂျေမာအီးယားကို ပေးလိုက်ပြီးတော့ ဂျေမာအီးယားက ချက်လက်မှတ်ကိုယူ ဘယ်သူ့မှနှုတ်မဆက်ဘဲ သူ့ပစ္စည်းတွေကို ယူထွက်သွားပါတယ်။ အဲဒီလို ဂျေမာအီးယား ထွက်သွားတော့ သခင်ကရာဟာတ်က နောက်ဖေးဆောင်မှာ မနေခိုင်းတော့တဲ့အပြင် အိမ်ဖော်တွေနဲ့ စကားမပြောဖို့ တားမြစ်ပါတော့တယ်။ အဲဒီလို ရာဟာတ်ရဲ့ မိဘအိမ်မှာ ကျွန်မကိစ္စနဲ့ ပတ်သက်လို့ အကြီးအကျယ်စကားများပြီး နှစ်ရက်အကြာ ကျွန်မတို့လည်း ခါတွန်မြို့ကအိမ်ကို ပြန်ခဲ့ကြပါတယ်။

အဲ့အချိန်ကစပြီး ဂျေမာအီးယားကိုလည်း နောက်တစ်ကြိမ် ထပ်မတွေ့ရတော့ပါဘူး။

အခန်း(၁၉)

ခါတွန်မြို့ကနေပြန်လာပြီး တစ်ညနေခင်း သခင်မ ရာဟတ် ရဲ့ မိတ်ဆွေသုံးဦး လာလည် ကြပါတယ်။ ဧည့်သည်တွေကို လက်ဖက်ရည်၊ ကိတ်မုန့်တို့နဲ့ ကျွန်မဧည့်ခံရပါတယ်။ ဧည့်သည် နှစ်ယောက်က အရင်ကမရောက်ဘူးလို့ ခြံထဲနဲ့ အိမ်အနှံ့ သခင်မရာဟတ်က လိုက်ပြပါတယ်။ သခင်မရာဟတ်နဲ့ ဧည့်သည်တွေ ဧည့်ခန်းထဲ ပြန်ရောက်တဲ့အခါ ကျွန်မ မီးဖိုချောင်ထဲကနေ သူတို့ပြောနေတာ ကြားနေရပါတယ်။

"ရာဟတ်ရေ နင့်အိမ်က လေဝင်လေထွက်ကောင်းသလို အရမ်းလည်းသန့်ရှင်းသပ်ရပ်တယ်။ ဘယ်လိုအိမ်မှုကိစ္စတွေ လုပ် သလဲဆိုတာ အကြံလေးဘာလေးပေးပါဦး"

"နင်တို့က ငါ့ကိုအထင်ကြီးနေတယ်။ အိမ်မှုကိစ္စတွေ ငါ လုပ်တာမဟုတ်ဘူး။ လက်ဖက်ရည်ဗန်း လာချပေးတဲ့ကောင်မလေး လုပ်နေတာလေ" လို့ သခင်မရာဟတ်က ပြောနေပါတယ်။

"ဘာပြောတယ်... အဲ့ကောင်မလေးလုပ်တာ တစ်အိမ်လုံး အလုပ်တွေကို လုပ်တယ်။ ဟုတ်လား" လို့ ဧည့်သည်အမျိုးသမီး တစ်ယောက်ကမေးတော့

"ဟုတ်တယ် ကလေးမတစ်ယောက်ထဲ အိမ်အလုပ်တွေ လုပ်တာ။ ကလေးလည်းထိန်း၊ အဝတ်လည်းလျှော်၊ အိမ်သန့်ရှင်းရေး အစစအရာရာ သူလုပ်တာလေ" လို့ ကျွန်မအကြောင်းကို ဂုဏ်ယူ ဝင့်ကြွားစွာနဲ့ ပြောနေပါတယ်။

"ဟာ... တယ်ဟုတ်ပါလား။ ငါ့အိမ်မှာ အဲလိုကောင်မလေး တစ်ယောက်လောက် ခေါ်ထားချင်လိုက်တာ။ ရာဟတ် နင်ဒီကောင်မလေးကို ဘယ်ကနေ ရှာထားတာလဲ။ တစ်လ ဘယ်လောက်ပေးရလဲ" လို့ ဧည့်သည်အမျိုးသမီးတွေက မေးပါတယ်။

"လစာမပေးရဘူး။ သူ့ကိုဝယ်တုန်းကတော့ ပိုက်ဆံတော်တော်ပေးခဲ့ရတယ်" လို့ ပြန်ပြော ပါတယ်။

"အဒူအဇင်ဆိုတဲ့ အိမ်ကျွန်ပွဲစား တစ်ယောက်ဆီကနေ ဝယ်ခဲ့တာ။ သူက အိမ်ကျွန်တွေကို အခြားတောရွာတွေ ကနေ ဒီ ခါတွန်မြို့ကြီးဆီ ခေါ်လာတဲ့သူလေ။ နင်တို့အိမ်မှာ အိမ်ကျွန် တစ်ယောက်လောက် လိုချင်ရင် သူ့အိမ်ကိုသွားပြီးဝယ်လို့ရတယ်။ နင်တို့ဝယ်နိုင်ပါ့မလား။ အရမ်းဈေးကြီးတယ်နော်" လို့ သခင်မရာဟတ်က ရှင်းပြပါတယ်။

"ဘယ်လောက်လဲ၊ ဘယ်လောက်ပေးဝယ်ရလဲ ရာဟတ်"

လို့ အမျိုးသမီးတွေကမေးတော့

"ဘယ်လောက်ပေးရတယ်ဆိုတာတော့ မမှတ်မိတော့ဘူး။ ဒါပေမယ့် နင်တို့ပေးရတဲ့ တန်ဖိုးထက် အရမ်းတန်တယ်။ နင်တို့ အိမ်အတွက်ဝယ်မယ်ဆို

အခုလိုအချိန်မှာဆို ဈေးတက် သွားလောက်ပြီ။ အိမ်ကျွန်ပွဲစား အဒူအဇင်ဆီ သွားမေးတာ ပိုအဆင်ပြေမယ်” လို့ ရှင်းပြပါတယ်။

အဲလိုတွေကြားရတဲ့ညမှာ ကျွန်မ အိပ်မပျော်ခဲ့ပါဘူး။ ကျွန်မ ကျွန်အဖြစ် ရောင်းစားခံခဲ့ရပြီး ကျွန်အဖြစ်တစ်သက်လုံးနဲ့ ကျွန်မကံကြမ္မာကြီးကို အဆုံးသတ်ရလိမ့်မယ်လို့ မယုံကြည်ခဲ့ပါဘူး။ အဲဒီညက အလ္လာရှင်မြတ်ထံ ဆုတောင်းနေမိပါတယ်။

“အို အလ္လာရှင်မြတ် အဖဘုရားသခင် အစ္စလာမ်ဘာသာ ကို စစ်မှန်စွာ သက်ဝင်ယုံကြည်တဲ့ သမီးကို ကူညီစောင်မတော်မူပါ။ ကောက်ကျစ်ယုတ်မာတဲ့ ရာဟတ်ဆီမှလွတ်မြောက်၍ မိသားစုနှင့် ဆုံတွေ့ခွင့်ပေးတော်မူပါ။ အလ္လာရှင်မြတ်မှလွဲ၍ အခြားမည်သူ တစ်ဦးတစ်ယောက်မှ မကူညီနိုင်ပါ သဖြင့် သမီးကို ကူညီပါ” လို့ ဆုတောင်းနေမိပါတယ်။

တစ်နေ့တော့ မူစတာဖာရဲ့သူငယ်ချင်းနဲ့ သူ့ရဲ့ဇနီးတို့ အိမ်ကို လာလည်ကြပါတယ်။ သခင်မရာဟတ် ခရီးထွက်သွားတဲ့အချိန် ကလေးတွေနဲ့ကျွန်မ အရမ်းအလုပ်ရှုပ်နေတဲ့အချိန် ဖြစ်ပါတယ်။ ကျွန်မဧည့်သည်တွေအတွက် မနက်စာချက်ပြုတ်နေတဲ့အခါ မူစတာဖာကို သူတို့ မင်္ဂလာအခမ်းအနား အကြောင်းတွေ ပြောနေတာကြားရပါတယ်။ သူတို့လင်မယား မင်္ဂလာဆောင်ပြီးလို့ ပျားရည် ဆမ်းခရီးထွက်ကြမှာဖြစ်ပြီး မူစတာဖာအိမ်မှာ ရက်အနည်းငယ် တည်းခိုမှာဖြစ်ပါတယ်။ ကျွန်မလည်း သခင်မရာဟတ်မရှိလို့ အိမ်ထဲမှာ အိမ်အလုပ်တွေကို စိတ်ချမ်းသာစွာနဲ့ လုပ်နေရပါတယ်။

ကျွန်မ လက်ဖက်ရည်ဗန်းသွားချတဲ့အခါ ကျွန်မကို အဲဒီ အမျိုးသားက စားမလိုဝါးမလိုနဲ့ ကြည့်နေပါတယ်။ သူ့ဇနီးကတော့ သူ့အတွက် လက်ဖက်ရည်ကို အိမ်ရှေ့ယူသွားပြီး အိမ်ရှေ့ အမွှေးတိုင် ပူဇော်တဲ့နေရာမှာ အမွှေးတိုင်တွေ လိုက်ထွန်းနေပါတယ်။ သူမခန္ဓာကိုယ်ကို စောင်ပတ်ထားပြီး အမွှေးတိုင်ကထွက်လာတဲ့ မီးခိုးငွေ့တွေ သူမ ခန္ဓာကိုယ်ကို ပတ်ကာ ပူဇော်နေပါတယ်။

သူမဝတ်ထားတဲ့ စောင်ပြုတ်ကျခါနီးမို့လို့ သူမဆီသွားပြီး စောင်ကိုပြန်ပတ်ပေးခဲ့ပါတယ်။ သူမကျွန်မကိုကျေးဇူးတင်တဲ့အနေနဲ့ ပြုံးပြပြီး သူမနားမှာ ခဏတာ မတ်တပ်ရပ်နေခဲ့တယ်။

မူစတာဖာက လက်ဖက်ရည် ထပ်ဖျော်ပေးဖို့ အိမ်ထဲက လှမ်းခေါ်ပါတယ်။ မူစတာဖာက သူ့သမီးအကြီး ဟာနင်ကို အိမ်ရှေ့ အမွှေးတိုင်ပူဇော်နေတာကို ပြဖို့ အခန်းအပြင်ကို ထုတ်သွားပါတယ်။

ကျွန်မ မီးဖိုချောင်ထဲ တစ်ယောက်ထဲရှိနေတဲ့အချိန် နောက်ကနေ အသက်ပြင်းပြင်းရှူသံကို သတိထားမိလိုက်လို့ အရမ်းလန့်သွားပါတယ်။ ကျွန်မနောက်ကို လှည့်ကြည့်လိုက်တဲ့အခါ ဧည့်သည်အမျိုးသားက ကျွန်မကိုသိုင်းဖက်ထားပါတယ်။ ကျွန်မ သူ့ကို မိန်းမတစ်ယောက်မှာရှိတဲ့

အားအကုန်သုံးပြီး တွန်းထုတ်ပါတယ်။ သူ ကျွန်မရဲ့ အင်္ကျီအောက်ကနေ ကျွန်မရဲ့ရင်သားကို နှိုက်နေတာ တွန်းထုတ်ပြီး ကျွန်မအင်္ကျီကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပါတယ်။

သူ့ကို တွန်းထုတ် နောက်ကိုရောက်သွားပေမယ့် ကျွန်မဆီ ပြန်လာပြီး ကျွန်မကိုအတင်းဖက် သူ့နှုတ်ခမ်းနဲ့ ကျွန်မနှုတ်ခမ်းတွေ့ပြီး နမ်းဖို့ကြိုးစားပါတယ်။

"ကလေးရယ် မင်းမရုန်းပါနဲ့ကွာ၊ ကိုယ်ပြုစုတာကို ကလေး သဘောကျမှာပါ" လို့ ကျွန်မကိုပြောတော့

"ရှင်ရှူးနေလား ကျွန်မ ရှင့်မိန်းမကြားအောင် အော်လိုက်မှာနော်" လို့ပြောလိုက်တော့

"ရှူး ရှူး မအော်နဲ့ ကိုယ့်အနမ်းတွေကို ကလေးကြိုက်မှာပါ" လို့ လက်ညှိုးကို နှုတ်ခမ်းမှာတေ့ပြီး မပြောနဲ့ဆိုတဲ့ အဓိပ္ပါယ်နဲ့ ကျွန်မကိုပြောပါတယ်။

"ရှင့်မိန်းမ ကျွန်မအော်တာ မကြားစေချင်ရင် ကျွန်မကိုလွှတ်၊ ဒီကို လက်ဖက်ရည် လာတောင်းတဲ့ပုံစံနဲ့ ပြန်နေ ဧည့်ခန်းထဲမှာပဲစောင့် ကျွန်မ လက်ဖက်ရည်ဗန်း လာချပေးမယ်။ ရှင့်မိန်းမ ကြားအောင် ကျွန်မမအော်တော့ဘူး။ ရှင် ရှေ့ဆက်မတိုးပါနဲ့ တိုးရင်တော့ ကျွန်မ အော်တော့မှာ" လို့ပြောတော့မှ မီးဖိုချောင်ထဲကို ပြန် ထွက်သွားပါတယ်။

သူ ဧည့်ခန်းထဲရောက်တော့ မူစတာဖာကို မအောင်မြင်တဲ့ အမှတ်အသားအဖြစ် လက်မကို အောက်စိုက်ပြတာ ကျွန်မလှမ်းမြင် လိုက်ပါတယ်။ သူနဲ့ မူစတာဖာတို့ ကျွန်မကို အထင်သေးတဲ့သဘော နဲ့ ဟားတိုက်ပြီး ရယ်နေကြပါတယ်။ အဲဒီညမှာ ကျွန်မ ကလေးတွေနဲ့ အတူအိပ်ခဲ့ရပါတယ်။ သခင်မရာဟတ် နောက်နေ့ မနက်ကျတော့ ခရီးသွားရာကနေ ပြန်ရောက်လာပါတယ်။

အခန်း(၂၀)

ကျွန်မ သခင်မရာဟတ်အိမ်ကိုရောက်လို့ ခြောက်နှစ် ပြည့်တဲ့အချိန် တစ်နေ့ သူ ကျွန်မကို ဧည့်ခန်းထဲကို ခေါ်လာပါတယ်။ ဧည့်ခန်းထဲ ကျွန်မတို့ရောက်သွားတဲ့အခါ

"ကဲ... ငါ့ကို လက်ဖက်ရည်ဖျော်ပေးဦး။ ပြီးရင် စကားပြော စရာရှိတယ်" လို့ပြောပါတယ်။

လက်ဖက်ရည်ဗန်းနဲ့ ပြန်လာတဲ့အခါ ကျွန်မကို ထိုင်ခိုင်း ပါတယ်။ သခင်မရာဟတ် အရင်လိုမဟုတ်ဘဲ ထူးခြားနေပြီး ကျွန်မ သူရဲ့ခြေထောက် အောက်က ကော်ဇောပေါ်မှာ ထိုင်လိုက်ပါတယ်။

"အိမ်ကျွန် အဲဒီမှာမထိုင်နဲ့၊ ငါ့ဘေးနား ဒီမှာလာထိုင်" လို့ပြောပြီး သူမဘေးကခုံကို လက်နဲ့ပုတ်ပြပါတယ်။

"အခုဆိုရင် အိမ်မှာလုပ်ရတဲ့အလုပ်တွေ သိနေပြီနော် အိမ်ကျွန်။ အိမ်မှာ ဘာတွေ နေ့တိုင်းလုပ်ရလဲ ပြောပြပါဦး"

"အိမ်သန့်ရှင်းရတယ်။ အဝတ်လျှော် မီးပူတိုက်ရတယ်။ ထမင်း ဟင်းချက် ကလေးထိန်းရတယ်။ ဧည့်သည်လာရင် လက်ဖက်ရည်ဖျော်ရတယ်"

"အေး ပြောမယ် သေချာနားထောင် နင့်ကိုငါ လန်ဒန်ပို့ မယ်။ အင်္ဂလန်မှာရှိတဲ့ ငါ့အစ်မအိမ်ကို နင်သွားရမယ်။ ငါ့အစ်မ ဒီကို တစ်ခေါက်ရောက်ဖူးတယ်။ နင်ဆုံဖူးပါတယ်။"

ကျွန်မ ဘာပြောရမှန်းမသိအောင် အံ့ဩတုန်လှုပ်သွား ပါတယ်။ ကျွန်မ သခင်မရာဟတ် ပြောတာကို ဘာတစ်ခွန်းမှ ပြန် မပြောဘဲ ကြမ်းပြင်ကိုသာ ငုံ့ကြည့်နေမိပါရဲ့။

"ငါပြောတာကြားလား အိမ်ကျွန်"

"ဟုတ်၊ ကြားပါတယ် သခင်မ"

"နင့်ကို လန်ဒန်လွှတ်တဲ့အခါ ငါ့အိမ်မှာလုပ်သလို ငါ့အစ်မ အိမ်မှာလုပ်ရမယ်။ ငါပြောတာ နာခံသလို ငါ့အစ်မပြောတာနာခံ ရမယ်၊ နားလည်လား"

"ကျွန်မမရှိရင် အိမ်ကို ဘယ်သူသန့်ရှင်းရေးလုပ်မှာလဲ၊ ကလေးတွေ ဘယ်သူထိန်းမှာလဲ"

"ကလေးတွေကို နင်သတိရနေသလို၊ ကလေးတွေကလည်း နင့်ကို သတိရနေမှာပါ။ ဒါပေမယ့် ငါ့အစ်မက အမွှာပူး နှစ်ယောက် မွေးထားတယ်။ သူအရမ်းပင်ပန်းနေလို့ နင့်လိုလူတစ်ယောက် သူ့အိမ်မှာ အရမ်းလိုအပ်နေလို့ နင့်ကို လန်ဒန်ကိုလွှတ်ရတာ နားလည်လား" လို့မေးတော့ ကျွန်မ ခေါင်းညိတ်ပြလိုက်ပါ တယ်။

"ကဲ... ငါပြောချင်တာဒါပဲ အလုပ်သွားလုပ်လို့ရပြီ ... လက်ဖက်ရည်ဗန်းပါပြန်ယူသွား" လို့ပြောတော့ ကျွန်မ မီးဖိုချောင်ထဲ ပြန်သွားပြီး လုပ်စရာရှိတာ ပြန်လုပ်နေပါတယ်။

ညဘက် ကျွန်မအခန်းကျဉ်းအိပ်ရာလေးထဲ ခေါင်းချတဲ့အခါ...

"ငါ လန်ဒန်ကို ဘယ်လိုသွားရမှာလဲ။ ငါ့ကိုအဝေးကြီး ဘာလို့လွှတ်ရတာလဲ။ ဟိုရောက်ရင် အစ်မရာဟတ်ထက် ပိုဆိုးတဲ့သူ ဖြစ်နေမလား"ဆိုပြီး လားပေါင်းများစွာမေးခွန်းတွေနဲ့ အိပ်မပျော်ခဲ့ ပါဘူး။

သခင်မရာဟတ် ဘာပြောပြော ခေါင်းညိတ်လိုက်တာ ကျွန်မအတွက် အဆင်ပြေဆုံးပါပဲ။ ကျွန်မ ဒီအိမ်မှာနေတာ ခြောက်နှစ်ရှိလာပါပြီ။ သခင်မရာဟတ်ရဲ့ အဆဲမခံရအောင် အရိုက်မခံ ရအောင်၊ နှိပ်စက်မခံရအောင် ကလေးတွေနဲ့သင့်မြတ်အောင် ဘယ်လိုနေရမလဲဆိုတာတွေကို အတော်သိနေပါပြီ။ ရာဟတ်ရဲ့ ကလေးတွေနဲ့ ကျွန်မ အရမ်းရင်းနှီးနေပါပြီ။ ကလေးတွေကိုလည်း ကျွန်မဆွေမျိုးရင်းချာလို သံယောဇဉ်ဖြစ်နေပြီး ကလေးတွေကလည်း ကျွန်မကို သူတို့ အစ်မတစ်ယောက် လို ဆက်ဆံလာကြပါတယ်။ ကလေးတွေနဲ့ မခွဲနိုင်ပါဘူး။ အဲလိုတွေးရင်းနဲ့ ကျွန်မ အရမ်းဝမ်းနည်းလာပါတယ်။

တောင်စဉ်ရေမရ လျှောက်တွေးရင်း ညအမှောင်ကြီးထဲ ကျွန်မတစ်ယောက်ထဲ ငိုနေမိပါတယ်။ သူပုန်တွေက ကျွန်မကိုဖမ်း ပွဲစားအဒူအဇင်ဆီပို့ ပွဲစားအဒူအဇင်က ရာဟတ်ဆီရောင်း အခု သခင်မရာဟတ်က ကျွန်မကို လန်ဒန်ကိုပို့တော့မှာဖြစ်ပါတယ်။ ကျွန်မချစ်တဲ့ ဆူဒန်နိုင်ငံနဲ့ အဝေးဆုံးကို ပို့ကြတော့မှာလေ။

အခန်း(၂၁)

သီတင်းပတ် အနည်းငယ်ကြာတော့ သခင်မရာဟတ် မင်္ဂလာဆောင် သွားဖို့ ပြင်ဆင်နေပါတယ်။ ဈေးအကြီးဆုံးဖိနပ်၊ အလှဆုံး အဝတ်အစား၊ လက်ဝတ်လက်စားတွေ ဝတ်လို့ပေါ့။ ကျွန်မကတော့ ကလေးတွေ ကိုယ်ကျင့်တရားကောင်းဖို့ ရည်ရွယ်ချက်နဲ့ အီစွပ် ပုံပြင်တွေ ဖတ်ပြနေပါတယ်။

အိမ်ရှေ့ လူခေါ်ခေါင်းလောင်းတီးသံကြားတဲ့အခါ ကျွန်မကိုယ်တိုင် သွားဖွင့်ပေးပါတယ်။ သခင်မရာဟတ်နဲ့ မင်္ဂလာပွဲသွားမယ့် အမျိုးသမီးတစ်ဦး လှလှပပနဲ့ရောက်လာပါတယ်။ သူမနောက်မှာ ကလေးတစ်သိုက်လည်းပါလာတာ တွေ့ရပါတယ်။ အဲဒီကလေး တွေထဲမှာ နူဘာတောင်တန်းတွေရဲ့ အနီးအနားရွာက ခူမယ်ဆိုတဲ့ကောင်မလေး ကိုတွေ့လိုက်ရပါတယ်။ ခူမယ်ဆိုတဲ့ ကောင်မလေးက ကျွန်မနဲ့ တစ်နေ့တည်း သူပုန်တွေရဲ့ အဖမ်းခံရပြီး ရောင်းစားခံခဲ့ရတာပါ။ ကျွန်မ အံ့ဩမင်သက် နေမိသလို ခူမယ်ကလည်း ပြောမပြတတ်အောင် အံ့ဩနေတဲ့ပုံရိပ်တွေ သူမမျက်နှာမှာ ပေါ်လွင် နေပါတယ်။

“ဟဲ့… ကောင်မလေး ဟဲ့ … နင်အိပ်ငိုက်နေတာလား နင့် သခင်မရာဟတ်ဘယ်မှာလဲ။ သူ မင်္ဂလာဆောင်သွားဖို့ အဆင်သင့်ဖြစ်ပြီလား” လို့ ကျွန်မပခုံးကိုလှုပ်ပြီး မေးပါတယ်။

“သခင်မရာဟတ် အဆင်သင့်ဖြစ်နေပြီလား မဖြစ်သေးဘူး ဆိုတာ မသိပါဘူးရှင့်” လို့ပြောပြီး အိမ်ထဲဝင် သခင်မရာဟတ်ကို အဆင်သင့်ဖြစ်မဖြစ် မေးလိုက်ပါတယ်။ ဧည့်သည်အမျိုးသမီးက ဧည့်ခန်းမှာ ထိုင်စောင့်နေချိန် ကျွန်မက တံခါးပိတ်ချင်ဟန်ဆောင်ပြီး စောင့်နေတဲ့ကားထဲကို သွားကြည့်တဲ့အခါ ခူမယ်က ကျွန်မကို စိုက်ကြည့်နေပါတယ်။ တံခါးကို အလုံပိတ်ထားလို့ ကျွန်မစကားပြောတာကို သူမကြားရပါဘူး။

“နင် ခူမယ်မဟုတ်လား။ နူဘာတောင်တန်းတွေကလာတဲ့ ခူမယ် မဟုတ်လား” လို့ ကျွန်မ မေးနေပေမယ့် သူမမကြားပါဘူး။

ဒါပေမယ့် ကျွန်မကြိုးစားပြီး အမူအရာနဲ့အတူ စကားလည်း ထပ်ပြောပြီး မေးလိုက်ပါတယ်။ တံခါးကိုအောက်ချဖွင့်လိုက်ဖို့ အမူအရာနဲ့လုပ်ပြတော့ သူတံခါးကိုဖွင့်လိုက်ပါတယ်။

“ခူမယ်လား … နင် ခူမယ် မဟုတ်လား”

“မန်ဒီ၊ မန်ဒီမဟုတ်လား”

ခူမယ် ကားထဲကဆင်းလာပြီး ကျွန်မတို့တစ်ယောက်နဲ့ တစ်ယောက် ပွေ့ဖက် ထားလိုက်ကြတယ်။ ခူမယ်ဟာ ကျွန်မပခုံးကို မှီပြီးငိုနေပါတော့တယ်။

“ခူမယ် နင်နဲ့ငါ အခုလိုပြန်တွေ့ရမယ်ဆိုတာ ယုံတောင် မယုံနိုင်ဘူးဟယ်” လို့ မျက်ရည်တွေ ကျရင်း ကျွန်မ ခူမယ်ကိုပြောလိုက်မိတယ်။

“ဒါနဲ့နေပါဦး နင်နဲ့တွေ့တဲ့အမျိုးသမီးက ဘယ်သူလဲ ငါ့ သခင်မရာဟတ်ရဲ့ မိတ်ဆွေလား။ အရင်က မတွေ့ဖူးပါဘူး”

“ငါ့သခင်မနာမည်က ဟောလာ့ချ်လို့ခေါ်တယ်။ နင့်သခင်မ ရာဟတ်ရဲ့ မိတ်ဆွေတစ်ယောက် ပေါ့။ သူ့အကြောင်း ငါမပြောချင်ဘူး။ နင့်မိသားစုအကြောင်းရော ကြားပြီးပြီလား” လို့ ခူမယ်က ကျွန်မ ကိုမေးလိုက်ပါတယ်။

“ငါ့မိသားစု... သူတို့အကြောင်းကို ငါ သူပုန်တွေအဖမ်းခံရ ကတည်းက ဘာမှ မကြားတော့တာ ကြာပြီ။ နင်ရောဘာကြားမိလဲ။ ကြားတာရှိရင် ပြောပြပါလား ခူမယ်”

“နင့်မိသားစုနဲ့ပတ်သက်လို့ နင့်အတွက် သတင်းကောင်း ငါ ကြားထားတယ်မန်ဒီ”

“ဘာတွေကြားထားလဲ ဘယ်လိုသိတာလဲ” လို့ ကျွန်မစိတ်လှုပ်ရှားမှုနဲ့ မေးလိုက်ပါတယ်။

“စိတ်ကိုငြိမ်ငြိမ်ထားမန်ဒီ။ နင့်မိသားစုသတင်းအကြောင်း ကို နူဘာမျိုးနွယ်စုဝင် ရာဒယ်ဆိုတဲ့ လူတစ်ယောက်ဆီကနေ ကြားခဲ့တာ။ ငါ့သခင်မက တစ်နေ့ ငါ့ကို ဈေးသွားဝယ်ခိုင်းတော့ သူနဲ့ တွေ့ခဲ့တာ။ သူ့ကိုငါစတွေ့တော့ မမှတ်မိဘူး။ နောက်မှသူကငါ့ကို သူက ရာဒယ်ပါ။ မန်ဒီနေဇာတို့နေတဲ့ ရွာအနီးအနားကပါလို့ပြော ပြီး မိတ်ဆက်ပါတယ်”

“သူက နင့်မိသားစုအကြောင်းလည်း ပြောသွားတယ်။ သူတို့ အသက်ရှင်လျက်ရှိပြီး နင့်မိသားစုဝင်တွေ သူပုန်တွေရဲ့လက်က အသက်ရှင်လွတ်မြောက်ခဲ့တယ်” လို့လည်း ငါ့ကိုပြောခဲ့တယ်။

“ဘုရားရေ ငါ့မိသားစုဝင်တွေ အသက်ရှင်တုန်း။ အလ္လာရှင်မြတ် ကျေးဇူးကြီးမားလှပါတယ်” ကျွန်မ ငိုရမလို ရီရမလိုဖြစ်ပြီး အရမ်း စိတ်လှုပ်ရှားနေပါတယ်။

အဲဒီလို ခူမယ်က သူ့အကြောင်းနဲ့ ကျွန်မမိသားစုအကြောင်းတွေ ပြောနေတုန်း သခင်မရာဟတ် တံခါးဖွင့်သံကို ကြားလိုက်ရပါတယ်။

“မန်ဒီ မန်ဒီ ဘယ်မှာလဲ” လို့ သခင်မရာဟတ် လှမ်းအော်ခေါ်နေပါတယ်။

“မန်ဒီ သွားတော့ မြန်မြန်သွား နင့်ကိုခေါ်နေတယ်”

“မသွားဘူး ဒီမှာပဲ နင်နဲ့စကားပြောနေမယ်”

“နင်အရိုက်ခံရမယ် သွားတော့” လို့ ခူမယ်က စိုးရိမ်ပြီး ထပ် ပြောပါတယ်။

“ရိုက်ရင်ရိုက်ပလေ့စေဟာ နင်နဲ့ပဲ ဆက်စကားပြောမယ်” လို့ ကျွန်မကပြောပါတယ်။

ကျွန်မမိသားစု အသက်ရှင်သေးတယ်လို့ သိရတဲ့အတွက် ကျွန်မခွန်အားတွေဖြစ်မိပါရဲ့။ ကျွန်မ အိမ်ကျွန်ဘဝကလွတ်လို့ မိသားစုမရှိရင် ကျွန်မဘယ်ကိုသွားရမှာလဲ။ အဲဒီတော့ အိမ်ကျွန် ဘဝကလွတ်လည်း

မိသားစုမရှိတော့ ကျွန်မဘဝက ဘာအဓိပ္ပါယ်ရှိမှာလဲလို့ စဉ်းစားနေမိတယ်။ ကျွန်မတို့ နူဘာမျိုးနွယ်စုထဲက လူတွေဟာ ကျွန်မတို့လို အိမ်ကျွန်တွေကို လိုက်ရှာနေတယ် ဆိုတာ သိလိုက်ရလို့ ဝမ်းသာ နေမိပါရဲ့။

အခန်း(၂၂)

အချိန်အတော်ကြာတဲ့အထိ ကျွန်မကို လန်ဒန်ပို့မယ့်ကိစ္စ ဘယ်သူမှ ထပ်မပြောကြတော့လို့ ကျွန်မအရမ်းဝမ်းသာနေမိပါရဲ့။ ခူမယ်ကိုတွေ့ပြီး ကျွန်မမျှော်လင့်ချက်တွေ ပြန်လည်ရှင်သန်လာ ပါတယ်။ ခူမယ်က ရှာဒယ်ကို ထပ်မံဆက်သွယ်ပြီး ရှာဒယ်က နူဘာ တောင်တန်းတွေမှာနေတဲ့ ကျွန်မ မိသားစုတွေဆီ ကျွန်မသတင်းကို သွားပို့မှာ သေချာပါတယ်။ ကျွန်မတို့ရွာက လူတွေသိရင် ကျွန်မ နဲ့ ခူမယ်ကို ခါတွန်မြို့မှာ လာရှာကြမှာ အသေအချာပါပဲ။

လန်ဒန်ကိုသွားဖို့သတင်း နောက်ထပ် လပေါင်းများစွာ မကြားရတော့ပါဘူး။

သက္ကရာဇ် ၁၉၉၉ ခုနှစ်ကုန်လို့ ၂၀၀၀ ခုနှစ်ရောက်မယ့်ညမှာ ကျွန်မတို့ပတ်ဝန်းကျင်က လူတိုင်း New Year ကြိုဆိုပွဲကို ပြင်ဆင်နေကြတယ်။ ကျွန်မကတော့ အိမ်ထဲမှာ ချက်ပြုတ် လျှော်ဖွပ် ဆေးကြောနဲ့ အလုပ်ရှုပ်နေပါတယ်။ သခင်မရာဟတ်နဲ့ ခင်ပွန်း မူစတာဖာတို့ကတော့ အပြင်ထွက်သွား ကြလို့ နှစ်ဆယ်ရာစု နောက်ဆုံးညကို တစ်ယောက်ထဲ ကြိုဆိုခဲ့ရပါတယ်။ ၂၀၀၀ခုနှစ် ပထမ ဆုံးနေ့မှာ ပန်းခြံတစ်ခုကို ပျော်ပွဲစားထွက်ဖို့ နံနက်စောစောထ ပြင်ဆင်ခဲ့ရတယ်။ ကျွန်မက အစားအသောက် တွေကို ပြင်ဆင်ပြီး မူစတာဖာက ကားနောက်ခန်းထဲတင်ပါတယ်။ ပန်းခြံရောက်တော့ ရာဟတ်နဲ့ မူစတာဖာတို့ရဲ့ မိတ်ဆွေတွေနဲ့ ချိန်းထားတဲ့အတိုင်း ဆုံကြပါတယ်။ ပါလာတဲ့ ကလေးတွေက တူတူပုန်းတမ်း ကစားနေ ကြတယ်။

ပန်းခြံထဲမှာရှိတဲ့ ရှုခင်းတွေနဲ့လူတွေကို ကြည့်နေရင်း ပန်းခြံထဲမှာ နူဘာမျိုးနွယ်စုဝင်တွေ ဖြစ်တဲ့ ဘဝတူ အိမ်ကျွန်မလေး ခူမယ်၊ ကျွန်မကို စိတ်ခွန်အားတွေပေးခဲ့တဲ့ အဒူအဇင်အိမ်က အန်တီအာရှာ၊ သူနာပြုဆရာမ နမ်ဂါတို့ ပန်းခြံထဲမှာ တွေ့မလားလို့ လိုက်ရှာပေမယ့် ဘယ်သူ့ကိုမှ မတွေ့ပါဘူး။

ကျွန်မဘေးနားမှာ အသက် ၁၂ နှစ်အရွယ် ကျွန်မလို လူမည်း ကောင်မလေးတစ်ယောက် မတ်တပ်ရပ်နေပါတယ်။

"ညီမလေး မင်္ဂလာပါ။ အစ်မ ညီမလေးကို စကားနည်းနည်း လောက်ပြောလို့ရလား" လို့ ကျွန်မ အာရေဗစ်လိုပြောပြီး နှုတ်ဆက်လိုက်ပါတယ်။

"ဟုတ် အစ်မ မင်္ဂလာပါ အစ်မ ပြောလို့ရပါတယ်"

"ညီမလေးက ဘယ်ကလာတာလဲ"

"ညီမက နူဘာတောင်တန်းတွေကလာတာပါ"

"အစ်မနာမည်က မန်ဒီပါ။ ညီမနာမည် ဘယ်လိုခေါ်လဲ"

"ညီမနာမည်က ခါတူနာလို့ခေါ်ပါတယ်"

"နာမည်လေးက ချစ်စရာလေး။ ညီမမိဘတွေကရော ဘယ်မှာနေကြလဲ"

"ညီမရဲ့အဖေနဲ့အမေ ဘယ်မှာနေကြလဲဆိုတာ မသိပါဘူး

မူဂျာဟတ်သူပုန်တွေ ရွာကိုဝင်စီး အိမ်ကိုမီးရှို့ ညီမကို ဖမ်းသွားကတည်းက ကွဲသွားတာပါအစ်မ”

သူမပြောတာကို စဉ်းစားမိရင်း ကျွန်မ သူပုန်တွေ အဖမ်းခံရ ရောင်းစားခံရ အိမ်ကျွန်ဖြစ်လာပုံကို ပြန်စဉ်းစားမိပါတယ်။

“မငိုပါနဲ့ညီမလေးရယ်” ခါတူနာကို ဖက်ထားပြီး ကျွန်မ နှစ်သိမ့်ပေးနေပါတယ်။

“ညီမ အမေ့ကို အရမ်းလွမ်းတာပဲအစ်မရယ်” လို့ ရှိုက်ကြီးတငင်နဲ့ငိုပြီး ကျွန်မကိုရင်ဖွင့်ပါတယ်။ ခါတူနာရဲ့ လည်ပင်းမှာ အလွန် လှပတောက်ပြောင်တဲ့ အနီရောင်ပုတီးကုံး လည်ဆွဲလေး ဝတ်ဆင် ထားတာ တွေ့ရတယ်။

“ညီမ ပုတီးလည်ဆွဲက အရမ်းလှတာပဲ။ ညီမလေးခါတူနာ၊ လည်ပင်းမှာ အဲလို ပုတီးလည်ဆွဲကို မဝတ်သင့်ဘူး။ ချွတ်ပြီးသိမ်းထား ညီမလေး။ အဲလို ပုတီးလည်ဆွဲဝတ်ထားရင် နူဘာလူမျိုးစု ဆိုတာ အများသိကြလို့ အန္တရာယ်များတယ်” လို့ ကျွန်မက အကြံပေးပါတယ်။

“ညီမလေးခါတူနာ အစ်မပြောတာနားထောင် ညီမလေးရဲ့ သခင်မ ပြောတာ နားထောင်ပြီး ဘာမှပြန်မပြောနဲ့။ ခိုင်းတာလုပ်ပေးလိုက်” လို့ အန်တီအာရှာ ကျွန်မကိုသင်ပေးခဲ့သလို ညီမလေး ခါတူနာကို သင်ပေးခဲ့ပါတယ်။

ဒီနေ့လိုအချိန်မျိုး အရမ်းစည်ကားလှတဲ့ ဒီပန်းခြံကြီးထဲကို ကျွန်မတို့ နူဘာမျိုးနွယ်စု အိမ်ကျွန်တွေ ဘယ်လောက်တောင် ရှိနေမလဲ။ ကျွန်မတို့လို အရိုက်နှက်ခံ၊ အနှိပ်စက်ခံ၊ ခေါင်းပုံဖြတ်ခံရတဲ့ အပြင် အထီးကျန်လှတဲ့အိမ်ကျွန်တွေ ပန်းခြံထဲမှာ ဘယ်လောက်တောင် ရှိနေပြီလဲ။

ကျွန်မတို့နဲ့အတူ ပန်းခြံထဲအတူလာတဲ့ ကလေးတွေကို ခေါ်ပြီး ညနေစာကျွေးတော့မှာဖြစ်လို့ အချိန်မရတာနဲ့ ခါတူနာနဲ့ နှုတ်ဆက် လမ်းခွဲခဲ့ပါတယ်။ နှစ်ယောက်လုံး မျက်ရည်တွေကိုယ်စီ နဲ့ပေါ့။ ကျွန်မထက်ငယ်တဲ့ ဘာမှအတွေ့အကြုံမရှိသေးတဲ့ ညီမလေး ခါတူနာကို ဘာမှမကူညီလိုက်ရလို့ ကျွန်မ အရမ်းဝမ်းနည်းမိခဲ့တယ်။

နှစ်ကူးပြီးလို့ မကြာခင်မှာ သခင်မရာဟတ်ဟာ လန်ဒန်ကသူ့အစ်မ ဟာနမ်ဆီကိုသွားလည်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

“အိမ်ကျွန် မန်ဒီ ငါ လန်ဒန်ကို တစ်ပတ်လောက် အလည်သွားမယ်။ နင် ကလေးတွေ သေချာထိန်း ဂရုစိုက်နော်။ ငါ့အစ်မကြီး အယ်သိုမာလည်း ဒီမှာလာနေလိမ့်မယ် နားလည်လား” ရာဟတ်ရဲ့ အစ်မ အယ်သိုမာအိမ်ရောက်ပြီး တစ်ပတ်လောက်ရှိတော့ ကျွန်မကို ရိုက်လည်းမရိုက် ဆဲလည်းမဆဲပါဘူး။ အိမ်ကို ဧည့်သည်လည်း သိပ်မလာတော့ အများကြီး မချက်ပြုတ်ရတော့ပါဘူး။ ကလေးတွေ နဲ့အတူ အခန်းထဲမှာ အိပ်ရတော့ အရမ်းပျော်ရွှင်ရတဲ့ အခိုက်အတန့်လေးတစ်ခု ဖြစ်ခဲ့ပါတယ်။ ရာဟတ် ပြန်ရောက်တဲ့အခါ လက်ဆောင်တွေအများကြီး ဝယ်လာခဲ့ပါတယ်။ မုစတာအတွက် အဝတ်အစားနဲ့ နက်ခ်တိုင်တွေ၊

ကလေးတွေအတွက် ကစားစရာအရုပ်တွေ၊ ကျွန်မအတွက်တော့ အောက်ခံဘောင်းဘီသုံးထည်ပါတဲ့ ဗူးတစ်ဗူး ဝယ်လာပါတယ်။ အဲဒီလက်ဆောင်တွေဟာ ကျွန်မဘဝမှာ သခင်မရာဟတ် ဆီက နှစ်ပေါင်းများစွာကြာမှ ပထမဆုံးရဖူးတဲ့ လက်ဆောင်ဖြစ် ပါတယ်။ ရက်အနည်းငယ်ကြာတော့ သခင်မရာဟတ် မီးဖိုချောင်ထဲ ထိလာပြီး

"အိမ်ကျွန် နင့်ကို လန်ဒန်ပို့မယ်လို့ပြောတာ မှတ်မိလား။ နင် မကြာခင် လန်ဒန်သွားရမယ်။ အစ်မဟာနမ်ဆီ နင့်ကိုပို့တော့မယ့် အကြောင်းပြောတော့ သူကလည်း လိုလိုလားလားနဲ့ လွှတ်ခိုင်းတယ်"

လို့ ကျွန်မကိုလာပြောပါတယ်။

အဲဒီအချိန် အိမ်ရှေ့မှာ တံခါးခေါင်းလောင်းတီးသံကြား ရလို့ ကျွန်မသွားပြီးဖွင့်ပေးပါတယ်။ တံခါးခေါင်းလောင်းလာတီးတဲ့ သူတွေ ကိုမြင်တော့ ကျွန်မအရမ်းအံ့သြသွားရပါတယ်။ ကျွန်မကို ရောင်းစားခဲ့တဲ့ အဒူအဇင်နဲ့ဇနီး ဂျီအဟားတို့ပဲဖြစ်ပါတယ်။

သူတို့လင်မယား ကျွန်မကိုမြင်တော့

"နေကောင်းလား၊ ကျန်းမာရဲ့လား" လို့ကျွန်မကိုမေးပါတယ်။ အဒူအဇင်က သူ့မိန်းမကို

"ဒီကလေးမလေး တော်တော်အကောင်ထွားလာတယ် နော်။ မှတ်တောင်မမှတ်မိဘူး။ မိန်းမ သူ့နာမည်ဘယ်လိုခေါ်လဲ" လို့မေးတော့

"မမှတ်မိဘူး။ ခဏ... ခဏ ကျွန်မစဉ်းစားလိုက်ဦးမယ်" လို့ ပြောပြီး ဂျီအဟား စဉ်းစားနေတုန်း ကျွန်မက

"သမီးနာမည် မန်ဒီနေဇာပါရှင့်" လို့ ယဉ်ယဉ်ကျေးကျေး ပြောလိုက်ပါတယ်။

"အော် မှတ်မိပြီ မန်ဒီ..." လို့ သူတို့နှစ်ယောက် ပြောနေကြပါတယ်။

"ဒါနဲ့ စကားမစပ် အန်တီအာရှာရော နေကောင်းလား"

"ဟာ... နင်က အာရှာကိုမှတ်မိတယ်။ အေး အာရှာလည်း နေကောင်းပါတယ်"

"အန်တီအာရှာက ကျွန်မကို အရမ်းကြင်ကြင်နာနာဆက်ဆံ လို့ ဘယ်တော့မှမမေ့ပါဘူး" လို့ ကျွန်မပြောလိုက်တဲ့အခါ ဂျီအဟား က-

"ဒါကြောင့်မို့ ခါတွန်မြို့ကိုရောက်လာတဲ့ မိန်းကလေးတွေကို သူနဲ့ပဲ နေခိုင်းတာလေ။ သမီးမန်ဒီလည်း အန်တီအာရှာနဲ့ နေခဲ့တာပဲမဟုတ်လား" လို့ ကျွန်မကိုပြောပါတယ်။

အဲဒီနောက် အဒူအဇင်တို့ လင်မယားနှစ်ယောက်ကို ဧည့်ခန်းထဲမှာ လက်ဖက်ရည်နဲ့ဧည့်ခံပြီး ကျွန်မမီးဖိုချောင်ထဲ လုပ်စရာ ရှိတာသွားလုပ်နေပါတယ်။

"ကလေးမနဲ့ အဆင်ပြေလား" လို့ ဂျီအဟားက သခင်မ ရာဟတ်ကို မေးနေပါတယ်။ သူတို့ပြောနေတာတွေကို ကျွန်မခိုးပြီး နားစွင့်လိုက်တဲ့အခါမှာ...။

“အဆင်ပြေတာထက်ကိုလွန်နေတယ်။ ကောင်မလေးက အရမ်းလည်းသန့်၊ အရမ်းလည်း အလုပ်လုပ်တယ်။ ဝီရိယလည်း ကောင်းတယ်” လို့ သခင်မရာဟတ်က ရယ်ရယ်မောမောနဲ့ ပြောပါတယ်။

“ဒါနဲ့ ပြောရဦးမယ်။ ကျွန်မ ကောင်မလေးကို လန်ဒန်မှာ ရှိတဲ့ ကျွန်မအစ်မဆီကိုပို့တော့မှာ ဒါကြောင့်မို့လို့ ကျွန်မအိမ်မှာ ဒီကလေး မရှိရင်ခိုင်းဖို့ အိမ်ကျွန်တစ်ယောက်လိုနေတယ်။ ရှာပေးပါလား အဒူအဇင်”

“ကျွန်မ ကောင်မလေးကို တစ်လအတွင်း လန်ဒန်ပို့တော့မှာ နောက်တစ်ယောက်မရရင် ကျွန်မအတွက် အတော်အရမ်း ပင်ပန်းမှာမို့ပါ အဒူအဇင်” လို့ သခင်မရာဟတ်က ပြောနေပါတယ်။

“ဘာမှမပူပါနဲ့ အစ်မရာဟတ်။ နောက်တစ်ယောက် ရှာပေးဖို့ ကျွန်တော့်တာဝန် သာထားလိုက်ပါ။ စိတ်ချလိုက်ပါအစ်မရယ်” လို့ ရယ်မောပြီး ပြောနေကြပါတယ်။ ရောက်လာမယ့် နောက်တစ်ယောက်ရဲ့ ဘဝကိုတွေးရင်း ကျွန်မ လန်ဒန်မှာ ဘယ်လိုတွေနဲ့ ဘာတွေ ဆက်ဖြစ်ဦးမလဲဆိုတာ တွေးပြီး ကျွန်မဘဝ အနာဂတ်ကိုတွေးလို့ မျက်ရည်တွေ ကျနေမိပြန်ပါရဲ့။

အခန်း(၂၃)

ကျွန်မကို သခင်မရာဟတ် လန်ဒန်ကိုပို့မယ့် အစီအစဉ်နဲ့ ပတ်သက်လို့ အချိန်တိုင်း တွေးနေမိပြန်ပါတယ်။ သခင်မရာဟတ် ကျွန်မကို ဘာဖြစ်လို့ လန်ဒန်ပို့ချင်ရတာလဲ။ ရာဟတ် အိမ်ရောက်တော့ ကျွန်မ ဆယ့်နှစ်နှစ်ပဲ ရှိပါသေးတယ်။ အဲဒီတုန်းက ကျွန်မ အရမ်းကြောက်တတ်ပြီး ရုပ်ပိုင်းဆိုင်ရာအရလည်း သေးသေးသွယ် သွယ်လေးဖြစ်ပါတယ်။ အခု ကျွန်မ ဆယ့်ကိုးနှစ် သမီးဖြစ်လို့ အရွယ်ရောက်လို့ အရာရာစဉ်းစားတတ်လာပါတယ်။ သခင်မရာဟတ် အိမ်ကို လာလည်တဲ့ အမျိုးသား တော်တော်များများဟာ ကျွန်မရဲ့ ခန္ဓာကိုယ်ကို မျက်စိအရသာ မခံရ မနေနိုင်ကြပါဘူး။ ယောကျာ်းလေးတွေ ကျွန်မကို စိတ်ဝင်စားကြတော့ သခင်မရာဟတ် ကျွန်မအပေါ် မနာလိုစိတ်တွေ ဖြစ်လာပါတယ်။ မူစတာဖာလည်း ကျွန်မကို တပ်မက်တဲ့မျက်လုံးတွေနဲ့ ကြည့်လာပါတယ်။

သခင်မရာဟတ်က အရင်ကနဲ့မတူဘဲ ကျွန်မကို...

“အဲဒီအဝတ်အစားမဝတ်နဲ့ ဒီအဝတ်က အကောင်းတွေ၊ အပြင်ထွက်တဲ့အခါမှ ဝတ်ရတာ။ အလုပ်လုပ်တဲ့ အဝတ်အစား သွားလဲ”

ကျွန်မ ဆံပင်ကိုဖြန့်ပြီး ခေါင်းလိမ်းဆီလိမ်းတဲ့အခါမှာ လည်း...

“ဆံပင်ကိုဖြန့်မထားနဲ့ စည်းထား၊ ဆာရီခြုံထား၊ အိမ်လာတဲ့လူတိုင်း နင့်ဆံပင်လှတာကို မြင်အောင် ချထားတာလား။ မလိုချင်ဘူး။ ဆံပင်ကို အမြဲစည်းထား” လို့ ဒေါသတကြီးနဲ့ ပြောလာပါတယ်။

အိမ်ကိုလာလည်တဲ့ အမျိုးသားတွေက နူဘာအိမ်ကျွန်မလေးက လှလိုက်တာ။ ဆွဲဆောင်မှုရှိလိုက်တာ လို့မပြောပေမယ့် သူတို့ရဲ့ မျက်လုံးတွေက ကျွန်မရဲ့ လှပတဲ့ခန္ဓာကိုယ်မှာ ဝဲနေကြလေရဲ့။ နောက်ပိုင်း ရာဟတ်က ကျွန်မကို ညရောက်တိုင်း အခန်းကျဉ်း လေးထဲမှာ သော့ခတ်ထားပါတော့တယ်။ ကျွန်မကိုသော့ခတ်ထားတာ မူစတာဖာနဲ့ အခြားယောကျာ်းတွေရဲ့ မတော်မတရား ကြံစည်မယ့် ရန်ကနေ စိတ်အေးခဲ့ရပါတယ်။ သခင်မရာဟတ် လန်ဒန်က ပြန်လာလို့ တစ်ပတ်ကြာပြီးနောက်မှာ ကျွန်မ ဓာတ်ပုံဆိုင်သွားပြီး ပတ်စ်ပို့ဓာတ်ပုံ ရိုက်ခဲ့ရပါတယ်။ ဓာတ်ပုံထဲမှာ ကျွန်မရုပ်ဆိုးပြီး ဝမ်းနည်းနေပုံ ပေါက်တယ်လို့ထင်နေမိတယ်။ ရက်အနည်းငယ်မှာ ကျွန်မ နိုင်ငံကူးလက်မှတ်ရပါတယ်။ သခင်မရာဟတ် ကျွန်မအတွက် သူ့မှာရှိတဲ့ အဆက်အသွယ်နဲ့ နိုင်ငံကူးလက်မှတ်ကို လုပ်ပေး ခဲ့တယ်။ ဒါပေမဲ့ သာမန်လူတွေဆို ဗြိတိန်ဗီဇာရဖို့ အရမ်းခက်ပါ တယ်။ ခါတွန်မြို့မှာရှိတဲ့ ဗြိတိန်သံရုံးကို မသွားခင် သခင်မရာဟတ်က ကျွန်မကို ဘယ်လိုပြောဆိုမလဲ ဆိုတာ သင်ပေးထားပါတယ်။

“ဟဲ့... ငါပြောတာ သေချာနားထောင်... သံရုံးက ဗီဇာ ထုတ်ပေးတဲ့

ဝန်ထမ်းတွေက မေးခွန်းတွေ အများကြီးမေးကြမယ်။ ငါသင်ပေးထားတဲ့ အတိုင်း ဖြေနော်။ အပိုအလိုမရှိစေနဲ့ ကြားလား” လို့ပြောတော့

“ဟုတ်ကဲ့သခင်မ” လို့ ကျွန်မခေါင်းညိတ်ပြမိတယ်။

“သူတို့က မင်းကို မင်းအိမ်ရှင်က ကောင်းကောင်းမွန်မွန် ဆက်ဆံသလားလို့မေးရင် ကောင်းကောင်းမွန်မွန် ဆက်ဆံပါတယ်၊ နေမကောင်းရင် မင်းကို ဘာလုပ်ပေးသလဲလို့မေးရင် ဆေးခန်းပို့ပေးပါတယ်။ အားလပ်ရက် ပေးသလားလို့မေးရင် ပေးပါတယ်။ အားလပ်ရက်ရရင် မိဘ ညီအစ်ကို မောင်နှမတွေဆီပြန်ပြီး အပန်းဖြေပါတယ်” လို့ပြောရမယ် နော်ကြားလား” လို့ ကျွန်မကိုသင်ပေးပါတယ်။

“ဖြိတိန်ကို ဘယ်သူ့အတွက် သွားအလုပ်လုပ်မှာလဲလို့ မေးရင် မစ်အလီဘာရှာ ဂါဒါလာ တို့အိမ်မှာ အလုပ်သွားလုပ်မှာလို့ ပြောကြားလား” လို့ ထပ်ကာထပ်ကာ သင်ပေးပါတယ်။

“ဟုတ်ကဲ့ပါသခင်မ” လို့ ပြန်ဖြေခဲ့ပေမယ့် မစ္စတာအလီကို ကျွန်မ မသိပါဘူး။ ကျွန်မအလုပ်လုပ်ပေးရမှာ လန်ဒန်မှာနေတဲ့ ဟာနမ်နဲ့ ခင်ပွန်း အယ်ကိုရွန်ကီတို့လင်မယားအတွက် အလုပ် လုပ်ပေးရမှာ ဖြစ်ပါတယ်လို့ တိုးတိုးလေးပြန်ပြောတော့

“အဲဒါ နင့်ကိစ္စမဟုတ်ဘူး။ ငါသင်ပေးထားတဲ့အတိုင်း ဖြေ။ နင်သွားပြီးတော့ အမှန်အတိုင်းဖြေရင် သူတို့ နင့်ကို ဗီဇာပေးမှာ မဟုတ်ဘူး။ ဘာမှထပ်မပြောနဲ့တော့ ကြားလား”

“နောက်တစ်ခု အရေးကြီးတာပြောရဦးမယ်။ လန်ဒန်မှာ အလုပ် ကောင်းကောင်းမွန်မွန်လုပ်၊ ပြောတဲ့အတိုင်း လုပ်ခိုင်းတဲ့အ တိုင်းလုပ် ဟာနမ်တို့မိသားစု လန်ဒန်ကနေ ဒီကိုလာလည်ရင် နင့် ကိုပါ ခေါ်လာလိမ့်မယ်။ ဒီအခါကျရင် နင့်မိသားစုနဲ့တွေ့ရအောင် ငါတို့စီစဉ်ပေးမယ် ဟုတ်ပြီလား။ ငါကတိပေးတယ်” လို့ သခင်မ ရာဟတ်က ကတိပေးတော့ ကျွန်မ အံ့ဩသွားတယ်။

ကျွန်မကိုရောင်းစားခဲ့တဲ့ ကျွန်ကုန်သည် အဒူအဇင်တောင် ကျွန်မမိဘတွေ ဘယ်မှာရှိလဲ ဆိုတာ မသိပါဘူး။ ကျွန်မသခင်မ ရာဟတ် ကျွန်မကို ညာနေတာ သိသာလွန်းလှတယ်။ ကျွန်မ လန်ဒန်ကို မသွားချင်ဘူး။ ကျွန်မမိသားစုအားလုံး အသက်ရှင်လျက်ရှိကြပြီး ကျွန်မကိုရှာနေတာ သေချာတယ်။ ခါတွန်မြို့မှာ ကျွန်မနေမယ် ဆိုရင် ကျွန်မမိသားစုနဲ့ ပြန်တွေ့ရဖို့ မျှော်လင့်ချက် နည်းနည်းတော့ ရှိတယ်။

ကျွန်မ လန်ဒန်ကိုမသွားဘူးငြင်းမယ်လို့ စဉ်းစားပါသေးတယ်။ ဒါပေမယ့် သခင်မရာဟတ်ကို ကြောက်လည်းကြောက် သူက လည်း ကျွန်မအပေါ် လွှမ်းမိုးမှုရှိနေသေးတဲ့အတွက် သူစေလိုရာ ကရမယ့် ရုပ်သေးရုပ်လေးတစ်ရုပ်ဖြစ်နေတဲ့အတွက် ငြင်းလို့မရခဲ့ ပါဘူး။

ခါတွန်မြို့လယ်မှာရှိတဲ့ ဖြိတိန်သံရုံးကို ကျွန်မရောက်တဲ့အခါ

သခင်မရာဟတ်က ဧည့်ခန်းထဲမှာ ထိုင်စောင့်နေပါတယ်။ ကျွန်မကိုတော့ ဗီဇာလျှောက်တဲ့ကုန်ကျငွေနဲ့ လျှောက်လွှာကို ရုံးခန်းထဲက လူဖြူကြီးကို ထိုးပေးလိုက်ပါတယ်။ လူဖြူကြီးက လျှောက်လွှာကို ခဏတာစစ်ဆေးလိုက်ပြီး လူဖြူကြီးက ကျွန်မလျှောက်လွှာပေါ်မှာ စာရေးလက်မှတ်ထိုးပြီး ကျွန်မကို ပြန်ပေးပါတယ်။ သူက ကျွန်မကို အင်္ဂလိပ်လိုပြောတာ ကျွန်မနားမလည်လို့ အာရပ်တစ်ယောက်က ဘာသာပြန်ပေးပါတယ်။

"ဘယ်သူ့ဆီမှာ အလုပ်သွားလုပ်မှာလဲ၊ အလုပ်ရှင်သူဌေး က ဘာအလုပ်လုပ်လဲ၊ ဗြိတိန်မှာ ဘယ်လောက်ကြာအောင်နေ မှာလဲ" လို့ မေးပါတယ်။

"ကျွန်မအလုပ်ရှင်နာမည်က အလီဘာရှာ ဂါဒါလာပါ။ ဘာအလုပ် လုပ်ရမယ်။ ဘယ်လောက်ကြာကြာ လုပ်ရမလဲဆိုတာ မသိပါဘူး"

"အဲဒါတွေ မသိဘူး။ ဟုတ်လား" လို့ လူဖြူကြီးကမေးပါတယ်။

"ဟုတ်ကဲ့… ကျွန်မမသိပါဘူး" လို့ ပြန်ဖြေတော့ လူဖြူကြီး က ခေါင်းခါပြီး အာရပ်ဘာသာပြန်ကို အင်္ဂလိပ်လိုပြောနေပါတယ်။

အဲဒီနောက် ကျွန်မက အာရပ်ဘာသာပြန်ကို…

"သူဘာပြောတာလဲရှင့်" လို့မေးတော့…

"မင်း ဘယ်သူ့အတွက် အလုပ်လုပ်မှာလဲ ဘယ်လောက် ကြာအောင် အလုပ်လုပ်မှာလဲဆိုတာ မသိတာကို သူအရမ်းအံ့ဩနေ တယ်" လို့ ရှင်းပြပါတယ်။

ကျွန်မကို အခန်းထဲမှာ စောင့်ခိုင်းထားပြီး မိနစ် ၂၀လောက် ကြာတော့ အာရပ်စကားပြန် ကျွန်မဆီရောက်လာပြီး

"ရော့ ခင်ဗျားအတွက် စာတစ်စောင်။ ဒီစာကို ဗြိတိန်မှာရှိတဲ့ အလုပ်ရှင်ဆီကို ဒီထဲမှာပါတဲ့ မေးခွန်းတွေဖြေခိုင်း။ သူတို့ဆီက ဖြေထားတဲ့ ပြန်စာရတဲ့အခါ ဒီကိုပြန်လာခဲ့" လို့ ပြောပါတယ်။

ကျွန်မအခန်းထဲကထွက်လာတော့ ဧည့်ခန်းထဲကစောင့် နေတဲ့ ရာဟတ်ကို…

"ကျွန်မကို သူတို့ ဒီစာတစ်စောင်ပေးလိုက်တယ်" လို့ ပြောပြီး ပေးလိုက်ပါတယ်။ ကားပေါ်ရောက်လို့ ရာဟတ် စာကိုဖတ် ပြီးတဲ့အခါ

"လန်ဒန်ကို ဒီစာပို့ရမယ်။ နင့်ကိုပြောဖို့ ငါမေ့နေသေးတယ်။ သူတို့က နင့်ကို ဘာအလုပ်လုပ်မှာလဲလို့မေးရင် ချက်ပြုတ် အဝတ်လျှော် မီးပူတိုက် အလုပ်လုပ်မှာလို့ ပြောပြီးတော့ ခြောက်လလောက် ပဲကြာမှာလို့ပြော" လို့ ထပ်သင်ပေးပါတယ်။

နှစ်ရက်လောက်ကြာတော့ လန်ဒန်ကပို့လိုက်တဲ့ Faxနဲ့ စာတစ်စောင် ကျွန်မကို သခင်မရာဟတ်က မီးဖိုချောင်အထိ လာပြတယ်။

အဲဒီနောက် သံရုံးကိုပြန်သွား ဗီဇာစစ်ဆင်ရေးအရာရှိ လူဖြူအရာရှိကြီးကို ပြန်ပေးတော့ သူက စာရွက်စာတမ်းတွေကို စစ်ဆေးပြီး ကျွန်မကို မေးခွန်းတွေမေးပါတော့တယ်။

"မင်းရဲ့အလုပ်ရှင် မစ္စတာအလီက တစ်ပတ်ကို ဘယ်လောက်ပေးမှာလဲ" လို့ အင်္ဂလိပ်လူဖြူကြီးကမေးတော့ ကျွန်မဘာ ဖြေရမှန်းမသိပါဘူး။ အာရပ်စကားပြန်ကနေတစ်ဆင့်...

"မသိပါဘူးရှင့်" လို့ဖြေတော့...

"မသိဘူး... ဟုတ်လား။ မင်းလန်ဒန်ကို အလုပ်သွားလုပ်မှာ တစ်ပတ်ကို ဘယ်လောက်ရမှာလဲ မသိဘူး။ ဟုတ်လား"

"ဟုတ်ကဲ့ မသိပါဘူး"

"တစ်ပတ်ကို ဘယ်နှစ်ရက် အလုပ်ပိတ်မှာလဲသမီး" လို့ လူဖြူကြီးက ကျွန်မကို ထပ်မေးပါတယ်။

"တစ်ပတ်ကို အလုပ်ဘယ်နှစ်ရက် လုပ်ရမလဲ။ တစ်နေ့ကို ဘယ်နှစ်နာရီ အလုပ်လုပ်ရမလဲဆို တာလည်းမသိဘူး ခက်တော့ ခက်နေပြီ" လို့ အင်္ဂလိပ်လူဖြူကြီးက ခေါင်းခါပြီးပြောပါတယ်။ အဲဒီနောက် အာရပ်ဘာသာပြန်က ကျွန်မကို အင်္ဂလိပ်လူဖြူကြီးက ဆက်ပြီး မေးခွန်းမေးဖို့ မရှိတော့ဘူးလို့ ပြောပါတယ်။

ကျွန်မကို ငါးမိနစ်လောက် စောင့်ခိုင်းထားပြီး...

"ရော့ ဒီစာကိုယူသွား။ မင်းကိုမေးစရာတွေရှိသေးတယ်။ မင်း သံရုံးကို နောက်တစ်ခေါက် ပြန်လာရမယ် ဟုတ်ပြီလား" လို့ အာရပ်ဘာသာပြန်က ပြောပါတယ်။

ကျွန်မထွက်လာပြီး ဧည့်ခန်းထဲစောင့်နေတဲ့ သခင်မ ရာဟတ်ကို သူတို့ပေးတဲ့စာ ပေးလိုက်ပါတယ်။ စာကိုဖတ်ပြီးသခင်မ ရာဟတ် ဒေါသထွက်သွားပြီး..

"တော်တော် အမေးအမြန်းထူတဲ့ လူဖြူပါလား။ နင်ကလည်း လူဖြူမေးတာကို ဘာဖြေရမှန်း မသိလောက်အောင် တုံးတာပဲ" လို့ ပြောပြီး အိမ်ကိုပြန်လာခဲ့ပါတယ်။

အိမ်ရောက်တော့ သခင်မရာဟတ် လန်ဒန်ကို နောက်တစ်ကြိမ် Fax နဲ့ စာထပ်ပို့ပါတယ်။ နောက်နေ့ ပြန်စာရတော့ သံရုံးကို တတိယအကြိမ် ထပ်သွားခဲ့ပါတယ်။

တတိယအကြိမ် ကျွန်မ သံရုံးကိုရောက်တဲ့အခါ အင်္ဂလိပ် လူဖြူကြီးက ကျွန်မကို မှတ်မိပါတယ်။ ကျွန်မကိုတွေ့တော့ မဲ့ပြုံးလေးပြုံးပြပြီး...

"မင်္ဂလာပါ မသိဘူးပြောတတ်တဲ့ကောင်မလေး နေကောင်းလား" လို့ နှုတ်ဆက်ပါတယ်။

ကျွန်မလည်း ရှက်ကိုးရှက်ကန်းနဲ့ ပြန်ပြုံးပြပြီး သူ့ကိုယူလာတဲ့ စာရွက်စာတမ်းတွေ လှမ်းပေးပါတယ်။

"စာရွက်စာတမ်းအသစ်တွေ ပြန်ယူလာတာပါလား။ ကြည့်လိုက်ဦးမယ်နော် သမီးခဏလေး" လို့ဆိုပြီး စာရွက်တွေကို ကြည့်ပြီး ကျွန်မကို ပြုံးပြပါတယ်။

“မသိဘူးလို့တော့ ပြောစရာမလိုတော့ဘူး။ မေးစရာ မေးခွန်းလည်း မရှိတော့ဘူး။ မေးခွန်းတွေကို ဒီစာရွက်ထဲမှာ အကုန်ဖြေထားပါတယ်” လို့ အာရပ်ဘာသာပြန်က ပြောပြပါတယ်။

“ဝမ်းသာဂုဏ်ယူပါတယ်။ အင်္ဂလန်ကို သွားရတော့မှာပါ။ ဒီနံပါတ်ပြားလေးယူပြီး အပြင်မှာစောင့်နေ” လို့ စကားပြန်က ထပ်ပြောပါတယ်။

မှတ်မှတ်ရရ သက္ကရာဇ် ၂၀၀၀ ခုနှစ်မေလ ၁၈ရက်နေ့မှာ အင်္ဂလန်ကိုသွားဖို့ ဗီဇာရခဲ့ပါတယ်။ သုံးပတ်ကြာပြီး အင်္ဂလန်ကို သွားရတော့မယ်လို့ သခင်မရာဟတ်က ကျွန်မကိုပြောပါတယ်။ မသွားခင်ရက်တွေမှာ အဝတ်လျှော်၊ မီးပူတိုက် အိမ်တစ်အိမ်လုံးအနှံ့ သန့်ရှင်းရေးလုပ်ရပါတယ်။ တစ်အိမ်လုံး နံရံတွေ၊ ပြတင်းပေါက်တွေက အစ အိမ်မှာရှိတဲ့ ပရိဘောဂပစ္စည်းတွေ တိုက်ချွတ်၊ မီးဖိုချောင်၊ ရေချိုးခန်းအဆုံး အကုန်လုံး သန့်ရှင်းရေးလုပ်ခဲ့ရတယ်။

ခရီးမထွက်ခင်တစ်ရက်အလိုမှာ သခင်မရာဟတ်က သူ့ရဲ့ ခရီးဆောင်အိတ်အဟောင်းလေး ကျွန်မကိုပေးပါတယ်။ ဈေးပေါပေမယ့် ချစ်စရာကောင်းတဲ့ အိတ်လေးတစ်လုံးဖြစ်ပါတယ်။ အိတ်ထဲကို အပေါ်ဝတ်အင်္ကျီလေးထည်၊ စကာပ်နှစ်ထည်၊ မိန်းမဝတ်အင်္ကျီ သုံးထည်နဲ့ ခြေညှပ်ဖိနပ်တို့ကို ထည့်ပြီး လန်ဒန်ကို သယ်သွားခဲ့ပါတယ်။ နောက်တော့ ကျွန်မနဲ့ သခင်မရာဟတ်တို့ လန်ဒန်မှာရှိတဲ့ ဟာနမ် အတွက် အိတ်ကြီးနှစ်လုံးထဲ ပစ္စည်းတွေထည့် ပါဆယ်ယူခဲ့ရပါတယ်။ နောက်ဆုံး ကျွန်မ လန်ဒန်ကိုသွားဖို့ အဆင်သင့်ဖြစ်သွားခဲ့ပါပြီ။

အခန်း(၂၄)

ညနေ မီးဖိုချောင်ထဲ အလုပ်လုပ်နေတုန်း အိမ်ရှေ့တံခါး ခေါက်သံကြားတော့ ကျွန်မ သွားဖွင့်ပေးပါတယ်။ ကျွန်မတံခါးဖွင့် ပေးလိုက်တော့ ကျွန်ပွဲစား အဒူအဇင်နဲ့ သူ့ဇနီးဂျိုအဟားတို့ကို တွေ့လိုက်ရပါတယ်။

"ဟယ်လို နင် အင်္ဂလန်ကိုသွားတော့မှာဆို ဟုတ်လား" လို့ အသက်မပါတဲ့အပြုံးနဲ့ ပြုံးပြပြီး ကျွန်မကိုမေးလိုက်ပါတယ်။

"ဟုတ်ကဲ့ပါ" လို့ပြောပြီး ဧည့်ခန်းထဲကို ခေါ်သွားပါတယ်။ ကျွန်မခရီး ခရီး သွားတော့မှာမို့ လာနှုတ်ဆက်တာတော့ မဖြစ်နိုင်ပါဘူး။

သူတို့ အိမ်ထဲကိုဝင်တော့ နောက်မှာ အသက် ၁၂နှစ် ဝန်းကျင် လူမည်းကောင်မလေး တစ်ယောက်လည်း ပါလာပါတယ်။

ကောင်မလေးက အရမ်းလည်းကြောက် အရမ်းလည်းစိုးရိမ်နေတဲ့ပုံ ဖြစ်နေပါတယ်။

"လာ ကလေးမလေး... လာ လာ ဦးနောက်လိုက်ခဲ့" လို့ အဒူအဇင်က ကောင်မလေးပခုံးကို ပုတ်ပြီး ဧည့်ခန်းထဲကို ခေါ်လာ ပါတယ်။

အခန်းထဲ သူတို့လျှောက်လာတဲ့အခါ ကောင်မလေး ဘယ်ကလာလဲဆိုတာ ကျွန်မ အကဲခတ်ကြည့်မိပါတယ်။ ကောင်မလေး က နူဘာမျိုးနွယ်စုက ဆိုတာ သေချာပေမယ့် ကျွန်မတို့ရဲ့ အနွယ်ဝင်ဖြစ် မဖြစ်ဆိုတာတော့ မသေချာပါဘူး။

"ကဲ အိမ်ကျွန်ရေ ကောင်မလေးထိုင်ဖို့ မီးဖိုချောင်က ခွေး ခြေသွားယူခဲ့" လို့ သခင်မရာဟတ်က ခိုင်းပါတယ်။

ခွေးခြေယူလာပြီး ကောင်မလေးကို ထိုင်ခိုင်းပါတယ်။

ကျွန်မ မီးဖိုချောင်ထဲ လက်ဖက်ရည်သွားဖျော်တော့ အဒူအဇင်၊ ဂိုအဟားနဲ့ သခင်မရာဟတ်တို့ စကားပြောနေကြတယ်။ သခင်မ ရာဟတ်က-

"ကလေးမ နင် ငါတို့အိမ်မှာ အလုပ်လုပ်ရမယ်။ မီးဖိုချောင် ထဲက လက်ဖက်ရည်ဖျော်နေတဲ့ အစ်မကြီးလို အလုပ်ကို သေသေချာချာ သန့်သန့်ရှင်းရှင်း ကောင်းကောင်းမွန်မွန် လုပ်ရမယ်နော်။ အစ်မကြီး ငါ့အိမ်မှာ အလုပ်လုပ်တာ ခုနှစ်နှစ်ရှိပြီ။ ယဉ်ယဉ်ကျေးကျေးနဲ့ ငါပြောတာ နားထောင်ရမယ်။ နားမထောင်လို့ကတော့ အရိုက်ခံရမယ် ကြားလား" လို့ ကောင်မလေးကို ပြောနေတာကို ကြားနေရတယ်။

ကျွန်မ လက်ဖက်ရည်ဗန်းသွားချတော့ ကောင်မလေးက ဘယ်သူ့ မှမကြည့်ဘဲ ကြမ်းပြင်ကိုပဲ ငုံ့ကြည့်နေပါတယ်။ ကောင်မလေးကို-

"အိမ်ကို သန့်ရှင်းရမယ်။ အိုးခွက်ပန်းကန်တွေ ဆေးကြောရမယ်၊ ခြံအရှေ့ဘက်နဲ့ ဆင်ဝင်ပေါက်ကိုလည်း အမြဲသန့်နေအောင်လုပ်ရမယ်ကြားလား" လို့ထပ်ပြောပြီး သခင်မရာဟတ်က ကျွန်မကို-

"နင်လည်း ရေသွားချိုးတော့ မနက်ဖြန်လေဆိပ်သွားဖို့ စီစဉ်ရမှာဆိုတော့ ရေချိုးချိန် ရမှာ မဟုတ်ဘူး သွားတော့"ပြောပါတယ်။

ကျွန်မ ရေချိုးပြီး အဒူအဇင်တို့လင်မယားနှစ်ယောက် သခင်မ ရာဟတ်ကိုနှုတ်ဆက်ပြီး ထွက်သွားကြတယ်။

ကျွန်မ ဧည့်ခန်းထဲက လက်ဖက်ရည်ပန်းကန်တွေသိမ်း သန့်ရှင်းရေးလုပ်ပြီးတော့ ကောင်မလေးကို ကြည့်ပြီး

"အစ်မနာမည်က မန်ဒီလို့ခေါ်တယ်။ ညီမလေးနာမည် ဘယ်လိုခေါ်လဲ" လို့ မေးလိုက်တော့

"ညီမနာမည်က နာနူပါရှင့်" လို့ တိုးတိုးလေး ပြန်ဖြေပါတယ်။

"မီးဖိုချောင်ထဲလာပြီး ညနေစာစားလိုက်ဦး ညီမလေးနာနူ" လို့ ကျွန်မကပြောတော့

"ညီမ အိမ်သာလည်းတက်ချင် ရေလည်းသောက်ချင်တယ်။ ရေတစ်ခွက်လောက်ပေးပါလား" လို့ပြောတော့

ကျွန်မ အရင်ဆုံး နာနူကို အိမ်သာရေချိုးခန်းထဲခေါ်သွား အိမ်သာထဲပို့ ကျွန်မက ရေချိုးခန်းထဲကနေ စကားသံတိုးတိုးလေးနဲ့-

"နာနူ ဘယ်ကလာတာလဲ"

"ညီမက ဂျီဝေလီကပါအစ်မ" လို့ အိမ်သာထဲကပြောပါတယ်။

ဂျီဝေလီတွေနေထိုင်တဲ့ ဂျီဝေလီဒေသဟာ ကျွန်မတို့မျိုးနွယ်စုတွေနေထိုင်တဲ့ဒေသနဲ့ အလွန်ဝေးပါတယ်။ ဂျီဝေလီ မျိုးနွယ်စု တွေနဲ့ ကျွန်မတို့ဘာသာစကားတူ နူဘာစကားကိုသာ ပြောကြပါတယ်။ အိမ်သာတက်ပြီး-

"အစ်မ ရေနွေးနည်းနည်းလောက် ရနိုင်မလား။ ကျွန်မ တစ်ကိုယ်လုံး အရမ်းနာနေတယ်။ အထူးသဖြင့် ဒူးခေါင်းတွေ အရမ်းကိုက်နေတယ် အစ်မ" လို့ပြောပြီး သွေးတွေထွက်နေတဲ့ ဒူးခေါင်းကို ကျွန်မကိုပြပါတယ်။

နာနူအဖြစ်ကိုမြင်ရတဲ့အခါ ကျွန်မအဖြစ်နဲ့ယှဉ်တွေးပြီး မျက်ရည်ကျနေမိပါရဲ့။ ကျွန်မ မီးဖိုချောင်ထဲသွား မျက်ရည်တွေကို အရင်ဆုံး သုတ်လိုက်ပြီး ကျွန်မကို ပြန်ပေးဆွဲတုန်းက လမ်းမှာ သူပုန်တစ်ယောက် မုဒိမ်းကျင့်ဖို့ ကြိုးစားခဲ့တုန်းက ဒူးခေါင်းမှာ ဒဏ်ရာရခဲ့တာကိုတွေးပြီး နာနူကို စာနာမိလာပါတယ်။ ကျွန်မ မီးဖိုချောင်ထဲကနေ ရေနွေး ယူပြီး ရေချိုးခန်းထဲ ပြန်ရောက်လာတော့ နာနူ ဆက်ငိုနေတာကို တွေ့ရပါတယ်။ ရေနွေးပန်းကန်လုံး နာနူကို ပေးလိုက်ပြီး

"နာတာကျင်တာတွေ ပျောက်သွားအောင် ရေနွေးနဲ့ဆေးလိုက်၊ နောက်နေ့ကျရင် ကိုယ့်ဖာသာကိုယ် ဂရုစိုက်ဆေးနော် ညီမလေး" လို့ ကျွန်မသေချာမှာခဲ့ပါတယ်။

ညီမလေးနာနူကို ကျွန်မရဲ့ အခန်းကျဉ်းလေးထဲ သခင်မ ရာဟတ်မသိအောင် ခေါ်သွားပါတယ်။ ကျွန်မ မွေ့ယာအစုတ်လေး မှာထိုင်ခိုင်းပြီး...

“ဒီအခန်းထဲမှာ အစ်မခုနစ်နှစ်နေခဲ့ပြီးပြီ။ ညီမလေး ဒီအခန်းထဲမှာ နေရမယ်လို့ အစ်မထင်တယ်” လို့ပြောပြီး အခန်းထဲမှာ နာနူကို ခဏ စောင့်ခိုင်းထားပါတယ်။ ကျွန်မ မီးဖိုချောင်ထဲသွားပြီး နှမ်းဆီတွေ ကို မီးဖိုပေါ်မှာ နွေးနေအောင်လုပ်ပြီး ကျွန်မအခန်းလေးမှာစောင့် နေတဲ့ နာနူဆီကို ပြန်လာခဲ့ပါတယ်။

“ညီမလေးနာနူ ဝွမ်းဖတ်လေးကို နှမ်းဆီလေးဆွတ်ပြီး အရမ်း ကိုက်တဲ့နေရာတွေ ပွတ်ပေးမယ်နော်။ ပွတ်ခါစတော့ နာမယ်” လို့ပြောပြီး ခြေထောက်တွေ၊ ပေါင်တွေ နေရာအနှံ့ဖိပြီး ပွတ်ပေးပါတယ်။ နာနူ ဒီကိုရောက်လာပုံဟာ ကျွန်မဖြစ်ပျက်ခဲ့တဲ့ပုံ စံအတိုင်းပဲဆိုတာ ညီမလေးနာနူရဲ့ ဖွင့်ဟပြောဆိုချက်အရ သိရပါတယ်။-

အဲဒီအချိန်မှာ သခင်မရာဟတ်က

“မန်ဒီ မအိပ်သေးဘူးလား။ မနက်ဖြန် လေဆိပ်သွားရမယ်နော်” လို့ အော်ပြောနေပါတယ်။ ကျွန်မကို ကလေးတွေနဲ့ အိပ်ဖို့ပြောပါတယ်။ ကျွန်မကို ဒီတစ်ည နာနူနဲ့အိပ်ပါရစေလို့ ခွင့်တောင်းပေမယ့် ကျွန်မကို ခွင့်မပေးခဲ့ဘူး။

ကျွန်မအိပ်ခန်းထဲကို ကျွန်မရဲ့ လက်ကျန်ပစ္စည်းတွေနဲ့ အိပ်ရာ ပစ္စည်းတွေသွားယူတဲ့အခါ ညီမလေးနာနူ မွေ့ယာပေါ်မှာ လဲလျောင်းနေပါတယ်။ ကျွန်မ အခန်းအပြင်ဘက်ကို ပြန်ထွက်ခါနီး-

“အစ်မ ဘယ်သွားမလို့လဲ ဒီတစ်ည ညီမလေးနဲ့အိပ်ပါလား” လို့ ကျွန်မကို ညှိုးငယ်တဲ့ မျက်နှာလေးနဲ့ ပြောပါတယ်။

“ညီမလေးနာနူ စိတ်တော့မကောင်းပါဘူး။ အစ်မညီမလေး နဲ့ အိပ်လို့မရဘူး။ အခုအိပ်တော့ ညီမလေး။ ညီမလေးကို မှာစရာရှိ တယ်။ သခင်မရာဟတ် ဘာခိုင်းခိုင်းလုပ်ပေးလိုက် ဘာမှခံမပြောနဲ့ နော်။ ညီမခံပြောရင် သူက ညီမကိုရိုက်လိမ့်မယ်” လို့ နာနူရဲ့ ဆံပင်ကို သပ် ဆုံးမစကားတွေပြောပြီး နှုတ်ဆက်ထွက်ခဲ့ပါတယ်။

အဲဒီညမှာ ကျွန်မအိပ်မပျော်ခဲ့ပါဘူး။ သခင်မရာဟတ်ရဲ့ နှစ်ပေါင်းများစွာ နှိပ်စက် ညှင်းဆဲခဲ့တာတွေ၊ ရိုက်နှက်ခဲ့တာတွေ၊ အလုပ်ကို အားလပ်ရက်မရဘဲ လုပ်ခဲ့ရတာတွေ ဘယ်သော အခါမှ လုပ်ခမရခဲ့တာတွေကို တွေးနေမိရဲ့။ အသက်ရှင်လျက်ရှိသေးတဲ့ ကျွန်မ မိဘတွေနဲ့ ကော ဘယ်လိုပြန်ဆုံရမှာလဲ။ အခုတော့ ဆူဒန်နိုင်ငံနဲ့ ဝေးရာ နူဘာတောင်တန်းတွေနဲ့ ဝေးရာကို သွားရတော့မှာ ဖြစ်လို့ ကျွန်မ အိပ်မပျော်ခဲ့ပါဘူး။

မနက်မှာ သခင်မရာဟတ် ကျွန်မကိုလာနှိုးလို့ နောက်ဖေးအိမ်သာကို သွားတော့ ကျွန်မနေခဲ့တဲ့ အခန်းလေး သော့ပွင့်နေတာ ကို တွေ့လိုက်ရတယ်။ သခင်မရာဟတ်ရဲ့အသံကိုလည်း အခန်းလေး ထဲက ထွက်လာတာ ကြားနေရပါတယ်။

“ဟဲ့ အိမ်ကျွန် အိပ်ရာထတော့ မျက်နှာသစ်သွားတိုက်ပြီး

မီးဖိုချောင်ထဲလာခဲ့။ နင်ထမင်းစားပွဲမှာစောင့်နေ ငါလာခဲ့မယ်ကြားလား” လို့ ညီမလေးနာနူကိုပြောနေပါတယ်။

အဲဒီနောက် ကျွန်မဆီကိုလာပြီး-

“ဟဲ့ မန်ဒီ မြန်မြန်လုပ်စရာရှိတာလုပ် လေဆိပ်သွား ရတော့မယ် နော်” လို့ပြောပါတယ်။

ခဏအကြာ ကျွန်မ နောက်ဖေးကနေ နာနူအခန်းထဲသွား ကြည့်တဲ့အခါ ညီမလေးနာနူ မွေ့ယာပေါ် ခွေခွေလေး လှဲနေတာ တွေ့လိုက်ရတယ်။ ညီမလေးနာနူကို နှုတ်ဆက်ပြီး ကျွန်မရဲ့ ခရီးဆောင်အိတ်တွေ ကားပေါ်တင် လေယာဉ်ကွင်းဆီ ကားမောင်း ထွက်ခွာလာခဲ့ကြပါတော့တယ်။

လေဆိပ်ရောက်တဲ့အခါ လူအများကြီးကို တွေ့ရပါတယ်။

ဂိတ်ရောက်တော့ သခင်မရာဟတ်က အပေါက်ဝမှာ ကျွန်မ လေယာဉ်လက်မှတ်ကိုပြတဲ့အခါ လေဆိပ်ယူနီဖောင်းနဲ့ လူတစ်ယောက် ကျွန်မခရီးဆောင်အိတ်ကိုယူပြီး ရွေ့လျားစက်ပေါ်ကို တင်လိုက်ပါတယ်။ သခင်မရာဟတ်က ကျွန်မ နိုင်ငံကူးလက်မှတ်နဲ့ လေယာဉ် လက်မှတ်ကို စစ်ဆေးရေးအရာရှိကို ပြလိုက်တဲ့အခါသူက

“ဘယ်သူလဲ ခရီးသွားမယ့်သူက”

“သူမပါ” လို့ရာဟတ်က ကျွန်မကို လက်ညှိုးထိုးပြပါတယ်။ အရာရှိက ပတ်စပို့စ်ကိုကြည့် ကျွန်မမျက်နှာကိုကြည့် သေချာစစ်ဆေးပြီး ခရီးသွားဖောင်ဖြည့်ဖို့ စာရွက်တစ်ရွက်ကမ်း ပေးပါတယ်။

“ဒီဖောင်ကိုဖြည့်လိုက်” လို့ပြောပါတယ်။ သခင်မရာဟတ် က ဖောင်ကို ကျွန်မဆီကယူပြီး အချက်အလက်တွေကိုဖြည့်ပါတယ်။ ဖောင်ဖြည့်ပြီးတဲ့အခါ ထွက်ခွာတဲ့အခန်းမှာ လေယာဉ်တက်ဖို့ စောင့်နေပါတယ်။

“လန်ဒန်ရောက်ရင် ဟာနမ်ခိုင်းတာလုပ်နော်” လို့ တတွတ်တွတ် မှာနေပါတယ်။ ထွက်ခွာတဲ့နေရာ ဧည့်ခန်းဂိတ်ပေါက်ကနေ လေယာဉ်ပေါ်တက်ဖို့ စစ်ဆေးရေးအရာရှိက ကျွန်မရဲ့ ပတ်စ်ပို့စ်နဲ့ လေယာဉ်လက်မှတ်ကို ထပ်စစ်ပါတယ်။ ကျွန်မခြေလှမ်းတွေက တဖြည်းဖြည်းနဲ့ လေယာဉ်ကွင်းဆီကို ဦးတည်ရင်း သခင်မရာဟတ်နဲ့ ဝေးသွားပါတော့တယ်။

အခန်း(၂၅)

ကျွန်မ ပတ်ဝန်းကျင်ကို စူးစမ်းကြည့်လိုက်မိတယ်။ ခရီးသည်တချို့ လေယာဉ်ပေါ် တက်တော့မယ်လို့ ကျွန်မထင်ထားပေမယ့် သူတို့ ဘတ်စ်ကားတစ်စီးပေါ် တက်နေကြတာကို တွေ့လိုက်လို့ ကျွန်မစိတ်ထဲ ဇဝေဇဝါဖြစ်သွားမိပါရဲ့။ လေယာဉ်ပေါ်တက်ဖို့ ကျွန်မရပ်စောင့်နေတုန်း လူအပြည့် တင်ထားတဲ့ ဘတ်စ်ကားသုံးစီးဟာ တော်တော်ဝေးဝေးကို မောင်းထွက်သွားတာ ကျွန်မတွေ့လိုက်ရပါတယ်။ ဘတ်စ်ကားဒရိုင်ဘာက ခရီးသည်တွေကို နောက်ဆုံးအသုတ် လာခေါ်တဲ့အခါ ကျွန်မကို ဘတ်စ်ကား ဒရိုင်ဘာကအော်ပြီး-

"ဟေး.... မင်း ခရီးသွားမှာလား မသွားဘူးလား"

"ဟုတ်ကဲ့ ခရီးသွားတာတော့ သွားမှာပါ။ ကျွန်မ ဒီကို လာတာ ဘတ်စ်ကားစီးဖို့မဟုတ်ဘူး။ လေယာဉ်ပျံစီးဖို့လာတာ" လို့ တည်တည်ငြိမ်ငြိမ်နဲ့ ကားဒရိုင်ဘာကို ပြောလိုက်တယ်။

ကျွန်မ အဲဒီလိုလည်းပြောလိုက်ရော ဘတ်စ်ကားဆရာက ဝါးလုံး ကွဲထရယ်ပါတော့တယ်။ သူ ကျွန်မဆီကို လမ်းလျှောက် လာပြီး-

"ကလေးမ ကားပေါ်တက် အချိန်နောက်ကျလို့ လေယာဉ်ပျံ ထွက်သွားလိမ့်မယ်။ အရင်က လေယာဉ်ပျံမစီးဖူးဘူးနဲ့တူတယ်" လို့ ပြောပြီး ဘတ်စ်ကားဆရာက နောက်ဆုံးခရီးသည်တွေကို လေယာဉ်စထွက်မယ့်နေရာကို ပို့ပေးပါတယ်။

ဘတ်စ်ကားပေါ်တက်လိုက်တော့ အာရပ်အမျိုးသမီးကြီး တစ်ယောက်က ကျွန်မလက်ကိုဆွဲပြီး သူ့နားမှာထိုင်ခိုင်းပါတယ်။ သူ့နာမည်က ဖာတီမာဖြစ်ပြီး သူမရဲ့မြေးလေးနဲ့ လန်ဒန်ကိုခရီးသွာ း မှာဖြစ်ကြောင်း ကျွန်မကိုပြောပြပါတယ်။

ဘတ်စ်ကားကရပ်သွားပြီး ဘတ်စ်ကားနဲ့ဆက်ထားတဲ့ လေယာဉ်ပေါ်ကို ကျွန်မတို့ တက်ကြပါတယ်။ သတ်မှတ်ထားတဲ့ နေရာတွေမှာ ထိုင်ပြီးတဲ့အခါ လေယာဉ်အမှုထမ်းဝတ်စုံ ဝတ်ထားတယ် လို့ထင်ရတဲ့ အမျိုးသားတစ်ဦးက လေယာဉ်ပျက်ကျခဲ့မယ် ဆိုရင် ဘယ်လိုနေသလဲ။ ဝီစီပါတဲ့ အဝါရောင်ဂျာကင်အင်္ကျီဝတ်နည်း၊ ပင်လယ်ထဲကျခဲ့ရင် ရေထဲမှာပေါ်နေအောင် အဝါရောင်အင်္ကျီကို ဘယ်လိုလေမှုတ်ရမလဲ ဆိုတဲ့နည်းတွေကို သင်ပေးပါတယ်။ မျက်နှာမှာ နှာခေါင်းစည်း တပ်ထားဖို့ကိုလည်း ပြောနေပါတယ်။

"လေယာဉ်ပျက်ကျရင် ဘယ်လိုလုပ်မလဲအန်တီ ဖာတီမာ" လို့ ဘေးနားမှာထိုင်နေတဲ့ ဖာတီမာကို ပြောလိုက်ပါတယ်။

"မစိုးရိမ်နဲ့သမီးရယ်။ အားလုံး အန္တရာယ်ကင်းဘေးကင်း နဲ့ လန်ဒန်ကိုရောက်မှာပါ" လို့ အဒေါ်ကြီးက ကျွန်မကို နှစ်သိမ့်ပါတယ်။

"အကယ်၍ လေယာဉ်ပျက်ကျရင် ကျွန်မကို ကူညီပါနော်" လို့ ပြောတော့...

“လေယာဉ်ပျက်ကျရင် သူများကို ကူညီဖို့မပြောနဲ့ ကိုယ့် ကိုယ်ကိုယ်တောင် မကူညီနိုင်ဘူး။ အန်တီ လေယာဉ် အကြိမ်ပေါင်းများစွာ စီးဖူးတယ်။ အဲဒီအင်္ကျီ ဘယ်လိုဝတ်ရမလဲ။ အဲဒီနှာခေါင်းစည်းကို ဘယ်လိုစနစ်တကျ ဝတ်ရမလဲဆိုတာ အခုထိမသိသေးဘူး။ လေယာဉ်လည်း ပျက်ကျတာ မကြုံဖူးသေးဘူး။ ဘာမှစိုးရိမ်မနေနဲ့” လို့ ပြုံးပြီးကျွန်မကိုပြောပါတယ်။

လေယာဉ်ထိုင်ခုံ ခါးပတ်မပတ်တတ်လို့ အန်တီဖာတီမာက ခါးပတ်ပတ်နည်းဖြုတ်နည်း ကျွန်မကို သင်ပေးခဲ့ပါတယ်။ အဲဒီနောက် လေယာဉ်အရှိန်ယူတော့ ထိုင်ခုံနောက်ကိုမှီလိုက်ပြီး ဝေဟင်ကိုရောက်တဲ့အခါ ကြောက်ကြောက်လန့်လန့်နဲ့ လက်တင်တန်းကို တင်းတင်း ဆုပ်ထားမိပါတယ်။ ဝေဟင်ပေါ် လုံးလုံးရောက် သွားတဲ့အခါ ကျွန်မ စိတ်သက်သာရာရသွားခဲ့တယ်။ စိတ်သက်သာရာ ရတာနဲ့အတူ ကျွန်မနားတွေ သိပ်မကြားရတော့ပါဘူး။

“ကျွန်မနားတွေ မကြားရတော့ဘူး။ ကျွန်မနားတွေ ဘာဖြစ်တာလဲ” လို့ အန်တီဖာတီမာကို ကျွန်မမေးလိုက်တော့

“ဘာမှမဖြစ်ဘူး လေယာဉ်ပျံစီးရင် အဲဒီလိုဖြစ်တတ်တယ်။ ထုံးစံဖြစ်နေကျပဲ” လို့ ပြန်ဖြေပါတယ်။

သိပ်မကြာခင်မှာ လေယာဉ်အမှုထမ်းတစ်ဦး အစားအသောက် ဗန်းလာပေးပါတယ်။ အစားအသောက်ဗန်းကို ကျွန်မ ပေါင်ပေါ်တင်စားနေတာကိုတွေ့တော့ ခုံနဲ့ဆက်ထားတဲ့ အစားအသောက် တင် စားပွဲအသေးစားလေးကို ခလုတ်လေးနှိပ်ပြီး ကျွန်မကို လာချပေးတဲ့ ဗန်းထဲမှာပါတဲ့ အစားအသောက်တွေတင်ဖို့ စီစဉ်ပေးပါတယ်။ အစားအသောက်တွေက နာနတ်ယို၊ ထောပတ်၊ ကြက်ဥနဲ့ အသုပ်စုံ၊ ပေါင်မုန့်တို့ပါဝင်ပါတယ်။

သံပုရာသီးပုံနဲ့ အထုပ်လေးတစ်ထုပ်လည်းပါတော့ အသုပ်ထဲ ထည့်စားရမယ့် အချဉ်ထင်ပြီး ဖောက်ကြည့်လိုက်တော့ အထဲမှာ တစ်ရှူးတွေဖြစ်နေပါတယ်။ ဆားတွေကိုလည်း သကြားထင်ပြီး လက်ဖက်ရည်ထဲ ထည့်သောက်မိပါတယ်။

ကျွန်မ စားသောက်ပြီးတဲ့အခါ အိမ်သာတက်ချင်လာပါတယ်။ အိမ်သာတက်ချင်ပေမယ့် အောင့်ထားပြီး နောက်ဆုံး မနေနိုင်တော့လို့ အန်တီဖာတီမာကို အကူအညီတောင်းရပါတယ်။

“အန်တီ သမီး အိမ်သာတက်ချင်လို့” ဆိုပြီး ရှက်ရှက်နဲ့ပဲ အကူ အညီတောင်းပါတယ်။ အန်တီက လေယာဉ်အနောက်ဘက်မှာ အိမ်သာရှိတယ်လို့ပြောပေမယ့် လေယာဉ်ပေါ်မှာ မတ်တပ်ရပ်ပြီး လမ်းမလျှောက်ရဲလို့ အိမ်သာသွားမတက်ခဲ့ပါဘူး။

“သမီး လေယာဉ်ရပ်တော့မှပဲ အိမ်သာတက်တော့မယ်” လို့ အန်တီဖာတီမာကိုပြောတော့

“လေယာဉ်က လန်ဒန်ရောက်မှ ရပ်မှာ။ လေး ငါးနာရီ လောက်ကြာမယ်။

ကြောက်စရာမလိုဘူး။ အိမ်သာနားမှာလည်း အိမ်သာတက်ဖို့ စောင့်နေတဲ့လူတွေ အများကြီးပဲ” လို့ပြောပါတယ်။

ကျွန်မစဉ်းစားမိတာက ကျွန်မ အိမ်သာတက်နေတုန်း လေယာဉ် လမ်းကြောင်း ပြောင်းသွားမယ်ဆိုရင် ကျွန်မ လေယာဉ်ပေါ်က ပြုတ်ကျသွားနိုင်ပါတယ်။ နောက်ပြီး ကျွန်မ အိမ်သာတက်ပြီးလို့ ရေလောင်းရင် အိမ်သာရေတွေ အိမ်သာပေါက်ထဲကနေ လေထဲကို ရောက်သွားမှာလည်း စိုးရိမ်မိပါတယ်။

နောက်ဆုံး လုံးဝထိန်းမထားနိုင်တော့လို့ လျှောက်လမ်းကနေ အိမ်သာကိုသွား အိမ်သာတက်ခဲ့ရပါတယ်။ လေယာဉ်ပျံထဲက အိမ်သာဖြစ်ပေမယ့် အခြားအိမ်သာတွေနဲ့ ဘာမှမကွာခြားပါဘူး။ ကျွန်မကိစ္စပြီးတော့ ဘေဇင်မှာ လက်ဆေးထွက်လာတော့ အပြင်မှာ စောင့်နေတဲ့လူတွေက စိတ်မရှည်တဲ့ပုံပေါက်နေပါတယ်။

နေ့လယ်ရောက်တော့ လေယာဉ်က လန်ဒန် ဟီးသရိုးလေဆိပ်ကို ဆင်းသက်ပါတယ်။ ကျွန်မ ပြတင်းပေါက်ကနေ ကြည့်လိုက်တော့ လေယာဉ်ပျံတွေနဲ့အတူ လေယာဉ်ပြေးလမ်း အများအပြားကိုလည်း တွေ့လိုက်ရပါတယ်။

“ကဲ… သမီးရေ လန်ဒန်ရောက်ပြီ။ သမီးကိုလာကြိုမယ့် သူရှိလား၊ ဒါမှမဟုတ် သမီးကို တက္ကဆီငှားပေးရမလား” လို့ အန်တီ ဖာတီမာက မေးပါတယ်။ ဘယ်သူမှ လာကြိုတဲ့သူမရှိသေးရင် လေဆိပ်အပြင်ထွက်ရအောင် အန်တီနဲ့လိုက်ခဲ့” လို့ ကျွန်မကို ခေါ် ပါတယ်။

ကျွန်မ လန်ဒန်ကိုရောက်တဲ့အခါ ဟာနမ်က လာကြိုမယ်လို့ သခင်မရာဟတ်က ကျွန်မကိုပြောထားပါတယ်။ ကျွန်မ လေယာဉ်ပေါ်က ဆင်းတဲ့အခါ ဟာနမ် ကျွန်မကို စောင့်နေမယ်လို့ မျှော်လင့် ထားခဲ့ပါတယ်။ လန်ဒန် ဟီးသရိုးလေဆိပ်ထဲမှာ လူအများအပြား တွေ့ရပြီး အများစုက လူဖြူတွေဖြစ်ကြပါတယ်။ ကျွန်မစိတ်ထဲမှာတော့ ဟာနမ် ကျွန်မကို လာကြိုပါ့မလား။ ဟာနမ် ကျွန်မကို လာမကြိုရင် ကျွန်မဘာလုပ်ရမလဲ။ ဘယ်သူနဲ့မှလည်းမသိ။ ပိုက်ဆံလည်း တစ်ပြားမှ မရှိ။ ဘယ်သူနဲ့မှလည်းမသိတော့ ကျွန်မ ဘာလုပ်ရ မလဲလို့ စဉ်းစားနေမိပါတယ်။

ကျွန်မဘေးနားမှာ အန်တီဖာတီမာ ရှိနေတုန်းပါပဲ။ ကျွန်မ ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ကြောက်လည်းကြောက် စိတ်တွေလည်း ဂယောင်ချောက်ချားဖြစ်လာပါတယ်။ လူတော်တော်များများက လမ်းလျှောက်စရာမလိုတဲ့ စက်လှေကားကို စီးနေကြပြီး အဆောက်အဦးကြီးရဲ့ အမိုးတွေ အကာတွေအားလုံး ဖန်သားတွေနဲ့ တည်ဆောက်ထားတာကို ကျွန်မမြင်တွေ့လိုက်ရတယ်။

နောက်ဆုံး ကျွန်မ ခန်းမကြီးတစ်ခုထဲရောက်လာပြီး လူတန်းကြီး တစ်ခုမှာ

ဝင်တန်းစီရပါတယ်။ တန်းစီနေတဲ့လူတွေကို ကြည့်လိုက်တော့ လူတိုင်းက နိုင်ငံကူးလက်မှတ် ပတ်စ်ပို့တွေကို ကိုင်ထားကြပြီး ကျွန်မလည်း ပတ်စ်ပို့ကို ကိုင်ထားပါတယ်။

"ဘာဖြစ်လို့ ကျွန်မတို့ တန်းစီနေရတာလဲ" လို့ ကျွန်မရှေ့က အန်တီဖာတီမာကို မေးလိုက်တော့-

"ဘာမှမဖြစ်ဘူး သမီးအလှည့်ရောက်ရင် ပတ်စ်ပို့နဲ့ ကိုယ်ရေးအချက်အလက်ပုံစံကို ပေးလိုက်။ သူတို့က စစ်ဆေးလိမ့်မယ်" လို့ ပြောပါတယ်။

တန်းစီတာ အန်တီဖာတီမာ ရှေ့ဆုံးရောက်သွားပြီး အန်တီဖာတီမာကိုစစ်ပြီး စစ်ဆေးပြီးတဲ့အခြမ်း ရောက်သွားတော့ သမီးကို အန်တီဟိုဘက်ခြမ်းမှာ စောင့်နေမယ်လို့ အန်တီဖာတီမာက ကျွန်မကို အားပေးပါတယ်။ ကျွန်မ ခေါင်းညိတ်လိုက်ပေမယ့် စစ်ဆေးရေး ဂိတ်ကိုဖြတ်ဖို့ ကျွန်မစိုးရိမ်နေမိပြန်ပါရော။

အန်တီဖာတီမာ ကို လူဖြူမကြီးစစ်တုန်းက အင်္ဂလိပ်လို ပြောပြီး စစ်တာဖြစ်လို့ ကျွန်မ အင်္ဂလိပ်လိုမပြောတတ်ရင် ဘယ်လို ပြန်ဖြေရမလဲ ဘာလုပ်ရမလဲလို့ တွေးနေချိန်မှာ ကျွန်မအလှည့် ရောက်လာပါတယ်။ ကျွန်မ လက်တွေတုန်တုန်နဲ့ ကျွန်မပတ်စ်ပို့ကို စစ်ဆေးရေး လူဖြူမကြီးဆီ လှမ်းပေးလိုက်ပါတယ်။ လူဖြူမကြီးက ကျွန်မကို ကြည့်လိုက် ပတ်စ်ပို့ကိုကြည့်လိုက်နဲ့ သူမေးသမျှ ကျွန်မမသိဘူးလို့ ခေါင်းခါဖြေခဲ့ပါတယ်။ လူဖြူမကြီးက ကျွန်မဖြေတာကို စိတ်တိုင်းမကျလို့ တစ်ဖက်ခြမ်းမှာ ခဏစောင့်ခိုင်းထားရင်း ပတ်စ်ပို့ နဲ့ စာရွက်စာတမ်းတွေကိုယူပြီး စစ်ဆေးရေးအရာရှိ လူဖြူကြီး တစ်ယောက်နဲ့ စကားပြောနေပါတယ်။ လူဖြူကြီးက ခေါင်းတညိတ်ညိတ်နဲ့ ကြည့်ပြီး အကဲခတ်နေပါတယ်။

သူတို့ဆွေးနွေးနေတာကိုကြည့်ပြီး ကျွန်မ အရမ်းရင်တွေ ခုန်နေပါတယ်။ လူဖြူစစ်ဆေးရေး အရာရှိမကြီးက ကျွန်မဘက် လှည့်ကြည့်ရင်း ပတ်စ်ပို့ပေါ်မှာ တစ်ခုခုရေးနေပြီး တံဆိပ်တုံးထု ကျွန်မကို အပြုံးလေးနဲ့လှမ်းခေါ်ပါတယ်။

"သွားတော့ သွားလို့ရပြီ" လို့ ကျွန်မကို စကားနဲ့ပြောပေမယ့် အမူအရာနဲ့ လုပ်ပြမှ နားလည်ပါတယ်။

စောင့်နေတဲ့ အန်တီဖာတီမာကို ပြေးဖက်ပြီး "တော်ပါသေးရဲ့ အန်တီရယ်။ အန်တီရှိနေတာ အားရှိတာပဲ" လို့ ကျေးဇူးတင်တဲ့ အမူအရာကို ပြသခဲ့ပါတယ်။

"ကဲလာ အထုပ်အပိုးတွေ သွားယူရအောင်။ ခရီးဆောင်အိတ် ဘယ်နှစ်လုံးပါလဲသမီး"

"သုံးလုံးပါအန်တီ၊ အထုပ်အပိုးသယ်တဲ့ စက်လှေကားသမီး အထုပ်အပိုးတွေပါလာရင် မြန်မြန်ယူနော်။ သမီးအထုပ်အပိုးတွေ မှတ်မိလား။

အန်တီဖာတီမာ သူမနဲ့ပါလာတဲ့ ကလေးလေးကို ကျွန်မနဲ့ထားခဲ့ပြီး ပစ္စည်းတင်လှည်း သွားယူပါတယ်။ ကျွန်မ ပတ်ဝန်းကျင် ကိုကြည့်လိုက်တော့

ခရီးဆောင်အိတ် အထုပ်အပိုးသယ်တဲ့ စက်လှေကားကနေ သူတို့ရဲ့ ခရီးဆောင်အိတ်တွေကို နံပါတ်စဉ်အလိုက် ဆွဲယူနေကြပါတယ်။ ကျွန်မလည်း ကျွန်မခရီးဆောင်အိတ် နွမ်းနွမ်းလေးတွေကိုယူပြီး ဆိုက်ရောက်ခရီးသည်တွေကို လာကြိုတဲ့ခန်းမကြီးကို ရောက်လာခဲ့ပါတယ်။

ဟာနမ် ကျွန်မကို လာမကြိုသေးဘူးလား။ ကျွန်မ ပတ်ဝန်းကျင်ဘေးဘီကို လိုက်ကြည့်ပေမယ့် ဟာနမ်ကို မတွေ့ပါဘူး။ အဲဒီအချိန်မှာ ထောင်ထောင်မောင်းမောင်း အာရေဗျ ယောက်ျားကြီး တစ်ယောက်က အန်တီဖာတီမာကို ဖက်လိုက်တာကို တွေ့ရပါတယ်။ အန်တီဖာတီမာရဲ့ ခင်ပွန်းဖြစ်သူလို့ ယူဆရပြီး စကား ခဏပြော လေဆိပ်ထဲက ထွက်မယ့်ဆဲဆဲမှာ

"ခဏနေဦး။ ဟိုကောင်မလေး အဆင်ပြေမပြေ သွားမေးလိုက်ဦးမယ်။ ဒီကလေးက လေယာဉ်တစ်ခါမှ စီးဖူးတာမဟုတ်ဘူး" လို့ အန်တီက သူမခင်ပွန်းကိုပြောပြီး

"သမီး အန်တီသွားတော့မယ်နော်... သမီးကိုလာကြိုမယ့် သူ ရောက်ပြီလား" လို့ ကျွန်မကို အန်တီဖာတီမာက မေးပါတယ်။

"မရောက်သေးပါဘူးအန်တီ" လို့ ကျွန်မပြန်ဖြေလိုက်ပါ တယ်။ အဲဒီအချိန် အားငယ်နေမိတဲ့ ကျွန်မဟာ အန်တီဖာတီမာ ကျွန်မကို တစ်ယောက်ထဲထားခဲ့မှာကို စိုးရိမ်နေမိပါတယ်။

"အန်တီသွားရတော့မယ်။ အချိန်သိပ်မရဘူး။ ဒါပေမယ့် သမီးကိုလည်း တစ်ယောက်ထဲ မထားခဲ့နိုင်ဘူး။ ဒါနဲ့ သမီးမှာ လာကြိုမယ့်သူ ရဲ့ဖုန်းနံပါတ်ရှိလား။ အန်တီယောက်ျားဖုန်းနံပါတ်နဲ့ ဆက်ပေးလို့ရတယ်"

"မရှိဘူး အန်တီ"

"သမီးကို ဘယ်သူမှ လာမကြိုရင် ဘယ်လိုလုပ်မလဲ"

"မသိပါဘူးအန်တီရယ်..." လို့ မျက်ရည်တွေ မကျအောင် ထိန်းထားရင်း ကျွန်မ ပြောလိုက်ပါတယ်။

"သမီး ဘာမှမပူနဲ့... သူတို့ သမီးစီးတဲ့လေယာဉ် ဘယ်အချိန်ထွက်လာလဲ။ ဘယ်အချိန် ဒီကိုရောက်လဲဆိုတာ သိတယ်။ သိပ်မကြာခင် သမီးကိုလာကြိုတဲ့လူ ဒီကိုရောက်လာလိမ့်မယ်။

အဲဒီလို အန်တီဖာတီမာက နှစ်သိမ့်နေပေမယ့် ကျွန်မ စိတ် အရမ်းပျက်သွားပြီး ခရီးသည်တွေ အနားယူထိုင်တဲ့ ထိုင်ခုံတစ်လုံး မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပါတယ်။

အန်တီဖာတီမာလည်း ကျွန်မကိုနှုတ်ဆက်ပြီး လေဆိပ်အပြင်ကို ထွက်သွားတဲ့ လူအုပ်ကြီးထဲ ပျောက်သွားပါတော့တယ်။

ကျွန်မအရမ်းကြောက်လာပါတယ်။ ကျွန်မဘေးနားတစ်ဝိုက် လူရာပေါင်းများစွာရှိပေမယ့် အထီးကျန်သလို ခံစားနေရပါတယ်။ စောင့်ရင်း စောင့်ရင်းနဲ့ အချိန်တွေအတော်ကြာသွားတဲ့အခါ ဆာရီ ခြုံထားတဲ့ အမျိုးသမီးတစ်ဦး

ကျွန်မရှေ့ကို ရောက်လာပါတယ်။ ကျွန်မမတ်တပ်ရပ်ပြီး နှုတ်ဆက်ဖို့ လုပ်တဲ့အခါ ကျွန်မရှေ့က အမျိုးသမီးက ကျွန်မရဲ့ နှစ်ခုံသုံးခုံကျော်လောက်က အာရပ်အမျိုးသမီးကြီး ကို ပြေးပြီးပွေ့ဖက်တော့ စက္ကန့်အနည်းငယ် ကျွန်မရဲ့အပျော်တွေ ပျောက်သွားပါတယ်။ ကျွန်မရှေ့က အမျိုးသမီးက ကျွန်မကိုလာကြိုတဲ့ ဟာနမ်မဟုတ်ပါဘူး။ အချိန်တွေ ကြာလာတာနဲ့အမျှ ကျွန်မ စိုးရိမ်သောကတွေ ဖြစ်လာပါတယ်။ လေဆိပ်ပိတ်သွားရင် ကျွန်မ လမ်းဘေးမှာ အိပ်ရမှာလား။ သူတို့ပြောတဲ့စကားလည်းနားမလည် ကျွန်မပြောတာလည်း သူတို့ နားမလည်နဲ့ စိတ်ပျက်ပျက်နဲ့ ငိုချ လိုက်ပါတယ်။

“ဘာဖြစ်လို့ ငိုနေတာလဲသမီး…” လို့ ကျွန်မ မျက်နှာချင်းဆိုင် မှာထိုင်နေတဲ့ အမျိုးသမီးကြီးက အာရပ်လို ကျွန်မကိုမေးပါတယ်။

“ကျွန်မကို လာကြိုမယ့်သူကိုစောင့်နေတာ အတော်ကြာနေပြီ ရောက်မလာသေးလို့ပါ အန်တီ”

“ဘာမှ စိုးရိမ်သောက ဖြစ်မနေနဲ့သမီး။ ဒီလိုပဲဖြစ်တတ်ပါတယ်။ အန်တီတို့လည်း လာကြိုမယ့်သူကို စောင့်နေတာခုထိ မရောက်ကြသေးဘူး” လို့ ကျွန်မကို နှစ်သိမ့်ပါတယ်။ ကျွန်မငိုတာရပ် မျက်ရည်တွေကိုသုတ်လိုက်ရင်း အားမွေးလိုက်ပါတယ်။

“ကျေးဇူးပြု၍ စကားတစ်ခွန်းလောက် ပြောလို့ရမလား…. ခင်ဗျားနာမည် မန်ဒီလား ကျွန်တော်က ပီတာပါခင်ဗျ” လို့ ကျွန်မ နောက်ကနေ ကျွန်မကိုမေးတဲ့ အသံကြားရတော့ အသံလာရာကို လှည့်ပြီးကြည့်လိုက်ပါတယ်။

“ခင်ဗျားနာမည် မန်ဒီနေဇာလား” လို့ ကျွန်မကိုမေးပါတယ်။

“ဟုတ်ကဲ့… ဟုတ်ကဲ့ပါ ကျွန်မနာမည် မန်ဒီပါရှင့် ဒါနဲ့ ရှင်က ဘယ်သူများလဲ”

“အန်တီဟာနမ်က ခင်ဗျားကို လာကြိုခိုင်းထားလို့ပါ။ ကျွန်တော်နဲ့လိုက်ခဲ့ပါ။ ဒီကိုမရောက်ဖူးတဲ့ အခြားဆူဒန်တွေကိုလည်း ကြိုရဦးမယ်ခင်ဗျ”

ကျွန်မ ပီတာနောက်ကို လိုက်သွားမလို့ ဟန်ပြင်နေတုန်း မျက်နှာချင်းဆိုင်အမျိုးသမီးကြီးက ကျွန်မကိုပြုံးပြပြီးတော့ “အန်တီ မပြောဘူးလား သူတို့လာမှာပါ” လို့ ကျွန်မကို အာဘောင်အာရင်း သန်သန်နဲ့ပြောပါတယ်။

ပီတာလာကြိုတဲ့အထဲ ကျွန်မနဲ့ မျက်နှာချင်းဆိုင် ထိုင်နေကြတဲ့ အန်တီကြီးနဲ့ ခင်ပွန်းဖြစ်သူတို့လည်း ပါကြပါတယ်။ ကျွန်မတို့အားလုံး လေဆိပ်အပြင် ရောက်ကြတဲ့အခါ ရာသီဥတုက အရမ်းအေးနေပါတယ်။ ကောင်းကင်ကြီးတစ်ခုလုံး ညို့မှိုင်းနေပြီး ကျွန်မလည်း ခိုက်ခိုက်တုန် နေပါတယ်။ ကျွန်မတို့ ဆူဒန်နိုင်ငံမှာ ဒီလို အချိန်ဆို တစ်နေကုန်နေထွက်လေ့ရှိပြီး အရမ်းကို ပူအိုက်လှပါတယ်။ ဆူဒန်မှာ နေကြတ်တဲ့အခါ ဒါမျိုး ကောင်းကင်တစ်ခုလုံး ညို့မှိုင်းနေတတ်ပါတယ်။ လန်ဒန်သူ လန်ဒန်သားတွေအတွက် ကတော့

ကောင်းကင်တစ်ခုလုံး အုံ့ဆိုင်းနေပြီး ရာသီဥတုက အရမ်းအေးနေတာ ဖြစ်နေကျမို့ သိပ်မထူးဆန်းတော့တာ သိသာလှပါတယ်။

ပီတာက ကျွန်မတို့ကို အလွန်တောက်ပတဲ့ ကားကြီး တစ်စင်းဆီကို ခေါ်သွားပါတယ်။ ကားရဲ့နောက်ဖက်မှာ ဆူဒန်အမျိုးသမီးကြီးနဲ့ ထိုင်လိုက်ပါတယ်။ ရာသီဥတု အရမ်းအေးတော့ ပီတာ က ကားကို အပူပေးစက် ဖွင့်လိုက်ပါတယ်။ ကားထဲ အပူငွေ့လေး ရလာတော့ ဘေးနားက အမျိုးသမီးကြီးမှာ အိပ်ပျော်သွားပြီး ကျွန်မ ကတော့ စိတ်တွေကလည်းလှုပ်ရှား အိပ်မပျော်တာနဲ့ ပြတင်းပေါက် ကနေ ရှုခင်းတွေကိုကြည့်ရင်း လိုက်ပါလာခဲ့ပါတယ်။ လေဆိပ်ကနေ ထွက်လာတော့ ကားတန်းက အရှည်ကြီးမို့ ပီတာက ကားကိုဖြည်းဖြည်းလေးပဲ မောင်းခဲ့ပါတယ်။ ကားလမ်းမကြီး ပေါ်ရောက်လာပြီး ကားထဲကနေ လူတွေ၊ ရှုခင်းတွေကို ကြည့်ရင်းလိုက်ပါလာခဲ့ပါတယ်။ ပြတင်းပေါက် ကနေ လမ်းတစ်ဖက်တစ်ချက်စီကို ကြည့်တဲ့အခါ စိမ်းလန်းတဲ့ လယ်ကွင်းတွေ ရှိပြီး ဆူဒန်မှာ မြင်သမျှ အရာတိုင်းက ခြောက်သွေ့ဖုန်ထူပြီး မိုးရွာမှသာ စိမ်းလန်းစိုပြေတာကြောင့် မြင်ကွင်းတွေက အမြင်ဆန်းနေတယ် လို့ စိတ်ထဲထင်လိုက်မိတယ်။

ကြီးမားတဲ့ အဆောက်အဦတွေ၊ မိုးမျှော်တိုက်တွေ၊ ခေတ်မီဆန်းပြား လှတဲ့ အိမ်လုံးချင်းလေးတွေ၊ အိမ်ရှေ့မှာ ပန်းပင်တွေ စိုက်ထားပြီး သန့်ရှင်းသပ်ရပ်တဲ့ အိမ်လေးတွေကိုလည်း တွေ့ ရပါတယ်။

လန်ဒန်ဟာ ခေတ်အမီဆုံး အလှဆုံးမြို့တစ်မြို့ ဖြစ်ပြီး ထူးဆန်းအံ့ဩဖွယ် စိတ်ကူးယဉ်စရာ အကောင်းဆုံး ဒီလန်ဒန်မြို့ကြီး မှာ ခေတ်မီလှတဲ့ကားတွေကို နေရာတိုင်းတွေ့ရပါတယ်။ နောက်ဆုံးတော့ ကျွန်မတို့ကားလေးဟာ သစ်ပင်တွေ ပတ်လည်စိုက်ထားတဲ့ အိမ်ရှေ့မှာ လှပတဲ့ မြက်ခင်းပြင်လေးတစ်ခု ရှိတဲ့ အိမ်ထဲကို မောင်းဝင်လာပါတယ်။

အခန်း(၂၆)

ခရီးဆောင်အိတ်တွေလက်ကဆွဲ မဝံ့မရဲနဲ့ ပီတာနောက် ကနေ လိုက်သွားမိတယ်။ ကျွန်မရဲ့ အိမ်ကြီးသခင်အသစ်တွေနဲ့ ဆုံရတော့ မယ်ဆိုတော့ ထိတ်လန့်နေမိတာအမှန်ပါပဲ။ ကျွန်မသခင်မ ရာဟတ်အိမ်ကို စရောက်တုန်းက အညှာအတာကင်းမဲ့မှုနဲ့ နှိပ်စက်ခံရတာကို အမှတ်တမဲ့ သတိရလိုက်မိတယ်။ အခုအိမ်ကြီး သခင်တွေကရော ကျွန်မကို နှိပ်စက်ကြမှာလား၊ အရိုက်မခံရအောင် အနှိပ်စက်ခံရအောင် အဆဲအဆို မခံရအောင် သခင်မ ရာဟတ်ပေးထားတဲ့ သင်ခန်းစာတွေကို စိတ်ထဲ ပြန်ကြားယောင်နေမိပါတယ်။ "အိမ်ကြီးသခင်မက ကိုယ့်ကို တစ်ခုခုပြောရင် ပြန်ခံ မပြောရဘူး။ အိမ်ထဲက အသုံးအဆောင်ပစ္စည်းတွေကို မကွဲမရှအောင် ကိုင်တွယ်ရမယ်။ ကိုယ့်ကိုဘာပြောပြော ဟုတ်ကဲ့.. ဟုတ်ကဲ့ပါရှင့်လို့ပဲ ပြောရမယ်" လို့ ကျွန်မကိုယ်ကျွန်မ သတိပေးနေပါတယ်။ ကျွန်မတို့ကို တံခါးလာဖွင့်ပေးတဲ့အခါ

"အခု အိမ်ရှင်ဟာ သူ့ညီမရာဟတ်ထက် ပိုကောင်းမလား ပိုဆိုးမလား မသိနိုင်ဘူး အဲဒီတော့ တတ်နိုင်သလောက် အကောင်း ဆုံးလုပ်ပေတော့" လို့ ကျွန်မကိုယ်ကျွန်မ သတိပေးမိပါတယ်။

"ဟုတ်ကဲ့ မင်္ဂလာပါ" ဆိုပြီး ကောင်လေးတစ်ယောက်က တံခါးလာဖွင့်ပေးတော့ သခင်မဟာနမ်က နောက်ကနေကြည့်နေပါတယ်။

"အားလုံး နေကောင်းကြရဲ့လား။ လာ… အထဲကိုဝင်ကြ" လို့ အားလုံးကို ခရီးဦးကြိုပြုရင်း အာရပ်ဧည့်သည်နှစ်ယောက်ကို ပွေ့ဖက် နှုတ်ဆက်လိုက်ပါတယ်။ ထူးဆန်းလိုက်ပုံက ကျွန်မကိုလည်း သခင်မဟာနမ်က ပွေ့ဖက်ပြီး နှုတ်ဆက်ပါတယ်။ ကျွန်မ အရမ်း တုန်လှုပ် ချောက်ချားသွားပါတယ်။

"သခင်မဟာနမ် ကျွန်မကို ဘာလို့ပွေ့ဖက်ပြီး နှုတ်ဆက်ရတာလဲ။ သခင်မဟာနမ်ဟာ တကယ်ပဲ ကြင်နာတတ်တဲ့အမျိုးသမီး တစ်ယောက်လား" သခင်မဟာနမ်ရဲ့ နောက်မှာတော့ ခင်ပွန်းဖြစ်သူ အယ်ခိုရွှန်ကီ ရောက်လာပါတယ်။

"ကျွန်တော်တို့အိမ်က နွေးထွေးစွာကြိုဆိုပါတယ်" လို့ပြောပြီး ဧည့်သည်အာရပ်အမျိုးသားကို အိမ်ထဲခေါ်သွားပါတယ်။ ဧည့်သည်အမျိုးသားကို နေကောင်းလား၊ လေယာဉ်စီးရတာ အဆင်ပြေလား စတဲ့ အလ္လာပသလ္လာပစကားတွေ ပြောနေတာ ကျွန်မ ကြားနေရပါတယ်။

ကျွန်မလည်း ဧည့်ခန်းထဲကို ဟာနမ်တို့လင်မယားနှစ်ယောက် နောက်ကနေ လိုက်သွားပါတယ်။ သခင်မဟာနမ်ရဲ့အိမ် က သခင်မရာဟတ်အိမ်ထက် ကြီးလည်းကြီး ပိုပြီးသန့်ရှင်းသပ်ရပ် လှပါတယ်။

ဧည့်ခန်းထဲရောက်တော့ ဧည့်သည်တွေ ဆိုဖာခုံပေါ်မှာထိုင် ကျွန်မကိုလည်း ဆိုဖာခုံပေါ်မှာ ထိုင်ခိုင်းတော့ ကျွန်မ အရမ်း အံ့ဩသွားရပါတယ်။

ကျွန်မဆိုဖာခုံပေါ်မှာ ပထမဆုံး ထိုင်ဖူးတာ ဖြစ်လို့ အရမ်းအံ့ဩမိတာထက်ကို ပိုတယ်လို့ပြောရမှာပဲဖြစ်တယ်။

အဲဒီနောက် သခင်မဟာနမ်ဟာ ကျွန်မကိုမခိုင်းဘဲ မီးဖိုချောင်ထဲမှာ ကိုယ်တိုင် လက်ဖက်ရည်ဖျော်ပြီး ကျွန်မတို့ကို ဧည့်ခံတာ အရမ်းအံ့ဩ အရမ်းလည်း စိတ်မသက်မသာ ဖြစ်သွားမိပါတယ်။ သူပုန်တွေ ကျွန်မတို့ရွာဝင်စီးပြီး အဖမ်းခံရကတည်းက ကျွန်မဟာ အခြားသူရဲ့ ပန်းကန်၊ ခွက်တို့နဲ့ အအေး ကော်ဖီတို့ကို မသောက်ရတာ ကြာနေပါပြီ။ နှစ်ပေါင်းများစွာ အိမ်ကျွန်တစ်ယောက် အနေနဲ့ အသုံးချခံတစ် ယောက်အနေနဲ့ ကျွန်မကို အခြားသူတွေလို ဆက်ဆံနေတာဟာ ကျွန်မအတွက် ကမ္ဘာ့အထူးအဆန်းဆုံး အရာ လိုဖြစ်ပါတယ်။

"မန်ဒီ သမီးလေး... ရာဟတ်နဲ့ ကလေးတွေ နေကောင်းကြရဲ့လား" ဟာနမ်က ကျွန်မကိုမေးပါတယ်။

သခင်မဟာနမ်ဟာ ကျွန်မကို အဖေအမေပေးထားတဲ့ ချစ်စရာကောင်းတဲ့ "မန်ဒီ" ဆိုတဲ့နာမည် ခေါ်လိုက်တဲ့အတွက် ကျွန်မအရမ်း ကြည်နူးဝမ်းသာမိပါတယ်။ ကျွန်မကို နှိမ့်ချစော်ကားတဲ့ "အိမ်ကျွန်" "အစေခံ" လို့ မခေါ်တဲ့အတွက် ကျွန်မဟာနမ်ကို သခင်မလို့ ခေါ်သင့်ပါသလား။

"အားလုံး နေကောင်းကြပါတယ် အန်တီဟာနမ်" လို့ ဖြေလိုက်ပါတယ်။ အန်တီလို့ ခေါ်လိုက်ပေမယ့် ကျွန်မကို မကျေနပ်တဲ့ အမူအရာနဲ့ မတုံ့ပြန်ခဲ့ပါဘူး။ အန်တီဟာနမ်က ဆက်ပြီးတော့-

"သမီးက ခါတွန်မြို့ကနေ အန်တီတို့ဧည့်သည်တွေနဲ့ လေယာဉ် အတူစီးလာတာလား"

"မဟုတ်ပါဘူးအန်တီ"

"လေယာဉ်အတူစီးလာတာမဟုတ်ဘူး။ ဘာဖြစ်လို့လဲ။ လေယာဉ်စီးရင်း တစ်ယောက်နဲ့ တစ်ယောက် စောင့်ရှောက်လို့ရအောင် ခရီးတစ်ခုထဲဖြစ်အောင် စီစဉ်ပေးလိုက်ပါလို့ အန်တီညီမ ရာဟတ်ကို ပြောခဲ့သေးတယ်"

"ပီတာ ကျွန်မကိုလာကြိုတဲ့ လန်ဒန်လေဆိပ်ကျမှ တွေ့ ခဲ့တာပါ အန်တီ"

"သမီး အဲဒါဆို ပတ်စ်ပို့စစ်ဆေးရေးနဲ့ အကောက်ခွန်ဌာနကို ဘယ်လိုဖြတ်ခဲ့လဲ"

"သမီးကို လေယာဉ်ပေါ်မှာ ဘေးချင်းကပ်ထိုင်ခဲ့တဲ့ အန်တီကြီးတစ်ယောက်က ကူညီခဲ့တာ အန်တီ"

အဲဒီနောက် အန်တီဟာနမ်နဲ့ သူမခင်ပွန်းဟာ ဧည့်သည် နှစ်ယောက်နဲ့ ရှေးဟောင်းနှောင်းဖြစ် တွေ လေယာဉ်စီးလာတဲ့ အကြောင်းတွေ ပြောနေကြပါတယ်။

ခဏအကြာ အန်တီဟာနမ်ရဲ့ကလေးတွေ အခန်းထဲကို ပြေးဝင်လာကြပြီး ဆူညံစွာ ကစားနေကြပါတယ်။ အသက်နှစ်နှစ်ခန့်ရှိပြီ ဖြစ်တဲ့ အမွှာယောကျ်ားလေး နှစ်ယောက်ရယ်၊ အသက်ငါးနှစ်ကနေ ကိုးနှစ်လောက် ရှိမယ့်

ယောက်ျားလေးသုံးယောက် အားလုံးပေါင်း မောင်နှမငါးယောက် ဖြစ်ပါတယ်။

"ဒါ...... အစ်မမန်ဒီလို့ခေါ်တယ်။ အမေတို့အိမ်မှာ အလုပ်လာလုပ်တဲ့ အစ်မကြီးလေ။ မှတ်ထားနော်... အစ်မကြီးမန်ဒီကို နှုတ်ဆက်လိုက်ပါဦး" လို့ အန်တီဟာနမ် ကလေးတွေကိုပြောပြီး မိတ်ဆက်ပေးပါတယ်။

"အကြီးဆုံးက မိုဟာမက်၊ ဒါက အီဗရာဟင်၊ ဒါက အက်စီ၊ ဒီအမွှာနှစ်ယောက်က ရာမီနဲ့ အိုမာလို့ခေါ်ပါတယ်။"

အမွှာလေးနှစ်ယောက်က အရမ်းချစ်ဖို့ကောင်းပြီး ကျွန်မ ကလေးတွေကို ပြုံးပြလိုက်ပါတယ်။ အန်တီဟာနမ်က ကျွန်မကို

"လာ... သမီးမန်ဒီ။ သမီးပင်ပန်းနေရောပေါ့။ သမီး ခရီးဆောင်အိတ်တွေ ယူလာ အန်တီ သမီးနေရမယ့်အခန်း လိုက်ပြမယ်" လို့ ပြောပြီး ကျွန်မနေရမယ့်အခန်းကို လိုက်ပြပါတယ်။

အခန်းက အခန်းကျဉ်းလေးတစ်ခု ဖြစ်ပါတယ်။ ပြတင်းပေါက် မရှိပေမယ့် ကြမ်းပြင်ပေါ်မှာ အစိမ်းရင့်ရောင်ကော်ဇောတစ်ခု ခင်းထားပါတယ်။ နံရံပေါ်မှာ မှန်တစ်ချပ်နဲ့ အလှပြင်ဖို့ ခုံလေးတစ်လုံး ရှိပါတယ်။ သင့်တင့်ကောင်းမွန်တဲ့ မွေ့ယာနဲ့ အိပ်ရာခင်းတစ်ခု အမွေး ထူစောင်တစ်ထည်တို့ကို တွေ့ရပါတယ်။

"သမီးမန်ဒီ ပင်ပန်းလာလို့ အိပ်ချင်အိပ်လို့ရတယ်။ မနက်ဖြန်မှ အလုပ်စလုပ်လေ" လို့ အန်တီဟာနမ်က ကျွန်မကိုပြောပြီး ပြန်သွားပါတယ်။

ကျွန်မခရီးပန်းလာတဲ့ ဒဏ်ကြောင့် ကိုယ်တွေလက်တွေ အရမ်းကိုက်ခဲနေပါတယ်။ အအေးဒဏ်ကို ကျင့်သားမရသေးလို့ ကျောထဲအထိ အအေးဓာတ်က စိမ့်နေပါတယ်။ မွေ့ယာပေါ်လှဲ စောင်ကိုခြုံလိုက်တော့ ခဏအကြာမှာ ခန္ဓာကိုယ်အနွေးဓာတ် ပြန်ရလာပါတယ်။ ကျွန်မ အတွေးထဲမှာတော့ အန်တီဟာနမ်ရဲ့ ကြင်နာတဲ့အပြုအမူတွေ၊ ကျွန်မကို လူသားဆန်ဆန် ပွေ့ဖက်ခဲ့တာတွေ ဒီလိုမျိုး အိပ်ရာခင်း ကောင်းကောင်း စောင်ခေါင်းအုံး ကောင်းကောင်းနဲ့ အိပ်နေရတာတွေကို အိပ်မက်မက်နေတယ်လို့ ထင်နေမိပါတယ်။

အဲဒီညက ကျွန်မ အိပ်မက်တောင်မက်ခဲ့ပါသေးတယ်။

အိပ်မက်ထဲမှာ ကျွန်မ လေယာဉ်နောက်ကနေ စီးပါတယ်။ ကျွန်မ စီးတဲ့လေယာဉ် ပင်လယ်ပြင်ထဲ ပျက်ကျတဲ့အခါ အသက်ကယ် အင်္ကျီဝတ်ထားတဲ့ ခရီးသည်တွေဟာ ပင်လယ်ထဲ ဦးတည်ရာမဲ့ ကူးခတ်နေကြပြီး ကျွန်မကတော့ ရေလည်းမကူးတတ်၊ အသက် ကယ်အင်္ကျီလည်း မဝတ်ထားတဲ့အတွက် ရေထဲနစ်သွားပါတယ်။ ကျွန်မ နစ်သထက်နစ်သွားပြီး ပင်လယ်ကြမ်းပြင် အောက် ရောက်သွားတဲ့အခါ ကျွန်မတစ်ကိုယ်လုံး ထုံကျင်သွားပြီး မလှုပ်ရှားနိုင် တော့ပါဘူး။

ကျွန်မ အိပ်ရာကနိုးလာပြီး အလင်းရောင်မဲ့နေတဲ့ အခန်းလေးထဲမှာ အသက်ကို အမောတကော ရှူနေရပြီး တစ်ကိုယ်လုံး လည်း အေးစက်နေပါတယ်။

ကျွန်မအခန်းလေးက တကယ်တော့ ပစ္စည်းအဟောင်း အနည်းအကျဉ်းထားတဲ့ စတိုခန်းလေး တစ်ခုဖြစ်ပါတယ်။ အခန်းထဲမှာ

ကတ်ထူပြားအဟောင်းတွေရှိပြီး အိမ်နောက်ရဲ့ ကုန်းလေးပေါ်မှာ ဆောက်ထားတာဖြစ်လို့ အအေးခေတ်ပိုပါတယ်။ အရမ်းအေးရင် သုံးတဲ့ အပူပေးစက်လည်းရှိပြီး ပထမဆုံး ညလယ်မှာကတည်းက သိပ်မကောင်းတော့တဲ့ အပူပေးစက်လေးကို စသုံးခဲ့ပါတယ်။ မနက်ရောက် တော့ အန်တီဟာနမ် တံခါးဖွင့် ကျွန်မကိုလာနှိုးပါတယ်။

"အိပ်ရာထချိန်ရောက်ပြီမန်ဒီ။ ကလေးတွေ နေ့လယ်စာ ထမင်းဘူး ဘယ်လိုပြင်ရမလဲဆိုတာ သင်ပေးရမယ်။ မြန်မြန်လုပ်အန်တီ မီးဖိုချောင်ထဲမှာ စောင့်နေမယ်နော်"

အန်တီဟာနမ်ရဲ့ မီးဖိုချောင်က သခင်မရာဟတ်အိမ် မီးဖိုချောင်ထက် ပိုကြီး၊ ပိုကျယ်ပါတယ်။ မီးဖိုချောင်မှာထားတဲ့ ပစ္စည်းတွေက အရမ်းများပြီး တချို့ပစ္စည်းတွေဟာ အရမ်းဈေးကြီးသလို သုံးဖို့လည်း ခက်ခဲလှပါတယ်။

"အန်တီညီမ ရာဟတ်က ဒီမှာလုပ်ရမယ့်အလုပ်တွေကို မှာလိုက်လား သမီး။ သမီး ရာဟတ်အိမ်မှာ လုပ်နေကျအတိုင်း အိမ်သန့်ရှင်း၊ အဝတ်လျှော်၊ မီးပူတိုက်၊ ချက်ပြုတ်၊ ဆေးကြောရမယ်။ ဒါပေမယ့်ဒီမှာက စက်တွေရှိလို့ သမီးသက်သာမှာပါ။ အဝတ်လျှော်စက်နဲ့ အဝတ်လျှော်တဲ့နည်းနဲ့ မီးပူတိုက်တာ အင်္ကျီခေါက်တာတွေလည်း အန်တီ သင်ပေးမယ်။ ပန်းကန်ဆေးစက်လည်းရှိ တော့ သမီးပန်းကန်ဆေးရတာ သက်သာတာပေါ့"

"ကလေးတွေ ကျောင်းကပြန်လာရင် ကလေးလည်း ဝိုင်းထိန်းပေးရမယ် သမီး" လို့ ကျွန်မကို သေချာပြောပြပါတယ်။

"ဟုတ်ကဲ့ပါအန်တီ" လို့ပြောပြီး ကျွန်မခေါင်းညိတ်ပြလိုက်ပါတယ်။

"ကဲ... လာ ကလေးတွေအတွက် ထမင်းချိုင့်ထည့်တာကို သမီးကို အန်တီပြထားပေးမယ်။ ကလေးတွေ ကျောင်းမသွားခင် နေ့တိုင်း လုပ်ရမှာနော် သမီး" လို့ပြောပြီး ကလေးတွေရဲ့ အသားညှပ် ပေါင်မုန့်လုပ်နည်း၊ အာလူးကြော်၊ ကလေးတွေရဲ့ထမင်းဘူးထဲဘယ်နေရာမှာ ဘာအစားအစာ ထည့်ရမလဲဆိုတာကအစ သင်ပေးပါတယ်။ ကလေးတွေကို ထမင်းချိုင့်ထည့်ပေးပြီး အန်တီဟာနမ် ရဲ့ခင်ပွန်းက ကလေးတွေ ကျောင်းကိုကားနဲ့သွားပို့ပါတယ်။

အဲဒီလိုအချိန်မှာ အန်တီဟာနမ်နဲ့ကျွန်မ မီးဖိုချောင်ထဲမှာ လက်ဖက်ရည်သောက်ပါတယ်။

"ကဲ... သမီး မန်ဒီ မီးဖိုချောင်ထဲက ကြောင်အိမ်တွေကို သန့်ရှင်းရေးလုပ်ထား သမီး။ သမီးဗိုက်ဆာရင် ပြောင်းဖူးကြော်နဲ့ နွားနို့ရှိတယ်။ ပန်းကန်လုံးတစ်လုံးထဲ နွားနို့ထည့် သကြားထည့် ဖျော်ပြီးသောက် သမီး။ လက်ဖက်ရည်ကြိုက်ရင်လည်း လက်ဖက်ရည် ဖျော်သောက်" လို့ အန်တီဟာနမ်ကပြောတော့ ကျွန်မအရမ်း ဝမ်းသာနေမိပါတယ်။

"သမီးကို အဝတ်လျှော်စက် ဘယ်လိုသုံးရမလဲဆိုတာ ပြထားပေးမယ်။ အဝတ်လျှော်စက် အဖုံးကိုဖွင့်၊ အဝတ်တွေကို ထည့်၊ ဆပ်ပြာမှုန့်ထည့်၊

လျှော်ခလုတ်ကို ညာဘက်လှည့် ဟုတ်ပြီလား။ သေချာမှတ်ထားရမှာက အဝတ်လျှော်စက်ထဲကို အရောင်ပါတဲ့ အဝတ်အစားတွေနဲ့ အဖြူကို ရောမလျှော်နဲ့။ အရောင်တွေ စွန်းကုန်မှာစိုးလို့” လို့ ကျွန်မကိုမှာနေပါတယ်။

အဝတ်လျှော်စက် အသုံးပြုပုံနဲ့ပတ်သက်လို့ လုပ်ငန်းစဉ် တွေကများလို့ အားလုံးမသိပေမယ့် ကျွန်မ “ဟုတ်ကဲ့” လို့ပဲ အန်တီကို ပြောလိုက်ပါတယ်။ အဝတ်လျှော် ကြာတဲ့အချိန် သတ်မှတ်တဲ့ခလုတ်၊ လျှော်ပြီးရေညှစ်တဲ့ခလုတ်၊ လျှော်တဲ့အရှိန်နှုန်းထား စတဲ့ လုပ်ငန်းစဉ်တွေ များလို့ အဝတ်လျှော်စက်ကို သုံးတဲ့အခါ ပျက်သွားမှာ ကျွန်မအရမ်းစိုးရိမ် နေမိပြန်တယ်။

“သမီး အဝတ်လျှော်စက်သုံးတာနဲ့ပတ်သက်လို့ တစ်ခုခု နားမလည်ရင် အန်တီကိုလာမေး… နောက် သမီးလိုတာရှိရင်လည်း ပြောနော် ဟုတ်ပြီလား”

အန်တီဟာနမ်ထွက်သွားတော့ ဧည့်ခန်းထဲ တီဗီရှေ့မှာ ကျွန်မတစ်ယောက်ထဲ ထိုင်နေပါတယ်။ အန်တီဟာနမ်ဟာ သခင်မ ရာဟတ်နဲ့ ညီအစ်မဆိုပေမယ့် စိတ်ဓာတ်ခြင်းကတော့ အတော် ကွဲပြားပါတယ်။ ကျွန်မကို တစ်ခုခုခိုင်းချင်တဲ့အခါ သင်ပြပေးပြီး အပြုံးလေးနဲ့ ခိုင်းတတ်ပါတယ်။

အန်တီဟာနမ်က အမွှာနှစ်ယောက်နဲ့ အလုပ်ရှုပ်နေတဲ့အချိန် ကျွန်မက အိမ်သန့်ရှင်းရေးလုပ်၊ မီးဖိုချောင်ရှင်းလင်းပါတယ်။ ပထမဆုံး ကျွန်မအိမ်ထဲ သန့်ရှင်းရေးလုပ် ကြမ်းတိုက်တဲ့အခါ ဖုန်စုပ်စက် ကျွန်မကိုယူပြီး အသုံးပြုနည်းကို သင်ပေးပါတယ်။

“ခါတွန်းက ရာဟတ်ဆီမှာ ဖုန်စုပ်စက်မသုံးဘူးလားသမီး”

“သခင်မရာဟတ်တို့အိမ်မှာ ဖုန်စုပ်စက်မရှိပါဘူးအန်တီ”

ကတ္တီပါကော်ဇောခင်းတွေမှာ ဖုန်စုပ်စက်သုံးတဲ့အခါ ကော်ဇောပျက်စီးသွားမှာကို စိုးရိမ် နေမိပါတယ်။

“အန်တီသန့်ရှင်းရေးလုပ်တဲ့ ကြက်မွေးတို့၊ ဘရပ်ချ်တို့မရှိဘူးလား။ သမီး ဒီဖုန်စုပ်စက် မသုံးတတ်လို့ပါ”

“မရှိဘူးသမီးရဲ့၊ ဘရပ်ချ်ဟာ ကော်ဇောရဲ့ အတွင်းထဲက ဖုန်တွေကို စုပ်မယူနိုင်ဘူး။ နေ့တိုင်း သုံးရင် အသားကျသွားမှာပါ သမီးရယ် ဘာမှစိုးရိမ်မနေနဲ့ ဟုတ်ပြီလား”

အန်တီဟာနမ်ရဲ့ အိမ်က အယ်လ်ပုံစံဖြစ်ပြီး အောက်ထပ်မှာ ဧည့်ခန်း၊ စားပွဲကြီးတစ်လုံးနဲ့ ကုလားထိုင်လေးလုံးရှိတဲ့ ထမင်းစားခန်း လည်းရှိပါတယ်။ အပေါ်ထပ်မှာ အိပ်ခန်းတွေနဲ့ ဧည့်ခန်းငယ်လေး တစ်ခုနဲ့ ရေချိုးခန်းတွေရှိပါတယ်။ အိမ်နောက်ဖက်မှာ သစ်ပင်တွေစိုက်ထားပြီး အိမ်ရှေ့မှာ ပန်းဥယျာဉ်လေးတစ်ခု၊ ကားသွားလမ်းနံဘေး တစ်ဖက်တစ်ချက်မှာ သစ်ပင်လေးတွေ စိုက်ပျိုးထားပါတယ်။

ကျွန်မအထင်တော့ လန်ဒန်မှာ ဒီလိုအိမ်ကြီးအိမ်ကောင်း နဲ့ နေနိုင်လို့ အန်တီရဲ့ခင်ပွန်း မစ္စတာအယ်ခိုရွန်ကီဟာ အရေးပါတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်မှာ သေချာပါတယ်။

ပထမဆုံး ကျွန်မတစ်အိမ်လုံး သန့်ရှင်းရေးလုပ် ချက်ပြုတ် အဝတ်လျှော် မီးပူတိုက် ညကိုးနာရီကျော်မှပြီးပါတယ်။ ပင်ပန်းလို့ အရမ်းအိပ်ချင်နေပါတယ်။ ဒါပေမယ့် မီးဖိုချောင်ထဲ ခဏသွားကြည့် လိုက်တဲ့အခါ ပန်းကန်ဆေးစင်မှာ ဆေးစရာ ဇွန်း၊ ခွက်၊ ပန်းကန်တွေ ပုံနေတာ တွေ့လိုက်ရပါတယ်။ ကျွန်မ ပန်းကန်တွေ ဆေးပြီးတဲ့အခါ အန်တီဟာနမ်တို့ မိသားစုတစ်စုလုံး အိပ်ရာဝင်နေကြပါပြီ။ ကျွန်မအခန်းကိုသွားမလို့ စဉ်းစားနေတုန်း အန်တီဟာနမ်ဟာ အောက်ထပ်ကိုဆင်းလာပြီး ကလေးတွေအတွက် နွားနို့လာဖျော်ခိုက် ကျွန်မကို တွေ့လိုက်တဲ့အခါ

"တစ်အိမ်လုံး သန့်ပြန့်သွားတာပဲ။ သမီး တော်တော်တော်တာပဲ" လို့ ချီးကျူးပြီး "သွားအိပ်တော့လေ သမီးအရမ်းပင်ပန်းနေပြီ" လို့ ပြောပါတယ်။

ကျွန်မ အခန်းလေးထဲရောက်တဲ့အခါ ကျွန်မ အိပ်ရာပေါ် လှဲချပြီး အပူပေးစက်ကို ဖွင့်အိပ်ပါတော့တယ်။

မနက်တိုင်း ကျွန်မ မနက်ခြောက်နာရီခွဲ အိပ်ရာထပြီး ကျောင်းသွားမယ့်ကလေးတွေအတွက် ထမင်းဘူးပြင်၊ အန်တီ ဟာနမ်နဲ့ အမွှာနှစ်ယောက်အတွက် မနက်စာပြင်၊ နေ့လယ်စာချက်၊ နေ့ခင်းဘက် ကလေးထိန်း၊ သန့်ရှင်းရေးလုပ်၊ အဝတ်လျှော်၊ မီးပူတိုက်ရင်း တစ်နေ့တာကို ဖြတ်သန်း ကုန်ဆုံးခဲ့ရတယ်။

အိမ်မှုကိစ္စတွေ လုပ်ပြီးတဲ့အခါတိုင်း ကျွန်မအခန်းလေးထဲမှာ ဘုရားဝတ်ပြုပါတယ်။ ဝတ်ပြုရင်ခင်းတဲ့ ဖျာလေးကိုခင်း ဝတ်ပြုဆုတောင်းပါတယ်။ အန်တီဟာနမ် အိမ်မှာတော့ ခိုးကြောင်ခိုးဝှက် ဝတ်ပြုဆုတောင်းစရာ မလိုပါဘူး။ လင်မယားနှစ်ယောက်လုံး ဘာသာရေး အမှန်တကယ် ကိုင်းရှိုင်းပြီး ဘာသာရေးလုပ်တဲ့သူ ကိုလည်း အားပေးပါတယ်။

အန်တီဟာနမ်ဆိုရင် အမြဲတမ်း အစ္စလာမ်အမျိုးသမီးတွေဝတ်တဲ့ ဆာရီနဲ့ အဝတ်ရှည် ထည်ကို အမြဲဝတ်လေ့ရှိပါတယ်။

မစ္စတာ အယ်ခိုရှွန်ကီက အန်တီဟာနမ်ထက် စည်းကမ်းလည်းကြီး အရမ်းလည်း တင်းကျပ်လွန်းလို့ ကျွန်မ သူ့ကို အရမ်းကြောက်မိပါတယ်။ သူ လက်ဖက်ရည်ဖျော်ခိုင်း ကော်ဖီဖျော်ခိုင်းတာ ကအစ သေသေသပ်သပ် သန့်ရှင်းနေမှ သောက်တတ်ပါတယ်။ မစ္စတာ အယ်ခိုရှွန်ကီကို မကြိုက်တာက မနက်တိုင်း အပြင်ထွက်ရင် ကျွန်မကို ဖိနပ်တိုက်ခိုင်းပါတယ်။ သူ့ဖိနပ်မပြောင်ရင် ကျွန်မကို လက်ညှိုး ငေါက်ငေါက်ထိုးပြီး ဆူပါတယ်။ မစ္စတာအယ်ခိုမှာ ကားနှစ်စီး ရှိပါတယ်။ ကားကို ဆပ်ပြာရည်နဲ့ ရေဆေးတဲ့အခါ ကားကို တစ်ခုခုနဲ့ခြစ်မိပြီး အစင်းကြောင်းတွေ ဖြစ်သွားမှာ အရမ်းစိုးရိမ်မိ ပါတယ်။ ကားကြီးတွေက တကယ့်နောက်ဆုံးပေါ် အကောင်းစား ကားအမျိုးအစား လို့ထင်ပါတယ်။

တစ်နေ့ ကျောင်းသွားတက်တဲ့ ကလေးသုံးယောက် မစ္စတာ အယ်ခိုမပါဘဲ အိမ်ပြန်လာပါတယ်။

"မောင်လေးတို့... ဖေကြီး ပါမလာဘူးလား" လို့ သူတို့ မီးဖိုချောင်ကိုလာတဲ့အခါ မေးလိုက်ပါတယ်။

"ဒီနေ့ ဖေကြီး အလုပ်နောက်ကျမယ် အစ်မ" လို့ အကြီးဆုံးသားမိုဟာမက်က ရေခဲသေတ္တာထဲက ကုတ်တစ်ဘူးကို ထုတ်ယူပြီး ပြောပါတယ်။

"ဒါဆို မောင်လေးတို့ကို အိမ်ကဘယ်သူ ကားမောင်းပို့တာလဲ"

"သံရုံးက ယာဉ်မောင်း လိုက်ပို့တာပါ။ မောင်လေးတို့ သံရုံး က ကားနဲ့ ပြန်လာကြတာအစ်မ"

"ဘယ်သံရုံးကကားလဲ၊ ဘာဖြစ်လို့ သံရုံးကကားနဲ့ ပြန်လာကြတာလဲ"

"ကျွန်တော့်အဖေက ဆူဒန်သံရုံးမှာ အလုပ်လုပ်တာ အစ်မ မန်ဒီ မသိဘူးလား"

"မသိဘူးလေမောင်လေးရဲ့... ဖေကြီးက ဆူဒန်သံရုံးမှာ ဘာအလုပ်လုပ်တာလဲ"

"ကျွန်တော့်အဖေက သံရုံးတာဝန်ခံ အရာရှိလေ။ ဆူဒန် နိုင်ငံသံရုံးတာဝန်ခံလေ အစ်မမန်ဒီ။ သံရုံးမှာ သံအမတ်ကြီးက ဆူဒန်နိုင်ငံကို ခဏပြန်သွားလို့ အဖေက အခုသံအမတ်ကြီးနေရာမှာ ယာယီ သံအမတ်လုပ်နေရလို့ အရမ်းအလုပ်ရှုပ်နေတယ်။"

အရင်ကတည်းက မစ္စတာအာခိုကို ကြောက်ရတဲ့အထဲ ရာထူးကြီးတဲ့ အရာရှိကြီးဖြစ်လို့ သူ့ကိုပိုတောင်ကြောက်ရပါတယ်။

အားလုံးကို ခြုံကြည့်မယ်ဆို ကျွန်မစိတ်တွေ ဇဝေဇဝါဖြစ် နေပါတယ်။ အန်တီဟာနမ်က ကျွန်မကို ဆဲလည်းမဆဲ ရိုက်လည်း မရိုက်ပါဘူး။ ခါတွန်မြို့က သခင်ရာဟတ်အိမ်မှာ လုပ်သလောက်ပဲ ကျွန်မပင်ပန်းပါတယ်။ တကယ်တော့ ကျွန်မက အိမ်ကျွန် တစ်ယောက်ပါပဲ။ တကယ်တော့ ကျွန်မဟာ သခင်မရာဟတ်ရဲ့အမိန့်နဲ့ လန်ဒန်ကိုရောက်လာတာပါ။ သခင်မရာဟတ်က ကျွန်မကို ပိုင်တုန်းပဲ လို့ဆိုရမှာပါ။ အခု ကျွန်မပြောပုံဆိုပုံတွေ အန်တီဟာနမ်ကို ဆက်ဆံပုံတွေ မစ္စတာအာခိုကို ကြောက်ရတဲ့စိတ်တွေဟာလည်း သခင်မ ရာဟတ်ရဲ့ လွှမ်းမိုးမှုကြောင့် ဖြစ်နေရတာပါ။ သခင်မ ရာဟတ်ဟာ ကျွန်မကို အရာဝတ္ထုလေးတစ်ခုလိုဝယ်ပြီး တိရစ္ဆာန်တစ်ကောင်လို သဘောထားခဲ့တာပါ။ ကျွန်မရဲ့ဘဝဟာ တိရစ္ဆာန်တစ်ကောင်ရဲ့ ဘဝနဲ့ ဘာမှမခြားပါဘူး။

အန်တီဟာနမ်ဟာ နေ့ဘက်မှာအိမ်၊ ကျန်တဲ့အချိန်မှာ တီဗီကြည့် မဂ္ဂဇင်းဖတ် အဖော်မမက် တစ်ယောက်ထဲနေတဲ့လူမျိုး ဖြစ်ပါတယ်။

ကျွန်မဘဝဟာ တိတ်တဆိတ် ဖျက်ဆီးခံထားရပြီး ငြီးငွေ့ဖွယ်ကောင်းတဲ့ အချိန်တွေနဲ့ ဘဝဟာသေဆုံးနေပါတယ်။

ကျွန်မမှာ ခါတွန်မြို့ သခင်မရာဟတ်အိမ်ရှေ့မှာ တွေ့ဆုံခဲ့တဲ့ ခူမယ်ပေးထားခဲ့တဲ့ ဖုန်းနံပါတ် ရှိပါတယ်။ နိုင်ငံခြားမှာနေတဲ့ ခူမယ်ရဲ့အစ်ကိုဝမ်းကွဲဖုန်းနံပါတ် ဖြစ်ပါတယ်။ သူ အင်္ဂလန်မှာ နေလား

မနေဘူးလားဆိုတာတော့ ကျွန်မလုံးဝမသိပါဘူး။ သခင်မရာဟတ်နဲ့ စိတ်သဘောထားခြင်း မတူတဲ့ အန်တီဟာနမ်ကို အဲဒီဖုန်းနံပါတ်လေးပြ ကြည့်ရင် အကျိုးထူးမယ်လို့ထင်ပါတယ်။

နေ့လယ်ခင်းတစ်နေ့မှာ အန်တီဟာနမ်ဆီသွားပြီး လက်တုန် ခြေတုန်နဲ့ "အန်တီ စကားနည်းနည်းလောက်ပြောလို့ရမလား"

"ရပါတယ်သမီးရဲ့ ပြောလေ။ ဘာပြောမလို့လဲ"

"ဘာမှမဟုတ်ပါဘူးအန်တီရယ်" ပြောမလို့ အားတင်းထား ပေမယ့် ပြောမထွက်ဘဲ မီးဖိုချောင်ထဲ သွားပြီး အလုပ်ဆက်လုပ်နေ ပါတယ်။

တစ်ပတ်လောက်ကြာတော့ ဒုတိယအကြိမ် ထပ်ကြိုးစား ကြည့်ပါတယ်။

"အန်တီဟာနမ် သမီးစကားနည်းနည်းလောက်ပြောလို့ ရမလား"

"ဘာပြောမလို့လဲသမီး၊ ပြောလေ" လို့ ကျွန်မကိုပြုံးပြီးမေးပါတယ်။

ကျွန်မယူလာတဲ့ ဖုန်းနံပါတ်ရေးထားတဲ့ စာရွက်လေးကို လက်တုန်ခြေတုန် ရင်တွေ တထိတ်ထိတ်နဲ့ အန်တီဟာနမ်ကို ပေး လိုက်ပါတယ်။

"ခါတွန်မြို့မှာနေတဲ့ သမီးသူငယ်ချင်းကပေးထားတဲ့ ဖုန်းနံပါတ်လေးပါ။ ဖုန်းနံပါတ်ပိုင်ရှင် အင်္ဂလန်မှာနေလား မနေဘူးလား မသိပေမယ့် ဖြစ်နိုင်ရင် ဒီဖုန်းနံပါတ် သမီးကိုဆက်ပေးပါလား အန်တီ" လို့ ကျွန်မပြောလိုက်တော့-

အန်တီဟာနမ် ဖုန်းနံပါတ်ကိုမြင်လိုက်ရတဲ့အခါ ချက်ချင်း ထိုင်ရာကနေ ဆိုဖာပေါ်ကနေ ထလိုက်ပါတယ်။ အန်တီဟာနမ်ရဲ့ ပုံစံက ချက်ချင်းပြောင်းသွားပြီး ဖုန်းနံပါတ်မှတ်ထားတဲ့ စာရွက်ကို ထပ်ကြည့်လိုက်ပြီး ကျွန်မကို စိတ်ဆိုးမာန်ဆိုးနဲ့-

"နင့်ကို ဒီဖုန်းနံပါတ် ဘယ်သူပေးတာလဲ၊ အမှန်ပြော ဘယ် သူပေးတာလဲ"

"ကျွန်မသူငယ်ချင်း ခူမယ် ပေးထားတာပါ။"

"ခူမယ်ဆိုတာ ဘယ်သူလဲ။ ငါတို့ရဲ့ မိသားစုထဲမှာ ခူမယ်ဆိုတာမရှိဘူး။"

"ကျွန်မသူငယ်ချင်းက အန်တီတို့မိသားစုက မဟုတ်ပါဘူး"

"နင်သူနဲ့ဘယ်လိုသိတာလဲ။ ငါသိတာကတော့ နင်ခါတွန် မြို့မှာ မိတ်ဆွေသူငယ်ချင်း မရှိပါဘူး"

တုန်ရီနေတဲ့အသံနဲ့ ကျွန်မနဲ့ ခူမယ်တို့ ပတ်သက်ဆက်နွယ်ပုံကို အန်တီဟာနမ်ကို ရှင်းပြလိုက်ပါတယ်။ သခင်မရာဟတ် အိမ်ရှေ့မှာဆုံခဲ့ပုံ။ နူဘာမျိုးနွယ်စု ဖြစ်တဲ့ခူမယ်က ကျွန်မနိုင်ငံခြားရောက်ရင် လိုလိုမယ်မယ် သူမရဲ့ အစ်ကိုဝမ်းကွဲဖုန်းနံပါတ် ကို ကျွန်မကို ပေးခဲ့တယ်ဆိုတာကို ရှင်းပြလိုက်ပါတယ်။

"တောင်းပန်ပါတယ် အန်တီဟာနမ်။ ဘယ်သူ့ကိုမှ စကား မပြောစေချင်ရင် မပြောပါဘူး"

အန်တီဟာနမ်က စာရွက်ကို ထပ်တလဲလဲကြည့်လိုက်ပြီး-

"အေး ပြောထားမယ်နော် ဘယ်သူ့မှ အဆက်အသွယ် မလုပ်နဲ့။ နောက်ပြီး နင့်ဖုန်းနံပါတ်က အဟောင်းကြီး ဆက်လို့ရတော့မှာလည်း မဟုတ်ဘူး။ လန်ဒန်က တယ်လီဖုန်းနံပါတ်တွေ ပြောင်းထားတာ ကြာပြီ" လို့ပြောပြီး ဖြဲလိုက်ပါတယ်။

ပြီးတော့ ကျွန်မပတ်စ်ပို့နဲ့ ပစ္စည်းအနည်းငယ် ထည့်ထားတဲ့အိတ်ကို ဆွဲယူပြီး ကျွန်မဖုန်းနံပါတ်မှတ်ထားတဲ့စာရွက်ကို

"နင့်မှာ အခြားဖုန်းနံပါတ်ရောရှိသေးလား"

"ပတ်စ်ပို့ကလွဲပြီး ဘာဖုန်းနံပါတ်မှ မရှိတော့ပါဘူးအန်တီ"

"အခုကစပြီး နင့်ပတ်စ်ပို့ကို ငါသိမ်းထားလိုက်တော့မယ်။ နင့်ကိုငါ မယုံတော့ဘူး"

အဲဒီလိုနဲ့ အန်တီဟာနမ်နဲ့ ကျွန်မရဲ့ ဆက်ဆံရေးဟာ စပြီး အဆင်မပြေတော့ပါဘူး။ အန်တီဟာနမ်ဟာ ကျွန်မကို အကြောင်းမဲ့ ဆဲဆိုအော်ဟစ်ပါတော့တယ်။ အမြဲမပြတ် ကျွန်မကိုစောင့်ကြည့်နေပြီး အမှိုက်သွားပစ်မှသာ အိမ်ထဲကနေ အိမ်ရှေ့ကို ထွက်ခွင့်ရပါတယ်။ အန်တီဟာနမ်ဟာ ကျွန်မထွက်ပြေးသွားမှာကို စိုးရိမ်လာပြီး ကျွန်မ ခါတွန်မြို့မှာနေခဲ့တဲ့ အခြေအနေတွေထက် ဆိုးလာပါတယ်။ သခင်မရာဟတ်ရဲ့ အိမ်မှာ ဧည့်သည်တွေလာရင် ကော်ဖီချပြီး အိမ်ရှေ့က ပန်းဥယျာဉ်ထဲ ရေလောင်းရင်း နေပူစာလှုံလို့ရပါတယ်။ အပြင်က ကုန်စုံဆိုင်ကိုသွား၊ တစ်ခါတလေ လမ်းပေါ်ကကလေးတွေ ကစားနေတာကိုတောင် ကြည့်လို့ရပါတယ်။ သခင်မရာဟတ်ရဲ့ သားသမီးတွေက ကျွန်မကိုအရမ်းချစ်လာတော့မှ သူတို့နဲ့ခွဲ လန်ဒန်ကိုလာခဲ့ရတာပါ။ ကလေးတွေက ကျွန်မကိုချစ်တဲ့ အချစ်နဲ့ နွေးထွေးမှုကို အရမ်းသတိရမိပါတယ်။

အန်တီဟာနမ်ရဲ့ကလေးတွေ ယဉ်ကျေးကြပေမယ့် ကစားရင် အရမ်းကိုဆူကြပါတယ်။ အန်တီဟာနမ်ရဲ့ သားသမီးတွေနဲ့ ကျွန်မ နီးနီးကပ်ကပ်မရှိတော့ ရင်းနှီးမှုမရှိကြပါဘူး။ ရက်တွေကြာ လာလေ အန်တီဟာနမ်ရဲ့ သံသယစိတ်က ကျွန်မအပေါ် ကြီးသထက် ကြီးလာပါတယ်။

တနင်္ဂနွေတစ်ရက်မှာ ကျွန်မ ထမင်းနဲ့ကြက်သားဟင်းချက် ပြီးလို့ အမှိုက်ထုတ်ပြည့်နေလို့ အိမ်ရှေ့ယူလာပြီး အိမ်ခြံအပြင်ဘက်မှာရှိတဲ့ အမှိုက်ပုံထဲကို ပစ်ထည့်လိုက်ပါတယ်။ ကျွန်မခြံထဲ လှည့်မဝင်ခင်မှာ ကားလမ်းဘက်ကို ကြည့်လိုက်တဲ့အခါ လူအုပ်ကြီးကို တွေ့လိုက်ရလို့ အရမ်းစိတ်ဝင်စားသွားပါတယ်။ လူအုပ်ကြီးထဲမှ တချို့ သီချင်းဆိုနေကြပြီး တချို့ကတော့ စကားတွေ ပြောနေကြပါတယ်။ ကျွန်မကို ဘယ်သူများ စောင့်ကြည့်နေမလဲလို့ နောက်ကို လှည့်ကြည့်လိုက်ပြီး ဘယ်သူမှမတွေ့လို့ သစ်ပင်တစ်ခုကို ကွယ်ပြီး လူအုပ်ကြီးကို ဆက်ကြည့်နေပါတယ်။ မွတ်ဆလင် ဝတ်ပြုဆုတောင်းတဲ့ ဗလီထဲမှာ မင်္ဂလာပွဲကျင်းပနေတာ ဖြစ်ပါတယ်။ ဝတ်ကောင်းစားလှတွေ ဝတ်ဆင်ထားကြပြီး အမျိုးသမီးတွေဟာ တန်ဖိုးကြီးမားတဲ့ စိန် ရွှေငွေ လက်ဝတ်ရတနာတွေ ဝတ်ဆင်ထားပါတယ်။ အမျိုးသားတွေကတော့ အနောက်တိုင်း ဝတ်စုံတွေ ဝတ်ဆင်ထားပါတယ်။

ရုတ်တရက် ကျွန်မနောက်ကနေ

ကျွန်မကိုခေါ်တဲ့အသံတစ်သံကြားလိုက်ရပါတယ်။

"ဟဲ့… အိမ်ကျွန်မ မန်ဒီ နင်ဘယ်မှာလဲ"

အိမ်ကျွန် ဆိုတဲ့အသံကြားလိုက်ရလို့ ခါတွန်မြို့မှာနေတာထက် အခြေအနေတွေ ဆိုးလာတော့မယ်ဆိုတာ ကျွန်မ သိလိုက်ရပါပြီ။ ကျွန်မ အမြန်ဆုံးပြန်ပြေး ခြံဝကိုရောက်တော့ အန်တီ ဟာနမ်ရောက်နေပြီး-

"နင် အဲဒီမှာ ဘာလုပ်နေတာလဲ အိမ်ကျွန်" လို့ ဒေါသတ ကြီးနဲ့ ကျွန်မကိုမေးပါတယ်။

"အမှိုက်သွားပစ်တာပါ အန်တီ"

"အမှိုက်ပုံးက ကားလမ်းထိပ်မှာမဟုတ်ဘူး။ အိမ်ရှေ့မှာ။ နင် လုပ်တာတွေ ငါမမြင်ဘူးလို့ မထင်နဲ့ မှန်မှန်ပြောစမ်း"

"ဟုတ်အန်တီ အခုကြားနေရတဲ့နေရာမှာ လုပ်နေတဲ့ မင်္ဂလာဆောင်ပွဲကို ကြည့်နေတာပါ ခဏလေးပါအန်တီ"

"နောက်တစ်ခါ နင်အပြင်မထွက်နဲ့နော် အပြင်ထွက်ရင် အသေပဲမှတ်။ နင်သိလား… လန်ဒန်မြို့မှာ လူသတ်မှုတွေ ခဏ ခဏဖြစ်နေတာ အရမ်းအန္တရာယ်များပြီး အရမ်းကြောက်ဖို့ ကောင်းတယ်။ လာ…. အထဲဝင်" လို့ အန်တီကပြောလိုက်တော့ ကျွန်မ အိမ်ထဲဝင်လိုက်ပြီး မျက်ရည်တွေကိုသုတ်ရင်း

"တောင်းပန်ပါတယ် အန်တီ… နောက်တစ်ခါ မဖြစ်စေရပါဘူး"

ကျွန်မ အိမ်ထဲဝင်ပြီးတာနဲ့ တံခါးကို သော့ခတ်ထားလိုက်ပြီး မီးဖိုချောင်ထဲ ကျွန်မကို ခေါ်သွားပါတယ်။

အဲဒီနေ့ကစ တံခါးကို အမြဲတမ်းသော့ခတ်ထားပြီး ကျွန်မ အမှိုက်ပစ်ချင်ရင် အန်တီဟာနမ်ကို သော့ဖွင့်ပေးဖို့ ပြောရပါတယ်။ တစ်ခါတစ်ရံ ကျွန်မ တံခါးမှာ တစ်ခုခုညပ်နေသလားထင်ရအောင် သော့ဖွင့်လို့မရပါဘူး။ ကျွန်မ အမှိုက် အပြင်သွားပစ်တဲ့အခါ အပြင်က သော့ဖွင့်မရတဲ့အခါ အန်တီဟာနမ် လာဖွင့်ပေးရပါတယ်။

ကျွန်မ မရောက်ခင်က ခါရီးယားကောင်မလေး တစ်ယောက် ဒီအိမ်မှာလုပ်ခဲ့ပြီး အရမ်းဆိုးပါတယ်။ တစ်နေ့ သူမအပြင်ကို ခိုးထွက်သွားပြီး ပြန်မလာတော့ပါဘူး။ တစ်ယောက်ယောက်က သတ်ခဲ့သလား။ ကျယ်ပြောလှတဲ့ မြို့ထဲမှာပဲ လမ်းပျောက်နေတာလား။ အအေးမိပြီး သေသွားတာလား ခါရီးယား နဲ့ပတ်သက်လို့ ကျွန်မ ကိုပြောပြပါတယ်။ အပြင်ကို ကျွန်မထွက်ပြေးခဲ့မယ်ဆိုရင် ခါရီးယား လို သေသွားမယ်လို့ အန်တီဟာနမ်ကပြောပါတယ်။ အန်တီဟာနမ် က ကျွန်မကို-

"နင် အိမ်ထဲမှာနေပြီး အလုပ်ကို ကြိုးကြိုးစားစားနဲ့ ကောင်း ကောင်းမွန်မွန်လုပ်နေမယ်ဆိုရင် ငါတို့ ဆူဒန်ကို အလည်သွားတဲ့ အခါ နင့်မိသားစုနဲ့တွေ့ရဖို့ နင့်ကိုပြန်ခေါ်သွားမယ်။ တစ်လအတွင်း ဆူဒန်ကို ငါတို့အလည်သွားမှာ" လို့ပြောပါတယ်။

ကျွန်မ ဟုတ်ကဲ့ဆိုတဲ့သဘောနဲ့ ခေါင်းညိတ်လိုက်ပါတယ်။

အန်တီဟာနမ်ပေးတဲ့ကတိကို ကျွန်မလုံးဝမယုံပါဘူး။ ကျွန်မမိသားစု ဘယ်မှာရှိမှန်းတောင် မသိတာကို သူက မိသားစုနဲ့တွေ့ဖို့ ကတိပေးတာ ယုံနိုင်စရာမရှိပါဘူး။ ကျွန်မမိသားစုကို အရင်က စိတ်မဝင်စားတဲ့ အန်တီဟာနမ်ဟာ ကျွန်မထွက်ပြေးမှာစိုးလို့ နှစ်သိမ့်နေမှန်း သိသာလှပါတယ်။

အခန်း(၂၇)

အန်တီဟာနမ်ဟာ ကျွန်မကို ဆဲဆိုကြိမ်းမောင်းရုံသာမက ကျွန်မကို နှိပ်စက်ညှင်းပန်းတဲ့အထိ ဖြစ်လာပါတယ်။ ကျွန်မ လူ့ဘဝကြီးမှာ အသက်မရှင်ချင်တော့ပါဘူး။ တစ်နေ့ထက်တစ်နေ့ ကြောက်စရာကောင်းတဲ့ သရဲတစ်ကောင်လို ချောက်ချားလာပါတယ်။ နေ့တိုင်း မီးဖိုချောင်ထဲ အမြဲငိုနေရပါတယ်။

ကျွန်မတို့ နူဘာတောင်တန်းတွေက ရွာတွေမှာ မူဂျာဟာစ် သူပုန်တွေ ရွာသားတွေကို ဓားနဲ့ခုတ်၊ ဓားတွေနဲ့ထိုးသတ်တာ မြင်ဖူးထားတာကြောင့် ကိုယ့်ကိုယ်ကိုယ် ဓားနဲ့ထိုးသတ်ပြီး အဆုံးစီရင်ဖို့ ကြံပါတော့တယ်။ ကျွန်မချက်ပြုတ်နေတဲ့ မီးဖိုချောင်ထဲမှာ ဓားအကြီးအသေး အစုံရှိပါတယ်။

တစ်နေ့ ကျွန်မ အသားလှီးဓားတစ်ချောင်း ယူလာပြီး ကျွန်မလက်ညှိုးထိပ်ကို ဓားထက်ထက်နဲ့ လှီးပါတယ်။ ဓားကလည်းထက် ကျွန်မရဲ့စိတ်တွေကလည်း အသိမဲ့နေတော့ သွေးတွေ ဒလဟော ထွက်လာခဲ့ပါတယ်။ ကျွန်မ အခန်းထဲကိုသွား ဓားနဲ့ ကိုယ့်ကိုယ်ကိုယ် ထိုးသတ်ဖို့ ကြံပါတော့တယ်။ အနှိပ်စက်ခံ တိရစ္ဆာန်လောက် မှ တန်ဖိုးမရှိတဲ့ ဘဝမှာ အသက်ရှင်ရတာထက် သေရတာကို နှစ်သက်ပါတယ်။ ကျွန်မသေကြောင်းကြံစည်လို့ မသေဘဲ အန်တီဟာနမ်တွေ့ပြီး ဆေးရုံကိုပို့မှာကို စိုးရိမ်မိပါတယ်။ ကျွန်မဘဝကို စဉ်းစားလိုက်တဲ့အခါ မူဂျာဟာစ်သူပုန်တွေ အဖမ်းမခံရဘူးဆိုရင် ဘာတွေဖြစ်လာနိုင်မလဲ။

ခန့်မှန်းခြေ ကျွန်မ အသက်နှစ်ဆယ်ဖြစ်ပါတယ်။ ကျွန်မတို့နူဘာမျိုးနွယ်စုတွေမှာ အသက် မွေးစာရင်းမှတ်ထားတာ၊ မွေးနေ့ပွဲတွေ ကျင်းပတယ်ဆိုတာ မရှိပါဘူး။ ကျွန်မအသက်က နှစ်ဆယ်ဆိုတာ ခန့်မှန်းခြေဖြစ်ပါတယ်။ ကျွန်မရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ဆရာဝန်တစ်ယောက်ဖြစ်ဖို့ ကျောင်းတက်နေပြီ ဆိုရင် ဆယ့်ငါးနှစ် မတိုင်ခင် ကျွန်မတို့ရိုးရာအတိုင်း အိမ်ထောင်ပြုပြီး ကလေးရနေလောက်ပါပြီ။ ကျွန်မရဲ့သတို့သား ဂျူဘာနဲ့ မင်္ဂလာပွဲ ခြိမ့်ခြိမ့်သဲကျင်းပ ကျွန်မတို့ ပျော်ရွှင်စွာ မိသားစုလေးတည်ဆောက် နိုင်မှာ သေချာပါတယ်။

ကျွန်မရဲ့ သတို့သားအကြောင်းနဲ့ပတ်သက်လို့ အမေက

"ဂျူဘာက အရမ်းသတ္တိရှိတာ လယ်ပိုင်ယာပိုင် သူက သမီးကို ဘာလို့ လက်ထပ်ချင်တာလဲ ဆိုတော့ သမီးက ဆွေကြီးမျိုးကြီး ကလာတာလေ" လို့ ပြောခဲ့ဖူးပါတယ်။ ဆက်ပြီးတော့ အမေပြောဖူးတယ်။

"သမီးရဲ့အဘိုးက သတ္တိရှိတာ အဲဒါကို သူတို့က သဘောကျတာလေ။ နောက်ပြီး ဂျူဘာတို့က အမေတို့ရွာနဲ့ အရမ်းဝေးတဲ့ရွာမှာ နေတာ

သမီးအချိန်တန်အရွယ်ရောက်ရင်တွေ့ရမှာ မပူနဲ့” လို့လည်း ပြောခဲ့ဖူးပါတယ်။

လန်ဒန်မြို့က မှောင်မိုက်နေတဲ့ ကျွန်မရဲ့ဘဝဟာ မျှော်လင့်ချက်ဆိုတာလုံးဝမရှိပါဘူး။ ကျွန်မကိုယ်ကျွန်မ သေကြောင်းကြံစည်ဖို့ သေချာစဉ်းစားကြည့်တော့ မသေခင် ကျွန်မကို အန်တီဟာနမ်တွေ့မှာသေချာပါတယ်။ အန်တီဟာနမ် ဆူဒန်ကိုပြန်တဲ့အခါ ကျွန်မ မိသားစုနဲ့တွေ့ပေးမယ်လို့ ကတိပေးထားပါတယ်။ ကျွန်မကို ထိန်းချုပ်ဖို့ ကတိပေးထားတာသိပေမယ့် မိသားစုနဲ့တွေ့ဖို့ မျှော်လင့်နေတုန်းပါ။ ကျွန်မချစ်တဲ့ ဆူဒန်ကို ပြန်ချင်ပါတယ်။ အဲဒီလိုနဲ့ ကျွန်မ လက်က သွေးတွေကို တိတ်အောင်လုပ်ဆေးထည့် သေကြောင်းကြံ စည်ဖို့ အကြံဖျက်လိုက်ပါတယ်။

တစ်မနက်တော့ ကျွန်မခေါင်းအုံးပေါ်မှာ ဆံပင်ကျွတ် နေတာကို သတိထားမိပါတယ်။ ကျွန်မဆံပင်တွေ အရမ်းကျွတ်နေတော့ အရမ်း ထိတ်လန့်ပြီး မှန်သွားကြည့်တော့ အရမ်း ပင်ပန်းနွမ်းလျပြီး နေမကောင်းတဲ့ပုံစံပေါက်နေပါတယ်။ ကျွန်မမျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်နေပြီး အဖွားအိုတစ်ယောက် ပုံပေါက်နေပါတယ်။ ညဘက်ဆို သွားကလည်းအရမ်းကိုက်လို့ အိပ်မရပါဘူး။ ကျွန်မငယ်ရွယ်စဉ် သွားကိုက်တဲ့အခါ အမေက ဆေးဘက်ဝင် သစ်ရွက်တစ်ရွက်ထဲ ဆားထည့် သွားကိုက်တဲ့ဘက်ငုံထားရင် သွားကိုက်ပျောက် သက်သာပါတယ်။ လန်ဒန်မှာ ဆေးဘက်ဝင်သစ်ရွက်မရှိတော့ မီးဖိုချောင်ထဲ ဆားသွားယူတဲ့ညမှာ အန်တီဟာနမ် က ညဝတ်အင်္ကျီနဲ့ အောက်ထပ်ကို ဆင်းလာပါတယ်။ ကျွန်မကို အန်တီဟာနမ်က

“ညကြီးမင်းကြီး မီးဖိုချောင်ထဲ ဘာလုပ်နေတာလဲ”

“သမီး သွားကိုက်နေလို့ သွားထဲကို ဆားထည့် ရေငုံမလို့ ဆားလာယူတာပါရှင့်”

“ဘယ်နေရာနာတာလဲ ပြစမ်း”မယုံသင်္ကာနဲ့ကြည့်ပါတယ်။

“ဒီနား နာနေတာ” လို့ ကျွန်မအံသွားနားကို ပြတော့

“ဘာမှမမြင်ရဘူး။ မနက်မှကြည့်မယ်”ဆိုပြီး ပြန်တက် သွားပါတယ်။

ဆားက သွားကိုက်တာကို သက်သာစေလို့ ကျွန်မ အဲဒီည က ပြန်အိပ်ပျော်သွားပါတယ်။ မနက်ရောက်တော့ စောစောထ ပုံမှန်အတိုင်း အလုပ်တွေပြန်လုပ်ပါတယ်။

“သွားကိုက်တာ ဘယ်လိုနေသေးလဲ ကောင်းသွားပြီလား”

အန်တီ ဟာနမ် မီးဖိုချောင်ထဲဝင်လာပြီးမေးပါတယ်။

“သက်သာပါတယ်အန်တီ”

“တော်သေးတာပေါ့။ ငါတို့လန်ဒန်မှာ သွားဆရာဝန်ပြရင် အရမ်းဈေးကြီးတာ” လို့ ကျွန်မကို ဟန်ဆောင်လိမ်ညာတယ်ထင်ပြီး မဲ့ကာရွဲ့ကာ ပြောပါတယ်။

သခင်မရာဟတ်ဆီမှာ ခုနစ်နှစ်ကျော် ရှစ်နှစ်နေလာခဲ့ ပေမယ့်

ငှက်ဖျားရောဂါ ခံစားရတာတောင် ဆရာဝန်ဆီ မပြပေးခဲ့ပါဘူး။ အန်တီဟာနမ်လည်း ကျွန်မသွားကိုက်တာကို ဆေးခန်းပြပေးမှာ မဟုတ်တာသေချာပါတယ်။

အဲဒီနောက် အန်တီဟာနမ်ဟာ ဆူဒန်ကို အပန်းဖြေခရီး ထွက်အလည်သွားဖို့ ပြင်ပါတော့တယ်။ သူစျေးဝယ်ထွက်တော့ ကလေးတွေကိုထိန်းထမင်းချက် အဝတ်လျှော် အရမ်းပင်ပန်းလွန်း လှပါတယ်။ ဆူဒန်သွားရင်ယူသွားဖို့ စျေးကနေ လက်ဆောင်တွေ ဝယ်လာပါတယ်။

ကျွန်မ ဆူဒန်ကိုခေါ်သွားဖို့ ပါးစပ်က နည်းနည်းလေးတောင် မဟပါဘူး။ အိမ်မှာ ကျွန်မကိုထားခဲ့ဖို့ သေချာတာမို့ ကျွန်မအရမ်း ဒေါသထွက်လာပါတယ်။

တစ်မနက်တော့ အန်တီဟာနမ်ဟာ ဆူဒန်ကိုယူသွားဖို့ လက်ဆောင်ပစ္စည်း အထုပ်အပိုးတွေ ဝိုင်းဝန်းထုပ်ပိုးဖို့ ကျွန်မကို ခေါ်ခိုင်းပါတယ်။ ကျွန်မ အန်တီဟာနမ်ဘေးနား ဒူးထောက်ထိုင်ပြီး အင်္ကျီ တွေ ဝိုင်းခေါက်ပေးနေပါတယ်။

“ဟဲ့… အိမ်ကျွန် ငါ နောက်တစ်ပတ် ဆူဒန်သွားလည်တော့မှာ။ ငါတစ်ယောက်ထဲ အရင်သွားနှင့်မယ်။ ကလေးတွေနဲ့ ငါ့ ယောကျ်ားကို ဒီမှာထားခဲ့မယ်။ တစ်ပတ်ကြာရင် သူတို့ ငါ့နောက် လိုက်လာလိမ့်မယ် ဟုတ်ပြီလား”

ကျွန်မ အရမ်းသွေးဆူသွားပြီး စကားတစ်ခွန်းမှမပြောဘဲ ငြိမ်နေလိုက်ပါတယ်။ ကျွန်မ အားတင်းပြီး

“ကျွန်မ အန်တီယောကျ်ားနဲ့ အိမ်မှာမနေခဲ့နိုင်ဘူး။ မိန်းကလေးတစ်ယောက်ထဲနဲ့ ယောကျ်ားသား တစ်ယောက်နဲ့ မနေ သင့်ဘူး”

“ဘာပြောတယ် အိမ်ကျွန်”

“အန်တီယောကျ်ားနဲ့ ကျွန်မ မိန်းကလေးတစ်ယောက်ထဲ အိမ်မှာမနေခဲ့နိုင်ဘူး အန်တီ” လို့ သတ္တိမွေးပြီး ထပ်ပြောလိုက်ပါတယ်။

“နင်ဆိုလိုတဲ့သဘောက ငါ့ယောကျ်ားကို မယုံကြည်ဘူး ဆိုတဲ့ သဘောပေါ့။ နင်သိထားရမှာက ငါ့ယောကျ်ားက အစိုးရအရာ ရှိတစ်ယောက်နော်။ မျိုးရိုးသန့်တဲ့သူ။ နင်တော်တော်စော်ကားတာပဲ။ ကလေးတွေလည်း ဒီမှာကျန်ခဲ့မှာပဲ။ နင်စကားပြောဆင်ခြင် ကြားလား”

“အန်တီခင်ပွန်းကို မယုံလို့မဟုတ်ပါဘူး။ အပျိုလေး တစ်ယောက်ဖြစ်လို့ ယောကျ်ား တစ်ယောက် နဲ့ တစ်အိမ်ထဲနေရတာ မသင့်တော်လို့ပါ။ အစ္စလာမ်ဘာသာဝိနည်းနဲ့လည်း မညီပါဘူး။”

အန်တီဟာနမ် ခဏငြိမ်ကျသွားပါတယ်။ သခင်မရာဟတ် က ကျွန်မလိုလူမည်းက အစ္စလာမ်ဘာသာ နဲ့ မထိုက်တန်ဘူးလို့ ပြောပေမယ့် အန်တီဟာနမ်ကတော့ ဘာသာရေးအပေါ် ကျွန်မရဲ့ ယုံကြည်မှုကို မစော်ကားပါဘူး။

ဟာနမ်နဲ့ ခင်ပွန်းဖြစ်သူတို့ဟာ မွတ်ဆလင်ဘာသာကို အလွန်သက်ဝင်ယုံကြည်ကြလို့ ကိုရမ်ကျမ်းမှ ဝိနည်းတွေကို မဆန့်ကျင်သင့်ဘူးဆိုတာ သိကြပါတယ်။

"အေး နင်ပြောတာလက်ခံတယ်။ ဒါပေမယ့် နင်နဲ့ထားခဲ့မယ့်သူက တခြားသူမဟုတ်ဘူး။ ကလေးတွေရဲ့ဖခင် ငါ့ယောကျ်ား နောက် သူက ဘာသာတရား ကိုင်းရှိုင်းပြီးတော့ စဉ်းစားချင့်ချိန်တတ်တဲ့ လူတစ်ယောက်"

နှစ်ရက်သုံးရက်လောက် အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အန်တီ က ဘာမှမပြောတော့ပါဘူး။ တစ်ပတ်လောက်ကြာတော့ အစီအစဉ် တစ်မျိုးပြောင်းသွားပြီး တစ်မိသားစုလုံး ဆူဒန်ကို အလည်အပတ် သွားပြီး ကျွန်မကတော့ လန်ဒန်က သူတို့သူငယ်ချင်းအိမ်မှာ သွားနေရမယ်လို့ ပြောလာပါတယ်။

"အန်တီတို့သူငယ်ချင်းက ဘယ်သူလဲ။ အိမ်ထောင်သည်လား" ကျွန်မ အန်တီကို မေးလိုက်တော့-

"ဟုတ်တယ်။ သူက အိမ်ထောင်သည် ဘာသာရေးကိုင်း ရှိုင်းတဲ့ အမျိုးသမီးနဲ့ မိသားစုလည်း ရှိတယ်။ ငါတို့ခရီးသွားတုန်း နင်သူတို့ အိမ်မှာနေရမယ် ကြားလား" လို့ ထပ်မှာပြန်ပါတယ်။

ဆူဒန်ကို အလည်အပတ်ခရီးမသွားခင် အန်တီဟာနမ်ရဲ့ အစီအစဉ် ထပ်ပြောင်းသွား ပြန်ပါတယ်။

နောက်ဆုံးအစီအစဉ်မှာ အန်တီက ကလေးတွေနဲ့အတူ သွားမှာ ဖြစ်ပြီး ခင်ပွန်းဖြစ်သူ တစ်ပတ်ကြာမှ သူ့နောက်လိုက်လာမှာ ဖြစ်ပါတယ်။ ကျွန်မက သူမခင်ပွန်း လိုအပ်တာလုပ်ပေးဖို့ အိမ်မှာနေခဲ့ရမှာ ဖြစ်ပါတယ်။ အန်တီရဲ့ခင်ပွန်းနဲ့ အိမ်ထဲမှာ တစ်ပတ်လောက် နေရမှာဖြစ်လို့ အစ္စလာမ်ဘာသာအရ မသင့်လျော်တဲ့ ရွေးချယ်မှု ဖြစ်ပါတယ်။

"အန်တီ ဘာဖြစ်လို့ အစီအစဉ်တွေ ပြောင်းလိုက်တာလဲ။ အန်တီ ကျွန်မတစ်ယောက်ထဲ ယောကျ်ားတစ်ယောက်နဲ့ အိမ်တစ် အိမ်ထဲမှာ အတူမနေနိုင်ဘူး"

"ဟဲ့ အိမ်ကျွန်... နင်နဲ့ငါ ဆွေးနွေးစရာ ဘာအကြောင်းမှ မရှိတော့ဘူး။ နင်ပြောတာ ငါဘာမှမကြားချင်တော့ဘူး။ လန်ဒန်မှာ ငါ့ယောကျ်ား အရေးကြီးအလုပ်တွေ လုပ်စရာရှိတယ်"

အန်တီဟာနမ် ကျွန်မကို ဆူဒန်ကို သူတို့မိသားစုနဲ့ အလည်ခေါ်တော့မှာ မဟုတ်တာ သေချာသွားပါတယ်။ ကျွန်မရဲ့မိသားစုနဲ့ပြန်တွေ့ရဖို့ စိတ်ကူး ဝေးသထက်ဝေးသွားလို့ ကျွန်မ အရမ်းစိတ်ပျက်သွားခဲ့ပါတယ်။ နောက်ပြီး သူမယောကျ်ားနဲ့ အိမ်မှာ တစ်ယောက်ထဲ ထားခဲ့မယ်ဆိုတာ ဘာသာရေးနဲ့ ကြည့်ကြည့် လူမှုရေးရှုထောင့်က ကြည့်ကြည့် လုံးဝ မသင့်တော်ပါဘူး။

အန်တီဟာနမ်နဲ့ကျွန်မ စကားများပြီး နောက်နေ့ ကျွန်မ အိမ်အလုပ်တွေပြီးသွားလို့ အန်တီရဲ့အစီအစဉ်ကို စဉ်းစားကြည့် ရင်း ကျွန်မအခန်းထဲသွားငိုနေရပါတယ်။

ကျွန်မဘဝမှာ ယောကျ်ားလေးနဲ့ တစ်အိမ်ထဲမှာ အတူနေ အတူ

စားဖူးတာဆိုလို့ ကျွန်မအဖေနဲ့ပဲ နေဖူးခဲ့တာပါ။ အဖေနဲ့အိမ် မှာနေရင် လုံခြုံမှုကိုခံစားရပြီး အဖေနဲ့အတူ ယာခင်းသွား ကောက်အတူရိတ် အဖေ့ပေါင်ပေါ်မှာထိုင်ရတာ ကျွန်မအတွက် အရမ်း စိတ်ချမ်းသာစရာ ဖြစ်ခဲ့ပါတယ်။ အဖေ့ပေါင်ပေါ်ထိုင်ရင်း အဖေက-

"သမီးမန်ဒီ ကောင်းကင်ကြီးကို ကြည့်ပါဦး။ ကြည်လင် ဝင်းပပြီး တောင်တွေကို မိုးထားလိုက်တာ အရမ်းသာယာတာပဲနော်"

"အဖေ သမီးတစ်နေ့ကျရင် ကောင်းကင်ပေါ်ကတိမ်တွေကို ဆွတ်ပြမယ်။ ကြယ်တွေဆီ အရောက်သွားမယ်အဖေ" လို့ ပြောခဲ့ဖူးတာကို ကျွန်မမှတ်မိနေဆဲပါ။ အခုထိပေါ့။ အခန်းထဲမှာ အဖေ့ကို သတိရလို့ ငိုတာကို ရပ်လိုက်ပြီး လောကကြီးက အဆိုးတွေကိုရင်ဆိုင်ဖို့ အားတင်းလိုက်ပါတယ်။ ကျွန်မ အခန်းထဲကထွက်လာတော့ တစ်အိမ်လုံး အပ်ကျသံ ကြားရလောက်အောင် တိတ်ဆိတ်နေပါတယ်။ ညေ့ခန်းနဲ့မီးဖိုချောင် အရမ်းရှုပ်ပွညစ်ပတ်နေလို့ သန့်ရှင်းရေး လုပ်လိုက်ပါတယ်။ ရုတ်တရက် ကျွန်မအပေါ်မှ တံခါးဖွင့်သံ ကြားလိုက်ရပါတယ်။ ကျွန်မ အပေါ်ထပ်ညေ့ခန်းကို ဖြည်းဖြည်းလေး တက်သွားပါတယ်။ မစ္စတာ အယ်ခိုရှန်ကီ ညေ့ခန်းထဲမှာ တစ်ယောက်ထဲ တီဗီထိုင်ကြည့်နေပြီး သူ့ရဲ့ ရှေ့စားပွဲပေါ်မှာတော့ Sunday Time သတင်းစာတွေ ပြန့်ကြဲနေပါတယ်။ ကျွန်မ အသံတုန်တုန်ရီရီနဲ့ အားတင်းပြီးတော့

"အန်တီဟာနမ် ဘယ်ရောက်နေလဲဦးလေး အောက်ထပ် မှာ မတွေ့လို့"

"သမီးမသိဘူးလား။ ဟာနမ် ကလေးတွေနဲ့ လေဆိပ်ကို ထွက်သွားပြီလေ"

"သမီးကိုတောင် နှုတ်မဆက်သွားဘူး"

"ဘာလို့နှုတ်မဆက်သွားတာလဲ ... နောက်ကျမှာစိုးလို့ အလျင်လိုနေတာနေမှာ။ ဦးလေးအတွက် ကော်ဖီတစ်ခွက်လောက် ဖျော်ပေးပါဦး" လို့ မစ္စတာအယ်ခိုကပြောတော့ ကျွန်မအောက်ထပ် မှာ ကော်ဖီသွားဖျော်ပါတယ်။

အခန်း(၂၈)

တစ်ပတ်လောက်ကြာတော့ မစ္စတာ အယ်ခိုရွန်ကီ ဆူဒန် က မိသားစုဆီလိုက်သွားပါတယ်။ သံရုံးကားကလာကြိုပြီး ကျွန်မ လည်း လိုက်သွားရပါတယ်။ မစ္စတာ အယ်ခိုရွန်ကီကိုပို့ပြီး ကားသမား က ကျွန်မကို မစ္စတာအယ်ခိုရဲ့ မိတ်ဆွေအိမ်ကို ပို့ပေးပါတယ်။

အန်တီဟာနမ်က ဆူဒန်ကိုမသွားခင်က သူတို့သူငယ်ချင်း အိမ်ရောက်တဲ့အခါ လိုက်နာရမယ့် စည်းကမ်းတွေကို ပြောပြထားခဲ့ ပါတယ်။

"ကိုယ်သွားတည်းမယ့် အိမ်ရှင်တွေခိုင်းရင် တတ်နိုင်သလောက်လုပ်ပေး။ ပြောစကား နားထောင် ပြန်ခံမပြောနဲ့။ အရေးကြီးဆုံးက အိမ်ထဲမှာနေ လုံးဝအပြင်မထွက်နဲ့။ အိမ်ရှင်အိုမာက နင့်ကိုငါ အိမ်သန့်ရှင်းရေးလုပ်ဖို့ ဒီကိုလာပို့မှသာ အပြင်ထွက်ရမှာနော်။ ငါတို့ ဆူဒန် ပြန်မရောက်မချင်း ဘယ်မှမသွားနဲ့" လို့ အန်တီဟာနမ်က ကျွန်မကို သေသေချာချာ မှာထားခဲ့ပါတယ်။ ကားသမားက ကျွန်မတည်းခိုရမယ့်အိမ်ကို ပို့ပေးခဲ့ပါတယ်။ ကျွန်မရောက်တော့ မနက်ခုနစ်နာရီလောက်ရှိပြီး အာရပ်အမျိုးသား တစ်ယောက် ကျွန်မကိုပြုံးပြပြီး တံခါးဖွင့်ပေးပါတယ်။

"နွေးထွေးစွာ ကြိုဆိုပါတယ်" လို့ပြောပြီး ကျွန်မအိတ်တွေကို ကူဆွဲပေးပါတယ်။

"လာ...လာ... အိမ်ထဲဝင်သမီး သမီးနာမည်က မန်ဒီနော်" လို့နှုတ်ဆက်ခရီးဦးကြိုပြုပါတယ်။ အိမ်ထဲကိုဝင်လိုက်တာနဲ့ ပျော်ရွှင်စရာကောင်းတဲ့ ပတ်ဝန်းကျင်ဖြစ်မယ်လို့ ယူဆမိပြီး ကျွန်မအိမ် လို ခံစားလိုက်ရပါတယ်။

"ဦးနာမည် အိုမာလို့ခေါ်ပါတယ်။ ဦးဇနီးနာမည်က မာဒီးနားလို့ ခေါ်တယ်"

ကျွန်မကို အန်တီမာဒီးနားက "သမီးက မန်ဒီနော်" လို့ ပြောပြီး နွေးထွေးစွာ ပွေ့ဖက်ပါတယ်။

"အန်တီ သမီးကိုမျှော်နေတာကြာပြီ။ ဘာသောက်မလဲ သမီး။ လက်ဖက်ရည်၊ ကော်ဖီ၊ အသီးဖျော်ရည်နဲ့ နွားနို့လည်းရှိတယ်နော်။ အားမနာနဲ့ သမီးသောက်ချင်တာပြော"

ပထမတော့ သူတို့ရဲ့ပျူငှာတဲ့ ဧည့်ဝတ်ကျေပွန်မှုကြောင့် ဘာပြောရမှန်းတောင် မသိတော့ပါဘူး။ ခဏကြာတော့ မစ္စတာအိုမာနဲ့ အန်တီမာဒီးနားတို့ဟာ စိတ်ကောင်းစေတနာ ရှိသူတွေဆိုတာ ပိုသိလာရပါတယ်။ သူတို့မှာ သမီးနှစ်ယောက်ရှိပြီး အကြီးက ငါးနှစ်နဲ့ အငယ်က သုံးနှစ်ဖြစ်ပါတယ်။ သူတို့အိမ်ကသေးပေမယ့် အငယ်မလေးအခန်းကို ကျွန်မအိပ်ဖို့ပေးပြီး အငယ်မလေးက အကြီးမလေးနဲ့ အိပ်ရပါတယ်။ ကျွန်မအိပ်တဲ့အခန်းမှာ ပြတင်းပေါက်တစ်ပေါက် ရှိပြီး လမ်းအပြင်ဘက်ကို လှမ်းမြင်ရပါတယ်။

ကျွန်မအခန်းထဲ အိပ် မနက်ဆို ဆယ်နာရီမှထ ရေချိုးပြီးမှ မနက်စာစားပါတယ်။

ရာသီဥတုသာယာလို့ နေထွက်ရင် အန်တီမာဒီးနားက အပြင် လမ်းထွက်လျှောက်ဖို့ ပြောပါတယ်။ ကျွန်မ အိမ်ကနေ ပန်းခြံ ကို ရောက်ဖို့ ဆယ်မိနစ်လောက်ကြာပြီး လမ်းလေး ရဲ့တစ်ဖက်စီမှာ အုတ်နဲ့ဆောက်ထားတဲ့ အိမ်လေးတွေ စီစီရီရီရှိပါတယ်။ ပထမတော့ ကျွန်မအပြင် မထွက်ရဲဘူး။ အန်တီဟာနမ်ကလည်း ဆူဒန်မသွားခင် အပြင်မထွက်ဖို့ သေသေချာချာ မှာထားခဲ့ပါတယ်။ နောက်တော့ အန်တီမာဒီးနားက ကလေးနှစ်ယောက်ပါ ပန်းခြံထဲအဖော်လုပ် ဆော့ပေးပါဆိုတဲ့အတွက် အိမ်အပြင်ထွက် ပန်းခြံထဲမှာ နားနား နေနေ အနားယူပါတယ်။

ကျွန်မရောက်တဲ့ ပထမပတ်ရဲ့ တနင်္ဂနွေနေ့မှာ အန်တီမာဒီးနား က ရှာဖတ်ဘတ်ရှ်လို့ခေါ်တဲ့ဈေးကို ခေါ်သွား ပါတယ်။ သူမလည်း ဆူဒန်နိုင်ငံသူဖြစ်လို့ ဆူဒန်ပြန်အမှတ်တရ လက်ဆောင်တွေဝယ်ခဲ့ပြီး ကျွန်မကိုလည်း ဇာနဲ့လုပ်ထားတဲ့ ဘရာစီယာလေးတစ်ထည် လက်ဆောင်ပေးပါတယ်။ ကျွန်မဘဝမှာ အသက်နှစ်ဆယ်နီးပါးအထိ ဘရာစီယာ မဝတ်ခဲ့ပါဘူး။ အန်တီ မာဒီးနားပေးတဲ့ ဘရာစီယာ လက်ဆောင်ကို သဘောကျပြီး ဝတ်ကြည့်တော့ သက်သောင့်သက်သာမရှိလှပါဘူး။

အန်တီမာဒီးနားဟာ သူငယ်ချင်းတွေဆီ အလည်သွားရင် ကျွန်မကိုခေါ်သွားတတ်ပါတယ်။ အန်တီမာဒီးနား သူငယ်ချင်းတွေ ဟာ အမြဲပြုံးရယ်နေတတ်ပြီး ကျွန်မကို ဆက်ဆံတာ တစ်ခါမှ မကြုံဖူးတဲ့ ဆက်ဆံမှုမျိုးတွေနဲ့ ဆက်ဆံကြပါတယ်။ လန်ဒန်မြို့ကြီးဟာ ကြောက်စရာကောင်းပြီး အကြမ်းဖက်မှုတွေ ပေါတဲ့ လူဆိုးလူမိုက် တွေပေါတယ်လို့ အန်တီဟာနမ်ပြောခဲ့တာနဲ့တော့ လုံးဝဆန့်ကျင်ဘက်ပါပဲ။

စနေနေ့တိုင်း နေ့လည်စာစားပြီးရင် အန်ကယ်အိုမာက မစ္စတာ ခိုရွှန်ကီအိမ် ကို သန့်ရှင်းရေးလုပ်ဖို့ ကျွန်မကိုလိုက်ပို့ပါတယ်။ ပထမဆုံး စနေနေ့မှာ အပူပေးစက် အောက်ခံခွက်က ရေတွေစိမ့်ထွက်လို့ သန့်ရှင်းရေးလုပ်ခဲ့ရပါတယ်။ အိမ်ရဲ့ တခြားနေရာတွေကတော့ ဘာမှ ထိခိုက်ပျက်စီးမှုလည်း မရှိ ဘာမှမဖြစ်လို့ ဘာမှတော့ မလုပ်ခဲ့ရပါဘူး။ အန်တီဟာနမ်ရဲ့ ကလေးတွေက တီဗီဖွင့်နည်း ပိတ်နည်းတွေကို သင်ပေးထားလို့ အိမ်သန့်ရှင်းရေးလုပ်ပြီးနောက် အန်ကယ်အိုမာ လာမကြိုခင် တီဗီဖွင့်ကြည့်လေ့ရှိပါတယ်။

တီဗီကလာတဲ့လိုင်းက အင်္ဂလိပ်လိုတွေဖြစ်လို့ ဘာမှ နားမလည်ပေမယ့် စနေနေ့ နေ့လယ်ပိုင်းလာနေကျ ဘဝသရုပ်ဖော်ဇာတ်လမ်းကို ကြည့်နေတတ်ပါတယ်။ ပထမပတ်စနေမှာ အန်ကယ်အိုမာက မစ္စတာခိုရွှန်ကီအိမ်ပို့ပြီး ကျွန်မကိုအပြင်က သော့ခတ်ခဲ့ပါတယ်။ ကျွန်မက လန်ဒန်မှာ သူစိမ်းတစ်ယောက်ဖြစ်လို့ ကျွန်မလုံခြုံစိတ်ချရအောင် ခြံတံခါးကို သော့ခတ်ထားတယ်လို့ ကျွန်မထင်ပါတယ်။

"မန်ဒီ ဘယ်သူ့ကိုမှ သော့မဖွင့်ပေးနဲ့နော်။ တစ်ယောက်ယောက် လူခေါ်ဘဲလ်တီးရင် ချောင်းကြည့်ပေါက်ကနေ ဘယ်သူလဲ ဆိုတာ အရင်ကြည့်။ ကိုယ်နဲ့မသိရင် မဖွင့်ပေးနဲ့နော်သမီး" လို့ ကျွန်မကို ပြောထားပါတယ်။

ဒုတိယပတ် စနေရောက်တဲ့အခါ အန်ကယ်အိုမာက ကျွန်မကို သူလာကြိုတာ နောက်ကျမယ်ပြောပြီး သော့တွေ ပေးထားခဲ့ပါတယ်။ အန်ကယ်အိုမာတို့ မိသားစုဟာ ကျွန်မကို သူတို့မိသားစုလို လိုလေသေးမရှိ ဆက်ဆံပါတယ်။

"သမီးက ဟာနမ်ရဲ့ ညီမအိမ်မှာနေခဲ့တယ်နော် ဟုတ်လား" လို့ အန်ကယ်အိုမာက တစ်ညနေ ထမင်းစားနေတုန်း ကျွန်မကိုမေး ပါတယ်။

"ဟုတ် အန်ကယ်... ကျွန်မဒီကိုမလာခင် သူတို့အိမ်မှာ နှစ် အနည်းငယ်နေခဲ့ပါတယ်"

"သမီး အဲ့မှာ နှစ်တွေအများကြီးနေခဲ့တော့ သူတို့မိသားစု တွေနဲ့ ရင်းနှီးနေမှာပဲနော်" လို့ အန်တီမာဒီးနားက မေးပါတယ်။

ကျွန်မခေါင်းညိတ်ပြလိုက်ပါတယ်။ ကျွန်မကို သခင်မ ရာဟတ်က ခုနစ်နှစ်ကျော် အိမ်ကျွန် အဖြစ်ခိုင်း နှိပ်စက်နေတာကို အန်ကယ်အိုမာနဲ့ အန်တီမာဒီးနားတို့ လုံးဝမသိကြပါဘူး။

ကျွန်မ သူတို့ကို အဲဒီအကြောင်းတွေကို မပြောပြချင်ပါဘူး။ ပြောပြရင်လည်း သူတို့ဟာ ခင်မင်ရင်းနှီးနေကြလို့ အန်ကယ်အိုမာနဲ့ အန်တီမာဒီးနားတို့ကို ကျွန်မလုံးဝမယုံပါဘူး။ ကျွန်မက အိမ်ကျွန် တစ်ယောက်လို့ အန်ကယ်အိုမာတို့သိသွားရင် ကျွန်မ အပြင်ထွက်ရတော့မှာမဟုတ်ပါဘူး။ ကျွန်မလွတ်လပ်မှုလေး မဆိုသလောက်ရနေတာကို အဆုံးရှုံးမခံနိုင်ပါဘူး။

တစ်ညနေ အန်တီမာဒီးနား ကျွန်မကို ထမင်းစားဖို့ခေါ်တဲ့ အချိန် ကျွန်မမိသားစုကို သတိရတဲ့အပြင် ကျွန်မရဲ့ ဆိုးဝါးလှတဲ့ ကံကြမ္မာကိုတွေးရင်း ငိုနေမိပါတယ်။

အောက်ထပ်ကို ထမင်းစားမဆင်းလို့ အန်တီမာဒီးနားက သမီးအကြီးမ ရာရှာကိုလွှတ်ပြီး ခေါ်ခိုင်းပါတယ်။

ကျွန်မအခန်းထဲရောက်လာတော့ ညီမရာရှာက

"အစ်မမန်ဒီရယ် လာပါ။ ညနေစာ ညီမလေးတို့နဲ့စား ကြရအောင်" လို့ ကျွန်မခေါ်ပါတယ်။

ကျွန်မမျက်နှာမှာ မျက်ရည်တွေကျနေတာကိုမြင်သွားတဲ့ အခါ

"အစ်မမန်ဒီ ဘာလို့ငိုနေတာလဲ။ ဘာဖြစ်လို့လဲအစ်မ" လို့ပြောပြီး ကျွန်မအိပ်ရာနား လာထိုင်ပြီး ကျွန်မကိုမေးနေပါတယ်။

"မငိုပါဘူးရာရှာ အစ်မခေါင်းကိုက်နေလို့ပါ" လို့ ကျွန်မ မျက်ရည်တွေသုတ်ပြီး ပြောလိုက် မိတယ်။

အန်ကယ်အိုမာအောက်ထပ်ကနေ ထမင်းစား ထပ်ခေါ် ပါတယ်။

"သမီးတို့နှစ်ယောက်လာတော့လေ ထမင်းစားနောက်ကျ နေပြီ"

"ဒယ်ဒီ အစ်မမန်ဒီငိုနေတယ်"

အန်ကယ်အိုမာ အပေါ်ထပ်တက်လာပြီး

"သမီးမန်ဒီ ဘာဖြစ်လို့ငိုနေရတာလဲ အန်ကယ်တို့နဲ့ ထမင်း လာစားလေ"

"ဘာမှမဖြစ်ပါဘူးအန်ကယ် သမီးထမင်းမဆာလို့ပါ။ စားချင်စိတ်လည်းမရှိဘူး အန်ကယ်"

"သမီးမစားဘူးဆိုရင် ဦးတို့လည်း မစားတော့ဘူး အငတ် ခံကြမယ်" လို့ပြောတော့ ကျွန်မအရမ်းပျော်ရွှင်သွားပြီး ဦးလေးအိုမာ ကို ပြုံးပြလိုက်ရင်း မျက်ရည်တွေကိုသုတ် အောက်ထပ်ကို ထမင်းစား လိုက်သွားပါတော့တယ်။

"ဘာဖြစ်လို့လဲသမီးမန်ဒီ။ မိသားစုကို သတိရနေလို့လား။ အန်တီတို့လည်း မိသားစုကို သတိရတာပဲ။ မငိုပါနဲ့သမီးရယ်။ စားကြရအောင် ဟင်းတွေတောင်အေးတော့မယ်" လို့ ကျွန်မ ထမင်းစားစားပွဲကို ထိုင်လိုက်တဲ့အခါ အန်တီမာဒီးနားက ပြောပါတယ်။

တတိယနေ့မှာ အိုမာ ကျွန်မကို မစ္စတာခိုရှွန်ကိုအိမ်မှာ သန့်ရှင်းရေးလုပ်ဖို့ လိုက်ပို့ပေးပါတယ်။ အန်ကယ်အိုမာမှာ ကိုယ်ပိုင် ကားမရှိလို့ လိုင်းကားနဲ့ပဲ လိုက်ပို့တာပါ။ လိုင်းကားစီးရတာ မိနစ်သုံးဆယ် လောက်ကြာလို့ အန်ကယ်အိုမာ သူ့စိတ်ထဲဖြစ်ပေါ်ခံစားနေတဲ့ ကိစ္စ ကားပေါ်မှာ ကျွန်မကို မေးလိုက်ပါတယ်။

"မန်ဒီ... မနေ့ညက ဘာလို့ငိုတာလဲသမီး။ ဦးကိုပြောပြလေ တစ်ယောက်ယောက်က သမီးကိုနှိပ်စက်လို့လား။ ဘာဖြစ်လို့ သမီး ဝမ်းနည်းနေတာလဲ"

"ဘာမှမဖြစ်ပါဘူး ဦးလေးအိုမာ ဘယ်သူကမှ သမီးကို မနှိပ်စက်ပါဘူး"

"ဘယ်သူမှ မနှိပ်စက်ရင် သမီးဘာလို့ငိုနေတာလဲ။ ဘာလို့ ဝမ်းနည်းပြီး စိတ်ပျက်နေတာလဲ"

"ဦးလေးတို့မိသားစုက သမီးအပေါ် အရမ်းကြင်နာကြတယ်။ ဦးလေးတို့မိသားစုက မစ္စတာခိုရှွန်ကီတို့ မိသားစုထက် အစစအရာရာ သမီးကို ဂရုစိုက်ကြတာကိုတွေးပြီး စိတ်မကောင်းဖြစ် လို့ပါ" လို့ ပါးပြင်ပေါ်က မျက်ရည်တွေကိုသုတ်ပြီး ပြောပြမိတယ်။

"သူတို့က သမီးကို မညှာမတာဆက်ဆံလို့ ငိုနေတာလား သမီး မန်ဒီ"

"မဟုတ်ပါဘူး။ အန်ကယ်အိုမာ ကျွန်မမိဘနဲ့ မိသားစုကိုသတိရလို့ ငိုနေတာပါ" လို့ ကျွန်မလိမ်ပြောလိုက်ပါတယ်။

"သမီးမန်ဒီ လူတိုင်းက အဝေးရောက်နေရင် သူတို့ချစ်တဲ့ လူတွေကို သတိရကြတယ်။ ဦးလည်း ဦးရဲ့အဖေအမေတွေကို သတိရတာပါပဲ။ အဲဒါ ငိုစရာကိစ္စမဟုတ်ဘူးသမီး။ သမီးအလုပ်ကြိုး စားလို့ ငွေစုပြီးရင် မိသားစုကို ပို့လို့ရတာပေါ့"

ဆက်ပြီး ကျွန်မခေါင်းညိတ်ပြလိုက်ပါတယ်။ အန်ကယ်အိုမာက

"မစ္စတာခိုရှုန်ကီအိမ်မှာ ဘာအလုပ်တွေလုပ်ရလဲ သမီး"

"သမီးလုပ်ရတဲ့ အလုပ်တွေက အများကြီးပါပဲ။ အိမ်သန့် ရှင်းရေး လုပ်ရတယ်။ အဝတ်လျှော်၊ မီးပူတိုက်၊ ထမင်းချက်ဟင်းချက် လုပ်ရတဲ့အပြင် ကလေးတွေပါထိန်းပေးရတယ်အန်ကယ်"

"သမီး အဲဒီအလုပ်တွေ အကုန်လုပ်ရတာလား။ တစ်နေ့ကို ဘယ်နှစ်နာရီလုပ်ရလဲသမီး"

ကျွန်မ ဝမ်းနည်းလွန်းလို့ ခေါင်းကိုအနည်းငယ်ခါလိုက်ပြီး

"သမီးမှာ အလုပ်ချိန်သတ်မှတ်ထားတာမရှိဘူး။ မနက် မိုးလင်းကနေ ညအိပ်ချိန်အထိ အလုပ်လုပ်ရပါတယ် အန်ကယ်။ ကျွန်မတို့စကားပြောနေရင်း မစ္စတာခိုရှုန်အိမ်ကို လမ်းလျှောက်ရမယ့် မှတ်တိုင်မှာ ဘတ်စ်ကားရပ်သွားပါတယ်။

"သမီးမနက်ဒီ ဦးလေးအလုပ်သွားတော့မယ်။ အလုပ်ဆင်းလို့ သမီးကို ပြန်လာကြိုရင် ဦးမေးတာတွေ၊ ဦးသိချင်တာတွေ သမီးကိုမေးရင် ဖြေရမယ်နော်" လို့ပြောပြီး မစ္စတာ ခိုရှုန်ကီအိမ်အထိ ပို့ခဲ့ပါတယ်။

အန်ကယ်အိုမာ အလုပ်ကအပြန်လာကြိုပြီး ကားပေါ်မှာ-

"သမီးတစ်နေ့ကို ဘယ်နှစ်နာရီလောက် အလုပ်လုပ်ရလဲ"

ကျွန်မ ခဏလောက် ဆွံ့အသွားပြီး-

"သမီး အဲဒီအကြောင်းတွေကို မပြောချင်တော့ပါဘူး အန်ကယ်"

"ဘာဖြစ်လို့ မပြောချင်ရတာလဲ"

"ဦးကို သမီးအကြောင်းတွေကိုပြောပြရင် ဦးက မစ္စတာ ခိုရှုန်ကီကိုပြောပြ ဒါမှမဟုတ် ဦးရဲ့ဇနီးကိုပြောလို့ ဦးရဲ့ဇနီးက အန်တီဟာနမ်ကိုပြောပြရင် သမီးဒုက္ခရောက်မှာစိုးလို့ပါအန်ကယ်"

"သမီးစိတ်ချ... အန်ကယ် ဘယ်သူ့ကိုမှမပြောဘူး။ သမီးနဲ့ အန်ကယ် နှစ်ယောက်ပဲ သိစေရမယ်။ သမီး အန်ကယ်ကို သမီးရဲ့ဒုက္ခ တွေပြောပြမှ အန်ကယ်က သမီးကိုကူညီနိုင်ရင် ကူညီလို့ရမှာပေါ့"

ဘတ်စ်ကားစီးလာရင်း ကျွန်မတို့ရဲ့မှတ်တိုင်ကို ရောက်သွားလို့ ကျွန်မ စိတ်သက်သာရာ ရသွားပါတယ်။

"ကဲ အန်ကယ်တို့ မှတ်တိုင်လည်းရောက်ပြီ နောက်အပတ် စနေနေ့ကျရင်ပြောပြ ဟုတ်ပြီလား"

အန်ကယ်အိုမာဟာ မစ္စတာခိုရှုန်ကီနဲ့ သံရုံးမှာအတူအလုပ် လုပ်ကြပါတယ်။ အမှန်တော့ ကျွန်မအကြောင်းတွေကို အန်ကယ်အိုမာ့ကို ပြောပြချင်ပေမယ့် သူတို့နှစ်ယောက် သံရုံးမှာ အတူတူလုပ် ကြလို့ အန်ကယ်က မစ္စတာခိုရှုန်ကီကို ပြန်ပြောမှာစိုးလို့ မပြောဖြစ် ခဲ့တာပါ။

အန်ကယ်အိုမာတို့ အိမ်မရောက်ခင်က ကျွန်မအရမ်းပိန်ပေမယ့် ဒီအိမ်ကိုရောက်လို့ သုံးပတ်လောက် ကြာတဲ့အခါ ပျော်လည်းပျော် ကျန်းလည်းကျန်းမာလာပြီး ခန္ဓာကိုယ် ပေါင်အလေးချိန် တက်လာခဲ့တယ်။

ကျွန်မစိတ်ထဲမှာ အိုမာတို့မိသားစုကို အရမ်းချစ်ခင်လာတဲ့အပြင် ယုံကြည်လာပါတယ်။ လာမယ့်စနေနေ့ကျရင် အန်ကယ် အိုမာမေးတဲ့ မေးခွန်းတွေကိုဖြေဖို့ ဆုံးဖြတ်လိုက်ပါတယ်။ စနေနေ့ ရောက်လို့ ကားစီးကြတဲ့အခါ-

"သမီးမန်ဒီ ဦးပြောတာယုံပါ။ ဦးဘယ်သူ့ကိုမှမပြောပါဘူး။ သမီးကို တတ်နိုင်သလောက် ကြိုးစားပြီး ကူညီမယ်လို့ ကတိပေးပါတယ်။"

"ဦးဘာသိချင်လဲ။ သမီးအကြောင်းနဲ့ပတ်သက်လို့ ဦးသိချင်တာ သမီးဖြေပေးမယ်လေ"

"ဝမ်းသာလိုက်တာသမီးရယ်။ သမီး မစ္စတာခိုရှွန်ကီအိမ်မှာ အလုပ်လုပ်တာ ဘယ်လောက် ကြာပြီလဲ"

"သိပ်မကြာသေးပါဘူး"

"တစ်နေ့ကို ဘယ်နှစ်နာရီ အလုပ်လုပ်ရလဲ"

"တစ်နေ့လုံး အလုပ်လုပ်ရပါတယ်။ နေ့တိုင်းပါပဲ"

"သမီးပင်ပန်းမှာပဲနော်။ တစ်ပတ်ကို ဘယ်နှစ်ရက်နားရလဲ"

"သမီးမှာ နားရက်ဆိုတာမရှိဘူး။ အန်ကယ်ပြောသလို သမီး အရမ်းပင်ပန်းတာ"

"အလုပ်သမားတိုင်းမှာ အလုပ်သမားအခွင့်အရေးရှိတယ်။ အလုပ် နားရက်မပေးဘဲနဲ့ သူတို့ သမီးကိုအဲဒီလိုခိုင်းလို့မရဘူး"

"ဒါနဲ့ သမီးအလုပ်လုပ်တာ တစ်နာရီ ဘယ်လောက်ရလဲ"

"အန်ကယ်ဘာပြောတာလဲ အန်ကယ်ပြောတာ သမီး နားမလည်ဘူး"

"အန်ကယ်မေးတာ သူတို့အတွက် သမီးအလုပ်လုပ်ရင် ပေးရတဲ့ လုပ်အားခ တစ်နာရီ ဒါမှမဟုတ် တစ်ရက်ကို ဘယ်လောက် ပေးလဲ"

"သမီး အန်ကယ်ပြောတာ ဘာမှနားမလည်ဘူး။ သမီးဘာလုပ်ခမှမရပါဘူး။

"သမီးဘာပြောလိုက်တယ်။ လုပ်ခလစာမရဘူး ဟုတ်လား။ မဖြစ်နိုင်တာသမီးရယ်" လို့ပြောပြီး အန်ကယ်အိုမာက

"လန်ဒန်မှာရှိတဲ့လူတွေ အလုပ်လုပ်ရင် လုပ်ခလစာရတယ်။ အားလပ်ရက်ရတယ်။ အဲဒါ ဥပဒေက ပြဋ္ဌာန်းထားတာသမီး။ ဦးတို့ အလုပ်လုပ်နေတဲ့ သံရုံးမှာ သန့်ရှင်းရေး အမျိုးသမီးတစ်ယောက် ရှိတယ်။ တစ်နာရီအလုပ်လုပ်ရင် ငါးပေါင်ကနေ ခြောက်ပေါင်ရတယ်သမီး။ အပတ်တိုင်း အလုပ်နားချိန်ရှိတယ် သမီး"

"သမီးကို လုပ်ခမပေးပါဘူး။ အန်ကယ်အိုမာရယ် တကယ် ပြောတာပါ"

"အန်ကယ်ပြောတာနားထောင် သမီး။ သမီးကို လုပ်ခမပေးဘဲ သူတို့ သမီးကို အလုပ်လုပ်ခိုင်းလို့မရဘူး သမီး။ ဦးပြောတာကို မစ္စတာ ခိုရှွန်ကီကို သွားမပြောနဲ့ဦးနော်"

"မပြောပါဘူးအန်ကယ်ရယ်။ သမီးပြောတာ အမှန်တွေပါ"

"သမီး လုပ်ခမရဘူးဆို လန်ဒန်ကို ဘာလို့လာတာလဲ။ လုပ်ခမရရင် အဲဒီအလုပ်ကထွက်ပြီး တခြားအလုပ်မရှာဘူးလား" လို့ကျွန်မကို မေးတဲ့အခါ

ကျွန်မဘာမှမပြောဘဲ ဘတ်စ်ကားပြတင်းပေါက်ကနေ အပြင်ဘက်ကို ငေးကြည့်နေပါတယ်။

အန်ကယ်အိုမာက ကျွန်မမျက်နှာကို အသာလေး သူ့ဘက် လှည့်လိုက်ပြီး-

“အန်ကယ့်ကိုကြည့်ပါဦး သမီး။ လန်ဒန်မှာ အလုပ်သမားတွေ အားလုံးကို လုပ်ခမပေးလို့ မရဘူး သမီး။ အဲလို သမီးလုပ်ခမရဘူးဆိုရင် သမီးသူတို့ကို တရားစွဲလို့ရတယ်”

အန်ကယ်အိုမာ ပြောနေတာကို ကျွန်မတွေးကြည့်မိလိုက်တယ်။ သာမန်လူတွေက သတ်မှတ်ထားတဲ့အချိန်မှာ အလုပ်လုပ်ကြပြီး လုပ်ခလစာ ရကြပါတယ်။ ကျွန်မက ကျွန်တစ်ယောက်ဖြစ်လို့ လုပ်ခလစာ မရတာများလား။ ကျွန်မ အန်ကယ်အိုမာ ပြောနေတာကို ဘာမှမသိပါဘူး။

စဉ်းစားကြည့်မယ်ဆိုရင် အန်ကယ်အိုမာ ကျွန်မရဲ့အခြေအနေမှန်ကို မှန်းဆလို့ရနိုင်ပါတယ်။ အန်ကယ်က ဆူဒန်နိုင်ငံသား ဖြစ်လို့ ဆူဒန်နိုင်ငံမှာ ကျွန်စနစ်ရှိတယ်ဆိုတာ သူသိပါတယ်။ အန်ကယ် ကျွန်မရဲ့အခြေအနေ အားလုံးကို သိခဲ့မယ်ဆို ရဲကိုအကြောင်း ကြားရမှာဖြစ်ပါတယ်။ အဲဒီလိုဆိုရင် သူနဲ့ သံရုံးမှာအတူတူလုပ်တဲ့ သူ့ရဲ့စီနီယာ မစ္စတာ ခိုရွန်ကီနဲ့ ပြဿနာတွေ ရှင်းရမှာဖြစ်ပါတယ်။ အဲဒီလိုရှင်းရမယ် ဆိုရင် သူ့ရဲ့သံရုံးအလုပ်ကနေ ပြုတ်မှာသေချာပါတယ်။

လန်ဒန်မြို့ကြီးဟာ နေစရာကောင်းတဲ့ အလွန်ခင်မင်သူတွေ ပေါများတဲ့လူတွေနေတဲ့မြို့ကြီး ဖြစ်တယ်ဆိုတာကို သိခဲ့ရပါတယ်။ အန်ကယ်အိုမာတို့မိသားစုရဲ့ ကြင်နာမှုတွေ၊ ချစ်ခြင်းမေတ္တာ တွေနဲ့အတူ ကျွန်မဟာ လူသားတစ်ယောက်လို နေထိုင်ခွင့်ရခဲ့တဲ့ အန်ကယ်တို့မိသားစုကျေးဇူးကို ဘယ်တော့မှမမေ့ပါဘူး။ လူဆိုတာ လူ့အခွင့်အရေးရှိရတယ်။ ဒီနိုင်ငံမှာ ကျွန်စနစ်ဆိုတာ မရှိဘူးဆို တာ အန်ကယ်အိုမာ ကျွန်မကိုပြောပြခဲ့လို့ ကျွန်မလွတ်မြောက်ဖို့ ကျွန်မမျက်စိတွေကို ဖွင့်ပေးခဲ့ပါတယ်။

ကျွန်မ ကျွန်ဘဝကို ပြန်သွားရမယ်ဆို ကျွန်မကိုယ်ကျွန်မ ဒီတစ်ခါ အဆုံးစီရင်မိမှာအမှန်ပဲ။ မစ္စတာခိုရွန်ကီနဲ့ အန်တီဟာနမ်တို့ လန်ဒန်ကိုပြန်မလာခင် ရတဲ့အခွင့်အရေးကို မိမိရရ အသုံးချ ရမယ်ဆိုတာ ကျွန်မသိလိုက်ပါပြီကော။

ပထမတော့ အန်ကယ်အိုမာကို အကူအညီတောင်းမယ် လို့ စဉ်းစားလိုက်ပေမယ့် အန်ကယ်က မစ္စတာခိုရွန်ကီနဲ့ အနီးကပ် နေတာကြောင့် သူ့အတွက် အခက်အခဲရှိနိုင်လို့ အန်ကယ်ဆီက အကူအညီတောင်းဖို့ မေ့ထားလိုက်ပါတယ်။ အကူအညီတောင်း တဲ့အခါ လန်ဒန်မှာနေတဲ့ အန်တီဟာနမ်နဲ့ မစ္စတာခိုရွန်ကီတို့နဲ့ သိကျွမ်းမှုမရှိတဲ့ နူဘာမျိုးနွယ်စု ဆူဒန်လူမျိုးတွေကို အကူအညီ တောင်းဖို့ လိုက်ရှာရမယ်။

တစ်မနက် ကျွန်မဈေးဝယ်ထွက်မယ်လို့ အန်တီမာဒီးနားဆီက ခွင့်တောင်းလိုက်ပါတယ်။

ကျွန်မ အိမ်မှုကိစ္စတွေဝိုင်းလုပ်ပေးပြီးနောက် ပန်းခြံထဲ ထွက်ခဲ့ပါတယ်။ နေသာတဲ့နေ့ ဖြစ်တာကြောင့် ပန်းခြံထဲမှာ လူတွေ အများကြီးရှိပါတယ်။ လူမည်းတွေတွေ့တော့ လိုက်ကြည့်တဲ့အခါ ဆူဒန်လူမျိုးပုံမပေါက်ကြပါဘူး။ ကျွန်မ ပန်းခြံတစ်ခုလုံးအနှံ့ လူမည်း ဆူဒန်လူမျိုးတွေ ရှာမတွေ့တာနဲ့ အိမ်ပြန်ခဲ့ပါတယ်။ နောက်တစ်နေ့ အန်တီမာဒီးနားက ဈေးဝယ်ထွက်ခေါ်သွားခဲ့လို့ ဆူဒန်လူမျိုး ရှာပုံတော် မထွက်ခဲ့ပါဘူး။

တတိယမြောက်နေ့မှာ ဈေးဝယ်စင်တာတစ်ခုထဲ ကျွန်မ လူမည်းဆူဒန်တွေ သွားရှာခဲ့ပါတယ်။ လူမည်းဆူဒန်လို့ ယူဆရတဲ့တစ်ယောက်ကို ဖိနပ်ဆိုင်နားမှာ တွေ့လိုက်တော့ အားတင်းပြီး အာရေဗျလို "ဟယ်လို" လို့ နှုတ်ဆက်လိုက်ပါတယ်။

သူက ကျွန်မဘက်လှည့်ပြီး အင်္ဂလိပ်လို "ဟယ်လို" လို့ နှုတ်ဆက်လိုက်ပါတယ်။

ကျွန်မက သူ့ကို "အာရပ်စကားပြောတတ်လား" လို့ အာရပ် လို မေးလိုက်ပါတယ်။

"သမီး ဘာတွေပြောနေတာလဲ သမီးပြောတာ ဘာမှ နားမလည်ဘူး"ဟု မျက်နှာကိုရှုံ့မဲ့ ပုခုံးကိုတွန့်ပြပြီး ပြောပါတယ်။

ကျွန်မလည်း "တောင်းပန်ပါတယ်" လို့ ပြောပြီး ရှက်လည်းရှက် စိတ်လည်းပျက်လို့ ပြန်လှည့်ထွက်လာတဲ့ ကျွန်မကို လူအုပ်ကြီး က ဝိုင်းကြည့်နေကြပါတယ်။ နောက်တစ်နေ့ ရောက်တဲ့အခါ ကျွန်မ ထပ်ကြိုးစားဖို့ စိတ်ကကျွန်မကို စေ့ဆော်နေပါတယ်။ နေ့လယ်စာ စားပြီးတော့ ကျွန်မ အန်တီမာဒီးနားဆီကို အပြင်ထွက်ခွင့်တောင်း တဲ့အခါ

"သမီး ဒီနေ့က ရာသီဥတုအေးတယ်။ ဘာလို့အပြင်ထွက်ချင်တာလဲသမီးရယ်"

"သမီးလေကောင်းလေသန့် ရှူချင်လို့ပါအန်တီ။ သိပ်မကြာစေရပါဘူး" ဟိုနားဒီနား လမ်းလျှောက်ရုံပါပဲ အန်တီ"

မစ္စတာခိုရှန်ကီနဲ့ အန်တီဟာနမ်တို့ နောက်နှစ်ရက်လောက်ဆို ပြန်ရောက်လာတော့မယ် ဆိုတာ အန်တီမာဒီးနားက ပြောပြထားလို့ ကျွန်မအတွက် နောက်ဆုံးအခွင့်အရေးကို လက်မလွှတ်ချင်ဘူး။

ကျွန်မ ရှော့ပင်းမောထဲမှာ လူမည်းဆူဒန် နဲ့တူတဲ့လူတွေ လိုက်ရှာတာ မတွေ့ပါဘူး။ ကျွန်မ လက်လျှော့ပြီး အိမ်ကိုပြန်လာခဲ့တယ်။ အိမ်ပြန်လာတဲ့အခါ မိုးလေးတွေ ဖွဲဖွဲကျနေလို့ အမိုး အကာရှိတဲ့ ဘတ်စ်ကားဂိတ်မှာ မိုးခိုနေခဲ့ပါတယ်။ ဘတ်စ်ကားဂိတ် နားမှာ ကားရေဆေး ဆီဖြည့်ဆိုင်တစ်ဆိုင် ရှိပါတယ်။ အဲဒီဆိုင်မှာ လူမည်းတွေ ကားရေဆေးနေကြပါတယ်။ နောက်တခြားလူတွေက ကားဘီးတာယာတွေ တပ် ကားဘီးလေထိုးနေကြပါတယ်။

ကျွန်မ တာယာလေထိုးနေတဲ့ လူမည်းတစ်ယောက်နားကို သွားပါတယ်။ သူ့နား မတ်တပ်ရပ်လိုက်ရင်း အားတင်းပြီး အာရေဗျ လို "ဟယ်လို" လို့

နှုတ်ဆက်လိုက်ပါတယ်။ သူက အလုပ်လည်းရှုပ်နေ ရေဒီယိုဖွင့်ထားတဲ့အသံကြောင့် ကျွန်မကို သတိထားမိဟန် မပေါ်ပါဘူး။

ကျွန်မ နောက်လှည့်ပြီး ပြန်ထွက်သွားဖို့လုပ်လိုက်ပြီးမှ နောက်တစ်ကြိမ် ကြိုးစားကြည့်ဦးမှပဲ လို့ တွေးမိပြီး

"ဟယ်လို" လို့ နည်းနည်းအသံကျယ်ကျယ်နဲ့ နှုတ်ဆက် လိုက်ပါတယ်။

"ဟဲလို ညီမလေး" သူက ကျွန်မကို အံ့ဩတဲ့အသံနဲ့ အာရပ် လို ပြန်နှုတ်ဆက်တော့ ကျွန်မအရမ်းဝမ်းသာသွားပါတယ်။

"ညီမက ဘယ်ကလာတာလဲ"

"ညီမ ဆူဒန်ကလာတာပါ အစ်ကို" လို့ပြောပြီး ကျွန်မ ရင်တွေ တလှပ်လှပ်ခုန်နေပါတယ်။

"အစ်ကိုကလည်း ဆူဒန်ကလာတာညီမ" ဆက်ပြီးတော့ သူက-

"ညီမ ဆူဒန်နိုင်ငံ ဘယ်နေရာမှာနေတာလဲ"

"ညီမက နူဘာတောင်တန်းတွေမှာနေတာ အစ်ကို"

"အော် ညီမက ဆူဒန်တောင်ပိုင်းကပေါ့။ အစ်ကိုလည်း ဆူဒန်တောင်ပိုင်းကလာတာညီမ"

သူက ကျွန်မကိုဆက်ပြီး ထပ်မေးပါတယ်။

"ဒါနဲ့ညီမနာမည် ဘယ်လိုခေါ်လဲ လန်ဒန်ရောက်တာ ဘယ်လောက်ကြာပြီလဲ"

"ညီမနာမည် မန်ဒီပါ။ လန်ဒန်ကိုရောက်တာ သုံးလနီးပါးပဲ ရှိသေးတယ်"

"အစ်ကို့နာမည်က အလူရမ်အကူအက်တ်ဘောပါညီမ။ ညီမ အခုဘယ်မှာနေလဲ"

"ညီမ ဒီနားမှာနေပါတယ်။ အစ်ကို တစ်ခုလောက် ကူညီပါလား ညီမကို လန်ဒန်မှာ အစ်ကိုနဲ့သိတဲ့ ဆူဒန်လူမျိုးတွေရှိလား" လို့ မျှော်လင့်တကြီးနဲ့ မေးလိုက်ပါတယ်။

သူ ခဏတာ တိတ်ဆိတ်သွားပြီး "အစ်ကိုနဲ့ခင်တဲ့ နူဘာမျိုးနွယ်ဝင်တစ်ယောက်တော့ ရှိတယ် ညီမ"

"တကယ်လားအစ်ကို... ကျွန်မကို ဆက်သွယ်ပေးလို့ရ မလား"

"ရတာပေါ့ညီမရယ် သူ့ဖုန်းနံပါတ် အစ်ကို့ဆီမှာရှိတယ်။ အစ်ကိုဖုန်းခေါ်ပေးမယ်လေ။ ညီမကြည့်ရတာ နူဘာမျိုးနွယ်စုဝင် တစ်ယောက်ကို အရမ်းတွေ့ချင်နေတယ်နဲ့တူတယ်"

"ဟုတ်ကဲ့အစ်ကို ညီမအတွက် အရေးကြီးလို့ပါ"

ဒါပေမယ့် အရာရာကို သတိထားရပါမယ်။ အန်ကယ်အိုမာ နဲ့ အန်တီမာဒီးနားတို့ ဒုက္ခမရောက်အောင် အထူးသဖြင့် မစ္စတာ ခိုရှွန်ကီနဲ့ အန်တီဟာနမ်တို့ မရိပ်မိအောင် သတိထားရပါမယ်။

"ဟယ်လို ဘာဘိုလား.... ဟိုင်း ငါပါ အလူရမ်ပါ မင်းကို လူတစ်ယောက်

စကားပြောချင်လို့တဲ့ ငါဖုန်းပေးလိုက်မယ်နော်” လို့ ပြောပြီး အစ်ကိုအလူရမ်က ကျွန်မကို ဖုန်းလှမ်းပေးပါတယ်။ ဘာဘို ဆိုတာ ကျွန်မအစ်ကိုနာမည်နဲ့တူလို့ ပိုလို့တောင် ရင်ခုန်ရပါတယ်။

“ဟယ်လို အစ်ကိုဘာဘို” လို့ ကျွန်မလက် တုန်တုန်ရီရီနဲ့ ဖုန်းကိုကိုင်ပြီး ပြောလိုက်ပါတယ်။

“ဟယ်လို ညီမလေး”

“အစ်ကို့သူငယ်ချင်းက အစ်ကို့နာမည် ညီမလေးကိုပြောပြပါတယ်။ အစ်ကို ညီမနာမည်ကို သိလား။ ညီမနာမည်က မန်ဒီလို့ ခေါ်ပါတယ်။ ညီမက အသက်နှစ်ဆယ်ရှိပါပြီ အစ်ကို” စိတ်တွေ လှုပ်ရှားပြီး ပြောပြလိုက်တယ်။

“ညီမအသံက နူဘာမျိုးနွယ်စုအသံနဲ့တူတယ်နော်”

“ဟုတ် အစ်ကို ညီမက နူဘာမျိုးနွယ်စုဝင် ခါခိုနွယ်ဝင်ပါ”

“ညီမက အစ်ကို့သူငယ်ချင်းနဲ့ အဲ့မှာဘာလုပ်နေတာလဲ ညီမ” လို့ ကျွန်မကိုမေးတော့ ကျွန်မထောင့်တစ်နေရာကိုသွားပြီး-

“ညီမ အစ်ကိုရဲ့အကူအညီ လိုအပ်လို့ပါ”

“ဘာအကူအညီလဲညီမ၊ ဘာကူညီရမလဲ”

“ပထမဆုံးပြောချင်တာက အစ်ကို ညီမပြောတာတွေကို ယုံပေးပါနော်” လို့ဆိုပြီး ကျွန်မရဲ့ ငယ်ဘဝဖြစ်ကြောင်းကုန်စင် အကုန်ပြောပြလိုက်ပါတယ်။ ကျွန်မအကြောင်းတွေ ပြောပြီးတဲ့အခါ အတန်ကြာ တိတ်ဆိတ်သွားကြပါတယ်။

“ညီမပြောနေတာတွေ အမှန်ပဲနော်။ ညီမက ကလေးဘဝ က အဖမ်းခံခဲ့ရပြီး ကျွန်အဖြစ် ရောင်းစားခံခဲ့ရတာတွေက အမှန်ပဲ နော်။ နောက် လန်ဒန်ကို ရောက်လာတာနော်”

“ဟုတ်ကဲ့ အစ်ကိုဘာဘို ကျွန်မပြောတာတွေက အမှန်တွေပါပဲ။ ယုံပါအစ်ကို အစ်ကိုညီမကို ဒီဘဝကနေ လွတ်အောင် ကယ်ပေးပါနော်”

“ကောင်းပြီလေ စိတ်ကိုငြိမ်ငြိမ်ထားညီမ။ အစ်ကိုတတ်နိုင်သလောက် ကူညီပါ့မယ်။ အစ်ကိုအခု အလုပ်ထဲရောက်နေလို့ လာတွေ့လို့မရဘူး။ ညီမဖုန်းနံပါတ်ပေး ညီမကို ဖုန်းပြန်ဆက်ပြီး စီစဉ်ကြမယ်လေ”

“ညီမမှာ ဖုန်းနံပါတ်မရှိဘူးအစ်ကို”

“ညီမမှာ ဖုန်းနံပါတ်မရှိဘူး ဟုတ်လား။ တခြားခေါ်လို့ရမယ့် ဖုန်းနံပါတ်ကောရှိလားညီမ”

“မရှိပါဘူးအစ်ကို”

“ဒါဆို ညီမ အခုနေတဲ့အိမ်လိပ်စာပေးခဲ့။ လမ်းနာမည်တို့၊ အိမ်နံပါတ်တို့ အပြည့်အစုံနဲ့ လိပ်စာပေးခဲ့ညီမ”

“ညီမ ဖုန်းနံပါတ်လည်း မရှိဘူး။ လိပ်စာလည်းမသိဘူး အခုနေတဲ့အိမ်က ဝယ်လ်လက်စ်ဒမ်ဂရင်း လမ်းထဲမှာပဲဆိုတာ သိတယ်”

“ညီမ အိမ်လိပ်စာလည်းမသိဘူး ဟုတ်လား”

"ဟုတ် မသိပါဘူးရှင့် ညီမအခုအလုပ်လုပ်ပေးတဲ့ အိမ်ရှင်က လန်ဒန်က ဆူဒန်သံရုံးမှာ အရေးပါတဲ့လူတစ်ယောက်ဖြစ်ပါတယ်"

"ညီမ သူ့နာမည် ဘယ်လိုခေါ်လဲသိလား"

"သူ့နာမည်က အဒူမိုဟာမတ်အယ်ခိုရွန်ကီပါ အစ်ကို"

"အဲဒီနာမည်နဲ့အိမ် ဘယ်မှာလဲဆိုတာ ညီမပေးထားတဲ့ လမ်းထဲမှာ ရှာကြည့်မယ်လေ"

"အစ်ကို ကျေးဇူးပြုပြီး မစ္စတာ ခိုရွန်ကီကို သွားမပြောပါနဲ့နော်"

"ဘာမှမစိုးရိမ်နဲ့ညီမ လန်ဒန်မှာ တစ်ယောက်နဲ့ တစ်ယောက် ရင်းနှီးကြတဲ့ ဆူဒန်လူမျိုး တွေဆီကနေ စုံစမ်းမယ် ညီမ ဘာမှမဖြစ်စေရဘူး"

အစ်ကိုဘာဘိုက အိမ်လိပ်စာနဲ့ ဖုန်းနံပါတ်ကို စုံစမ်းပြီး မစ္စတာ ခိုရွန်ကီအိမ်က ဖုန်းကို ခေါ်မှာဖြစ်ပါတယ်။ နူဘာ ဘာသာ စကားနဲ့ "ဟယ်လို" လို့ပြောရင် ဖုန်းကိုကိုင်တဲ့သူက ကျွန်မဖြစ်ပြီး မစ္စတာ ခိုရွန်ကီနဲ့ အန်တီဟာနမ်တို့ဆိုရင် အင်္ဂလိပ်လို "ဟယ်လို" ပြောရင် ဘာမှမပြောဘဲ ဖုန်းကိုချပစ်မှာ ဖြစ်ပါတယ်။ အစ်ကိုဘာဘို က သူ့ ဖုန်းနံပါတ်ကိုပေးထားလို့ စာရွက်တစ်ရွက်မှာ မှတ်ထားပါတယ်။ ကျွန်မ အန်တီမာဒီးနား အိမ်ရောက်တဲ့အခါ အန်တီကို လက်ကိုင်ဖုန်း အသုံးပြုနည်းသင်ပေးဖို့ တောင်းဆိုခဲ့ပြီး အန်တီမာဒီးနား ကလည်း သင်ပေးပါတယ်။

နောက်နေ့ ခုနစ်နာရီလောက်မှာ အန်ကယ်အိုမာ၊ အန်တီ မာဒီးနားနဲ့ ကလေးတွေကိုနှုတ်ဆက်လို့ သံရုံးက ကားဒရိုင်ဘာ ကလာကြိုပြီး မစ္စတာ ခိုရွန်ကီအိမ် ပို့ပေးပါတယ်။

သူတို့မိသားစုနဲ့ ကျွန်မအပေါ် ကြင်နာလှတဲ့ စောင့်ရှောက်မှုအတွက် မျက်ရည်တွေနဲ့ ကျေးဇူးတင်စကားပြောခဲ့ပြီး အန်ကယ်အိုမာတို့ မိသားစုကလည်း ကျွန်မကို သတိရနေမယ် ဆိုတဲ့အကြောင်း ပြန်ပြောကြပါတယ်။

မစ္စတာခိုရွန်ကီတို့ မိသားစု ညနေပြန်လာမှာ ဖြစ်တဲ့အတွက် တစ်မနက်လုံး ချက်ပြုတ် သန့်ရှင်းရေးလုပ်နဲ့ အလုပ်ရှုပ်နေခဲ့ပါတယ်။ ညနေခြောက်နာရီလောက်ကျတော့ ဖုန်းဝင်လာပါတယ်။ ကျွန်မဖုန်းကို ကိုင်နားထောင်လိုက်တော့

"ဟယ်လို" လို့ကျွန်မပြောလိုက်တော့ တစ်ဖက်က အန်ကယ် အိုမာအသံကို ကြားရပါတယ်။ မစ္စတာ ခိုရွန်ကီတို့မိသားစု နောက်ထပ် သုံးရက်နေအုန်းမှာဖြစ်လို့ ညနေ ကျွန်မကို ပြန်လာကြိုမယ် ဆိုတဲ့ အကြောင်းပြောပြီး ဖုန်းချသွားပါတယ်။

ဒါပေမယ့် သိပ်မကြာခင်မှာပဲ နောက်ထပ်ဖုန်းတစ်ကော ဝင်လာခဲ့ပါတယ်။

"ဟယ်လို" လို့ ကျွန်မ ဖုန်းခွက်ကိုကိုင်ပြီးပြောတော့ မထူးပါဘူး။ "ဟယ်လို" လို့ ကျွန်မ နူဘာစကားနဲ့ပြောတော့မှ

"မန်ဒီ မန်ဒီလား"

"အစ်ကိုဘာဘို ဟုတ် ညီမမန်ဒီပါ"

"မန်ဒီညီမ စကားပြောလို့ရလား"

"ဟုတ်ကဲ့ ပြောလို့ရပါတယ်။ အိမ်မှာ ဘယ်သူမှမရှိပါဘူး။ နောက်သုံးရက်လောက်ကြာမှ မစ္စတာ ခိုရှန်ကီတို့မိသားစုပြန်ရောက် ကြမှာလေ"

"မန်ဒီ… အစ်ကိုပြောတာ နားထောင်ဦး။ အစ်ကိုညီမနေတဲ့ အိမ်လိပ်စာ၊ ဖုန်းနံပါတ်ကအစရှာပြီး အိမ်အပြင်ကနေ အခြေအနေအရပ်ရပ်ကို လေ့လာပြီးသွားပြီ။ ညီမပြောတဲ့အစီအစဉ်ကို လုပ်ဖို့ သေချာလားညီမ"

"ညီမ ဒီဘဝ ဒီအိမ်ကနေ လွတ်မြောက်ချင်နေတာကြာပြီ အစ်ကို" လို့ ထပ်ခါတလဲလဲ ပြောလိုက်ပါတယ်။

"ဒါဆိုရင် မစ္စတာ ခိုရှန်ကီတို့မိသားစုမရှိတုန်း အစ်ကိုလာ ခေါ်ရမလား ညီမ"

"မရသေးဘူးအစ်ကို အန်ကယ်အိုမာညီမကို လာကြိုတော့မှာ ဒီအချိန်မှာ ညီမထွက်ပြေးရင် အန်ကယ်အိုမာတို့မိသားစု ကို မစ္စတာ ခိုရှန်ကီက ဒုက္ခပေးမှာသေချာတယ်"

"ကောင်းပြီ မစ္စတာ ခိုရှန်ကီတို့ သုံးရက်အတွင်း ပြန်လာမယ်ဆိုရင် အဲဒီနေ့က သောကြာနေ့။ စနေ၊ တနင်္ဂနွေထပ်နေလိုက် ခပ်တည်တည် မှင်သေသေနဲ့ လုပ်စရာရှိတာလုပ်နေလိုက်။ အစ်ကိုတို့ တနင်္လာနေ့ ညီမကိုလာခေါ်မယ်။ အဲဒီနေ့က စက်တင်ဘာလ ဆယ့်တစ်ရက်နေ့ ကားတစ်စီးလည်း အစ်ကိုစီစဉ်ထားမယ်။ အိမ်ရှေ့ ကို အမှိုက်ထွက်ပစ်။ အန်တီဟာနမ်နဲ့ မိသားစုတွေ ညီမကို စောင့်ကြည့်နေမလား ဆိုတာလည်းလေ့လာ။ လမ်းထိပ်ကိုပြေးလာ နောက်ကို လုံးဝလှည့်မကြည့်နဲ့။ အစ်ကိုတို့ကားနဲ့စောင့်နေမယ်။ အဲဒီနေ့ သုံးနာရီကနေ သုံးနာရီခွဲအထိ အစ်ကိုတို့စောင့်နေမယ် နားလည်တယ်နော်ညီမ"

"ဟုတ်ကဲ့အစ်ကို" လို့ ကျွန်မစိတ်တွေ မတည်မငြိမ်နဲ့ ပြန်ပြောလိုက်ပါတယ်။

အစ်ကိုဘာဘိုက ဆက်ပြီး

"သတ္တိရှိနော် ညီမ … နောက်ထပ် နူဘာမျိုးနွယ်ဝင်တစ်ယောက် လည်းပါသေးတယ်။ သူ့နာမည်က မိုနီယာရှိတ်ခါဒင်လို့ခေါ်တယ်။ ညီမကိုကယ်ဖို့ သူ့ကိုအစ်ကို အကူအညီ တောင်းထားတယ်။ သူက ညီမနဲ့ စကားနည်းနည်း ပြောချင်လို့တဲ့။ ညီမအိမ်မှာ ဘယ်သူမှ မရှိဘူးမဟုတ်လား သူဖုန်းဆက်လိမ့်မယ် စကားပြောလိုက်ဦး" လို့ပြောပြီး ဖုန်းချလိုက်ပါတယ်။

မိနစ်အနည်းငယ်ကြာတော့ ဖုန်းထပ်ဝင်လာပါတယ်။ မစ္စတာ ရှိတ်ခါဒင်ဆီက ဖုန်းဖြစ်ပါတယ်။ ကျွန်မ မစ္စတာရှိတ်ခါဒင်ကို ကျွန်မ ဖြစ်သမျှအကြောင်းတွေကို ပြောပြလိုက်တဲ့အခါ သူကကျွန်မကို သူ့ ဖုန်းနံပါတ်ပေးပြီး

"မန်ဒီ … ညီမ … ညီမအဆင်မပြေတဲ့ ကိစ္စတစ်ခုခုပေါ်လာ ရင် အစ်ကို့ကို ဖုန်းဆက်နော်။ ဖုန်းဆက်တတ်တယ် မဟုတ်လား။ အစ်ကို့ကိုလည်း ဆက်လို့ရသလို

ဘာဘိုကိုလည်း ဆက်လို့ရ တယ်” လို့ ကျွန်မကို သေချာမှာနေပါတယ်။

ကျွန်မအန်ကယ်အိုမာတို့ အိမ်မှာ သုံးရက်ထပ်နေခဲ့ပါတယ်။ ကျွန်မစိတ်ထဲ အရမ်းပျော်ရွှင်ပြီး ကျွန်မ ဒီဘဝဆိုးကြီးထဲ က လွတ်မြောက်ဖို့အတွက် အရမ်းစိတ်လှုပ်ရှားနေပါတယ်။

မစ္စတာ ခိုရွှန်ကီတို့မိသားစုရောက်တဲ့အခါ ညနေစာချက်ပြီးလို့ အမွှာကလေးနှစ်ယောက်ကို အဝတ်တွေလဲပေးပါတယ်။ အန်တီဟာနမ်ဟာ ဆူဒန်နိုင်ငံကနေ ကျွန်မအတွက် ဘာလက်ဆောင်မှ မဝယ်လာခဲ့တဲ့အပြင် ကျွန်မမိသားစုအကြောင်းလည်း ကျွန်မကို တစ်လုံးမှဖွင့်ဟမပြောပါဘူး။ အန်တီဟာနမ် ကျွန်မကို လိမ်တယ်ဆိုတာ သိသာလှပါတယ်။

သခင်မရာဟတ်အိမ်မှာ ကျွန်မနေရာ အစားထိုးလုပ်နေတဲ့ ကျွန်မနဲ့ မျိုးနွယ်တူ နာနူအကြောင်း မေးတဲ့အခါ-

“အော် သူ့နာမည် နာနူလား… အေး နေကောင်းပါတယ် အန်တီတော့ သိပ်သတိမထားမိခဲ့ဘူး” လို့ ပြန်ဖြေပါတယ်။

အဲဒီညနဲ့ နောက်နေ့ညတွေမှာ ကျွန်မအိပ်မပျော်ခဲ့ပါဘူး။ ကျွန်မစိတ်ထဲ အိမ်ကျွန်ဘဝကနေ လွတ်မြောက်ဖို့ပဲ တွေးနေမိ တယ်။ ကျွန်မထွက်ပြေးဖို့ စီစဉ်ထားတဲ့နေ့ကျရင် ဘာတွေဖြစ်မလဲ။ အဲဒီနေ့ ပစ်စရာအမှိုက်မရှိရင် ဘာလုပ်ရမလဲ။ ကျွန်မ လမ်းထိပ်ကိုထွက်ပြေးတာ မြင်သွားရင် ဘယ်လိုလုပ်မလဲ။ အစ်ကို ဘာဘိုတို့ရော ရောက်လာပါ့မလား။ ကျွန်မအရမ်းထိတ်လန့်ပြီး စိတ်တွေလည်း လှုပ်ရှားနေမိပါရဲ့။

သက္ကရာဇ် ၂၀၀၀ စက်တင်ဘာလ ဒုတိယပတ် တနင်္လာနေ့ မှာတော့ ကျွန်မ အိပ်ရာထ အိမ်မှုကိစ္စတွေလုပ်နေတဲ့အချိန် မစ္စတာ ခိုရွှန်ကီဟာ ရုံးမသွားဘဲ တစ်မနက်လုံး အိမ်မှာရှိနေတဲ့အတွက် ကျွန်မစိတ်တွေ ချောက်ချားနေမိတယ်။

“တနင်္လာနေ့ဖြစ်ပေမယ့် ရုံးမသွားတာ ဘာဖြစ်လို့လဲ” မစ္စတာ ခိုရွှန်ကီ ရုံးမသွားရင် ငါ အိမ်ပြင်ကိုဘယ်လိုထွက်ရပါ့မလဲ။ သူတို့အပြင်ထွက်သွားလို့ ကျွန်မကို အပြင်ကနေ သော့ခတ်ထားခဲ့ရင် ဘယ်လိုလုပ်မလဲ။ ကျွန်မထွက်ပြေးမယ့် ၃း၀၀နဲ့ ၃း၃၀အချိန် အထိ မစ္စတာ ခိုရွှန်ကီရှိနေရင် ဘာဆက်လုပ်ရမလဲလို့ တွေးနေမိတယ်။

မစ္စတာခိုရွှန်ကီ အိမ်မှာရှိနေလို့ ကျွန်မဘာလုပ်ရမလဲ ဆိုတာ မသိလောက်အောင် စိတ်တွေ ဂယောင်ချောက်ချား ဖြစ်နေပါတယ်။ မီးပူတိုက်ရမယ့်အဝတ်တွေကို မီးပူတိုက်နေတဲ့အချိန် နေ့လယ်သုံးနာရီ ထိုးလာပါတယ်။ ကျွန်မစိတ်ထဲ ထွက်ပြေးဖို့ပဲ အတွေးရောက်နေပြီး စိတ်တွေပိုပြီး မတည်မငြိမ် ဖြစ်လာပါတယ်။ ထမင်းစားခန်းထဲမှာ အဝတ်စိုတွေ ကြိုးမှာလှန်း အိမ်ရှေ့မှာ အစ်ကို ဘာဘိုတို့ ရောက်နေပြီလား၊ မရောက်သေးဘူးလားဆိုတာ ချောင်းကြည့်လိုက်ပါသေးတယ်။ မစ္စတာ ခိုရွှန်ကီတို့မသိဘဲနဲ့ ကျွန်မအိမ် ထဲကနေ ဘယ်လိုထွက်သွားမလဲ။

အဲဒီအချိန် အန်တီဟာနမ် မီးဖိုချောင်ထဲကနေ ကျွန်မကို လှမ်းခေါ်ပါတယ်။

"ဟဲ့ အိမ်ကျွန် ငါ ကလေးတွေကို ကျောင်းက သွားကြို တော့မလို့ အမှာနှစ်ယောက်ကို နင်နဲ့ထားခဲ့မယ်နော် ကြည့်ထား လိုက်ဦး"

ကျွန်မ အန်တီဟာနမ်ရဲ့မျက်လုံးကို ရင်မဆိုင်ရဲလို့ အလျင် အမြန်ခေါင်းညိတ်ပြလိုက်မိတယ်။

အန်တီဟာနမ်ဟာ အပေါ်ထပ်ကနေ မစ္စတာခိုရှန်ကီကို လှမ်းခေါ်နေပါတယ်။ အန်တီဟာနမ် တံခါးသော့ကို သွားဖွင့်ပြီး ပြန်လာကာ ဖိနပ်ပြန်လာစီးပါတယ်။

သူတို့ထွက်သွားမယ့်အချိန်က အစ်ကိုဘာဘိုတို့ကို ချိန်းထားတဲ့အချိန်နဲ့ အချိန်ကိုက်ပဲ။ တံခါးပွင့်နေတုန်း အမှိုက်အိတ်ကိုယူ တံခါးဆီကိုပြေးပါတယ်။ ကျွန်မတစ်ကိုယ်လုံး စိတ်လှုပ်ရှားလွန်း လို့ တုန်ရီနေပြီး ခြေဖျားလက်ဖျားတွေ အရမ်းအေးစက်နေတယ်။ အန်တီ ဟာနမ် လှေကားအောက်က ဖိနပ်စင်မှာ ဖိနပ်ကိုရွေးနေတုန်း ကျွန်မသူ့နားက အမှိုက်အိတ်ကိုကိုင်ပြီး ဖြတ်သွားချိန် မစ္စတာ ခိုရှန်ကီ အပေါ်ထပ်ကနေ ဆင်းလာတဲ့အသံကို ကျွန်မကြားနေရပါတယ်။ တံခါးအပြင်ဘက်ကအမှိုက်ပုံးထဲကို အမှိုက်ပစ်ပြီးအိမ်ဘက် က အမြန်လှည့်ကြည့်လိုက်တော့ ဘယ်သူမှ ထွက်မလာသေးပါဘူး။

နောက်ကို လုံးဝလှည့်မကြည့်ဘဲ အားကုန်ထည့်ရင်း လမ်းထိပ်ကို ပြေးသွားမိပါတယ်။ ပြေးနေတဲ့အချိန် ကျွန်မနောက်ကနေ တစ်ယောက်ယောက်လိုက်လာတယ်လို့ စိတ်ထဲကထင်ပြီး ကြောက်စိတ်တွေ ဖြစ်လာပါတယ်။ လမ်းဘက်ရောက်တော့ လူမည်းအစ်ကို တစ်ယောက် ကျွန်မကို လက်ဝှေ့ယမ်းပြပါတယ်။

"လာ...ဒီကိုလာ...ညီမ မန်ဒီ" အစ်ကိုဘာဘိုက လမ်းမျက်နှာချင်းဆိုင် ဘက်ကနေ အော်ခေါ်နေတယ်။

"မြန်မြန်လုပ်ပါ အစ်ကို သူတို့ကျွန်မနောက်ကနေ လိုက်လာကြပြီ။ အစ်ကို အခု ဒီနေရာကနေ သွားမှဖြစ်မယ်။ အစ်ကို ကျွန်မကို ဝှက်ထားပေးပါ"

ကျွန်မကို အစ်ကိုဘာဘိုကလက်ဆွဲပြီး လမ်းအောက်ဘက် ကို ဦးဆောင်ထွက်ပြေးပါတယ်။ ကျွန်မတို့ အရမ်းစိမ်းလန်းတဲ့ သစ်ပင်ကြီးတစ်ပင် အောက်မှာ ပုန်းနေပြီး ကျွန်မ အရမ်းလည်း ကြောက်လန့်နေလို့ ငိုနေပါတယ်။

"အစ်ကို သူတို့ညီမကို ရှာနေကြပြီ။ ဒီနေရာကနေ အဝေး ထွက်ပြေးမှဖြစ်မယ်အစ်ကို"

"ဘာမှမစိုးရိမ်နဲ့ ညီမ သူတို့ညီမကို ခေါ်မသွားအောင် အစ်ကို လုံလုံခြုံခြုံ ဝှက်ထားပေးမယ်။ အစ်ကို ကားခေါ်လိုက်မယ်"

အစ်ကိုဘာဘို ကားကိုဖုန်းဆက်ပြီး ခဏအကြာ ကားတစ်စီး ရောက်လာပါတယ်။ ကျွန်မ နောက်ခန်းမှာထိုင်နေစဉ်မှာ အစ်ကို ဘာဘိုက ဘယ်သူမှမမြင်အောင် ခေါင်းငုံ့ ကျုံ့ကျုံ့လေး ထိုင်ခိုင်းပါ တယ်။

"အစ်ကိုဘာဘို သူတို့နောက်က လိုက်လာပြီလား။ ကြည့်ပါဦး အစ်ကိုဘာဘို။ သူတို့လိုက်လာရင် ဘယ်လိုလုပ်မလဲ ကျွန်မ အရမ်းကြောက်တယ်"

"ဘာမှပူမနေနဲ့မန်ဒီ အားလုံးအေးဆေးပဲ ဘယ်သူမှ လိုက်မလာဘူး"

"ဟယ်လို မန်ဒီ" လို့ ဒရိုင်ဘာခန်းက တည်ငြိမ်တဲ့အသံ တစ်သံကို ကြားလိုက်ရပါတယ်။

"အစ်ကိုက မိုနီယာလေ ညီမမန်ဒီ။ စိတ်ကိုတည်တည် ငြိမ်ငြိမ်ထား အစ်ကိုပြောတာ နားထောင် ညီမကို အစ်ကိုတို့ကယ်လိုက်ပြီ။ ဘယ်သူမှ ညီမကို အစ်ကိုတို့လက်ထဲက ပြန်လာခေါ်လို့ မရဘူး" အစ်ကိုဘာဘိုက-

"အစ်ကိုမိုနီယာ ပြောတာနားထောင် ညီမမန်ဒီ။ ဘာမှ စိုးရိမ်စရာ မရှိတော့ဘူး။ ညီမကို ရှေ့နေတစ်ယောက်ဆီ ခေါ်သွားမယ်။ ညီမ အင်္ဂလန်မှာနေရဖို့ သူ့ရဲ့အကူအညီလိုတယ်။ ပြီးရင် အစ်ကိုမိုနီယာအိမ်မှာ အစ်ကိုမိုနီယာရယ် သူ့ဇနီးရယ် သားသမီး တွေနဲ့ အတူနေရမယ်"

ပထမတော့ သူတို့ ကျွန်မကိုပြန်ဖမ်းမိမှာပဲလို့ စိုးရိမ်ပြီး အရမ်း ထိတ်လန့်နေပါတယ်။ မစ္စတာခိုရှွန်ကီက အာဏာရှိတဲ့လူ ဖြစ်လို့ အစိုးရအရာရှိကြီးဖြစ်လို့ ကျွန်မကိုလိုက်ရှာပြီး အိမ်ကျွန် အဖြစ် ပြန်ခိုင်းမှာကို အရမ်းစိုးရိမ်မိပါတယ်။ သူတို့နဲ့ဝေးရာကို ရောက်ပြီး ကျွန်မဘဝ လွတ်မြောက်သွားတာ ကျွန်မအခုထိတောင် မယုံနိုင်သေးပါဘူး။

ကျွန်မမွေးရပ်မြေတိုင်းပြည်နဲ့ အလှမ်းဝေးတဲ့နိုင်ငံရပ်ခြား မြို့ကြီးတစ်မြို့မှာ အင်္ဂလိပ်စကား လည်း မပြောတတ်။ ကျွန်မအတွက်အသိအကျွမ်းဆိုတာ နူဘာမျိုးနွယ်စုဝင် အစ်ကိုနှစ်ယောက်ပဲ ရှိပါတယ်။

အစ်ကိုဘာဘိုက ကျွန်မကို ညီမ အိမ်ကျွန်ဘဝကနေ လွတ် မြောက်သွားပြီ၊ အစ်ကိုမိုနီယာက ညီမဘဝလုံခြုံသွားပြီ ညီမကို ဘယ်သူကမှ ကျွန်ဘဝရောက်အောင် ထပ်လုပ်လို့မရတော့ဘူး။

ကျွန်မ နူဘာမျိုးနွယ်စုဝင်တွေကိုချစ်တယ်။ သူတို့ကို ယုံကြည်တယ်။ နောက်ဆုံးမှာတော့ ကျွန်မရဲ့အိမ်ကျွန်ဘဝကြီးကနေ လွတ်မြောက်ခဲ့ရပါတော့တယ်။

အခန်း(၂၉)

ကျွန်မ အိမ်ကျွန်ဘဝကနေ လွတ်မြောက်လာခဲ့တာ အခု ဆိုရင် နှစ်နှစ်ရှိခဲ့ပါပြီ။ လန်ဒန်မြို့ကြီးဟာ ကျွန်မရဲ့ မွေးရပ်မြေလို ဖြစ်လာပြီး ကျွန်မအတွက် လွတ်လပ်မှုကို ဆောင်ကျဉ်းပေးတဲ့ မြို့တစ်မြို့ ဆိုလည်း မမှားပါဘူး။ လွတ်လပ်မှုဆိုတာ အလွန်ကို အဖိုး မဖြတ်နိုင်တဲ့အရာ ဖြစ်ပြီး အဲဒီလွတ်လပ်မှုအတွက် ကမ္ဘာကြီးကို ကိုယ်စားပြုတဲ့ကျွန်မဟာ ဘယ်တော့မှ အရှုံးမပေး ဒူးမထောက်ခဲ့ပါဘူး။ အနောက်နိုင်ငံမှာ နေတဲ့လူတွေ အတွက် လွတ်လပ်မှုဆိုတာ သိပ်မထူးဆန်းလှပါဘူး။ တန်းတူအခွင့်အရေးတွေ၊ အလုပ်သမား အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးစတဲ့ မွေးရာပါအခွင့်အရေး တွေကို ခံစားနေကြရလို့ လွတ်လပ်မှုဆိုတဲ့ အခွင့်အရေးကို သိပ်ဂရုမထားတော့ပါဘူး။ ဆူဒန်နိုင်ငံလို မဖွံ့ဖြိုးသေးတဲ့နိုင်ငံက လာတဲ့လူသားတွေ အတွက်ကတော့ လွတ်လပ်မှုဆိုတာ အရမ်းအံ့ဩ နှစ်လိုဖွယ်ရာဖြစ်ပြီး တန်ဖိုးမဖြတ်နိုင်တဲ့ အရာတစ်ခု ဖြစ်ပါတယ်။ ဒါထက်ပိုပြီး ကျွန်ပြုခံရတဲ့လူတွေအတွက် လွတ်လပ်မှုဆိုတာ အနှိုင်းမဲ့ အလှတရားတွေ ရှိတဲ့ ခံစားမှုလို့ဆိုရမှာ ဖြစ်တယ်။

ကျွန်မ အိမ်ကျွန်ဘဝကနေ လွတ်မြောက်ပြီး တွေ့ရတာ ကတော့ ဗြိတိသျှပြည်သူတွေဟာ အစိုးရကို ပြင်းပြင်းထန်ထန် ဝေဖန်ကြတဲ့ ဖြစ်ရပ်ပါပဲ။ လမ်းပေါ်ထွက် သူတို့ဆန္ဒတွေကို ဖော်ထုတ်ကြတယ်။ သတင်းစာထဲမှာ နိုင်ငံရေးသမားတွေကို ဝေဖန်ကြတယ်။ အဖမ်းမခံရဘူး။ အပြစ်ပေးမခံရတဲ့အပြင် ထောင်မကျဘူး ဆိုတာကို ကျွန်မအရမ်းအံ့ဩမိပါတယ်။

အဲဒီလို လွတ်လပ်မှုတွေကို ကျွန်မကြုံရတော့ အရမ်း တုန်လှုပ်မိတယ်။ ကျွန်မ ကလေးဘဝတုန်းက အဖမ်းခံခဲ့ရတယ်။ ကျွန်မရဲ့ ဆယ်ကျော်သက်ဘဝတွေ၊ ကျွန်မရဲ့အနာဂတ်တွေ ကျွန်မရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အရာအားလုံး အိမ်ကျွန်ဘဝအနေနဲ့ ပေးဆပ်ခဲ့ရတယ်။ ကျွန်မမှာ လွတ်လပ်မှုဆိုတာ ဘာမှန်းမသိ လူသားတစ် ယောက်လို သတ်မှတ်မခံရတဲ့အပြင် ဆရာဆိုတာမသိ၊ ပညာ မိတ်ဆွေတွေ၊ မိသားစုဆိုတာမရှိ၊ ငွေကြေးလုပ်ခဆိုတာမရှိလို့ ဘဏ်အကောင့်တို့ အခွန်ပေးဆောင်ခြင်းတို့မရှိ အရာအားလုံးဟာ ကျွန်မအတွက်တော့ နတ္ထိပါပဲ။

ကျွန်မ အိမ်ကျွန်ဘဝကနေ လွတ်မြောက်လာပြီး ကျွန်မ ဘာဆို ဘာမှကိုမသိပါဘူး။ ကျွန်မဘာသာ ဆုံးဖြတ်ရမယ့်ကိစ္စတွေ ရှိလာတာ ကျွန်မဘာသာ တာဝန်ယူရမယ့်ကိစ္စတွေကို အသစ်ကစ လေ့လာခဲ့ရပါတယ်။

ဗြိတိသျှအစိုးရက ရွှေ့ပြောင်းနိုင်ငံရေး ခိုလှုံသူတွေကို အပတ်စဉ်ထောက်ပံ့တဲ့ငွေကြေးကို စနစ်တကျသုံးစွဲနည်းတို့၊ ကျွန်မ အတွက် ပုံမှန်အစားအသောက်စားတာတို့၊ မိတ်ဆွေတွေနဲ့ မနေခဲ့ ရလို့ ပတ်ဝန်းကျင်အသစ်မှာ မိတ်ဆွေအပေါင်းအသင်း မိတ်ဖွဲ့ရတာ တို့ကအစ

သင်ယူလေ့လာရပါတယ်။

အဲဒီကာလအတွင်းမှာ ကျွန်မရဲ့ လူနေမှုဘဝနဲ့ ပတ်သက် လို့ အများကြီးလေ့လာခဲ့ရပါတယ်။ အထူးသဖြင့် ကျွန်မဘဝဇာတ် ကြောင်းကို နားထောင်ချင်တဲ့ နိုင်ငံရေးသမားတစ်ယောက်နဲ့ ညနေစာ စားရင်း စကားပြောကြပါတယ်။ သူနဲ့ လန်ဒန်က ဂရင်းပတ်မှာ ညစာစားအပြီး ကျွန်မမေ့ပြီးတော့ စားပြီးသားစားပွဲကို သန့်ရှင်းရေးလုပ်ပါတယ်။ လန်ဒန်ကလမ်းတွေမှာ လုံခြုံစိတ်ချစွာ လမ်းလျှောက်သွားလို့ရပြီး ဘတ်စ်ကားတွေကိုလည်း သက်သောင့်သက်သာ စီးလို့ရတယ်ဆိုတာ ကျွန်မလေ့လာရပါတယ်။ လန်ဒန်မှာ ရှိတဲ့ မြေအောက်ရထားတွေ စီးရတာကိုလည်း လေ့လာ သင်ယူရပါတယ်။

လန်ဒန်မြို့ကြီးရဲ့ ယာဉ်စည်းကမ်း လမ်းစည်းကမ်းတွေ၊ လမ်းအခေါ်အဝေါ်တွေကိုလည်း လေ့လာခဲ့ရတယ်။

နှစ်နှစ်ကြာတဲ့အထိ ကျွန်မရင်ထဲမှာ အကြောက်တရားတွေ လွှမ်းမိုးနေတုန်းဖြစ်ပါတယ်။ အင်္ဂလန်က လွတ်လပ်ပြီး တရားမျှတတဲ့အတွက် အာဏာရှိတဲ့လူတွေက အာဏာမဲ့တဲ့သူတွေကို နှိပ်စက်မှာလည်း ပူစရာမလိုပါဘူး။ တဖြည်းဖြည်းချင်း အကြောက်တရားတွေ ကျွန်မ ရင်ထဲမှာ ကင်းစင်သွားအောင် သင်ယူရပါတယ်။ ကျောင်းသွားတဲ့ အခါ ကားစီးရင်မကြောက်အောင်၊ ဈေးဆိုင်လမ်းလျှောက်သွားတဲ့ အခါ ဘေးပတ်ဝန်းကျင်ကိုမကြောက်အောင် ကြောက်စိတ်မရှိဘဲ အိမ်ထဲမှာ တစ်ယောက်ထဲ တီဗီကြည့်ရဲလာအောင် ကျွန်မလေ့လာ ရပါတယ်။

ကျွန်မစပြီး လွတ်မြောက်တဲ့နေ့ကဆို ကျွန်မကို အိမ်ကျွန် ဘဝကနေ ကယ်ထုတ်ခဲ့တဲ့ အစ်ကိုမိုနီယာဆီကို ဖုန်းတွေတဂွမ်ဂွမ် ဆက်ကြပါတယ်။ အစ်ကိုမိုနီယာကို ဆူဒန်က အမျိုးသမီးတစ်ဦးက အကြိမ်ပေါင်းများစွာ ခြိမ်းခြောက်ခဲ့ပါတယ်။

သူမက အရမ်းစိတ်တိုနေပြီး ကျွန်မနဲ့စကားပြောဖို့ ခွင့်တောင်းပါတယ်။ ကျွန်မ သူ့အိမ်မှာမရှိဘူးလို့ အစ်ကိုမိုနီယာက ပြန်ပြောတဲ့အခါ အစ်ကိုမိုနီယာကို ခြိမ်းခြောက်ပါတယ်။ ကျွန်မရဲ့ မိသားစုတွေကိုလည်း ရှာပြီး သတ်ပစ်မယ်၊ ထောင်ထဲထည့်ပစ်မယ် လို့ သူ့ကို ဖုန်းထဲမှာ ခြိမ်းခြောက်ပြောခဲ့ကြောင်း အစ်ကိုမိုနီယာက နောက်ပိုင်း ကျွန်မကို ပြောပြပါတယ်။

လန်ဒန်မှာရှိတဲ့ ဆူဒန်သံရုံးက လူတစ်ယောက်ကလည်း အစ်ကိုမိုနီယာဆီကို ဖုန်းတွေဆက်ပါတယ်။ နောက်ဆုံး ဆူဒန် အစိုးရအဖွဲ့ဝန်ကြီးတစ်ဦး ကလည်း ကျွန်မကို လွတ်မြောက်အောင် အကာအကွယ်ပေးခဲ့တဲ့ အစ်ကိုတွေကို ရပ်တန့်ကရပ်ဖို့ ဖိအားပေး ခဲ့ကြပါတယ်။ ကျွန်မတည်းခိုတဲ့ မိသားစုဆီကိုလည်း ဆူဒန်ကနေ အမည်မသိလူတစ်စုက ဖုန်းခေါ်ပြီး

"မင်းတို့မိသားစု ဘယ်မှာနေလဲဆိုတာ ငါတို့သိတယ်။ ငါတို့ တွေ့အောင်ရှာပြမယ်။ တွေ့ကြတာပေါ့" ဆိုပြီး ခြိမ်းခြောက်ကြပါတယ်။ ကျွန်မတို့ ဖြိတိန်ရဲတွေကို ဒီကိစ္စနဲ့ပတ်သက်ပြီး တိုင်ပေမယ့် ဖုန်းခေါ်ပြီး ခြိမ်းခြောက်မှုတွေက ရပ်မသွားပါဘူး။

လပေါင်းများစွာကြာတဲ့အခါ အစ်ကိုအရင်း ဘာဘိုက အစ်ကို မိုနီယာဆီ ဖုန်းဆက်ပါတယ်။ ကျွန်မအစ်ကိုဘာဘိုဟာ တစ်စုံတစ်ယောက်ရဲ့ ဖိအားပေးခံထားရပြီး အစ်ကိုမိုနီယာဆီကို ဖုန်းဆက်ရင် အစ်ကိုမိုနီယာဟာ စကားကိုထိန်းပြီး ပြောခဲ့ပါတယ်။ နောက်ရက်တွေအားရင် လုံခြုံစိတ်ချရတဲ့နေရာ ကနေ စကားပြော လို့ရရင် ဖုန်းဆက်ဖို့ကို ဖုန်းထဲမှာ မှာလိုက်ပါတယ်။

နောက်ပိုင်း ကျွန်မအစ်ကို ကျွန်မအစ်မ ကျွန်မအဖေနဲ့ ကျွန်မအမေတို့နဲ့ ဖုန်းလွတ်လွတ်လပ်လပ် စကားပြောခွင့်ရလာပါတယ်။ နှစ်ပေါင်းများစွာကွဲကွာခဲ့ပြီးမှ မိသားစုဝင်တွေ စကားပြန်ပြောခွင့်ရတာ ကျွန်မအတွက်တော့ ဘယ်အရာနဲ့မှ နှိုင်းယှဉ်လို့မရတဲ့ ပျော်ရွှင်မှုကို ရလိုက်သလိုပါပဲ။

ကျွန်မရဲ့ နူဘာစကားသံတွေ ပြောင်းသွားပြီး ကျွန်မ နူဘာ လိုပြောတာ အမေက သိပ်နားမလည်ဘူး ဆိုပြီး ရယ်ပါတယ်။ အဖေ ကတော့ သူတို့ ကမ္ဘာမှာအဖြစ်ချင်ဆုံးက ကျွန်မကိုအတွေ့ချင်ဆုံး ဖြစ်ပြီး အိမ်ပြန်လာဖို့ပြောပါတယ်။

ကျွန်မအိမ်ကျွန်ဘဝကနေ လွတ်မြောက်ပြီးချိန် နူဘာ တောင်တန်းတွေမှာနေကြတဲ့ ကျွန်မမိသားစုကို လူတစ်စုက လိုက်ရှာပြီး ခါတွန်မြို့ကို အတင်းအဓမ္မပြောင်းခိုင်းပါတယ်။

ကျွန်မ ပြန်ပေးဆွဲခံရပြီး အင်္ဂလန်မှာရှိတဲ့ ခရစ်ယာန် အစွန်းရောက်တွေဆီကို ရောင်းစား ခံခဲ့ရကြောင်း၊ ကျွန်မဟာ အစ္စလာမ်ဘာသာကနေ ခရစ်ယာန်ဘာသာကို ပြောင်းလဲခဲ့ပါတယ်။ မန်ဒီဆိုတဲ့ နာမည်ကနေလည်း ကာရိုလိုင်းဆိုတဲ့ နာမည်ပြောင်းထားတယ်လို့ ကျွန်မမိသားစုကို ပြောကြပါတယ်။ ကျွန်မမိသားစုလည်း ကြောက်လန့်စိတ်တွေနဲ့ တစ်ချိန်လုံးနေခဲ့ရပြီး ကျွန်မနဲ့ ဖုန်းပြောမှ လွတ်မြောက်မှန်း သိခဲ့ရပါ တယ်။

လန်ဒန်မှာ ပြန်ပေးဆွဲလို့မရကြောင်း၊ ဘယ်ဘာသာမှ မပြောင်းခဲ့ကြောင်း၊ အစ္စလာမ်ဘာသာကို ယုံယုံကြည်ကြည်နဲ့ ဆက်လက်ကိုးကွယ်နေပြီး ခုအခါ ဘုရားဝတ်ပြုရှိခိုးတာကို လွတ်လွတ် လပ်လပ် ရှိခိုးရပြီဖြစ်ကြောင်း၊ ရိုက်နှက်နှိပ်စက်ခြင်း မခံရတော့ကြောင်း အဖေ အမေတို့ကို လာပြောသမျှ သတင်းမှားတွေသာဖြစ်ကြောင်း မိသားစုကို ပြန်ရှင်းပြခဲ့ရပါတယ်။

အဖေနဲ့အမေက အရမ်းအသက်ကြီးနေပြီး ရွာကို သူပုန် တွေ ဝင်စီးတုန်းက အမေ့ခေါင်းနဲ့ ပါးနှစ်ဖက်ကို မညှာမတာ ရိုက်ထားတဲ့ ဒဏ်ကြောင့် အမေ့အကြားအာရုံ သိပ်မကောင်းတော့ပါဘူး။ ကျွန်မအဖေလည်း အရင်ကလောက် သန်မာကြံ့ခိုင်မှုမရှိတော့ပါဘူး။ ကျွန်မအကြောင်းနဲ့ ပတ်သက်လို့

ကျွန်မအမှန်ပြောပြတဲ့အခါ အလိမ်ခံထားရတာကို သိလို့ အဖေဒေါသအကြီးအကျယ် ထွက်ခဲ့ပါတယ်။ ကျွန်မ အိမ်ကျွန်ဘဝက လွတ်မြောက်သွားခဲ့ပေမယ့် နောက်ဆက်တွဲဆိုးကျိုးတွေက များလှပါတယ်။ ကျွန်မရဲ့အသက်အန္တရာယ် ကျွန်မရဲ့အနာဂတ်အတွက် ကျွန်မ ဘာမှမပူပန်မိပါဘူး။ ဆူဒန်မှာရှိ တဲ့ ကျွန်မမိသားစုရဲ့ အသက်အန္တရာယ်အတွက် စိုးရိမ်ရပါတယ်။ ကျွန်မကို အိမ်ကျွန်ဘဝက ကယ်ထုတ်ခဲ့တဲ့ အစ်ကိုနှစ်ယောက် အတွက်လည်း စိုးရိမ်ရပါတယ်။

ကျွန်မ အိမ်ကျွန်ဘဝကနေ လွတ်မြောက်တဲ့နေ့မှာပဲ နိုင်ငံရေးခိုလှုံသူအဖြစ် လျှောက်ထား ခဲ့ပါတယ်။ အရင်က နိုင်ငံရေးခိုလှုံခွင့်ဆိုတာ သိလည်းမသိ ကြားလည်းမကြားဖူးပါဘူး။

ကျွန်မ ဆူဒန်ကိုပြန်ဖို့ လေယာဉ်စရိတ်ကို လန်ဒန်မှာရှာ ဆူဒန်ကို ဘယ်သူမှမသိဘဲ ပြန်သွားပြီး မိသားစုကို ရှာရမယ်လို့ ထင်ထားခဲ့တာပါ။

နှစ်နှစ်ကြာတဲ့အခါ ကျွန်မ နိုင်ငံရေးခိုလှုံခွင့်လျှောက်ထားတာ ဗြိတိန်အစိုးရက အသိအမှတ် မပြုသေးပါဘူး။

ကျွန်မရဲ့မိတ်ဆွေတွေ အထူးသဖြင့် ကျွန်မကို ကူညီကြတဲ့ ရှေ့နေတွေ၊ ထောက်ခံသူတွေ၊ သတင်းစာဆရာတွေက ကျွန်မ နိုင်ငံရေးခိုလှုံသူအဖြစ် အသိအမှတ်ပြုခံရမယ်ဆိုတာ ယုံကြည်ခဲ့ကြ ပါတယ်။ ကျွန်မတို့ လက်လျှော့လိုက်ရင် ဘာဖြစ်လာမလဲ။

ကျွန်မရဲ့ဘဝဇာတ်ကြောင်း ဒီစာအုပ်ကို ဂျာမနီမှာ ပထမဆုံး ထုတ်ဝေခဲ့ပြီး ကျွန်မရဲ့ နိုင်ငံရေးခိုလှုံခွင့် လျှောက်ထားမှုကို အသိအမှတ်ပြုပေးဖို့ ဗြိတိန်အစိုးရကို အနောက်နိုင်ငံတွေက တွန်းအား ပေးခဲ့ပါတယ်။

ကျွန်မ ကျောင်းပြန်တက်ပါတယ်။ ကျောင်းလွှတ်လို့ ကားစီး ပြန်လာတဲ့ မိုးတွေရွာတဲ့ ကြာသပတေးနေ့တစ်နေ့မှာ ကျွန်မ ကျွန်ဘဝကလွတ်တဲ့နေ့တုန်းက ကျွန်မနဲ့ဆုံခဲ့တဲ့ ဗြိတိသျှ သတင်းထောက် ဒယ်မီအမ်က ကျွန်မကိုဖုန်းဆက်ပါတယ်။ သတင်းထောက် ဒယ်မီအမ်နဲ့ ကျွန်မက အရင်းရင်းနှီးပြီး ကျွန်မကို အစစအရာရာ ကူညီ ခဲ့သူတစ်ယောက်ပါ။

"မန်ဒီ ညီမ အခုဘယ်မှာလဲ။ ကျောင်းကအိမ်ကို ပြန်နေတာ လား။ ညီမ အစ်ကို့ဆီကို ချက်ချင်းလာခဲ့ပါ"

"ဘာဖြစ်လို့လဲ အစ်ကို အကြောင်းထူးရှိရင် ပြောပြပါလား"

"အစိုးရက ညီမကို နိုင်ငံရေးခိုလှုံခွင့် လျှောက်ထားတာကို ပယ်ချလိုက်တယ်။ ဘာလို့လဲ ဆိုတာတော့ အစ်ကိုမသိဘူး။ ညီမရဲ့ရှေ့နေအလီဆန်တောင် သိမှာမဟုတ်ဘူး။ ညီမ အစ်ကို့ဆီ ချက်ချင်းလာခဲ့ပါ"

"ဘုရားရေ သူတို့ ငါ့ကို ဆူဒန်ကိုပြန်ပို့ကြတော့မယ်။ မဖြစ်နိုင်ပါဘူး။ သူတို့ငါ့ကို ဘယ်တော့ ဆူဒန်ပြန်ပို့ကြမှာလဲ" လို့ ခေါင်းထဲမှာ အတွေးတွေ ပြည့်နှက်သွားပါတယ်"

ကျွန်မအစ်ကို ဒယ်မီအမ်အိမ်ရောက်တဲ့အခါ စိတ်ပျက်အားငယ်ပြီး

ကြမ်းပြင်ပေါ် လှဲချလိုက်ပါတယ်။ သူ့ကို တယ်လီဖုန်းနဲ့ ဆက်အကြောင်းကြားတာဖြစ်ပြီး စာရွက်စာတမ်းတွေကို မကြည့်ရသေးကြောင်း သတင်းထောက်ဒယ်မီဒမ်က ကျွန်မကို ရှင်းပြပါတယ်။

စာရွက်စာတမ်းတွေကို သတင်းထောက် ဒယ်မီအမ် အရင်နေ ခဲ့တဲ့ အိမ်အဟောင်းလေးကို ပြည်ထဲရေးက မှားယွင်း လိပ်မူထားလို့ နောက်ကျမှာရောက်လာတာလည်း ရှင်းပြပါတယ်။

ကျွန်မတို့အစိုးရကို အယူခံတင်ဖို့ ဆယ်ရက်ပဲ အချိန်ရခဲ့ပါတယ်။

"ညီမ မန်ဒီ သေချာနားထောင် ဘယ်သူမှ ညီမကို ဆူဒန် ပြန်ပို့လို့မရဘူး။ ညီမ အစိုးရကို အယူခံတင်လို့ရတယ်။ ညီမကို ဆူဒန် မပြန်စေချင်တဲ့သူတွေ အများကြီးရှိတယ်လေ။ ညီမရဲ့ရှေ့နေ အလီဆန်၊ ညီမအကြောင်း စာအုပ်ထုတ်တဲ့ ညီမရဲ့ ထုတ်ဝေသူနဲ့ ညီမ အကြောင်း ရေးကြတဲ့ သတင်းထောက်တွေ၊ ညီမအကြောင်း ထုတ်လွှင့်ကြတဲ့ ရုပ်သံတွေ အများကြီးပဲလေ။ ပထမဆုံး ညီမလုပ်ရမှာက ညီမ နိုင်ငံရေးခိုလှုံခွင့် ငြင်းပယ်ခံရတယ်ဆိုတာ ညီမ ထုတ်ဝေသူ တွေကိုပြောပြ အဲဒါမှ သူတို့ကမ္ဘာ့မီဒီယာတွေကို အဆက်အသွယ်လုပ် သတင်းမှန်ပို့လို့ရမှာလေ" လို့ပြောပါတယ်။ အစ်ကိုလည်း နိုင်ငံရေးသမားတွေ၊ ရှေ့နေတွေ၊ လူ့အခွင့်အရေးလှုပ်ရှားသူတွေ ကို အကြောင်းကြား စာရွက်စာတမ်းပြင်ဆင်မှုတွေ လုပ်ပါတော့တယ်။

ကျွန်မကိုတော့ အီဗာလို့ခေါ်တဲ့ အာဖရိကန်မိန်းကလေး တစ်ယောက်နဲ့အတူနေခိုင်းထားပြီး အစ်မအီဗာက ကျွန်မငိုတဲ့အခါ တိုင်းနှစ်သိမ့် ကျွန်မလိုအပ်တာတွေကို ဖြည့်ဆည်းပေးခဲ့ပါတယ်။ နောက်နေ့ရောက်တော့ စာတစ်စောင်ရောက်လာပါတယ်။ သတင်းထောက်ဒယ်မီအမ် စာကို ဖွင့်ကြည့်ပြီး

"စောက်ရေးမပါတာတွေကွာ... အဓိပ္ပါယ်ကိုမရှိဘူး"

ဒယ်မီအမ်က ကျွန်မဘက်လှည့်လိုက်ပြီး သူတို့စာထဲမှာ ရေးထားတာက "အိမ်ကျွန်ပဲပြုတာပါ တဲ့။ ရောဂါပြင်းပြင်းထန်ထန် မရထားလို့ နှိပ်စက်တယ်လို့ အဓိပ္ပါယ်ဖွင့်ဆိုလို့ မရပါဘူး။ နိုင်ငံရေး ခိုလှုံခွင့်ပေးရရင်တောင် လွန်ခဲ့တဲ့ဆယ်နှစ်အတွင်း ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ခံစားရတာ သိသာမြင်သာမှု မရှိပါဘူးတဲ့ ဆူဒန်နိုင်ငံက အရမ်းကြီးလို့ ညီမပြန်သွားလည်း ဘယ်သူမှ သတိထားမိမှာ မဟုတ်ပါဘူးတဲ့။ နူဘာတောင်တန်းတွေက အရင်က အစိုးရစစ်တပ်နဲ့ သောင်းကျန်းသူ စစ်သွေးကြွသူပုန်တို့ တိုက်ပွဲတွေရှိခဲ့ပေမယ့် အခုအပစ်အခတ် ရပ်စဲလိုက်ပြီဖြစ်လို့ အိမ်အပြန် ဘေးကင်းလုံခြုံစွာ နေလို့ရပါပြီ" လို့ ရေးထားပါတယ်။

"တော်တော် အသုံးမကျတဲ့လူတွေ။ ညီမကို ဆူဒန်ပြန်ပို့မယ်ဆို ဆူဒန်မသွားဘူး။ ဆိုမာလီယာနိုင်ငံကိုပဲ သွားမယ်လို့ပြော။ ရှေ့နေ အလီဆန်လည်း ဒီစာရွက်တွေတွေ့ရင် ဆွဲဖြဲမှာသေချာတယ်။ စာနယ်ဇင်း သတင်းစာတွေကလည်း ပျစ်ပျစ်နှစ်နှစ် ရေးကြမှာ သေချာတယ်"

"အမှန်ပြောရရင် စိုးရိမ်စိတ်တွေ ဖြစ်နေတုန်းပဲ"

"ညီမစိုးရိမ်သလို အစ်ကိုလည်း စိုးရိမ်နေတုန်းပဲ အစ်ကိုတို့ အယူခံတင်ဖို့တော့လုပ်ရမယ်။ ကဲ... ညီမ အစ်ကို့ကိုဖြေပေးဦး။ ဗြိတိန်ပြည်ထဲရေးဝန်ကြီးဌာနက ညီမရဲ့ အိမ်ကျွန်ပြုမှုမှာ နှိပ်စက်မှု မရှိခဲ့လို့ အမှုမမြောက်ဘူးလို့ပြောရင် ညီမဘယ်လိုပြန်ဖြေမှာလဲ"

"ဗြိတိန်အစိုးရက ကျွန်မ အိမ်ကျွန်အဖြစ် ဗြိတိန်နဲ့ဆူဒန် နိုင်ငံတွေမှာ နှိပ်စက်ခံရတယ်လို့ မယုံကြည်ပါဘူး။ ကျွန်မ ဆယ်နှစ်နီးပါး စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ခံစားခဲ့ရတာတွေကို ကျွန်မ ပြောတောင် ပြောမထွက်ပါဘူး။ ဗြိတိန်အစိုးရက စစ်ပွဲတွေဖြစ်နေတဲ့ နေရာက ကျွန်ပြုနှိပ်စက်ခံရသူ တွေ၊ တောင်ပိုင်းဆူဒန်က ကျွန်ပြုခံရသူတွေကိုပဲ နိုင်ငံရေးခိုလှုံခွင့်ပေးပါတယ်။ ကျွန်မကိုတော့ အဖမ်းခံရပြီး ကျွန်ပြုခံရရုံသက်သက်ဖြစ်လို့ ငြင်းဆိုရတာပါ လို့ပြောပါတယ်။ ဆူဒန်အစိုးရအနေနဲ့ နူဘာမျိုးနွယ်ဝင်တွေကို တိုက်ခိုက်လို့ နူဘာလူမျိုးတွေ သေဆုံးဒဏ်ရာရရတယ်ဆိုတာ ဗြိတိန်အစိုးရက လက်ခံပေမယ့် ကျွန်မကိုတော့ နူဘာတောင်တန်းတွေကို ပြန်ပို့ဖို့ ဗြိတိန် အစိုးရက ရည်ရွယ်ထားပုံ ရပါတယ်။ နူဘာတောင်တန်းတွေဆီ ပြန်ရောက်ရင် ကျွန်မအသက်အန္တရာယ်လုံခြုံဖို့ ဘယ်သူက အာမခံမှာလဲ။ ဆူဒန်ကို ကျွန်မပြန်တဲ့အခါ ဘယ်သူမှ မသိစေရပါဘူးလို့ ဗြိတိန်အစိုးရက ပြောပါတယ်။ ကျွန်မ ဆူဒန်လေဆိပ်ကိုရောက်ရင် ကျွန်မကိုဖမ်းပြီး အစဖျောက်မှာ သေချာပါတယ်" လို့ စာရွက်ပေါ် ရေးချလိုက်ပါတယ်။

ကျွန်မတို့ ရေးထားတာတွေကို ပြန်ဖတ်လိုက်ပါတယ်။ ကျွန်မပြောချင်တာတွေကို ဆက်ပြီးတော့

"ကျွန်မကို ဖမ်းဆီးကျွန်ပြုခဲ့တဲ့ကိစ္စမှာ ဆူဒန်အစိုးရက ပါဝင်ပတ်သက်ခဲ့ခြင်းမရှိဘူးလို့ ဗြိတိန်အစိုးရက ပြောပါတယ်။ ကျွန်မနဲ့ ဆူဒန်ကလေးငယ်တွေကိုဖမ်းဆီး ဆူဒန်စစ်စခန်းတွေကိုပို့၊ ဆူဒန် အစိုးရသံရုံး အရာရှိအိမ်မှာ လုပ်ခမရ နှိပ်စက်ခံရပြီး အလုပ်လုပ်ခဲ့ရတာကို နိုင်ငံရေးခိုလှုံခွင့်တောင်းခံမှု ဆိုတာ လူမျိုး၊ ဘာသာ၊ နိုင်ငံကြောင့် ခံစားရသူတွေ အတွက် မဟုတ်ဘူးလား။ အာရပ်တွေ ကျွန်မကို ဖမ်းဆီးဖိနှိပ် ကျွန်ပြုခဲ့တာ ကျွန်မက နူဘာမျိုးနွယ်ဝင် လူမည်းဖြစ်နေလို့ နိုင်ငံရေးခိုလှုံခွင့်မရတာလား။

ဆူဒန်နိုင်ငံကို ကျွန်မပြန်ရင် ကျွန်မအစဖျောက် အသတ် ခံရမှာကို ယုံကြည်စရာမရှိဘူးလို့ ဗြိတိန်အစိုးရက ပြောပါတယ်။

ဆူဒန်အစိုးရဟာ ကိုယ့်လူမျိုးတွေကိုသတ် ဒုက္ခအကြီးအကျယ်ပေး နေတယ်ဆိုတာ စစ်ဒဏ်ကို ခံနေရတဲ့ အိမ်ကျွန်ဘဝရောက်သွားတဲ့ ကျွန်မတို့က သက်သေပါပဲ။"

ကျွန်မတို့ရေးထားတဲ့စာကို အစကနေအဆုံးအထိ ပြန်ဖတ် လိုက်ပါတယ်။ အဲဒီနောက် ကျွန်မတို့လိုတာတွေ ထပ်ဖြည့်ရေးလိုက် ပါတယ်။

"ကျွန်မက အိမ်ကျွန်ဘဝကနေ လွတ်မြောက်လာပြီး ကတည်းက

ဗြိတိန်အစိုးရဟာ လူ့အခွင့်အရေး တရားမျှတမှုနဲ့ လွတ်လပ်မှုတို့ကို အလေးထားတဲ့ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ ဖြစ်တယ် ဆိုတာ ယုံကြည်ခဲ့ပါတယ်။ ကြောက်ရွံ့မှုတွေ၊ ထိတ်လန့်မှုတွေ၊ မသေချာမရေရာမှုတွေ စောင့်ကြိုနေတဲ့ ဆူဒန်နိုင်ငံကို ဗြိတိသျှအစိုးရ ကျွန်မကို ပြန်ပို့မယ်လို့ မယုံကြည်ပါဘူး။ ကျွန်မရဲ့ နိုင်ငံရေးခိုလှုံခွင့် လျှောက်ထားမှုကို ဗြိတိန်အစိုးရက ပယ်ချခဲ့တာကို ကြားလိုက်ရလို့ အံ့ဩတုန်လှုပ်ရပါတယ်။

ကျွန်မနိုင်ငံရေးခိုလှုံခွင့် တောင်းခံမှုကို ငြင်းပယ်ခံရတယ် ဆိုတဲ့ သတင်းကို ကမ္ဘာ့မီဒီယာတွေမှာ ရေးသားဖော်ပြလာရင် အားလုံးကို ကြေညာချက်တွေထုတ် အစိုးရကို ဝိုင်းဆန္ဒပြကြမှာ ကျွန်မ လုံးဝမလိုလားတာ အမှန်ပါ။ ကမ္ဘာတစ်လွှားက သတင်းစာ တွေနဲ့အစိုးရတွေက ဗြိတိန်အစိုးရကို ရှုတ်ချမှာသေချာပါတယ်။

ဂါးဒီးယန်း သတင်းစာကြီးက ကျွန်မအကြောင်းနဲ့ပတ်သက်လို့ စုံစမ်းသွားမယ်လို့ ပြောထားပါတယ်။ The Voice သတင်းစာက ကျွန်မကို ဗြိတိန်က မောင်းမထုတ်ပါနဲ့ ဆောင်းပါးရေးတော့မှာပါ။ German TV, Sky ရုပ်သံ၊ BBC တို့ကလည်း ကျွန်မနဲ့ အင်တာဗျူးလုပ်ဖို့ ကမ်းလှမ်းထားပါတယ်။ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးနဲ့ နိုင်ငံတကာကျွန်စနစ် တိုက်ဖျက်ရေးအဖွဲ့ကြီးတွေ ကလည်း ကျွန်မရဲ့ နိုင်ငံရေးခိုလှုံခွင့် လျှောက်ထားမှုကို ထောက်ခံ ကြပါတယ်။

ဘာရွန်နက်စ်ကို့စ် ဦးဆောင်တဲ့ လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ကြီးကလည်း အစိုးရရဲ့ ဆုံးဖြတ်ချက်ကို ပြန်ပြင်ဖို့ လွှတ်တော်ကိုယ်စားလှယ်များမှ ပြည်ထဲရေးဝန်ကြီးဌာနကို လိပ်မူပြီး စာတွေပေးပို့ထားပါတယ်” လို့ အပြီးသတ်ရေးလိုက်ပါတယ်။

နောက်ရက်အနည်းငယ်အတွင်း ကျွန်မကို တီဗီ၊ ရေဒီယို၊ သတင်းစာတွေက သတင်းထောက်တွေကို အဆက်မပြတ် အင်တာဗျူးနေလို့ နားချိန်တောင်သိပ်မရခဲ့ပါဘူး။ သတင်းထောက်တွေ အများဆုံးမေးတာက

“ဗြိတိသျှအစိုးရက ကျွန်မကို ဆူဒန်ကို ဘာကြောင့် ပြန်ပို့ ရတာလဲ။ အကယ်၍ ပြန်ပို့ခဲ့လို့ ဆူဒန်ရောက်ရင် ဘာတွေဖြစ်လာမလဲ။ နိုင်ငံရေးခိုလှုံခွင့် ငြင်းပယ်ခံရတာ ဘယ်လိုခံစားရပါသလဲ။

ကျွန်မအင်တာဗျူးဖြေတိုင်း ငိုခဲ့ရပါတယ်။ ကျွန်မအရမ်းကို ထိတ်လန့်တုန်လှုပ်ခဲ့ရပြီး ကမ္ဘာပျက်သလို ခံစားရပါတယ်။ ဗြိတိန် အစိုးရက သူတို့ရဲ့ ဆုံးဖြတ်ချက်ကို မပြင်ဘူးဆိုရင် ကမ္ဘာ့မီဒီယာများရဲ့ စာမျက်နှာတွေမှာ ရှုတ်ချခံရမယ့်အပြင် နိုင်ငံတစ်ဝှမ်း လူ့အခွင့် အရေးလှုပ်ရှားသူတွေရဲ့ ဆန္ဒပြမှုတွေနဲ့ ကြုံလာရနိုင်ပါတယ်။ နိုင်ငံရေးခိုလှုံခွင့် ကျွန်မကို ဗြိတိန်အစိုးရက ငြင်းပယ်ခဲ့တာနဲ့ ပတ်သက်လို့ နိုင်ငံတစ်လွှား တုံ့ပြန်မှုက အလွန်အံ့ဩစရာကောင်းလှ ပါတယ်။

ဂျာမနီမှ ဆယ့်ငါးနှစ်အရွယ် ကောင်လေးတစ်ယောက်က-

“ချစ်ရပါသော အစ်မမန်ဒီရေ ကျွန်တော်တို့နေထိုင်ရာ ကမ္ဘာကြီးမှာ

လူသားတွေဟာ အချင်းချင်းသတ်ကြဖြတ်ကြ အနိုင်ကျင့်ကြပါတယ်။ လူသားတွေ တစ်ယောက်နဲ့တစ်ယောက် ရန်လို တိုက်ခိုက်မှုတွေ မပြုဘဲ အတူတကွ ယှဉ်တွဲနေနိုင်ပါစေလို့ ကျွန်တော် ဆုတောင်းပေး လိုက်ပါတယ် အစ်မရေ။ ကျွန်တော့်သူငယ်ချင်းနဲ့ ကျွန်တော်တို့ အစ်မရဲ့ ဝမ်းနည်းစရာကောင်းတဲ့ အဖြစ်အပျက်တွေကို ကြားရပါတယ်။

အစ်မနဲ့ အစ်မကိုထောက်ခံကြတဲ့လူတွေ အဆင်ပြေကြပါတယ်။ အစ်မလည်း နိုင်ငံရေးခိုလှုံခွင့်ရပါစေလို့ ဆုတောင်းပေးပါတယ်” လို့ စာရေးသားပေးပို့လာပါတယ်။

ဂျာမနီနိုင်ငံ မြူးနစ်မြို့မှ စုံတွဲတစ်တွဲကလည်း

“ညီမလေးမန်ဒီရေ… ညီမလေးကို ဆူဒန်ကိုပြန်ပို့မယ် ဆိုတဲ့ ဗြိတိန်အစိုးရရဲ့ ဆုံးဖြတ်ချက်ကို ကြားမိတိုင်း အစ်ကိုတို့ တုန်လှုပ်ရပါတယ်။ ညီမလေး အကူအညီလိုရင်ပြောပါ။ အစ်ကို တို့က ညီမလေးကို ဂျာမနီနိုင်ငံသားအဖြစ် ခံယူဖို့ ကူညီချင်ပါတယ်။

ဂျာမန်တစ်ယောက်အနေနဲ့ ဂျာမနီမှာ ညီမလေး အပြည့်အဝ အကာအကွယ်ရမယ်ဆိုတာ အာမခံပါတယ်။ ညီမလေး ဂျာမနီ နိုင်ငံသားဖြစ်ဖို့ စိတ်ဝင်စားတယ်ဆိုရင် အချိန်မရွေး ဆက်သွယ် လိုက်ပါ။ လေးစားစွာဖြင့် အန်ဂျီလီကာနှင့် သောမတ်စ်ကောဘ ဘင့်ချ်” လို့ ရေးသား ပေးပို့လာပါတယ်။

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးနဲ့ နိုင်ငံတကာ ကျွန်စနစ်တိုက်ဖျက်ရေး အဖွဲ့ကြီး၊ ဂျာမနီနိုင်ငံအခြေစိုက် ခြိမ်းခြောက်ခံလူသားများ အကူအညီပေးရေးလူမှုအဖွဲ့ကြီးတို့က ကျွန်မရဲ့ နိုင်ငံရေးခိုလှုံခွင့် ကို အပြည့်အဝထောက်ခံခဲ့ပြီး အဖွဲ့အစည်းအသီးသီးကလည်း ဗြိတိန် ပြည်ထဲရေးဝန်ကြီး ဌာနကို လိပ်မူပြီး အီးမေး ကန့်ကွက်ဆန္ဒပြပွဲကြီးကျင်းပကြပါတယ်။ ဂျာမနီနိုင်ငံ ဘာလင်မြို့မှာ ရှိတဲ့ ဗြိတိသျှသံရုံးရှေ့မှာ ကျွန်မအတွက် ဖယောင်းတိုင်ထွန်း ငြိမ်းချမ်းစွာ အသံတိတ်ဆန္ဒပြခဲ့ကြပါတယ်။

လူထောင်ပေါင်းများစွာ ကျွန်မအကြောင်းကို ဖတ်ကြ၊ ရုပ်သံ ရေဒီယိုကနေ နားထောင်ပြီး ငိုကြပါတယ်။ ကျွန်မကို ကူညီဖို့ ကမ်းလှမ်းကြပါတယ်။ ရာ/ ထောင်ပေါင်းများစွာ မက်ဆေ့တွေ ပို့ပြီး ကျွန်မကို နှစ်သိမ့်ကြပါတယ်။ တချို့မိသားစုတွေဆို ကျွန်မကို မွေးစားဖို့ ကမ်းလှမ်းကြပါတယ်။ ကမ္ဘာပေါ်မှာ ကြင်နာတတ်တဲ့ လူတွေ၊ စာနာတတ်တဲ့ လူတွေ၊ ဖေးမကူညီတတ်တဲ့ လူတွေရှိနေတယ် ဆိုတာသိရလို့ ကျွန်မဝမ်းသာလို့ နေ့စဉ်မျက်ရည်ကျခဲ့ရပါတယ်။

ဥရောပရဲ့ နိုင်ငံရေးခိုလှုံခွင့်ဥပဒေအရ ဗြိတိန်မှာ နိုင်ငံရေး ခိုလှုံခွင့် ရမှာသေချာပါတယ်။

ရက်အနည်းငယ်အကြာ ကျွန်မရှေ့နေ အလီဆန်ဆီသွား တော့ သူမက ကျွန်မကို “မန်ဒီ သမီး အစိုးရက သမီးကို ဆူဒန်ပြန်ပို့တော့မှာ မဟုတ်ပါဘူး။

သိပ်မစိုးရိမ်ပါနဲ့” လို့ ပြောပါတယ်။

ကျွန်မ အလီဆန်ကို အရမ်းသဘောကျပါတယ်။ ကြင်နာပြီး ဖော်ရွေမှုရှိတဲ့ ပုံစံရှိပေမယ့် လိုအပ်ရင် ခက်ထန်တဲ့အမူအရာမျိုး ပြသတတ်သူအမျိုးသမီးဖြစ်ပါတယ်။

ဗြိတိန်နိုင်ငံရဲ့ နိုင်ငံရေးခိုလှုံသူတွေအတွက် အထူးကောင်းမွန်တဲ့ ရှေ့နေတစ်ယောက်ဖြစ်ပြီး ကျွန်မထုချေလွှာကို လိုအပ်ချက်တွေကို ဖြည့်စွက်လို့ တရားရုံးကို တင်ပေးခဲ့ပါတယ်။ တရားရုံးက ကျွန်မရဲ့ အသနားခံထုချေလွှာကို စစ်ဆေးဖို့ လအနည်းငယ် ဒါမှမဟုတ် နှစ်အနည်းငယ် ကြာမှာဖြစ်ပြီး တရားရုံးက အမိန့်မချခင် အထိ ဗြိတိန်မှာ ဆက်လက်နေခွင့်ရမှာဖြစ်ပါတယ်။ ကျွန်မရဲ့ အယူခံ အောင်မြင်ရတာ ရှေ့နေအလီဆန်ရဲ့ Bindman & Partners ရှေ့နေ အကျိုးဆောင်အဖွဲ့ရဲ့ အရည်အချင်းကြောင့် ဖြစ်ပါတယ်။

ဗြိတိန်နိုင်ငံမှာ ကျွန်မ နိုင်ငံရေးခိုလှုံခွင့်လျှောက်ထားမှုကို ၂၀၀၂ ခု အောက်တိုဘာလ ၁၇ ရက်နေ့က ပယ်ချခံခဲ့ရပါတယ်။ အဲဒီနောက် လအနည်းငယ်ကြာ ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်နေ့မှာ ဗြိတိသျှအစိုးရက ကျွန်မကို ဒုက္ခသည်အဖြစ်အသိအမှတ်ပြုခဲ့ပြီး ဗြိတိန်နိုင်ငံမှာ ထာဝရနေထိုင်ခွင့် နိုင်ငံရေးခိုလှုံသူတစ်ယောက် အဖြစ် အသိအမှတ်ပြုခဲ့ရပါတော့တယ်။

နောက်ဆုံးမှာ ကျွန်မဟာ ဗြိတိန်နိုင်ငံသူဖြစ်လာခဲ့ပြီး အရောင်းရဆုံးစာရင်းဝင် စာရေးဆရာမ သူနာပြု၊ ၂၀၀၂ခုနှစ် နိုင်ငံတကာ အသားအရောင်ခွဲခြားမှုပပျောက်ရေး ဥရောပ လူ့အခွင့်အရေးဆု၊ ဆူဒန်နိုင်ငံ ကျွန်စနစ် ပပျောက်ရေး တက်ကြွလှုပ်ရှားမှုများ ကမ္ဘာသို့ ပျံ့နှံ့စေသောဆုတွေ ရရှိခဲ့ပြီး လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူတစ်ဦး ဖြစ်လာခဲ့ပါတော့တယ်။

မန်ဒီနေဇာဟာ အိမ်ကျွန်အဖြစ် ရောင်းစားခံခဲ့ရတဲ့ တောကြိုအုံကြားက ကောင်မလေး တစ်ယောက်ပါ။ ဒါပေမယ့် ဘဝရဲ့ဆင်း ရဲဒုက္ခ လောကကြမ္မာအန္တရာယ်တွေကို ဘယ်တော့မှ အရှုံးမပေး ဘယ်အရာကိုမှ အလျှော့မပေးဘဲ သိမ်ငယ်မှုတွေ အားငယ်မှုတွေကို အဝေးကို မောင်းနှင်ပစ်ခဲ့ပြီး ဆူဒန် တစ်နိုင်ငံလုံးက အားကျခဲ့တဲ့သူ၊ ကမ္ဘာ့အမျိုးသမီးတွေက အားကျအတုယူခဲ့သူ။ ဗြိတိန်နိုင်ငံတစ်ဝန်း လေးစားရသူ တစ်ကမ္ဘာလုံးရှိ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူတွေရဲ့ စံနမူနာတင်ထားခံရသူ မိန်းကလေးတစ်ယောက် ဖြစ်လာခဲ့ရ ပါတော့တယ်။

ချမ်းငြိမ်း(ဟံသာဝတီ)

စာပြီးရက်

May-21-202

WHISPER of WORDS

https://t.me/TheBookR